www.burmeseclassic.com

ပင်ရှူးသစ်စာပေ

# မောင်ညိုမှိုင်း(သန့်လျှင်)

စီစဉ်သော

# သရက်ပင်မောင်နှမ

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ



မောင်ညိုမှိုင်း(သန့်လျှင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ ပိုးကျဲရွှေကိုယ်၊မင်းရွှေသိန်း(ရှမ်းချစ်)၊မောင်သွေးရှင်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၇၅၀၃၁၂
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၇၃၀၄၁၂

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၂၊ မေလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဒေါ်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၅၀၀ကျပ်

၈၉၅ ၀ ၈၃
ကလောင်စုံ
မောင်ညိုမှိုင်း(သန်လျင်) စီစဉ်သော သရက်ပင်မောင်နှမ
အပါအဝင် ဂမ္ဘီရဝတ္ထုတိုများ / ကလောင်စုံ- ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၂။
၂၅၄-စာ ၊ ၁၂စင်တီ x ၁၈စင်တီ။
(၁)မောင်ညိုမှိုင်း(သန်လျင်) စီစဉ်သော သရက်ပင်မောင်နှမ
အပါအဝင် ဂမ္ဘီရဝတ္ထုတိုများ

## မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | သရက်ပင်မောင်နှမ<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | ကောင်းမှုလုံ<br>*ထောင်မှူးကြီးသိန်းဝင်း* | ၂၉ |
| ၃။ | ဂျူန် သရဏံ ဂစ္ဆာမိ<br>*မိုးကျရွှေကိုယ်* | ၇၀ |
| ၄။ | ဝိညာဉ်ကျွန်း၏ဧည့်သည်<br>*မင်းရွှေသိန်း (ဇင်းကျိုက်)* | ၁၆၉ |
| ၅။ | သေမင်းသွေးကြွေး<br>*မောင်သွေးရှင်* | ၂၂၈ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မောင်ညိုမှိုင်းရ ...ငါ့လူက ဂမ္ဘီရစာရေးဆရာပီပီ ထူးထူးဆန်းဆန်းဖြစ်ရပ်များ သိချင်တယ်ဆိုတော့ တို့သန်လျင်မြို့က သရက်ပင်မောင်နှမအကြောင်း ပြောပြချင်သကွ။

အချို့က ...

သရက်ပင်မောင်နှမကို 'သိုက်'လို့ပြောကြသကွ။

အမှန်က အစိမ်းသေနာနာဘာ၀မောင်နှမ မှီခိုနေတဲ့ သရက်ပင်ပဲ။ အဲဒါအချို့က 'သိုက်' ထင်ပြီး ရတနာရှာသိုက်လာတူးကြတော့ လိုချင်တဲ့ရတနာမရဘဲ ခွေးပြေးဝက်ပြေး ပြေးရတဲ့ဘ၀ကို ရောက်ရောပေါ့ ...





ဒီအကြောင်း ငါ့လူကို အဘက ပြောပြချင်နေတာ ကြာပြီပေါ့ကွာ။ အခုခေတ် လူငယ်လူရွယ်များ ဖတ်ဖြစ် ကြားနာဖြစ်ရင် ပုံပြင်လို့ သဘောထားချင်ထားကြပါ။ အဘ အပြစ်မပြောလိုပါဘူး။

သို့သော် ...

ယနေ့ အသက်ငါးဆယ်ကျော်ဝန်းကျင် သန်လျင်မြို့သူမြို့သားများကတော့ သရက်ပင်မောင်နှမလို့ပြောလိုက်ရင် ...

ကျောချမ်းသွားကြရော ...

အထူးသဖြင့် မော်တော်ကားမောင်းသူ သက်ကြီးများကို မယုံလို့မေးမြန်းကြည့်ရင် ဖြစ်ရပ်ဆန်းကြယ်များနဲ့ ကြက်သီးထဖွယ် ကျောစိမ့်ဖွယ် သရက်ပင်မောင်နှမရဲ့ အံ့ဩစရာဖြစ်ရပ်များကို သူတို့အတွေ့အကြုံအသီးသီးနဲ့ ပြောကြကြပါလိမ့်မယ်။

အချို့က ပြောကြမယ်။

သန်လျင်က သရဲတစ္ဆေ အလွန်ပေါတဲ့နေရာပဲကို ...

သရဲတစ္ဆေဟာ သန်လျင်မှာမှ မဟုတ်ပါဘူးကွာ မြို့တိုင်းရွာတိုင်းမှာ တောတိုင်းတောင်တိုင်းမှာ ပင်လယ်ရပ်ဝှမ်းလိုနေရာမျိုးမှာ ရှိနေကြတာပါ။ မကျွတ်မလွတ်ဘ၀သားများကိုးကွ။ ဘုရားဟောရှိသားဥစ္စာ။

ဝိညာဉ်ရှိသောမြို့ကြီးကိုးကွ။

သမိုင်းဝိညာဉ်၊ ရာဇဝင်ဝိညာဉ် ထဲထဲဝင်ဝင်ရှိတဲ့မြို့ပါ။

အခုတော့ ရတနာသုံးပါးလည်း မြဲမြဲကြ၊ လူဦးရေကလည်း တိုးလာကြ၊ ဘာသာရေးလည်း လိုက်စားကြသူများလာတော့ စော်ရုံတန်ရုံ အပလည်း အနှောင့်အယှက်မပေးရဲကြသလောက်ပါပဲကွာ။

အဲ ...မယုံလို့ စမ်းချင်သူ၊



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ကြုံရမှ ယုံချင်သူရှိရင် ခေါ်ခဲ့ပါ မောင်မှိုင်း။

ကိုယ့်ဘဝ ကိုယ့်အသက် တာဝန်ယူနိုင်ရင် လိုက်ပို့၊ လိုက်ပြ စမ်းသပ်နိုင်းပါ့မယ်။

သန်လျင်မြို့နေရမှာ ကြောက်ပါတယ်လို့ ရွဲ့ချင်ရိချင်သူရှိရင် သန်လျင်တံတားပေါ် ဖြတ်မကူးခဲ့နဲ့။

အခြားကြိုက်ရာ နိုင်ငံမှာသွားနေ။

ဒီကနေ နေထိုင်လုပ်ကိုင်စားသောက်နေကြတဲ့ တို့သန်လျင်သူ သန်လျင်သားများဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အနန္တောအနန္တငါးပါး ဂုဏ်ကျေးဇူးနှင့်အတူ လူ့စည်း၊ ဘီလူးစည်း၊ ကန့်သတ်စည်းခြားပြီး ဗလီဒေဝကုသိုလ်ဒါန အမျှပေးဝေ သာဓုခေါ်မှုများနဲ့ နေထိုင်ကြတော့ ပယောဂကင်းဝေးပြီး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာ စည်ကားနေကြတာ မယုံမရှိနဲ့ ငါ့လူ။ ပြောပါသကောလား။

ငဆွေ၊ ငပွေး အမြင်ကလေး တစ်ထွာတစ်မိုက်နဲ့ ဘာဖြစ်သလေး ညာဖြစ်သလေး ရိမနေနဲ့။

စမ်းချင်ရင် . . .

လမ်းမြင်နေဥစ္စာ လာသာလာခဲ့။ လက်တွေ့သင်းတို့စမ်းကြည့်ပြီးမှ . . . အံမလေး . . . ကယ်ကြပါဦး . . . မလုပ်နဲ့။

ဆန်းကြယ်တာတွေမှ အများကြီးပဲ။

✿ ✿ ✿



❑

အရေးထဲ ငါကလည်း ပေရှည်နေရဲ့ကွ။ အခု အဘအသက် (၉၀) ထဲရောက်နေပြီ အတွေ့အကြုံတွေ အများကြီးရှိခဲ့ဖူးတယ်။

စင်နဲ့လည်း ကြုံဖူးပြီ။

အချစ်နဲ့လည်း ဆုံခဲ့ဖူးပြီ။

ခေတ်နဲ့လည်း တုန်ခဲ့ဖူးပြီ။

အမုန်းနဲ့လည်း ကြုံခဲ့ဖူးပြီကွ။

ဒီမှာမောင်မှိုင်းရ . . . လွန်ခဲ့သည့် ဟိုမှာဘက်ခေတ်တုန်းက သန်လျင်၊ ကျိုက်ခေါက်ဘုရားလမ်းမကြီးရဲ့ အလယ်ဗဟို . . .

ညောင်သုံးပင်သချိုင်းရှေ့ လမ်းမကြီးနံဘေးမှာ သရက်ပင်မောင်နှမဆိုတဲ့ မြေကြမ်းနေရာကြမ်းတစ်ခု အထင်ကရ ရှိခဲ့ဖူးသကွ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



[ယခုအခါ ညောင်သုံးပင်သချိုင်းကို ပျဉ်တောင်ကျောင်းကျေးရွာအနီးသို့ ပြောင်းရွှေ့လိုက်ပြီဖြစ်ပါသည်။ စကားချပ်]

သရက်ပင်က လူကြီးတစ်ဖက်စာလောက်ပဲရှိတာပါ။

နှစ်ပေါင်းများစွာ ဒီအတိုင်းပဲ ဒီထက်လည်း ပိုမကြီးခဲ့ဘူး။ သူ့သက်တမ်း ဘယ်လောက်ရှိတယ်ဆိုတာကို ဘယ်လိုလူမှ မပြောနိုင်ဘူး။

သရက်ပင်ရဲ့ပင်စည်ကနေ ပင်စည်ခွဲအကိုင်းနှစ်ခုဖြာပြီး အပေါ်ကို ထောင်တက်နေတယ်။

အဲဒါ သရက်ပင်မောင်နှမလို့ ငါတို့ရှေ့ကလူများက ခေါ်ခဲ့ကြတာပဲ။

အဘ ဒီသရက်ပင်မောင်နှမရဲ့ နောက်ခံရာဇဝင် ပါးစပ်ပြောလေးကို အကျဉ်းချုံ့ ပြောပြချင်တယ်ကွာ။

ပါးစပ်ပြော ရာဇဝင်နှစ်ခုရှိတယ်။

တစ်ခုက ...

ပါဒမင်းတစ်ပါး စခဲ့တာတဲ့။ ပါဒမင်းက (၃၄)ဆက်တောင်ဆိုတော့ ဘယ်မင်းမှန်း ငါလည်းမသိဘူး။

ပါဒမှာ အလွန်ချောတဲ့ မိန်းကလေးတစ်ဦးရှိသတဲ့ အစ်ကိုတစ်ယောက်နဲ့အတူ နေဆိုပဲ။ အဲဒါ ပါဒမင်းက ချောလွန်းလို့ တော်ကောက်ဖို့ကြံစည်သတဲ့။ နှမချောလေးက ငယ်သေးလို့ လက်မခံဘူး။ အစ်ကိုနဲ့နှစ်ယောက်ထဲမို့ အချစ်ကြီးပြီး မခွဲနိုင်ကြဘူး။

အဲဒါ တစ်သောင်းတန်တဲ့ ဒေါင်းအလံစိုက်ပြီး မင်းပိုင်ဘဏ္ဍာအဖြစ် ကြေငြာမောင်းခတ်ချိန်မှာပဲ ...

မောင်နှမနှစ်ယောက် ထွက်ပြေးကြတာ အစောင့်များကသိ





ရော ရှင်ဘုရင်ကို သံတော်ဦးတင်ပြီး လိုက်ဖမ်းကြတယ်။ မောင်နှမနှစ်ယောက် ဝေးလွန်းလှတဲ့ခရီးကို ခြေလျင်ခရီးနဲ့ပြေးခဲ့ကြတာ။

နောက်ဆုံး ကျိုက်ခေါက်ဘုရားအလွန် ညောင်သုံးပင်သချိုင်းရှေ့ သရက်ပင်ခြေရင်းအနီးမှာ အမောဆို့ပြီး လဲကျသွားကြတယ်။ ဘုရင့်စစ်သည်တော်များ ရောက်လာချိန်မှာ မောင်နှမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်ထားရင်း အသက်ပျောက်သွားကြတယ်။

အဲဒီအချိန်ကစပြီး ...

သရက်ပင်မောင်နှမလို့ ခေါ်ခဲ့ကြတဲ့ ပါးစပ်ပြောရာဇဝင် ရှိခဲ့ဖူးတယ်။

ဒါက သန်လျင်ရာဇဝင်နဲ့ ဆက်စပ်ပုံရတယ်။ သီလဝါပင်လယ်ဝန်းကျင်မှာ အတော်ချောတဲ့ မိန်းကလေးတစ်ဦးနှင့် အစ်ကိုတို့ရှိသတဲ့။

သန်လျင်မြို့စားက သင်းကလေးကို သဘောကျတယ်။ တော်ကောက်မယ်ကြံတယ်။ မြို့စားကတော်က ဒါကို မကျေနပ်ဘူး။ မိန်းကလေးကလည်း မြို့စားကို မကြိုက်ဘူး။ ဒါနဲ့ နှစ်ဦးရန်ကိုကြောက်ပြီး ပြေးကြတာ နေ့ာက်ဆုံး ညောင်သုံးပင်သချိုင်းရှေ့လမ်းမအနီးမှာ မိသွားပြီး မောင်နှမနှစ်ယောက်စလုံး အဆုံးစီရင်လိုက်သတဲ့။ သေတဲ့နေရာမှာပင် မြေမြှုပ်ပစ်ခဲ့လိုက်တာ။

နောက်တော့ အဲဒီနေရာကနေ သရက်ပင်တစ်ပင် ပေါက်လာခဲ့တယ်။ ပင်စည်တစ်ခုကနေ အကိုင်းနှစ်ခုပဲရှိတယ်။

အရမ်းကို ခြောက်တာလှန့်တာပဲတဲ့။

အဲဒါ သရက်ပင်မောင်နှမလို့ ခေါ်တွင်ခဲ့ကြပြန်ပါရောကွ။ ထား ကွာ ...။ ဒါက ရှေးလူကြီးများရဲ့အပြော။ သက်ကြီးစကား သက်ငယ်ကြား ပါးစပ်ရာဇဝင် အရေးအခင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ငါ သန့်လျှင်ရာဇဝင် စာအုပ်အဟောင်းလေးတစ်ခုမှာ အဲဒီအကြောင်း နည်းနည်းဖတ်ဖူးတယ်။ စာအုပ်ကမရှိတော့ သူတို့အမည်များကို အခု ပြန်မပြောနိုင်ဘူး။ တစ်နေ့ စာအုပ်ပြန်တွေ့ရင် ပြန်ပြောပြမယ်။

ကြည့်ရတာ ...

မောင်နှမနှစ်ယောက် နာကြည်းစိတ်နဲ့ အစိမ်းသေကွယ်လွန်ပြီးနောက်ပိုင်း မကျွတ်မလွတ်ဘဝရောက်ခဲ့လို့ နီးရာသရက်ပင်မှာ မှီခိုနေပုံရပါရဲ့ကွာ။ ပြဿနာက အဲဒီကနေ စတာပဲကွ။

✿ ✿ ✿

## [ ၃ ]

❑

ငါတို့ သိမီမြင်ရချိန်မှာ အဲဒီသရက်ပင် အတော်ကြီးနေပြီ ကိုယ့်လူရ။ အသီးလုံးဝမသီးဘူး။ မောင်နှမအပင်မို့ ရာဂကင်းပြီး မသီးတာလို့ ပြောကြတာပဲ။

အဲဒီအပင်အောက်မှာ သမီးရည်းစား စကားပြောလို့မရဘူး။ ချစ်တင်းနှီးနှောလို့မရဘူး။

တစ်ခါမှာ ( ...... ) ရွာသူရွာသားနှစ်ဦး အဲဒီသရက်ပင်အောက်မှာထိုင်ပြီး ချစ်တင်းနှောဖို့ကြံချိန်မှာပဲ ...

သရက်ပင်ပေါ်က မည်းမည်းကြီးခုန်ချလာလို့ ပြေးလိုက်ကြတာ အိမ်ရောက်ရော သတိကိုလစ်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဝက်သားတွဲ၊ အမဲသားတွဲ အဲဒီအပင်အောက်ကနေ ဖြတ်ယူသွားလို့မရဘူး။ ယူများသွားရင် ဆွဲလှုပြီး လွှင့်ပစ်လိုက်ရော။ ဘယ်သူလုပ်ယူမှန်းကို မသိရတာ။

မခန့်လေးစားလုပ်ရင် ...

နောက်ကြောကို လက်ဝါးနှင့်ထုပါရော။

အဲဒါ သွေးပါအန်တယ်တဲ့။

အဲဒီမှာ အလွန်ထူးခြားတဲ့အဖြစ်အပျက်များ ရှိခဲ့ဖူးရဲ့။ သရက်ပင်မောင်နှမက ကျိုက်ခေါက်ဘုရား ကတ္တရာလမ်းမကြီးရဲ့ ကုန်းတက်မှာရှိတာ။ ကားမှောက်ရင် အဲဒီသရက်ပင်မောင်နှမရှေ့မှာပဲ။ မှောက်ရင် လူသေတာပဲ။

ကျိုက်ခေါက်ဘုရားပွဲဆို အဲဒီသရက်ပင်မောင်နှမရှေ့မှာ ကားအမှောက်များတာပဲ။

တို့သန်လျင်မှာ လွန်ခဲ့သည့် ခေတ်တစ်ခေတ်ရဲ့ကာလတုန်းက ကားမှောက်လို့,လို့ အသံကြားရင် ပေဒင်သွားမမေးနဲ့ ...

သရက်ပင်မောင်နှမရှေ့မှာပဲ။

အကြိမ်ပေါင်းများစွာကိုမှောက်တာ ကားမှောက်လို့ အဲဒီဝန်းကျင်မှာ အသက်ဆုံးခဲ့ရသူ မနည်းဘူး။

အချို့က ...

သရက်ပင်မောင်နှမဝိညာဉ်က စိတ်နာလို့ ခေါ်တာတဲ့။

အချို့က ပူဇော်ပသမှုမပြုလို့ လုပ်တာတဲ့။

အချို့က လူစားလဲချင်လို့ အဖော်လိုချင်လို့ စသည်အမျိုးမျိုး ပြောနေကြတာပါပဲကွာ။

နောင်အခါ ...





တို့မြို့က တိုင်းရင်းဆေးဆရာကြီး တစ်ဦးက အဲဒီသရက်ပင်မောင်နှမမှီခိုရာ သရက်ပင်မှာ နတ်ကွန်းလေးတစ်ခုလုပ်ပေးပြီး အလျဉ်းသင့်သလို စားဖွယ်နဲ့ အမွှေးတိုင်များ ဒါနပြုခဲ့လိုက်တယ်။

မော်တော်ကားသမားတိုင်းဟာ အဲဒီနေရာရောက်ရင် ကြောက်လွန်းလို့ အရှိန်လျှော့မောင်းပြီး ကားကိုခဏရပ် ပါးစပ်က တောင်းပန်ရတယ်။ အချို့က သပြေပန်းလေး ဖယောင်းတိုင်လေးဆင်းပြီး ကုသိုလ်ပြုကြတယ်။

မဆိုးဘူးဗျ။

ကားတိုက်၊ ကားမှောက် အတန်ပါးသွားသဟ။ ဆန်းသွားဘလား။

တစ်နေ့ ...

ငါ့ကို ဦးပဥ္စင်းတစ်ပါးက ပြောရဲ့ဗျာ။

အဲဒီတုန်းက ဦးပဥ္စင်းက ကားစပယ်ယာတဲ့ဗျ။ သူ့အဖေက ကားဒရိုင်ဘာ။ အရက်လေးထွေထွေနဲ့ ကားကို ပြင်ဆင်စက်စမ်းရင်း မောင်းလာတာ သရက်ပင်မောင်နှမရှေ့နားအရောက်မှာ ကားက စက်ရပ်သွားပါရော။

ဘယ်လိုမှ မောင်းလို့မရဘူး။

ဒါနဲ့ စက်ကို ညနေဝင်ရီတရော နှိုက်ကြချွတ်ကြ စစ်ဆေးကြပေါ့ကွာ။ အဲဒါ ကြာတော့ ဆီးသွားချင်တာနဲ့ ကားဘေးမှာပဲ ဆီးသွားပစ်လိုက်တယ်။

ဘာကြာလဲကွာ ...

ခွေးနက်တစ်ကောင်ရောက်လာပြီး သူတို့ကို စိန်းစိန်းကြီး စိုက်ကြည့်နေတာရယ်။ ကိုက်မှာစိုးလို့ ဆဲရေးပြီး မောင်းလိုက်ရော။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာပဲ ခွေးက တဖြည်းဖြည်း ကြီးပြီးရင်းကြီးလာလိုက်တာ ခွေးက နွားပေါက်လောက်ကြီးလာရောဟ။ ဒါ သရဲခြောက်တာဆိုပြီး ကားပစ်လို့ ပြေးလိုက်ရတာ အမောကိုဆို့နေတာပဲ။

ဒီအကြောင်း ဘကြီးဘုန်းကြီးကို ကြောက်ကြောက်လန့်လန့်နဲ့ လျှောက်တင်ပြောပြတော့ . . .

"မင်းဟာက အရက်မူးကြောင်ကြောင်နဲ့ မြင်ရတာနေမှာပါကွာ။ သွား . . . သွား . . . ဟုတ်သော်ရှိ မဟုတ်သော်ရှိ သွားတောင်းပန်လိုက်"

လို့ပြောလို့ နောက်ဆုံး လူစု၊ အကျိုးအကြောင်းပြောပြီး ဒီနေရာကိုပြန်ကာ ပန်းရေချမ်းနဲ့တောင်းပန်လိုက်မှ တိုက်တိုက်ဆိုင်ဆိုင် ကားလည်း စက်နိုးလို့ ရသွားသတဲ့။

နောက်တစ်ခု ကြောက်စရာကောင်းတဲ့အကြောင်း ပြောဦးမကွ . . . မောင်မှိုင်းရဲ့။ တစ်ည . . . ရေနံချက်စက်ရုံက ညဆင်း (၁၀) နာရီပြန်သမား အလုပ်သမားတစ်ဦး ပြန်လာတယ်။

ကောင်းကင်မှာ လလေးသာနေလို့ မီးတုတ်ကိုမထွန်းတော့ဘူး။ ဆေးလိပ်လေးဖွာပြီး လာနေတာ။ ခါတိုင်းလည်း ပြန်နေကြပါ။

သို့သော် ခါတိုင်းက အဖော်နဲ့ပေါ့။ အခုက အဖော်မပါဘူး တစ်ယောက်တည်း။

သရက်ပင်မောင်နှမရှေ့က ဖြတ်ရမှာ ကြောက်တော့ကြောက်သား ပြောရဦးမယ်ကွ။ အဲဒါ ငါတို့ရွာသားကွ နာမည်က ကိုမိုက်တီးတဲ့။

ကြောက်ကြောက်နဲ့ ဆေးလိပ်ဖွာပြီး လျှောက်လာချိန်မှာ သရက်ပင်မောင်နှမအောက်ကနေ လူတစ်ယောက် ရပ်စောင့်နေပါရော။





ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ လူကိုမြင်လိုက်ရလို့ ဝမ်းသာပြီး အားရှိသွားခဲ့တယ်။ အဖော်ရပြီပေါ့။ ဒီလိုနဲ့ အဲဒီလူနဲ့ နီးသွားရောဟ။

"နောင်ကြီး . . . မီးတစ်တို့လောက်ဗျာ"

သရက်ပင်အောက်ကလူစိမ်းက ထွက်လာပြီး ဆေးလိပ်မီးတစ်တို့တောင်းလို့ ကိုမိုက်တီးက သောက်လက်စဆေးလိပ်မီးကို ကမ်းပေးလိုက်တယ်။ ဒီအချိန်မှာ ကိုမိုက်တီးရဲ့နှာခေါင်းထဲမှာ ညှီစို့စို့အနံ့ကြီး နံ့လာတယ်။

"ပြန်မလို့လား"

"ဟုတ်ကဲ့ . . . ခင်ဗျားရော၊ ပြန်မလို့လား"

ဒီမှာ သရက်ပင်အောက်က မီးတစ်တို့တောင်းသူက . . .

"မပြန်ပါဘူးဗျာ"

"ဒါဖြင့် ဘာလုပ်နေတာတုံး ဒီနေရာက . . ."

ဒီမှာ ဆေးလိပ်မီးတစ်တို့ တောင်းသူက . . .

"နောင်ကြီး . . . မီးခြစ်မပါဘူးလားဗျာ။ မီးညှိလို့ မရဘူးဗျ"

"ပါတယ်ဗျ . . . ရော့"

ကိုမိုက်တီးက မီးခြစ်ကိုလှမ်းပေးလိုက်တယ်။ သူကပြောတယ်။

"ခင်ဗျားမီးတုတ်ကို မီးကူးလိုက်ပါဗျာ . . . နောင်ကြီးရာ"

"ဘာဖြစ်လို့လဲ မီးခြစ်နဲ့ ခြစ်လေဗျာ"

"လုပ်ပါဗျာ . . .။ ဆေးပြင်းလိပ်က အစိုပြန်နေလို့ မီးတုတ်မီးနဲ့ ညှိမှရမှာဗျ"

ဒါနဲ့ ကိုမိုက်တီးက မီးတုတ်ကို မီးညှိပေးလိုက်ရော၊ လူစိမ်းက မီးတုတ်နဲ့ ဆေးပြင်းလိပ်ကို မီးညှိပါရော။

အဲဒီမှာ ကိုမိုက်တီး မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် လန့်ပြီး ခေါင်းကြီးသွားခဲ့တယ်။ သရက်ပင်အောက်က လူစိမ်းရဲ့မျက်နှာဟာ မီး



www.burmeseclassic.com

www.burmeseclassic.com



ရောင်ရှေ့မှာ အသားနီလန်ပြီး အဆီတွေထွက်နေသလို ဆံပင်တွေကြား ကလည်း အဆီရေတွေ ကျလို့တဲ့။

လူစိမ်းက အကျီမပါဘူး။

ဘုရားရေ . . . အကျီမဲ့ခန္ဓာကိုယ်ဟာ မီးလောင်ထားသလို အဆီပျံ ထူးဆန်းဒဏ်ရာများနဲ့ အဆီတွေ အရည်တွေထွက်ပြီး စီးကျ နေလိုက်တာ နံဟောင်ညှီစို့ပြီး . . .

"ဟေ့လူ . . . ခင်ဗျားကိုယ်က ဘာဖြစ်နေတာလဲဟင် . . . ဟင်"

"ခင်ဗျား မသိသေးဘူးလား"

"မသိလို့ မေးတာပါဗျာ"

"မေးတော့လည်း ပြောရတာပေါ့ဗျာ။ နေ့ခင်းတုန်းကမှ ညောင် သုံးပင်သချိုင်းမှာ မီးသင်္ဂြိုဟ်ခဲ့တာကိုးဗျ"

"ဟင် . . . ဒါ . . . ဒါဆို . . . ခင် . . . ခင်ဗျားဟာ . . ."

"အဟီး . . . ဟီး . . ."

"သ . . . သ . . . ရဲ . . . တ . . . တချွေ . . ."

"ဟီး . . . ဟီး . . . ဟီး . . ."

"အမလေးဗျ . . ."

ကိုမိုက်တီးဟာ မီးတုတ်ကိုမှုမယူတော့ဘဲ အမလေးဗျလို့ အသံ နက်ကြီးနဲ့အော်ရင်း နောက်ပြန်လှုံးဝလှည့်မကြည့်ဘဲ ပြေးလိုက်တာ တို့ရွာလည်းရောက်ရော 'သရဲ' 'တချွေ'နဲ့ အော်ဟစ်ငိုင်း ကြောင်တောင် တောင်ဖြစ်သွားပါရောဟေ့။

အဲဒါ မနက်မိုးလင်းမှ ကျိုက်ခေါက်ဘုရားအရှေ့ ဝါးကျောင်း ဘုန်းကြီးထံပို့ပြီး ကုရတယ်။

ဝါးကျောင်းဆရာတော်ကြီးက ပယောဂမှန်ရင် အမှုန့်ကြိတ်





ပစ်တဲ့ ဘုန်းကြီးကွ။ သူ့ရေမန်းနဲ့ကျမှ ကိုမိုက်တီး ပြန်ကောင်းသွား တယ်။

နောင်ကို ဒီကောင် ညဆင်းပြန်ရင် အဖော်နဲ့မှပြန်ရဲတယ်။ ဆရာတော်ကြီးကလည်း ပရိတ်လက်ဖွဲ့ လုပ်ပေးထားပါတယ်ကွာ။ သို့ သော် ဒီကောင်က အရမ်းကြောက်သွားခဲ့ပြီကိုး။

အဖော်မပါရင် ဟိုအောက်လမ်း ရနိုင်စု၊ ကရင်စုကနေ ဒုက္ခခံ ပြီး မီးတုတ်ကြီးနဲ့ ဘုရားစာအော်ရွတ်ရင်း လှည့်ပြန်ရရောကွ။

တို့မြို့မှာ နာမည်ကြီးသွားတာပဲ။

ငါကလည်း အစကနဦးကတော့ တကယ်အစိမ်းသေ သရက် ပင်မောင်နှမရှေ့က ထွက်ထွက်ဆေးလိပ်မီးတောင်းတာပဲလို့ ယုံကြည် တာပေါ့ကွာ။

တစ်နေ့ . . . အရက်သမား သောင်းရွှေတို့၊ ဖဲသမား ငတေ ကြီးတို့နဲ့ အရက်ဝိုင်းမှာဆုံရင်း ဒီအကြောင်း ပြောကြဆိုကြတော့မှ . .

ငါ့လခွေး . . . တကယ်အစိမ်းသေသရဲမှ မဟုတ်ပဲကိုးကွ။

"ဟ . . . ဒါဖြင့် ဘယ်လိုဟာတုံးဗျ"

"ရေနံချေးခိုးတဲ့ ကောင်တွေတဲ့ကွ"

"အဲဒီသူခိုးတွေက မိုက်တီးကို နောက်ပြောင်ချင်တာလည်း ပါတယ်။ သူတို့ရဲ့ ခိုးရာပါ ရေနံချေးပုံးတွေကို မိုက်တီးများ မြင်သိ သွားပြီး တိုင်မှာ တောမှာ ပြောမှာ စိုးရိမ်ပြီး မျက်နှာနဲ့ ခန္ဓာကိုယ် တစ်ကိုယ်လုံးကို ရေနံချေးတွေ ပွတ်လိမ်းတို့ပြီး မီးသင်္ဂြိုဟ်ထားတဲ့ဟန် မျိုးလုပ်လို့ ဆေးလိပ်မီးထွက်တောင်း ခြောက်လှန့်လွှတ်လိုက်တာတဲ့ ကွာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

ဟော ... ဆန်းကြယ် ဆန်းပြားချင်တော့လည်း ကြည့်ကွ မောင်မှိုင်းရ ... တို့ညောင်သုံးပင်ရွာသူ မအုံးမေရယ် ...

ကံကောင်းပါရောလဟော့။

အုံးမေတို့က ညောင်သုံးပင်ကျေးရွာမှာ တောင်ယာလုပ်ငန်း လုပ်တာကိုး။ ယောက်ျားလုပ်သူက ချဉ်ပေါင်၊ ခရမ်း၊ သခွား၊ ဗူးစိုက်၊ ထွက်လာတဲ့အသီးအရွက်ကို အုံးမေက မြို့ဈေးမှာ သွားရောင်းရတယ်၊

မြို့ဈေးကို စောစောသွားဖို့ ရွာကနေ ဝေလီဝေလင်း ဈေးဗန်းရွက်၊ အဖော်များနဲ့စုကာ သရက်မောင်နှမကုန်းထိပ်မှာစုပြီး ကျောက်တန်း၊ ထုမလုံ၊ မြယာရိုး ဈေးကားကိုစောင့်တယ်။ အုံးမေက ပါလာ





တဲ့သပြေပန်းကို သရက်ပင်မောင်နှ နတ်ကွန်းမှာဆက်ပြီး ဈေးရောင်းကောင်းအောင်မ.ပါ ... အစ်ကိုနဲ့အစ်မတို့။ အဲဒီလို နေ့တိုင်း ဆုတောင်းလေ့ရှိတယ်။

ဈေးကားဆိုက်ရင် အဲဒီကားပေါ် ပစ္စည်းတွေတင်၊ မြို့ဈေးမှာရောင်းရတယ်။

တစ်နေ့နံနက် ...

မိန်းမအဖော်နှစ်ယောက်နဲ့ ဈေးဗန်းရွက်ပြီးလာကြပြီး ထုံးစံအတိုင်း သရက်ပင်မောင်နှမကုန်းထိပ်မှာချပြီး ကားစောင့်ကြရော။

ကားကလည်း ဒီနေ့မှာ တော်တော်နဲ့ပေါ်မလာဘူး။

အရုဏ်လေးက လင်းလာပြီ ...

ဒီမှာ မချစ်စုဆိုသူ ဈေးသည်မိန်းမက အုံးမေရဲ့မျက်နှာကို ကြည့်ပြီး ...

"ဟဲ့ ... အုံးမေ ... နှင့်နားကပ်တစ်ဖက်ရော ... ဟဲ့"

ဒီမှာ မချစ်စုရဲ့အမေးကြောင့် အုံးမေ သူ့နားနှစ်ဖက်ကို လက်နဲ့စမ်းလိုက်ရော ညာဘက်နားကပ် မရှိတော့ဘူး။

"ဟောတော့ ... ညာဘက်နားကပ် မရှိတော့ပါလား"

"လမ်းမှာများ ပြုတ်ကျရော့လားအေ"

"အိပ်ရာထဲများ ပြုတ်ကျသမားမှ မသိဘဲဟဲ့"

"ဘာလို့ အိပ်ရာထဲပြုတ်ကျရမှာလဲ ချစ်စုရဲ့"

မသောင်းကြည်ဆိုတဲ့ မိန်းမက မေးရော ...

"အိုအေ ... ဒီမိန်းမအုံးမေအကြောင်းလည်း ညည်းသိသားဥစ္စာ။ အိပ်ရာထဲမှာ ... ဟွန်း ... မပြောလိုက်ချင်ဘူး။ သရက်ပင်



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမရှင့် ... စကားပြောကြမ်းရင် ခွင့်လွှတ်ပါ။ အရှင် ... အရှင်မ တို့ရှင့်။ မိန်းမက လင်နဲ့တွေ့ရင် ..."

"အိုအေ ... မဟုတ်ပါဘူး"

"ဟုတ်ဟုတ် ... မဟုတ်ဟုတ် .. အိမ်ပြန်ရောက်ရင် အိပ်ရာ ထဲရှာကြည့်။ မတွေ့ရင် လမ်းမှာကျပျောက်ပြီ"

ဒါနဲ့ အုံးမေက နားပေါက်တစ်ဖက်လပ်နဲ့ ဈေးသွားရမှာရှက် တာပေါ့။ ဟိုမိန်းမ ဒီမိန်းမများက ချစ်စုတို့တွေးသလို ဝိုင်းပြောကြရင် ရှက်စရာကြီးလေ။

အဲဒီနောက် ဘာလုပ်တယ်မှတ်လဲ။

သရက်ပင်မောင်နှမ သရက်ပင်အနီးမှာ ထန်းပင်ပေါက်လေး တစ်ပင်ရှိလေရဲ့ အဲဒီကိုသွားတယ်။ ထန်းရွက်နုလေးကို ဆုပ်ယူလိုက် ပြီး ဖက်လိပ်လေးလုပ်လို့ နားမှာ အစားထိုးပန်ထားလိုက်တယ်။

"ကားလာပြီဟေ့"

သည့်နောက် သူတို့အားလုံး ရေ့ကားပေါ်ပစ္စည်းများတင်ပြီး လိုက်လာကြတယ်။ ပြီး ဈေးမှာရောင်းချကြတယ်။ အိပ်အတွက် ဟင်း ချက်စရာဝယ်ခြမ်းပြီး ကိုယ့်ရွာသူနှစ်ယောက်နဲ့ ရွာအပြန်ကားကို စောင့် နေချိန် ...

"ဟဲ့ ... အုံးမေ ..."

"ဘာလဲဟဲ့ ... ချစ်စုရဲ့ ... အလန့်တကြားတော်"

"နင့်နားကပ် ပြန်တွေ့တယ် ဟုတ်လား"

"ဘယ်ကတွေ့ရမှာလဲဟယ် ... မတွေ့လို့ဘဲ သရက်ပင်မောင် နှမ နတ်ကွန်းရှေ့က ထန်းရွက်ကိုလိပ်ပြီး ပန်ထားရတာ"

စိတ်ကူးသစ်စာပေ



"ဟဲ့ကောင်မရဲ့ ... သေသေချာချာ ညည်းနားရွက်ကို စမ်း ကြည့်စမ်း"

ဒါနဲ့ အုံးမေက သူမရဲ့ ညာဘက်နားပေါက်က ထန်းရွက် လိပ်လေးကို လက်နဲ့စမ်းလိုက်ရော ...

"ဟင် ..."

ကြည့်စမ်း ...။ ထန်းရွက်လိပ်လေး မဟုတ်တော့ဘူး၊ နား ကပ်လေး။ ဒါနဲ့ ဟုတ်ပါ့ဟုတ်ပါ့မလားလို့ ဝိုင်းဖြုတ်ပြီး ကြည့်လိုက် ရော။ ဟုတ်ပါ့ ... ဝင်းအိနေတဲ့နားကပ်လေး။ ဘယ်ဘက်နားကအတိုင်း ရွှေသားအစစ်။

"ရွှေအစစ်ပဲ ... အုံးမေ့ရဲ့"

"ဟင် ..."

"ဟယ် ..."

"ဘုရားရေ ... အံ့ဩစရာကောင်းလိုက်တာတော်"

"အေးဟယ် ... ထန်းဖက်လိပ်ကနေ ရွှေနားကပ်အစစ် ဖြစ် သွားတာ ဒီတစ်ခါပဲ ကြုံဖူးတယ်ဟေ့"

"မဟုတ်မှလွဲရောအေ ... ဒါ အုံးမေကို သရက်ပင်မောင် နှမက မ,စချီးမြှင့်လိုက်တာပဲ နေမှာပဲဟဲ့။

အဲဒီသတင်းက တညင်မြို့မဈေးထဲမှာ နာမည်ကြီးသွားပါရော။ အုံးမေတစ်ယောက်ကို သရက်ပင်မောင်နှမက ရွှေနားကပ်တစ်ဖက် လက် ဆောင်ပေးတယ်တော်။

ရွာသူတွေက ဝမ်းသာအားရ အုတ်အော်သောင်းတင်း ဖွေ့ ရာလူ လျှောက်ပြောကြပါရော။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အုံးမေကလည်း လျှာရှည်၊ မိကဲ၊ မိသည်းသည်းလှုပ်တွေကို ဖြစ်ရပ်မှန်ရင်းပြမလို့ လုပ်ပေမင့် သင်းတို့မိန်းမတွေရဲ့လျှာက ဘရိတ်အုပ်လို့ မရတော့ဘူး။ ဒါကြောင့် ဖြစ်ရပ်မှန်ကိုလည်း ရှင်းမပြတော့ဘဲ သည်အတိုင်းပဲ နေလိုက်တော့တယ်။

အမှန်က ...

အုံးမေရဲ့လင် မြရွှေက အိပ်ရာသိမ်းရင်း သူ့မိန်းမရဲ့ နားကပ်တစ်ဖက်ပြန်တွေ့လို့ အလုပ်သွားရင်း ဈေးထဲဝင် မယားကို တိုးတိုးတိတ်တိတ် လာပေးတာလေ"

အဲဒီအချိန်ကစပြီးကွာ ...

သရက်ပင်မောင်နှမမှာ 'သိုက်' ရှိတယ်ဆိုပြီး နာမည်ကြီးပြန်ရောဟ။

✿ ✿ ✿

[ ၅ ]

❑

ဘာကြာလဲကွာ ...

အုံးမေလို ထန်းရွက်လိပ်ကနေ ရွှေနားကပ်ဖြစ်ချင်လွန်းလို့ သရက်ပင်မောင်နှမရှေ့ရှိ ထန်းပင်ငုတ်လေးက အရွက်ဖြတ်ဖြတ်ပြီး နားမှာပန်လိုက်ကြတာရယ် ...

"ရွှေရောဖြစ်ရဲ့လား ... အဘရ"

"ချီးမှာပဲ ...။ မဖြစ်တဲ့အပြင် နားရွက်တွေယားပြီး ရောင်ကိုင်းကုန်လို့ လန့်ဖျပ်ကုန်ပါရော။ အုံးမေရတာက သူ့ဒါန၊ သူ့ကုသိုလ် သူ့စရဏာအကျိုးပေးနဲ့ ပြန်ရတာကွ။ ကျန်တဲ့ဟာတွေက လောဘရမ္မက်နဲ့ လိုက်လုပ်ကြတော့ ရွှေမရတဲ့အပြင် နားရောဂါပါ ဆေးကုရရော ... ဟော့ ... အဟတ်"

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ ...

သရက်ပင်မောင်နှမဝန်းကျင်ကို သိုက်ဆရာများ ရောက်လာပါရောကွာ။ သရက်ပင်မောင်နှမမှာ ရတနာသိုက်ရှိတယ်လို့ ယုံကြည်ပြီး သိုက်လာတူးကြတာ။

"သိုက်တူးချင်ရင်လည်း တူးချင်စရာကိုးကွ"

"ဘာဖြစ်လို့လဲ ... ဘရ"

"တစ်နေ့ သီလဝါက နတ်ကတော်ကြီး ဒေါ်စိမ်းမြကို သရက်ပင်မောင်နှမက အစ်ကိုလုပ်သူက အိပ်မက်ပေးရောဟ။

နတ်ကတော် ဒေါ်စိမ်းမြကလည်း ကြံ့ရင်ကြံ့သလို လာလာဒါနပြုဖူးသကိုး"

"ဘယ်လို အိပ်မက်ပေးသတုံး"

"နတ်ဒိုးနဲ့ ဖြေဖျော်ပေးပါတဲ့။ အဲဒါ သုံးရက် အိပ်မက်ဆက်ပေးရော။ နတ်ကတော်ဒေါ်စိမ်းမြက ဒိုးဝိုင်းခေါ်လာပြီး နတ်ဒိုးနဲ့ က, လိုက် သရက်ပင်အောက်မှာ ဖြေဖျော်ခဲ့သတဲ့။

ပြီး ... ဈေးဘက်လှည့် ငါးကြီးတစ်ကောင်ဝယ်ပြီး ပြန်လာခဲ့လိုက်တယ်။ အိမ်ရောက်လို့ ငါးဗိုက်ကိုခွဲလိုက်ရော တစ်ကျပ်သားရွှေလက်စွပ်တစ်ကွင်း ငါးဗိုက်ထဲက ရပါလေရောဗျာ"

"အံ့စရာပဲနော်"

"ငါ့အထင်တော့ ငါးကြီးက ရွှေလက်စွပ်ပါတဲ့ ရေမျောလူသေကောင်ရဲ့ လက်ကိုစားရင်း ဗိုက်ထဲဝင်နေတာလို့ ထင်တာပါပဲကွာ။ သို့သော် အရပ်က ဒီလိုမမြင်မတွေ့ကြဘူး။ သရက်ပင်မောင်နှမ နတ်





ကွန်းမှာ ဒေါ်စိမ်းမြအိပ်မက်အရ နတ်ဒိုးနဲ့ သွားရောက်ဖြေဖျော်လို့ ရွှေလက်စွပ်ချီးမြှင့်တာ ဖြစ်ပါလေရောဟ။

အဲဒါနဲ့ သိုက်ဆရာတွေ လပြည့်လကွယ်ညများ ရောက်လာပါရော။ ပွဲတွေပြင် ဆေးဖယောင်းတိုင်များထွန်း ဆေးကြိမ်လုံးနဲ့ရိုက်၊ အမိန့်ပေးပြီး သိုက်ရှိရာကို ပြခိုင်းပါရောဟေ့"

"ရရဲ့လား ... အဘရဲ့"

"ဘယ်ရမှာလဲ။ အ,ကုသိုလ်ကောင် လောဘသားတွေ ရောမခွေးနက်ကြီးများ လိုက်လိုက်ဆွဲလို့ ပြေးလိုက်ကြတော့ ပုဆိုးတောင်မပါဘူး။ အချို့ဆို မြေပြင်ကိုရေထင်ပြီး ကူးကြလို့။

အဲဒီလို သွားလုပ်တဲ့ အချိန်ကစပြီး ...

အဲဒီနေရာ အဲဒီမြေဟာ ပိုကြမ်းလာခဲ့တယ်။ ပိုရိုင်းလာခဲ့တယ်။ နေဝင်ရီတရော အခြောက်ခံရပုံများ ပိုဆန်းပြားလာတယ်။ ကားမှောက်မှုတွေ ပြန်ပေါ်လာတယ်။

နားလည်သူများက တောင်းပန်ကြပေမင့် လုံးဝမရဘူး။ အဲဒီဝန်းကျင်ကို ဘယ်သူမှ ဖြတ်သွားဖြတ်လာ မလုပ်ရဲကြဘူး။

အဲဒီ သရက်ပင်အောက်ခြေမှာ မြေကြီးနဲ့ကပ်ပြီး အပေါက်ကြီး တစ်ပေါက်ရှိတယ်။ သပိတ်လုံးလောက် အခေါင်းပေါက်ကြီးကွ။

အချို့က ...

ဒီသရက်ပင် အခေါင်းထဲမှာ ရွှေတွေ ရတနာတွေ ရှိမှာပဲလို့ ယုံကြည်နေကြတယ်။

အချို့က ...

ဒီသရက်ပင်အောက် မြေကြီးထဲမှာ ရှိမှာပဲလို့ တွေးကြတယ်။ သို့သော် သရက်ပင်ကို မသွားရဲကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လည်းကျရော ...

အဲဒီသရက်ပင်မောင်နှမ သရက်ပင်ကြီး သေပါရောဟေ့"

"ဟေးရော ..."

"အိမ်းဟ ..."

"ဘယ်သူခုတ်ပစ်လို့လဲ ... အဘရ"

"ဒီလိုကွ ... မောင်မှိုင်းရ"

✿ ✿ ✿

## | ၆ |

❑

တစ်နေ့ ... ကျွဲကျောင်းသား နွားကျောင်းသားလူစု လေးခွနဲ့ပစ်ခတ်လို့ရတဲ့ ငှက်တွေကို သရက်ပင်မောင်နှမ အပင်အောက်မှာ မီးဖုတ်စားကြဖို့ လုပ်ရောကွ။

မီးကင်နေတုန်းရှိသေးတယ် ငှက်သားများ အလိုလိုပျောက်သွားပါရောဟေ့။

အဲဒါ တစ်ကြိမ်လည်းမဟုတ်ဘူး၊ သုံးလေးကြိမ်ကွ။ ဒီမှာ နွားကျောင်းသားကြီး၊ ကျွဲကျောင်းသားကြီးများက မကျေနပ်ကြတော့ဘူး။ လူကြီးတွေက ...

"အစိမ်းသေ သရက်မောင်နှမ ပရဝိဉာဉ်သားများ နှောင့်ယှက်တာနေမယ်။ မကြိုက်လို့လား၊ စားချင်လို့လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောကြရော ...

"မကြိုက်ရအောင် သူ့ပစ္စည်းဘာယူလို့လဲဗျ"

နွားကျောင်းသားများက အတွန့်တက်ကြတာပေါ့။

"စားချင်လို့ နေမှာပေါ့ ... ဖိုးခွေးတို့ရာ"

"စားချင်ရင်လည်း ကျုပ်တို့လို လေးခွနဲ့ ပစ်ခတ်စားပေါ့ဗျာ။ ဒါမှမဟုတ် နည်းနည်းကျွေးပါလို့ တောင်းစားမှပေါ့။ ခုတော့ဗျာ ..."

"တောက် ..."

"ဟောကောင်တွေ ... ဒီနေရာက မြေကြမ်း၊ အစိမ်းကြမ်းကွ"

လူကြီးအချို့က စိုးရိမ်လို့ သတိပေးကြတာပေါ့။

"လူတွေကို ဒုက္ခပေးနေတာ ကြာပြီဗျ"

"ဟာ ... ဟာ ... မပြောနဲ့ကွ"

"ဒီပြင်လူကို ဒုက္ခပေးချင်ပေး ကျုပ်တို့ကို ဒုက္ခပေးနှောင့်ယှက်ရင် ကျွဲကျောင်းသား နွားကျောင်းသားဗျ။ တစ္ဆေရော ... သရဲရော ... အစိမ်းရော ... ဘာရော သောက်ဂရုမစိုက်ဘူး။ တွေ့ကြရောပေါ့ကွာ"

နောက်နေ့လည်းရောက်ရော ...

နွားကျောင်းသား၊ ကျွဲကျောင်းသားအုပ်စုဟာ အဲဒီသရက်ပင်ရဲ့ အောင်ခြေလျှိုခေါင်းထဲကို ကောက်ရိုးတွေရိုးပြတ်တွေ သစ်ကိုင်းခြောက်တွေနဲ့ ရာဘာဖိနပ်အစုတ်တွေ စုပြုံထည့်ပြီး တစ်နေ့လုံး မီးနဲ့မြှိုက် ကြမ်းပစ်လိုက်တာရယ်။





မြင်ရသူတွေဆို ကြက်သီးဖြန်းဖြန်းထပြီး ဒီ့ကောင်လေးအုပ်စု သတော့မှာပဲလို့ စိုးရိမ်ကြသပေါ့ကွာ။

"သေရောလားဗျာ"

"အဲဒီ ကျွဲကျောင်းသား နွားကျောင်းသား လူကြမ်းအုပ်စု သေဘူး။ သရက်ပင်မောင်နှမ သေရောဟေ့"

"ဟင် ... ဘယ်လိုသေသွားတာလဲဟင်"

"အခေါင်းထဲကို ပစ္စည်းဟောင်းပေါင်းစုံထည့် တစ်နေကုန် မီးမြှိုက်တော့ အောက်ခြေမီးကျွမ်းလောင်ပြီး ဘာကြာလဲကွာ သရက် ပင် ညိုးခြောက်ပြီး သစ်ခြောက်ပင်ဘဝရောက်လို့ လဲကျ ထင်းဖြစ်သွား ခဲ့တာပဲ။

အဲဒီအချိန်ကစပြီး ညောင်သုံးပင်သချိုင်းရှေ့က သရက်ပင် မောင်နှမဆိုတာ လုံးဝပျောက်သွားပါရော။

သရက်ပင်ကြီးမရှိသည့် အချိန်ကစပြီး သရဲလည်း မခြောက် တော့ဘူး။ တစ္ဆေလည်း မခြောက်တော့ဘူး၊ ကားတွေလည်း မမှောက် တော့ဘူး။ ဘာဆို ဘာမှမဖြစ်တော့ဘူးကွ။ အံ့သြစရာပဲ သိလား"

"အဲဒီမြေကြီးအောက်ကို တူးဖော်ကြည့်ကြသေးလားဟင်"

"အချို့တော့ တူးဖော်ကြည့်ဆိုပဲကွ"

"ဘာတွေ တွေ့ရလဲဗျ။ ဟို ... ရွှေတို့ ကျောက်တို့များ တစ်ခု ခု ..."

"သံချေးတက်နေတဲ့ သံစလိုအံရာမျိုးပဲ တွေ့တယ်လို့ ပြော တာပဲ။ ဓားလား၊ လှံလား မကွဲပြားတော့ပါဘူး"

"သူတို့ ဘယ်ကိုရောက်သွားကြလဲဟင် အဘ"



www.burmeseclassic.com

www.burmeseclassic.com




''အချို့ကတော့ ကျိုက်ခေါက်ဘုရားဘက် ပြောင်းသွားကြတယ် ဘာညာပြောကြတာပဲ''

''အဘရော ဘယ်လို ယူဆလဲဟင်''

''အဘအထင်တော့ လူကြောက်ရင် နတ်ခြောက်တာပဲကွ အေး . . . လူကြမ်းရင် နတ်ကြမ်းလည်း မခံနိုင်ဘူးလေ။ ဒါ ငါတို့ မျက်မြင်ကိုယ်တွေ့ပဲ . . . ငါ့လူရေ''

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

ကျွန်ုပ်တို့အဖွဲ့ ပူတာအိုထောင်သစ်ဆောက်လုပ်ခြင်းကို စ
ဆေးရန် ပူတာအိုမြို့သို့ ခေတ္တရောက်နိုက် မြို့နှင့် (၇)မိုင်ဝေးသော
မူလာရှိဒီးမြို့တံတားကြီးကို လေ့လာဖြတ်ကျော်ကြပြီး မူလာချော
တစ်ဘက်ကမ်းရှိ မူလာရှိဒီးရွာကြီးသို့ အလည်အပတ်သွား၍ ထွန်စ
ဆရာ၊ စိုက်ပျိုးမွေးမြူရေးကျောင်းဆင်း ကိုဒီဇော်ရဲညွှန်ခဲ့သော သစ်သီး
မျိုးစုံနှင့် မူလာရှိဒီး၊ သစ်သီးမျိုးစုံဝိုင်ကိုလည်း သောက်ခဲ့ကြဖူးပါပြီ

တစ်နေ့တွင် ပူတာအိုအကျဉ်းထောင်တွင် တာဝန်ကျသော
ထောင်မှူးသံဒိုင်က ...

''ဆရာ ... ပူတာအိုဘက် ရောက်တုန်းရောက်နိုက် ပတ်ဝန်း
ကျင်လေ့လာရေးထွက်ပြီး ဘုရားလေးဘာလေး မဖူးချင်ဘူးလား''





''ဟေ ... မင်းတို့ဒေသက ခရစ်ယာန်ဘုန်းတော်ကြီးတွေ
ကောင်းမှုကြောင့် ခရစ်ယာန်ဘာသာဝင်တွေ ကိုးကွယ်တဲ့ချပ်ကျောင်း
တွေပဲ ရှိတယ်မဟုတ်လား။ ဗုဒ္ဓဘာသာဝင်တွေနဲ့ ဗုဒ္ဓဘာသာဘုရား
စေတီပုထိုးကော ရှိလို့လား''

''ရှိပါ ... ဆရာရယ်၊ မလိခမြစ်တစ်ဘက်ကမ်း၊ မချမ်းဘော
မြို့နယ်ဘက်မှာ 'အထက်မှာ ကောင်းမှုလုံ၊ အောက်မှာရွှေတိဂုံ' ဆိုပြီး
အလွန်တန်ခိုးကြီးတဲ့ ဘုရားတစ်ဆူ ရှိပါသော်ကော။ ဆရာသွားချင်ရင်
ကျွန်တော်လိုက်ပို့ပါ့မယ်။ နေ့ချင်းပြန်တော့ မရနိုင်ဘူး။ နှစ်ညအိပ်
သောက်တော့ ကြာလိမ့်မယ်''

''အေး ... သွားကြစို့ကွာ။ ဒီမှာလည်း လုပ်ငန်းက ပြီးပြီပဲ။
အနားယူအပန်းဖြေနေကြတာ။ ငါကတော့ မြန်မာပြည်မြောက်ဖျားကို
ရောက်တုန်းရောက်ခိုက် အကျိုးရှိအောင် လေ့လာသွားချင်တယ်။ နောက်
တစ်ခေါက်လာဖို့ဆိုတာ မလွယ်တော့ဘူး။ ဒီမှာ တစ်ပတ်လောက် ကြာ
ဦးမှာဆိုတော့ အချိန်လည်းရပါတယ်''

''ဒါဆို မနက်ဖြန်စောစော ခရီးထွက်ကြမယ်ဆရာ။ ဆရာ
ရယ်၊ ကျွန်တော်ရယ်၊ နယ်ခံကျွန်တော်တပည့်တပ်သား အိုက်ပုရယ်
(၃)ယောက်ပေါ့။ အိုက်ပုက လမ်းပန်းခရီးကျွမ်းတယ်ဆရာ''

''အေး ... အေး ... ကောင်းတယ်''

နောက်တစ်နေ့မနက်တွင် လူကြီးများအား ခွင့်တောင်းပြီး
ကျွန်ုပ်တို့ ခရီးစတင်ကြသည်။ မနက်စာ အဆာပြေစားပြီး (၇)မိုင်ဝေး
သော မူလာရှိဒီးကြိုးတံတားသို့ ကားကြုံဖြင့်သွားကြသည်။ ကြိုးတံတား
ကြီးကိုဖြတ်၍ မူလာရှိဒီးရွာမှ ကိုဒီဇော်ရဲ၏ ထွန်စက်ကြီးကိုငှားသည်။
အကျဉ်းဦးစီးဌာနဖြင့် ရင်းနှီးနေပြီဖြစ်သော ထွန်စက်ဆရာကို ဒီဇော်ရဲ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း လိုလိုချင်ချင်လိုက်ပို့ပါသည်။

မူလာရှီဒီးရွာကြီးမှာ သစ်သီးမျိုးစုံခြံများနှင့် ရွာတန်းရှည်ကြီး ဖြစ်သလို ရီကျော်ဒီးရွာ၊ ဖီးအွန် ရွာတန်းရှည် ရွာကြီးများကလည်း အတော်ရှည်လျားသည်။ စိုက်ပျိုးမွေးမြူရေးများ ဖြစ်ကြသည်။ လီဆူ နှင့် ရဝမ်တိုင်းရင်းသားများ အများစုနေထိုင်ကြသည်။

လီဆူးတိုင်းရင်းသားများသည် ခေါင်းပေါင်းခနက်ကို ပေါင်း ကြသည်။ အဖြူခံတွင် အနက်စင်းဘောင်းဘီရှည်များနှင့် အင်္ကျီရှည် များကို ဝတ်ဆင်ကြသည်။ အင်္ကျီရှည်မှာ ဒူးခေါင်းအထိ ဖုံးအုပ်နေ သည်။ ခါးတွင် ကြေးစေ့ဖြူများပါသော (၆) လက်မခန့်ဗျက်အကျယ် ခါးပတ်ကို ပတ်ထားသည်။ အဝတ်အစားသာမတူသော်လည်း ရုပ်ရည် အသားအရည်နှင့် အရပ်အမောင်းမှာ မြန်မာနှင့်တူသည်။ စကားပြော မှသာ ခွဲခြားနိုင်သည်။

လီဆူးအမျိုးသမီးများ၏ ရိုးရာဝတ်စုံကတော့ တစ်မူထူးခြား သည်။ အဖြူခံတွင် အနက်စင်းထားသော ဂါဝန်ရှည်ကြီးများကို ဝတ် ကြသည်။ ညာပခုံးမှ ဘေးသို့စလွယ်သိုင်းလျက် သန္တာပုတီးပန်းရောင် အနီရောင်အဖြူရောင်နှင့် ကြေးစေ့များ၊ ငွေပြား၊ ကြေးပြားအဖြူဝိုင်း များကို ချိတ်ဆွဲထားတတ်သည်။ စလွယ်သိုင်းကြိုးအဖျားတွင် ပန်းဖွား တပ်ဆင်ထားသည်။

ဦးခေါင်းတွင် ဆံပင်ကို ကျစ်စာမြီးကျစ်ထားသည်။ ပိတ်ဖြူစ ကလေးကိုလည်း လိပ်ပြာသဖွယ် ချည်နှောင်ထားသည်။ ကြေးပုတီး စေ့၊ အဖြူအနီများစီထားသည့် ခေါင်းစွပ်ကိုလည်း ဆောင်းထားသည် အတွင်းအင်္ကျီရှည်ပေါ်မှ ထပ်၍ အနက်ရောင် ကတ္တီပါလက်တိုညာဖုံး အင်္ကျီကိုလည်း ဝတ်ဆင်ကြသည်။ အနက်ရောင်ဝတ်စုံကြောင့် အသား





အရေမှာ နှင်းသားလို ဆွတ်ဆွတ်ဖြူဖွေးနေသည်။ အရပ်အမောင်း မြင့်မြင့်ဖြင့် အတော်လိုက်ဖက်တင့်တယ်သည်။

လမ်းမကြီးမှာ မြေလမ်းကျယ်ကြီးဖြစ်သည်။ တောင်ကုန်း တောင်တက်တော့ ရှားသည်။ ဖီးအွန်ဆိုသည်မှာ သက်ငယ်လွင်ပြင် ဟု အဓိပ္ပါယ်ရသည်။

ကျွန်ုပ်တို့က ထွန်းစက်ခေါင်းတွဲသီးဖုံးပေါ်တွင်ထိုင်၍ အမိုး ကိုင်းကိုကိုင်၍ စီးလာကြသည်။ ထွန်စက်နောက်တွဲလည်း တပ်လာ ၍ ပြေးလမ်းမကြီးမှာ ဖုန်အလိပ်လိုက် ထ၍ကျန်ခဲ့သည်။

"သံဒိုင်ရေ . . . မင်းတို့ ဘူတာအိုမြို့ပေါ်မှာကော ဘုရား စေတီတွေ မရှိဘူးလား။ ငါမမြင်ခဲ့လို့ပါ"

"ရှိပါတယ် ဆရာရယ်။ နမ့်ထုံချောင်းကိုဖြတ်ဆင်းပြီး ပန်း သိုင်ရပ်ကွက်အရှေ့ဘက်မှာ မဟာမြတ်မုနိဘုရားကြီးရှိပါတယ်။ ခမ်းတီး ရှမ်းနဲ့ ရဝမ်၊ မြန်မာတွေ ကိုးကွယ်ကြပါတယ်။ တပေါင်းလမှာ ဘုရား ပွဲတော်ကျင်းပပါတယ်။ မြန်မာသက္ကရာဇ်-၁၂၈၄ ခုနှစ်က တည်ထား ကိုးကွယ်ခဲ့တာပါ"

"မြန်မာပြည်က မြို့တိုင်းမှာ ဘုရားစေတီရှိတာက ကောင်း တာပေါ့ကွာ။ မြန်မာရွာတိုင်းမှာလည်း ဘုန်းတော်ကြီးကျောင်းရှိဖို့ အရေး ကြီးတယ်။ သာရေးနာရေးဆိုတာ ဘုန်းကြီးရဟန်းတွေမှ စွမ်းဆောင် နိုင်ကြတာ။ ဒါနဲ့ ကောင်းမှုလုံ ဘုရားကြီးအကြောင်းကိုလည်း ကြိုတင် သိထားရအောင် မင်းသိသမျှ ပြောပြပါဦး"

"ဟုတ်ကဲ့ . . . ဆရာ။ ကောင်းမှုလုံဘုရားကြီးက မြန်မာပြည် မြောက်ဖျား၊ မလိခမြစ်ကမ်းဘေးမှာ တည်ထားတဲ့ တစ်ဆူတည်းသော ဘုရားပါ။ လွန်စွာဆုတောင်းပြည့်လို့ တန်ခိုးကြီးပါတယ်။ ရွှေဆင်မင်း



www.burmeseclassic.com

www.burmeseclassic.com



စေတီလို့လည်း ကျော်ကြားပါတယ်။

စေတီတော်ကြီးဝင်းထဲမှာ တံတိုင်း၊ ပရဝုဏ်ဇရပ်၊ တန်ဆောင်း၊ သိမ်၊ ကျောင်းပါ ပြည့်စုံစွာရှိပါတယ်။ ကောင်းမှုလုံစေတီတော်ကြီးပုံတော်မှာ ထူးခြားတယ်။ ဉာဏ်တော်ပေ (၁၀၀) ခန့်ရှိတယ်။ ဘုရားကြီးတည်ရှိတဲ့ ကောင်းမှုလုံရွာကြီးဟာ မြန်မာပြည်မြောက်ဖျား စွန်းက တစ်ရွာလုံး ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ရဝမ်တိုင်းရင်းသားတွေ နေထိုင်ကြတယ်။

ဆရာ့ကို ပြောဖို့ကျန်ပါသေးတယ်။ ကျွန်တော်တို့ ပူတာအိုမြို့နယ်၊ လန်နိုရွာမှလည်း ခပ်ချိုခမ်းဘုရား၊ လန်းတောင်ရွာမှာ စစ်မီဘုရား၊ ပန်းလှိုင်ရွာမှ စစ်ဘုရားလုံ (မဟာမြတ်မုနိ) နဲ့ ဆန်စေရွာမှာ စစ်မွန်ဟင် (ကျောက်ဆင်းတုဘုရားကြီး)လည်း ရှိပါတယ်''

✿ ✿ ✿

| ၂ |

❑

ကျွန်ုပ်တို့အဖွဲ့ မလိခ၊ ဤမှာဘက်ကမ်း၊ နောင်ခိုင်ရွာရောက်တော့ ထွန်စက်ကြီး ခရီးဆုံးပြီဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့ စားသောက်ဆိုင်တစ်ဆိုင်တွင် အနားယူကြရင်း နေ့လယ်စာစားကြသည်။ တောင်ပေါ် ကချင်လက်ရာများပင်ဖြစ်သည်။

ထွန်စက်ဆရာ ကိုဒီဇော်ရဲက ထွန်စက်နောက်တွဲကြီးကို ကုန်မပါဘဲ ဆွဲလာခဲ့သည်မှာ အကြောင်းရှိပေသည်။ ကျွန်ုပ်တို့ ထမင်းစားနေချိန်၌ပင် နောင်မွန်းဘက်ကဆင်းလာသည့် သဘာဝတောထွက်ပစ္စည်းများ သယ်ယူလာကြသည့် ကုန်သည်များက ထွန်စက်ကြီးကို လာငှားကြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုဒီဇော်ရဲ၏ ထွန်စက်ကြီးမှာ တစ်စီးတည်းသော ကုန်တင်ယာဉ်ဖြစ်သည်။ လေဆိပ်မှ ခရီးသည်ပို့ဆောင်ပေးသော ဘတ်စ်ကားကြီးလည်း ရှိပါသေးသည်။ သူက ကုန်မတင်၊ ခရီးသည်လူသာတင်သည်။ မူလာရှီဒီကြိုးတံတားလမ်းမှာ ဖြတ်လမ်းဖြစ်၍ ခရီးတိုသည်။ မူလာချောင်းတစ်ဘက်ကမ်းကိုတော့ ကုန်ပစ္စည်းများအား အထမ်းသမားငှား၍ သယ်ကြရသည်။ ပူတာအိုဘက်ကမ်းတွင် ဒေါ်ဂျစ်ကားကြီးများအား ငှား၍ရနိုင်ပါသည်။

ကျွန်ုပ်တို့အဖွဲ့ မလိခမြစ်ကြီးအား ငှက်လှေဖြင့် ဖြတ်ကျော်ကြသည်။ မလိခမြစ်ကြီးမှာ ငြိမ်သက်စွာ စီးဆင်းနေသည်။ မိုးရာသီတွင်တော့ တောင်ပေါ်မှစီးဆင်းလာသည့် ချောင်းများကြောင့် ရေစီးပြင်းထန်ကြောင်း သိရသည်။

မလိခမြစ်တစ်ဘက်ကမ်းတွင် မချမ်းဘောမြို့က လှပသာယာစွာ ဆီးကြိုနေသည်။ တောင်ပေါ်မြို့ဖြစ်၍ စိမ်းစိုသော သစ်ပင်ကြီးများ ဝိုင်းရံနေသည်။ မြစ်ကမ်းနဖူးကို မေးတင်၍ ခေတ်မီသပ်ရပ်စွာ ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အဆောက်အဦးတစ်ခုကို တွေ့ရသည်။

"သဒိုင်ရေ . . . အဲဒါ ဘာအဆောက်အဦးလဲ။ အတော်ခေတ်မီပြီး လှပတယ်နော်"

"အဲဒါ 'ဂူဘားရိပ်သာ'လို့ ခေါ်တယ်ဆရာ။ ခရစ်ယာန်သာသနာပြုတွေ ဆောက်ခဲ့တာ။ မြန်မာပြည်မြောက်ဖျားစွန်းက ဂူကား၊ ဖန်ယောဆိုတဲ့ တိဗက်ရွာကလေးတွေကို ဂုဏ်ပြုပြီး ဆောက်ထားတာ။ အခုတော့ အချိန်ရှိသေးတယ်၊ အပြန်ကျမှ ညအိပ်တည်းကြတာပေါ့။ တည်းခိုခက အလှူငွေပဲထည့်ရတာ"





ကျွန်တော်တို့ မချမ်းဘောဘက်ကမ်းသို့ရောက်တော့ နေ့လယ် (၁၂)နာရီခန့်သာ ရှိသေးသည်။ ထို့ကြောင့် ထောင်မှူးသံဒိုင်၏ တပည့်က ကျွန်ုပ်တို့၏ ခရီးဆောင်အိတ်များအားထမ်းပြီး ရှေ့ကဦးဆောင်သည်။

ကမ်းပေါ်ရောက်တော့ လူအများ ဥဒဟိုသွားလာနေကြသော်လည်း ဆိုက်ကား၊ မြင်းလှည်း၊ စက်ဘီးပင်မတွေ့ရပါ။ ကုန်းကြောင်းခရီး သွားလာနေကြသည်။ ကုန်ပစ္စည်းများအား လူအထမ်းဖြင့် သယ်ကြသည်။ အချို့ခရီးဝေးသွားမည့်သူများက ကားဝန်တင်ဖြင့် သယ်ကြသည်။

ကျွန်ုပ်က ရှေ့မှဦးဆောင်သွားနေသော ထောင်မှူးသံဒိုင်၏ တပည့်တပ်သား အိုက်ပုအား . . .

"အိုက်ပုရေ . . . မောင်မင်းတို့နေတာ ဘယ်ရွာလဲ။ ဒီနေ့ည ဘယ်မှာအိပ်မှာလဲ"

"ဆရာ . . . ကျွန်တော်နေတာ နမ့်ခမ်းကြီးရွာဆရာ။ ဒီကနေ (၇)မိုင်လောက်ဝေးတယ်။ ကုန်းကြောင်းလျှောက်ရမှာ။ နောင်မွန်းတက်တဲ့ကားကြီးတွေ ရှိတတ်ပေမဲ့ ဒီအချိန်ဆိုမရှိတော့ဘူး။ မနက်စောစောထွက်တာ။ ထွက်ချင်မှလည်း ထွက်တယ်။ စက်ပျက်နေတာက များတယ်။ ထွက်ရင်လည်း ကုန်ပစ္စည်းတွေနဲ့ လူတွေကျပ်သိပ်နေတာပဲ။

တောင်ဘက်ကျောက်ခင်းလမ်းမို့ အလွန်အန္တရာယ်များတယ်။ ကျွန်တော်တို့ရွာမှာပဲ ညအိပ်ကြတာပေါ့။ အစားအသောက်ပေါပါတယ်ဆရာ။ ကျွန်တော်တို့ နမ့်ခမ်းကြီးရွာဆိုတာက ရွှေထွက်လို့ တစ်ရွာလုံးချမ်းသာပါတယ်။ ကျွန်တော်ကတော့ ယူနီဖောင်းဝတ်ပြီး သေနတ်ကိုင်တာ ဝါသနာပါလို့ ထောင်ဝန်ထမ်းဝင်လုပ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . မင်းဝါသနာက တစ်မျိုးပါလား။ အမဲလိုက်ရော ဝါသနာပါသလား။ မိသားစု ချမ်းသာနေမှကွာ ဘာကြောင့် မိသားစုနဲ့ ဝန်ထမ်းလုပ်ရတာလဲ"

"ကျွန်တော် အမဲလိုက်လည်း ဝါသနာပါပါတယ်ဆရာ။ ဝန်ထမ်းလုပ်တာက ဂုဏ်ရှိတယ်လေဆရာ။ ကျွန်တော်တို့ရွာမှာ ဝန်ထမ်းဆိုလို့ ကျောင်းဆရာနဲ့ ကျန်းမာရေးဝန်ထမ်း၊ သစ်တောဝန်ထမ်းတွေပဲရှိတယ်။ အကျဉ်းထောင်ဝန်ထမ်းဆိုလို့ တစ်ဦးမှမရှိဘူး။ ဒါကြောင့် ကျွန်တော်ဝင်လုပ်တာပါ"

"အေး . . . အေး . . . မင်းအတွေးအခေါ်လည်း ကောင်းပါတယ်။ အရာရှိကြီး ဖြစ်ပါစေကွာ"

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော်က ဘွဲ့မရသေးပေမဲ့ (၁၀)တန်းအောင်ပြီးသားပါ။ အခု ပုတာအိုထောင်မှာ အမှုထမ်းရင်း အဝေးသင်တက်နေပါတယ်။ ကျွန်တော်တို့ နမ့်ခမ်းကြီးက မြို့နဲ့လှမ်းတော့ အဝေးသင်တက်ဖို့ အဆင်မပြေဘူးလေ။ ကျွန်တော်လည်း ဘွဲ့ရ အရာရှိလည်း ဖြစ်ပေါ့ဆရာရယ်"

"အေး . . . မင်းအကြံအစည် ကောင်းတယ်။ ဘွဲ့လည်းရ အရာရှိလည်းဖြစ် မဆိုးဘူးကွ"

"ကျွန်တော်တို့ရွာမှာက ပစ္စည်းသာချမ်းသာတာ ပညာတတ်နည်းတယ်ဆရာ။ မူလတန်းကျောင်းပဲရှိတာ။ အထက်တန်းကျောင်းတက်ချင်ရင် မချမ်းဘောမြို့ကို လာတက်ရတာ (၇)မိုင်ဝေးတယ်ဆရာ။ မိုးရာသီဆို ချောင်းကူးတံတားတွေနဲ့ အလွန်ဒုက္ခရောက်တယ်ဆရာ။ ကုန်းကြောင်းခရီးပဲလေ"

---

စိတ်ကူးသစ်စာပေ



"ဘာကြောင့် စက်ဘီး၊ ဆိုက်ကား၊ မြင်းလှည်းမရှိတာလဲ အိုက်ပု"

"တောင်ဆင်း၊ တောင်တက်များတယ်ဆရာ၊ ချောင်းကူး၊ မြောင်းကူး သစ်လုံးတံတားတွေလည်း များတယ်။ စက်ဘီး၊ ဆိုက်ကား၊ အဆင်မပြေဘူး။ ဒါကြောင့် စီးလေ့လည်းမရှိဘူး။ ကုန်းကြောင်းလျှောက် အထမ်းငှားပစ္စည်းများရင် လားဝင်တင်ငှားကြတာ ထုံးစံဖြစ်နေပြီ။ ဒီကလူတွေက ငွေကြေးမရှိလို့ မဟုတ်ဘူးဆရာ၊ ရိုးရာဓလေ့ဖြစ်နေလို့ပဲ"

ကျွန်တော်တို့အဖွဲ့သည် မလိခမြစ်ကြီးလမ်းဘေးမှ ဆန်၍တက်ခဲ့ကြသည်။ ပေ (၃၀)ခန့် အကျယ်ရှိသော မြေနီကားလမ်းမကြီးတစ်လျှောက် ကွေ့ကောက်စွာ ခရီးနှင်ခဲ့ကြသည်။ လမ်းကျယ်ကြီးက ပြန့်ပြူးသည်။ လမ်းဘေးနှစ်ဘက်တွင် တောစိမ်းစိမ်းက ဝန်းရံနေသည်။ လမ်းမကြီးပေါ်တွင် အထမ်းသမား၊ လားဝန်တင်နှင့် လမ်းလျှောက်သူများက ဥဒဟိုသွားလာနေကြသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

ကျွန်ုပ်တို့အဖွဲ့သည် လမ်းကျယ်ကြီးများကို ဖြတ်သန်းစီးဆင်းနေသည့် ချောင်းမြောင်းတို့ကို ကျော်ဖြတ်ရန် သစ်သားတံတားကြီးများကို ကျော်ဖြတ်ကြရသည်။ မိုးကာလတွင် တောင်ကျချောင်းကြီးများသည် တစ်ဟုန်ထိုး စီးဆင်းလာကြပြီး မလိခမြစ်အတွင်းသို့ စီးဝင်ကြ၏။ ဆောင်းရာသီတွင်မူ ရေကျနည်းသွားပြီး တစ်သွင်သွင်စီးဆင်းနေသည်။ ထိုချောင်း၊ မြောင်းများကို ဖြတ်သန်းရန် ခိုင်ခန့်သော သစ်လုံးတံတားကြီးများကို ဆောက်လုပ်ထားခြင်းဖြစ်သည်။

ကျွန်ုပ်တို့ အဖွဲ့မကြာမီ အင်ဘူးဘောကျေးရွာသို့ ရောက်ရှိလာကြသည်။ ရွာလမ်းမှာ နှင်းများဆမ်းထား၍ ဖုန်မထချေ။ စပါးရိတ်





သိမ်းချိန်ဖြစ်၍ ရွာတွင်းအိမ်များမှာ တိတ်ဆိတ်နေသည်။ အိမ်ခြံဝင်းကို ဝါးလုံးတား၍ ကာရံထားသည်။ အိမ်တံခါးကို စေ့ရုံသာစေ့ထားသည်။ ဤနယ်မြေမှာ ရိုးသားမှုအရင်းခံရှိ၍ သူခိုးသူဝှက်၊ ဓားပြ မရှိပါချေ။

ကျွန်တော်တို့ လမ်းမကြီးအတိုင်း ဆက်လျှောက်လာကြရာ မကြာမီ အင်ဗိုင်းဘောအမည်ရှိ၊ ရွာကိုဖြတ်ရပြန်သည်။ ထိုရွာက တောင်ကမူရိုး မြေပြန့်ပေါ်၌ ဆောက်လုပ်ထားသည်။ ဝါးရုံပင်ရှည်ကြီးများက ရွာစည်းရိုးအဖြစ် မြင့်မားစွာ ပေါက်ရောက်နေကြသည်။ ထိုရွာကိုကျော်တော့ ညနေစောင်းပြီဖြစ်သည်။

မလိခမြစ်သည် ကျွန်ုပ်တို့၏ဘယ်ဘက်ဘေးမှ ယှဉ်တွဲလိုက်လာခဲ့ရာ ခွာသည်မရှိတော့။ မြစ်ယံပေါ်တွင် ဖျိုင်းဖြူတစ်အုပ်နှင့် ရေစစွလိုင်ငှက်များ အိပ်တန်းတက်ရန် ပျံသန်းနေသည်။ နေဝင်တော့မည်ဖြစ်သည်။

နမ့်ခမ်းကြီးရွာထိပ်ရောက်တော့ မလိခမြစ်ဘက်မှာ လေအေးများ တိုက်ခတ်လာသည်။ ရွာဝင်လမ်းမကြီးမှာ ကျယ်ပြန့်လှသည်။ လမ်းမကြီးကို လိပ်သဲကျောက်များ ခင်ထားသည်။ တစ်ရွာလုံး သစ်သီးဝလံပင်များဖြင့် စိမ်းစိုနေသည် ရွာတောင်ဘက်ဘေး၌ ချောင်းကလေးတစ်ခု တသွင်သွင် စီးဆင်းနေသည်။ ရေသည် ကြည်လင်နေသည်။ အောက်ခံမြေသည် နွံမဟုတ်၊ ကျောက်တုံးနှင့် သဲမြေများသာဖြစ်၍ ချောင်းအောက်ခံမြေကို ကြည်လင်နေသော ရေကိုဖောက်ထွင်း၍ အတိုင်းသားမြင်နေရသည်။

"ဆရာ . . . ကျွန်တော်တို့အိမ်က ရွာလယ်သူကြီးအိမ်အေးမှာ။ နမ့်ခမ်းရွာကြီးက ကျေးရွာအုပ်စုကြီးပါ။ အိမ်မြေ (၁၀၀၀) ကျော်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ တစ်ရွာလုံး ရဝမ်တိုင်းရင်းသားတွေက အများစုပဲ။ နမ့်ခမ်းရဲ့ အဓိပ္ပာယ်က နမ့်ဆိုတာ–ရေ၊ ခမ်းဆိုတာ–ရွှေကိုခေါ်တာ။ ရွှေထွက်တဲ့ချောင်းလို့ အဓိပ္ပာယ်ရပါတယ်။ မလိခဟိုဘက်ကမ်းက ကျောက်စိမ်းထွက်ပါတယ်။ ဒီဘက်ကမ်းက ရွှေထွက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရွာက လူအကုန် ချမ်းသာကြွယ်ဝကြပါတယ်''

အိုက်ပုစကားကြောင့် ကျွန်ုပ်တို့ ရွာလမ်းထဲဝင်လာရင်း လမ်းနှစ်ဘက်မှာ ခြံဝင်းကျယ်ကြီးများနှင့် နှစ်ထပ်အိမ်ကြီးများကို ဝေ့ဝဲကြည့်မိသည်။ သစ်ဝါးပေါသောဒေသဖြစ်၍ သစ်ကောင်းဝါးကောင်းများဖြင့် အနိုင်အခန့် တည်ဆောက်ထားကြသည်။ အမိုးကတော့ သွပ်မဟုတ်။ တောင်ထန်းလက်များကို အိမ်တိုင်းမိုးထားသည်။

''လာကြပါ . . . ဆရာတို့၊ ဟိုးရှေ့ကအိမ်ဟာ ကျွန်တော်တို့အိမ်ပဲ။ အိမ်ကကျယ်ပါတယ်။ ဆရာတို့ လွတ်လွတ်လပ်လပ် အားမနာတမ်း တည်းခိုလို့ရပါတယ်။ အိမ်မှာ ကျွန်တော့်မိဘနှစ်ပါးနဲ့ ညီမလေးပဲ ရှိပါတယ်''

အိမ်ကြီးမှာ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်သည်။ တိုင်ကြီးများမှာ ရှစ်လက်မပတ်လည် တိုင်ကြီးများဖြစ်သည်။ ကျွန်းမဟုတ်၊ ပျဉ်းကတိုးသားမဟုတ်၊ သစ်မာမျိုးတော့ဖြစ်သည်။ အိုက်ပုပြောစကားအရ ယောက်မိုးဒဏ်ခံနိုင်သော တံတားဆောက်သည့်ဒေသထွက် ကျိုးကန်သစ်မာမျိုးဟုသိရသည်။

အိမ်တိုင်များကို မြေမြှုပ်အုတ်ဖိနပ်မခံ။ တိုင်များအောက်ခြေတွင် စရွေးကိုက်ကျောက်တုံးများ ခံထားသည်။ အလွန်တော်သောလက်သမားပညာဖြစ်သည်။ အိမ်ကြီးမှာ နှစ်ထပ်အိမ်ဖြစ်၍ ကြီးမား





သော်လည်း ယိုင်ခြင်း၊ စောင်းခြင်း၊ ရွဲ့ခြင်းမရှိ၊ လွန်စွာခိုင်ခန့်တောင့်တင်းလှသည်။

အိမ်ကြီးရှေ့သို့ရောက်သည်နှင့် အိုက်ပုက . . .

''ညီမလေးရေ . . . အစ်ကိုပြန်လာပြီ။ ဧည့်သည်တွေလည်းပါလာတယ်''

ထိုအချိန်တွင် အိမ်အပေါ်ထပ်မှ မိန်းမပျိုတစ်ဦးနှင့် အဘိုးကြီးအဘွားကြီး လင်မယားနှစ်ဦး ဆင်းလာကြသည်။

''ဟော . . . အားကို ပြန်လာပြီ။ ဧည့်သည်တွေလည်းပါလာတယ်''

ကျွန်ုပ်တို့အား အိမ်အောက်ထပ်စားပွဲရှည်ကြီးတွင် နေရာပေးသည်။ စားပွဲရှည်ကြီးအား ထိုင်ခုံရှည်များ၊ ဝိုင်းရံချထားသည်။ စားပွဲကြီးအနောက်တွင် ကွပ်ပျစ်များချထားရာ ဧည့်သည်များအတွက် ဖြစ်သည်။ ကျွန်ုပ်တို့ ပစ္စည်းများအား ကွပ်ပျစ်များအပေါ်တွင် အိုက်ပုက နေရာချထားပေးသည်။

အဘိုးကြီးအဘွားကြီးနှစ်ဦးက ကွပ်ပျစ်များခြေရင်းမှ ကြိမ်လက်ကုလားထိုင်များပေါ်၌ ထိုင်ကြသည်။ အပျိုမလေးက ဖန်ခါးရည်ကို စီစဉ်ပေးပြီး အိုက်ပုက ခြံအနောက်ဘက်သွား၍ ပဝါအနီစည်းထားသော စဉ့်အိုးကလေးတစ်လုံးနှင့် ဝါးဆစ်ခွက်များကို ယူလာသည်။

''ဆရာတို့ . . . အခါးရည် မသောက်ကြပါနဲ့ဦး။ နှစ်ပေါက်ခင်ရည်ကို သောက်ကြပါ။ ခရီးပန်းလာကြတော့ လန်းဆန်းသွားအောင် ညီမလေး . . . ဘာသားရှိသလဲ။ အမြည်းလုပ်ပေးပါ''

''ဟုတ် . . . အားကို''



www.burmeseclassic.com

www.burmeseclassic.com



အပျိုမကလေး အောက်ထပ်မီးဖိုခန်းထဲဝင်သွားစဉ် အိုက်ပု က ဝါးဆစ်ခွက်များအတွင်းသို့ ခေါင်ရည်ထည့်၍ မိဘများအား အရင် တိုက်သည်။ ပြီးနောက် ကျွန်ုပ်တို့အား တစ်ခွက်စီထည့်ပေးသည်။

ခေါင်ရည်မှာ ကျွန်ုပ်တို့သောက်ဖူးသော ခေါင်ရည်လို အဖြူ ရောင် ချဉ်စုပ်စုပ်မန်၊ ပန်းရောင်သစ်သီးနံ့မွှေးနေသည်။ မောမောပန်း ဖြင့် သောက်ကြတော့လည်း ချိုပြင်းပြင်းဖြင့် အလွန်အရသာရှိလှသည်။ မကြာမီ အသားမီးဖုတ်နံ့ရပြီး အမြည်းများရောက်လာသည်။ ဆိတော့ ဆမ်းမထားပါ''

''မြည်းပါ ... ဆရာတို့၊ ဆတ်သားနဲ့ ချေသားခြောက်ဖုတ် ပါ။ ကျွန်တော်တို့ရွာမှာ အလွန်ပေါပါတယ်။ ရွာအနောက်ဘက်ထွက် လိုက်တာနဲ့ တောကြီးပါပဲ။ သားကောင်သားလည်း အစုံရပါတယ် ညီမလေးငြိမ်းသည့်တွေကို ထမင်းကျွေးဖို့ စီစဉ်တော့''

''ဟုတ် ... အားကိုး၊ ထမင်းက အစဉ်သင့်ရှိပါတယ်။ ဟင်း စီစဉ်ရမှာပါ''

''အေး ... အေး''

ကျွန်ုပ်တို့ အသားခြောက်များမြည်းရင်း အလွန်အရသာရှိသော ခေါင်ရည်ကို သောက်ကြရ၍ ဆာလောင်မွတ်သိပ်ခြင်းများ ပြေသွားပြီ အားခွန်တိုးလာသလို ခံစားရသည်။ ရိုးရာဒေသထွက် ခေါင်ရည်ဖြ ပေသည်။

အပျိုမကလေးကို အိုက်ပုက ကူညီစီစဉ်ပေးသဖြင့် ကျွန်ုပ် တို့အုပ်စု တစ်နာရီခန့် သောက်စားပြီးသည်နှင့် ညစာကို အဆင်သင့် ပြင်ဆင်ကျွေးမွေးသည်။ အသားခြောက်ဟင်းများအပြင် တောဝက်သား





ဟင်းနှင့်မုန့်ညင်းကြော်၊ ဆိတ်ဟူး၊ ပဲငပိများလည်းပါသည်။ ဟင်းချက် ကောက်ရာပြောင်း၍ အလွန်စားကောင်းသည်။

ထမင်းကိုတော့ ပန်းကန်ဖြင့် ထည့်သည်မဟုတ်။ စလူဖက် များဖြင့် ထုပ်ထားသော ထမင်းပေါင်းထုပ်များဖြစ်သည်။ ပူနွေးနေသည်။ ဖက်အတော်ကြာ အထားခံကြောင်း သိရသည်။ တောင်ပေါ်ဒေသဖြစ်၍ ထမင်းမှာ ရှမ်းဆန်လိုမစေး။ မြန်မာဆန်လိုလည်း မဖွယ်ချေ။ အလွန် စားကောင်းသည်။

ထမင်းကုန်သည်နှင့် ထမင်းထုပ်များလာချပေးရာ ကျွန်ုပ်တို့ အုပ်စုမှာ ခရီးပန်းလာပြီး ခေါင်ရည်ကလေးလည်း သောက်ထားသဖြင့် ခေါင်းမဖော်တမ်းလွေးကြသည်။ စားသောက်ပြီးတော့ ထမင်းစားပွဲအနီး ရှိ ကြိမ်ခြင်းထဲ၌ ထမင်းပေါင်းထုပ်သော စလူဖက်များ ပြည့်လျှံသွား တော့သည်။ ဤသည်က ရဝမ်လက်ရာထမင်းဝိုင်းဖြစ်ပေသည်။

ညရောက်တော့ အိမ်ရှင်များနှင့် အတန်ငယ်စကားပြောကြ ပြီး မနက်ဖြန်မနက် ကောင်းမှုလုံရွာကြီးသို့ စောစောခရီးထွက်ကြရန် တိုင်ပင်ကြပြီး အိပ်ရာအသီးသီး ဝင်ခဲ့ကြသည်။ နမ့်ခမ်းကြီးရွာမှာ ပွင့် လင်းရာသီဖြစ်သော်လည်း ပူတာအိုမြို့ထက် ပိုအေးသည်။ မနေ့က လည်း မနက်စောစော ပူတာအိုကထွက်ပြီး မိုးချုပ်စမှ နမ့်ခမ်းကြီးရွာ သို့ရောက်သဖြင့် ရေမချိုးဖြစ်ကြ။ မနက်ဖြန်လည်း စောစောခရီးထွက် မည်ဖြစ်၍ ရေချိုးနိုင်မည်မဟုတ်ပေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

နောက်တစ်နေ့မနက် (၅)နာရီခန့်တွင် အိုက်ပုနိုးမှ နိုးထကြသည်။ ကျွန်ုပ်တို့ မျက်နှာသစ်၊ အပေါ့အလေးသွားပြီး ခရီးထွက်ရန် ပြင်ဆင်နေကြစဉ် ဘယ်အချိန်ကတည်းက နိုးနေကြသည်၊ မသိသော အိုက်ပုတို့မောင်နှမက ကောက်ညှင်းပေါင်း ဆတ်သားခြောက်ဖုတ်နှင့် အခါးရည်ကို စီစဉ်ထားသည်။

ကျွန်ုပ်တို့ စားသောက်ပြီး ခရီးစထွက်တော့ အလင်းရောင်ရ နေပြီဖြစ်သော်လည်း နှင်းဖွေးများက အုပ်ဆိုင်းနေဆဲပင်ဖြစ်သည်။ ပတ်ဝန်းကျင်ကို ဝေးဝေးမမြင်ရ။ လမ်းကိုတော့ ကောင်းစွာမြင်ရပါသည်။ အိုက်ပုခေါင်းဆောင်ပြီး ရွာကထွက်၍ မြောက်ဘက်ယွန်းယွန်းသို့ ချီတက်ခဲ့ကြသည်။





ရွာပြင်ရောက်၍ အတော်ကလေး ခရီးပေါက်သည်နှင့် အိုက်ပုက . . .

''ဆရာ . . . ဟော့ဒီညာဘက်ချိုးသွားရင် (၁၀) မိုင်ကျော်လောက် တောင်တက်ခရီးမှာ နမ့်ထီစခန်းရှိတယ်။ ဒီလမ်းဟာ လားသမ်းပေါ့။ အဲဒီကနေ တောင်ပေါ်ဆက်တက်သွားရင် မဇဒပ်စခန်းရောက်မယ်။ ဆက်ပြီး ဘာလူလုံတောင်ကိုဆင်းလိုက်ရင် နောင်မွန်းမြို့ကိုရောက်ပါတယ်။ မချမ်းဘောမြို့နဲ့ နောင်မွန်းမြို့ဟာ (၄၁) မိုင်ဝေးပါတယ်''

ကျွန်တော်တို့အဖွဲ့ ရေစီးစမ်းချောင်းကလေးကို ဖြတ်ကျော်ပြီး ဘယ်ဘက်တောစပ်သို့ ချိုးကွေ့ဝင်ရောက်လာကြသည်။ လက်ဝဲဘက်ဘေးရှိ နမ့်ခမ်းချောင်းကြီးအတွင်း စီးဝင်နေသည့် တောင်ကျစမ်းချောင်းကလေးများကို မကြာခဏ ဖြတ်ကျော်ကြရသည်။

ထို့နောက် တောတန်းများကြားမှ လွင်ပြင်နှင့်ကလေးများတွင် ခိုတ်သိမ်းပြီးစ ရိုးဖြတ်ကွင်းများအား ဖြတ်ကျော်ရပြန်သည်။ ရွှေထွက်သော နမ့်ခမ်းချောင်းနှင့်ယှဉ်လျက် ခရီးသွားကြရခြင်းဖြစ်သည်။

သုံးမိုင်မျှ ခရီးပေါက်သောအခါ နမ့်ခမ်းဆည်ကြီးကို လှမ်း၍မြင်ရသည်။ ဆည်ကြီးကို ကျောက်တုံးများ၊ သစ်လုံးများဖြင့် ကာထုတ်၍ အခိုင်အမာတည်ဆောက်ထားသည်။ ရေစီးဆင်ခြေလျှောကို သစ်လုံးများဖြင့် အဆင့်ဆင့်ပြုလုပ်ထားသည်။ ချောင်းအတွင်း ရေမှတ်တိုင်မှာ (၈)ကျော်ကို ပြနေသည်။ ရေမှာ ရေတံခွန်အဆင့်ဆင့်က စီးဆင်းလာ၍ ကြည်လင်အေးမြလှသည်။

''ဆရာ . . . ဒီဆည်ကြီးမရှိခင်က ကျွန်တော်တို့ဒေသတွေဟာ မြေပြန့်ကဆန်ကိုသာ မျှော်ကိုးပြီး စားကြရတာ။ အခုတော့ ဒီဆည်ကြီးကြောင့် ကျွန်တော်တို့ဒေသဟာ ဆန်စပါးဖူလုံနေပါပြီ။ နမ့်ခမ်းချောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ရွှေတင်မက ကျောက်စိမ်းနဲ့ ဆန်စပါးအသီးအနှံမျိုးစုံလည်း ထွက် ပါတယ်''

ကျွန်တော်တို့ နမ့်ခမ်းဆည်ကြီးသို့ရောက်ပြီး နမ့်ခမ်းရေတံခွန် ကြီးဆီသို့ ဆက်၍ တက်ကြသည်။ တောလမ်းခရီးမှာ ရော်ရွက်ဝါတို့ ဖုံးနေသည်။ မြေပြင်ကိုမမြင်ရ။ ခရီးလမ်းကျွမ်းသော အိုက်ပုကြောင့် သာ လမ်းမမှားခြင်းဖြစ်သည်။ ချောင်းအတွင်းသို့လည်း ဆင်းရသည်။ ကျောက်တောင်ကြီးများပေါ်သို့လည်း တွယ်တက်ရသည်။ ဟိုဘက်ကမ်း သည်ဘက်ကမ်း ကူးသန်း၍ ခရီးသင့်သလို သွားကြရခြင်းဖြစ်သည်။

တောငှက်ပျောရိုင်းပင်များနှင့် တောင်ထန်းပင်၊ သစ်မင်းပင် တို့မှာ ချောင်းကမ်းပါးမြင့်ကြီးပေါ်တွင် အပြိုင်းအရိုင်း ပေါက်နေကြ သည်။ တောငှက်ပျောပင်ဆိုသော်လည်း မြေပြန့်ကလိုမဟုတ်။ အသီး ကြီးများက ကြီးထွားလှသည်။

မှည့်ဝင်းနေသော ငှက်ပျောခိုင်ကြီးများအား တောငှက်ကလေး များက အသံစာစာအော်ဟစ်၍ အလုအယက်စားနေကြသည်။ ချောင်း ကမ်းတစ်ဖက်တစ်ချက် ကမ်းပါးယံကြီးမှာ ပေ (၃၀၀) ခန့် မြင့်မားလှ သည်။ ကျွန်ုပ်တို့အဖွဲ့ ချောင်းထဲဆင်း၍ ကျောက်တုံးများအပေါ်မှ ခုန်း သွားနေကြခြင်းဖြစ်သည်။ ချော်မလဲစေရန် ဝါးတောင်ဝှေးကိုထောက် ၍ သွားကြရသည်။ ရေမှာ မနက်လှသော်လည်း ဒူးဆစ်ခန့်တော့ရှိ သည်။

ရေညှိဖုံးနေသော ချောင်းလယ်မှ ကျောက်တုံးကြီးများမှာ ချော နေ၍ ခြေကုပ်မမြဲချင်။ အတော်သတိထားပြီး ပြီးသွားကြရသည်။ ဒေသ ခံ အိုက်ပုကတော့ ခြေလှမ်းမှန်မှန်ပင် ဤလမ်းခရီးမှာ ဖြတ်လမ်းမှာ လည်း သိရသည်။





ချောင်းအပေါ်မှဖြတ်၍ အောက်ချင်းငှက်စုံတွဲများ တစ်ဂစ်ဂစ် အော်မြည်၍ ဖြတ်သန်းပျံဝဲသွားကြသည်။ တစ်ကယ်တော့ ကျွန်ုပ်တို့ သည် တောင်ကမ်းပါးယံကြားကြီးအတိုင်း တဖြည်းဖြည်း အမြင့်ဘက် သို့ တက်ရောက်လာနေကြခြင်းဖြစ်သည်။ ရေတံခွန်ကြီးဖြင့် နီးလေ၊ ကမ်းပါးယံကြီးက မြင့်လေပင်ဖြစ်သည်။

မကြာမီ တဝုန်းဝုန်း တဝေါဝေါ ရေကျသံကြီးကို ကျွန်ုပ်တို့ ရှေ့ဘက်မှ ကြားလိုက်ရသည်။ အသံလာရာဆီသို့ ဦးမော့တက်ရောက် ကြရင်း ရေတံခွန်ကြီးကို မြင်လာရသည်။ ရေတံခွန်ကြီးမှာ အဆင့်(၃) ဆင့်ရှိသည်။

ပထမအဆင့်ရေကျ အမြင့်ပေ (၅၀)ခန့်ရှိသည်။ အကျယ် ရေကျအပြန့် ပေ (၈၀)ခန့်ရှိသည်။ ရေတံခွန်ကျရာ အောက်ခြေတွင် ရေအိုင်ကြီးဖြစ်နေသည်။ ရေအိုင်ကြီးအကျယ်မှာ ပေ (၃၀၀)ပတ်လည် ခန့် ကျယ်ဝန်းမည်ထင်သည်။

ရေမှာ ကြည်လင်လွန်းသဖြင့် အောက်ခြေသဲများ၊ ကျောက်တုံး များကိုပင် မြင်နေရသည်။ ရေအိုင်ကြီးအစပ်ရောက်သည်နှင့် ကျွန်ုပ် တို့အဖွဲ့မှာ တိုင်ပင်ထားခြင်းမရှိဘဲ အဝတ်အစားများချွတ်၍ ရေဆင်း ကူးကြတော့သည်။ ရေမှာ အလွန်အေးမြသည်။ သို့သော် ခရီးပြင်းနှင လာရ၍ ရေချိုးလို့ အလွန်ကောင်းသည်။ ရေချိုးပြီးတော့ လူမှာ ပေါ့ပါး သန်းဆန်းသွားတော့သည်။ ယမန်နေ့ကလည်း ရေမချိုးရသဖြင့် ဖြစ် သမည်။

အဝတ်အစားများလဲနေစဉ် အိုက်ပုက ...

''ဆရာ ... ကျွန်တော်တို့ဆီမှာ ရေတံခွန်တွေ အလွန်ပေါ တယ်။ နမ့်ခမ်းကြီးရေတံခွန်က ပေ (၂၀၀) ကျော်မြင့်တယ်။ အင်တူချ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းရေတံခွန်က ပေ (၃၀) မြင့်တယ်။ အင်ဝိုင်းဘော့ရွာ နမ်ဆ ချောင်းရေတံခွန်က ပေ (၅၀)။ အလန်ဂါးရွာ၊ အင်ခွန်ခချောင်းရေတံခွ က ပေ (၁၀၀) မြင့်တယ်။ နမ်ဘူယန်ရွာ ရေတံခွန်က ပေ (၂၀၀) ထန်းဂါးထာခချောင်းရေတံခွန်က ပေ (၄၀၀) တောင်မြင့်တော့ အမြ ဆုံးပဲ''

မှုန်းတည့်နေသည့် နမ့်ခမ်းရေတံခွန်ကြီးပေါ်သို့ ဖြာကျနေသည့် ရေမှုန်ရေမွှားများ လွင့်စင်၍ သက်တန့်ရောင်ရောင်စဉ် (၇)မျိုးကို မြင် နေရသည်။ ကျွန်တော်တို့အဖွဲ့ နမ့်ခမ်းချောင်းကြီးအတိုင်း ဆက်လက် ခရီးနှင်ခဲ့ကြသည်။

ချောင်းအတွင်းရှိ ကျောက်တုံးကျောက်ခဲများကို ကျော်ဖြတ် ရပြန်သည်။ တဖြည်းဖြည်း ရေတံခွန်ကြီးက နောက်တွင်ကျန်နေခဲ့သည်။ ဤနမ့်ခမ်းချောင်းကြီးသည် ရွှေချောင်းကြီးဖြစ်သည်။ ရွှေမှုန်သာမက ရွှေတုံးရွှေခဲပင်ရသည်ဟု အဆိုရှိသည်။

ဤမြေကို ခမ်းထီးလုံလွင်ပြင်ဟု ခေါ်ပါသည်။ ခမ်းဆိုသည် မှာ ရွှေ၊ ထီးဆိုသည်မှာ မြေဖြစ်၍ ရွှေမြေကြီးဟု အဓိပ္ပာယ်ရပါသည်။ ဤခမ်းထီးလုံလွင်ပြင်ကြီးတွင် မလိခမြစ်၊ နမ့်လန်ချောင်း၊ နမ့်ထုံချောင်း၊ နမ့်ခမ်းတီး၊ မှုန်းသက်ချောင်းနှင့် မချမ်းဘော့ နမ့်ခမ်းချောင်း၊ နမ့်ဆ ဘွန်ရွာထီခချောင်း၊ ထာခချောင်း၊ နောင်မွန်ရှန်ခချောင်း၊ ခေါ်ဘူဒဲချုံ ချောင်းတို့သည် ရွှေထွက်သော ချောင်းကြီးများဖြစ်ကြသည်။

ကျွန်ုပ်တို့အဖွဲ့သည် နမ့်ခမ်းချောင်းကြီးကို ကျော်ဖြတ်ပြီး မြောက်စူးစူးသို့ ခရီးထွက်လာရာ မလိခမြစ်ကြီးနှင့်ယှဉ်၍ ခရီးဆက် ကြရပြန်သည်။ ဤမှာဘက်ပိုင်းတွင် ခမ်းတီးရှမ်းရွာကလေးများကို တွေ့ရ သည်။ အချို့နေရာတွင် ရွာဟူ၍မရှိတော့ ရွာပျက်များဖြစ်သည်။

---

စိတ်ကူးသစ်စာပေ



မကြာမီ မန်ခွက်ဟူသော ရှမ်းရွာကို ဖြတ်သန်းသွားရသည်။ ဘုရားပျက်သုံးဆူနှင့် မြေပေါက်ပုထိုးတစ်ဆူကိုသာ ဖူးတွေ့ရသည်။ ပြီး နောက် ရဝမ်၊ ခမ်းတီးနှင့် လီဆူးတိုင်းရင်းသားများ နေထိုင်ကြသော ထရမ်ဒန်းရွာသို့ ရောက်သည်။

ထို့နောက် ခန်ကျိုရွာကိုဖြတ်၍ ဆင်းလွမ်းဒမ်းကျေးရွာကြီး သို့ရောက်သည်။ ထို့နောက် ကျွန်ုပ်တို့အဖွဲ့ သစ်လုံးတံတားများကို ကူး၍ တောတန်းကြီးကအထွက်တွင် မလိမြစ်က ကွေ့ဝိုက်စီးဆင်းနေပြီး ရေဦး ထိုးနေသည့် ခမ်းတီးရှမ်းများ အများစုနေထိုင်သည့် ကောင်းမှုလုံရွာကြီး ကို မြေပြန့်လွင်ပြင်တွင် ဘွားခနဲ တွေ့ရတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၅ |

❑

ကောင်းမှုလုံရွာကြီးမှာ ရွာဦးတွင် ဘုရား၊ ပုထိုး၊ စေတီ ကျောင်းကန်မြင့် မလိခမြစ်ကမ်းနဖူး၌ လွန်စွာသာယာလှပသည့် ရွာကြီးကိုမြင်သည်နှင့် ကျွန်ုပ်မှာ လွမ်းမောဖွယ်ရာ ငေးမောမိရင်း တစ်စုံတစ်ရာကို သတိရသလို စိတ်အာရုံထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။

မြန်ပြည်မြောက်ဖျားမှ ခရီးလမ်း၊ အသွားအလာခက်ခဲသော ဤရွာကြီးကို ကျွန်ုပ် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့သည်မှာ သေချာပါသည်။ မရောက်ဖူးခဲ့ရုံတင်မက ပူတာအိုမြို့မရောက်ခင်က ကြားပင်မကြားခဲ့ဘူးပါ။

သို့သော် ဤရွာကြီးကိုမြင်လိုက်ရကတည်းက ကျွန်ုပ်၏ရင်မှာ လွမ်းမောနေသည်။ ယခင်က ရောက်ဖူးခဲ့၊ နေဖူးခဲ့သလိုပင် ထင်





မှတ်နေမိသည်။ ရွာပတ်ဝန်းကျင်မှ လယ်ကွင်းများ၊ ရွာအနီးမှ မလိခမြစ်ကြီးမှာ ကျွန်ုပ်နှင့်မစိမ်းပါ။ သို့သော် ဤဒေသ ဤပတ်ဝန်းကျင်မှာ ကျွန်ုပ်ရောက်ခဲ့ဖူးသော အောက်ပြည်အောက်ရွာရှိ မြို့ရွာများ အနေအထားဖြင့် မတူပါ။ ဤဒေသသည် တောင်ပေါ်ဒေသဖြစ်သည်။

ကျွန်ုပ် ငေးမောတွေးတောနေစဉ် အိုက်ပုက ...

"ဆရာ ... ရွာထဲဝင်နားကြမယ်လေ။ ရွာသူကြီးက ကျွန်တော်တို့နဲ့ အမျိုးတော်တယ်။ သူ့အိမ်က ကောင်းမှုလုံဘုရားအနားတင်ပဲ၊ နီးပါတယ်"

"ဪ ... အေး ... အေး ..."

ကျွန်ုပ် အတွေးစကိုဖြတ်ပြီး လယ်ကွင်းကိုကျော်၍ ရွာလယ်လမ်းအတိုင်း ရွာတွင်းသို့ ဝင်ခဲ့ကြသည်။ လယ်များမှာ အချို့ရိတ်သိမ်းပြီး အချို့လယ်များမှာ မောင်းညို့၍ ငိုက်မြည်းနေကြသည်။ ရိတ်သိမ်းပြီးစရိုးပြတ်နှံက သင်းပျံ့နေသည်။ ကောင်းမှုလုံရွာကြီးမှာ လယ်ကွင်းများအလယ်မှ ထီးထီးကြီးရှိသော ရွာကြီးဖြစ်ပေသည်။ မလိခမြစ်ဘက်မှ လေနုအေးက တမျှင်မျှင် တိုက်ခတ်နေသည်။

ကျွန်ုပ်တို့အဖွဲ့ ရှေးဦးစွာ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ကြသည်။ သမိုင်းဝင်စေတီတစ်ဆူဖြစ်၍ တံတိုင်းပရဝုဏ်၊ ဇရပ်၊ တန်ဆောင်းနှင့် ကျောင်းပါရှိသည်။ ကောင်းမှုလုံစေတီတော်ကြီး၏ပုံဖော်မှာ ထူးခြားလှသည်။ ဉာဏ်တော်ပေ (၁၀၀) ခန့် မြင့်ပါမည်။ ရွာဦးကုန်းမြင့်ကလေးပေါ်တွင် တည်ထားခြင်းဖြစ်သည်။ ထုံးဖြူဖြူဖွေးဖွေးဖြင့် သပ္ပာယ်ကြည်ညိုဖွယ်ရာပင်။

ဘုရားလိုဏ်ဂူအတွင်းရှိ ဘုရားကြီးရှေ့တွင် ဆတ်မင်းထိုင်နေပုံ ပန်းပုရုပ်လုံးကြီးကို ရွှေကိုယ်လုံးပြည့်ချထားသည်။ ဆင်းတုတော်



www.burmeseclassic.com

www.burmeseclassic.com



၏ နဖူးသင်းကျစ်တော်တွင် ရှေးယခင်က အဖိုးတန်ပတ္တမြားကြီးတစ်လုံး မြှုပ်နှံပူဇော်ထားဖူးကြောင်း အိုက်ပုကပြောသည်။

ယခုတော့ မြတ်စွာဘုရား နဖူးဆင်းကျစ်တော်မှာ အပေါက်ကလေးဖြစ်နေသည်။ လုံးတော်ပြည့်ရွှေချထားသော်လည်း တစ်ခုခုလိုနေသလိုပင် ကျွန်ုပ်ခံစားရသည်။ အသိတရားအတွင်း၌ တစ်ခုခုကို သိသလိုဖြစ်လိုက်၊ ပျောက်ကွယ်သွားလိုက်ဖြင့် ဝိပဿနာကမ္မဋ္ဌာန်းတရားထိုင်ရသည်။ အာရုံက ဖမ်းဆုပ်၍မရ။ ပေါ်ချည်ပျောက်ချည်ဖြင့် ဝေဝါးနေသည်။

ထိုစဉ် အသက် (၇၀) ကျော် (၈၀)ခန့် ရဝမ်အဘိုးကြီးတစ်ဦး ကျွန်ုပ်တို့အနီးသို့ ရောက်လာသည်။

"ဧည့်သည်တွေထင်ပါရဲ့"

ကျွန်ုပ်က ...

"ဟုတ်ပါတယ် အဘိုး"

"ဘယ်က ဘုရားလာဖူးကြတာလဲ"

"ရန်ကုန်ကပါ ခင်ဗျား"

"ဪ ... ရန်ကုန်ကတောင် အဝေးကြီးက လာဖူးကြတာကိုး။ သိချင်တာရှိရင် မေးကြကွယ့်။ အဘိုးက ဘုရားလူကြီး ဦးစောခမ်းဟုန်လို့ခေါ်တယ်။ အသက် (၈၀) ရှိပါပြီ"

"ဪ ... ဟုတ်ကဲ့ပါ အဘိုး"

ကျွန်ုပ်တို့ ဘုရားရင်ပြင်တော်ပေါ်သို့ ပတ်ကြည့်ကြသည်။ မလိခမြစ်ဘက်မှ လေပြည်လေညင်းကလေးက တစ်ညင်ညင်တိုက်ခတ်နေသည်။ ဘုရားရင်ပြင်တောင်ပေါ်တွင် ပြိုပျက်နေသော ငှက်ပျောဖူး





အဟောင်းကြီးကို တွေ့ရသည်။ လုံးပတ်ထိပ်ဝသည် လူ့လက်ခုပ်တစ်ပေါင်ခန့်ရှိသည်။

"ဟိုးရှေးတုန်းက ရဝမ်တိုင်းရင်းသား စေတနာရှင်တစ်ဦးက ဒီဘုရားကြီးကို ထီးတော်တင်လှူခဲ့ဖူးတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀) လောက်က လျှပ်စီးလို့ ပြိုကျခဲ့တာ။ ဒီငှက်ပျောဖူးကြီးမှာ သူလှူခဲ့တဲ့ ကုသိုလ်စေတနာတွေ အပြည့်ပဲ"

ဘုရားလူကြီးက ရှင်းပြသဖြင့် ကျွန်ုပ်က ရင်တွင်းတွင် မရှင်းလင်းသောအချက်ကို မေးမြန်းရတော့သည်။

"အဘိုး ... ကျွန်တော်တစ်ခုလောက် မေးပါရစေ။ ဘုရားကြီးရဲ့ နဖူးသင်းကျစ်တော်မှာ အဖိုးတန် ပတ္တမြားကြီးတစ်လုံး ရှိခဲ့ဖူးတယ်ဆို။ အခု ဘယ်ရောက်သွားတာလဲ အဘိုး"

"အင်း ... အဲ့ဒီကိစ္စက အလွန်ကြေကွဲဖို့ ကောင်းသလို၊ ဆန်းလည်း ဆန်းကြယ်တယ်။ အဘိုးတို့ငယ်စဉ် အင်္ဂလိပ်ခေတ်နှောင်းပိုင်းကပေါ့။ အဲဒီတုန်းက ဘုရားလူကြီးက ခမ်းတီးရှမ်းတိုင်းရင်းသား ဦးအိုက်မောင်းတဲ့။ အလွန်သမာဓိရှိပြီး ဘုရားတရားကြည်ညိုတယ်။ ဒီဘုရားကြီး ဘက်စုံပြင်ဆင်ရေးမှာ သူပါဝင်တယ်။ ဘုရားပေါ်မှာပဲ အိပ်လုပ်နေတာ။ အမြဲတမ်း ဥပုသ်သီလမြဲတယ်။

ဒီဘုရားကြီးက သာသနာတော်သက္ကရာဇ် (၃၀၀) ခန့်က တည်းက တည်ခဲ့တဲ့ ရှေးဟောင်းသမိုင်းဝင်ဘုရားပဲ။ ဒါကြောင့်လည်း ရှေးမင်းတွေက ဘုရားကြီးနဖူးသင်းကျစ်တော်မှာ အဖိုးတန်ပတ္တမြားကြီးတစ်လုံးကို မြှုပ်နှံပူဇော်ထားခဲ့တယ်"

"အဲ ... တစ်ညမှာတော့ ဘုရားကြီးရှေ့က တန်ဆောင်းအတွင်း တရားထိုင်နေတဲ့ ဘုရားလူကြီးဦးအိုက်မောင်းကို လ[illegible]နက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လှူတစ်စုက ဖမ်းဆီးချုပ်နှောင်ပြီး ဘုရားကြီးနမူးသင်းကျစ်တော်က ပတ္တမြားကြီးကို ဓားနဲ့ကလော်ပြီး ယူသွားတာ။

ဦးအိုက်မောင်းကိုလည်း ခေါ်သွားတုန်း နောက်တစ်ဖွဲ့နဲ့ တိုက်ပွဲဖြစ်ကြပြန်တယ်။ အဲဒီကစပြီး ပတ္တမြားကြီးလည်းဆုံး၊ ဘုရားလူကြီး ဦးအိုက်မောင်းလည်း ပျောက်သွားတော့တာပဲ။ အလောင်းပြန်မရတော့ သေတယ်ရှင်တယ်ဆိုတာကို မပြောနိုင်ဘူး။

ဖြစ်နိုင်ချေရှိတာကတော့ ဘုရားလူကြီး ဦးအိုက်မောင်းဟာ အလွန်သမာဓိရှိတော့ ဓားပြတွေနဲ့ပေါင်းပြီး မရိုးမသားတော့ လုပ်မှာမဟုတ်ဘူး။ သူ့အသက်ခံရပြီး မလိခမြစ်ထဲ မျှော်လိုက်တာလား၊ တောတွင်းတစ်နေရာရာမှာ အမြှုပ်နှံခံရတာလားတော့မသိဘူး။ အဲ့ဒီအချိန်ကတည်းက ဘာသတင်းမှမရတော့ဘဲ ပတ္တမြားကြီးရော ဦးအိုက်မောင်းပါ ပျောက်ကွယ်သွားတော့တာပဲ''

ဘုရားကြီးဦးစောခမ်းဟုန် ပြောပြသည့်တို့မှာ ကျွန်ုပ်၏မသိစိတ်တွင် သိနေသလိုလိုပင်။ သို့သော် ပျောက်လိုက်ပေါ်လိုက်ဖြင့် ဆုပ်ကိုင်၍မရ။ ဝေ့ဝေ့ဝါးဝါးပင်။ ဘုရားကြီးပရဝုဏ်အနီး၊ မလိခမြစ်ကမ်းဘက်တွင် များစွာသော စေတီပုထိုးတို့မှာ ပြိုပျက်ကုန်ကြလေပြီ။ ချုံနွယ်ပိတ်ပေါင်းများ အုပ်ဆိုင်းပြီး မြေပေါက်ပုထိုးတို့ ဖြစ်ခဲ့ကြပေပြီ။

ကျွန်ုပ်တို့ ဘုရားတံတိုင်းပေါ်မှရပ်ပြီး တသွင်သွင် တညင်ညင်စီးဆင်းနေသော မလိခမြစ်ကြီးကိုကြည့်ပြီး ငေးမောတွေးတောနေမိသည်။ ကျွန်ုပ်၏အတွေးထဲ၌ ဘုရားလူကြီး ဦးအိုက်မောင်းနှင့် ဘုရားနမူးသင်းကျစ်တော်မှ အဖိုးတန်ပတ္တမြားကြီးသာ တစ်ချိန်လုံး နေရာယူလျက်ရှိသည်။





ဘုရားကြီးကုန်းတော်ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းကလေးကိုလည်း မြင်မိသည်။ ထိုကျောင်းတွင် ရဟန်းသံဃာမရှိပါ။ ရဟန်းသံဃာမရှိသည်မှာ ကြာပြီဖြစ်ကြောင်း ဘုရားလူကြီးက ပြောပြသည်။ မလိခမြစ်ပြင်မှ တိုက်ခတ်လာသော လေနုလေးတို့သည်သာ ကျောင်းအတွင်းဥဒဟို ပြေးလွှားဝင်ရောက်လျက်ရှိသည်။

''ကဲ . . . ဆရာ၊ နေဝင်တော့မယ်။ သူကြီးအိမ်ကို သွားကြစို့''

အိုက်ပုက သတိပေးမှ ကျွန်ုပ်အတွေးရေယာဉ်ကြောမှ လန့်နိုးလာသည်။ ဟုတ်ပါသည်။ နေလုံးနီနီကြီးက မလိခအနောက်ဘက်ကမ်း ကချင်တောင်တန်းကြီးများပေါ်တွင် မေးတင်နေချေပြီ။ အစာရှာထွက်သော ငှက်အုပ်ကြီးများ၊ မလိခမြစ်ယံပေါ်မှ ပျံသန်း၍ အိပ်တန်းသို့ ပြန်နေကြသည်။ လေနုအေးကလေးကတော့ တသုန်သုန်တိုက်ခဲပင်။

ကျွန်ုပ်တို့ ဘုရားလူကြီးအား အလှူငွေ (၅၀၀၀ိ/–)ကျပ် လှူဒါန်းပြီး နှုတ်ဆက်၍ ရွာလယ်လူကြီးအိမ်သို့ လှမ်းခဲ့ကြသည်။ ကောင်းမှုလုံရွာမှာ အတော်ကြီးပြီး အိမ်ကြီးအိမ်ကောင်းပေါ်များသည်။ စည်းကမ်းရှိသော ရွာကြီးလည်း ဖြစ်ပုံရသည်။ ရွာလယ်လမ်းမှာ ကျယ်ပြန့်ပြီး သန့်ရှင်းနေသည်။ တစ်ဘက်ရွာထိပ်မှာ မြစ်ဆိပ်ဖြစ်ဟန်တူသည်။ သစ်လုံးကြီးများပုံထားပြီး ကလေးလူကြီး ရေချိုးနေကြသည်။

တစ်ဘက်ကမ်းကူးသည့် ငှက်သမ္ဗန်ကလေးများကိုလည်း ကမ်းစပ်၌ အစီအရီ ဆိုက်ကပ်ထားသည်။ ဤရွာကြီးသည် ကျွန်ုပ်နှင့် အကျွမ်းတဝင်ရှိလှကြောင်း ကျွန်ုပ်၏အတွေးထဲ၌ ပေါ်လာပြန်သည်။ မသိစိတ်က နှိုးဆော်နေခြင်း ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ရှာလယ်တွင် ခန့်ညားသော ရဝမ်ပုံစံ နှစ်ထပ်အိမ်ကြီးရှေ့ ရောက်တော့ အိုက်ပုက . . .

"သူကြီး . . . သူကြီး . . ."

"ဟေ . . . ဘယ်သူလဲ"

"နမ့်ခမ်းကြီးရွာက အိုက်ပုပါ သူကြီး"

"ဩော် . . . အိုက်ပုကိုး။ မင်းမိဘတွေ နေကောင်းကြရဲ့လား။ လာ . . . လာ . . . ဩော် . . . ဧည့်သည်တွေရော ပါလာတာပါလား။ ထိုင်ကြပါ"

အသက် (၆၀)ကျော်အရွယ်ခန့် အဘိုးကြီးတစ်ဦး အိမ်အပေါ်ထပ်မှ ဆင်းလာသည်။

"အဘ . . . ဒါ အကျဉ်းဦးစီးဌာနက ကျွန်တော့်ဆရာ အရာရှိတွေပါ။ ကောင်းမှုလုံဘုရားကြီး လာဖူးကြတာ။ ဒီည ညအိပ်မယ်"

"အေး . . . အေး . . . အိပ်ပေါ့။ အားနာစရာမရှိ။ အိုက်ပုက ညစာကျွေးဖို့ မင်းညီမကို ကူညီလိုက်ပါ"

"ဟုတ်ကဲ့ပါ အဘ"

မကြာမီ အပေါ်ထပ်မှ မိန်းမပျိုတစ်ဦး အခါးရေအိုးကို ငွေလင်ပန်းဘဲထည့်၍ ဆင်းလာသည်။ ကျွန်ုပ်တို့ထိုင်နေသော ကွပ်ပျစ်ပေါ်သို့ ချပေးသည်။ လက်ဖက်ဆီစိမ်ကလေးလည်း ပါသည်။ အလွန်နူးညံ့လှသည်။ ရဝမ်လက်ရာ ဖြစ်ပုံရသည်။ နမ်းပဲခြမ်းကြော် ကြက်သွန်ကြော် လုံးဝမပါပါ။ ကျွန်ုပ်တို့ မြည်းကြည့်တော့ အလွန်အရသာရှိသည်။ အခါးရည်ကလည်း တောင်ပေါ်လက်ဖက်ခြောက်ကောင်းခပ်ထား၍ မွှေးကြိုင်သင်းပျံ့နေသည်။ လက်ဖက်ဆီစိမ်နှင့် အခါးရည်ကျကျမှာ အလွန်လိုက်ဖက်လှသည်။





"ဆရာတို့ ရေချိုးဦးမှာလား"

"မချိုးတော့ဘူး . . . အိုက်ပုရေ၊ နေ့လယ်က နမ့်ခမ်းကြီးရောက်ခွန်မှာ ချိုးခဲ့ပြီးပြီးပဲ"

"ဒီမှာရေချိုးရင်တော့ မြစ်ဆိပ်ဆင်းချိုးရမှာဆရာ။ ဒါဆို ကျွန်တော် ညီမလေးကို ညစာအတွက် ကူညီလိုက်ဦးမယ်"

"အေး . . . အေး . . . ငါတို့လည်း ရေမချိုးပေမဲ့ မြစ်ကမ်းဘက် လမ်းလျှောက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော်နှင့် ထောင်မှူးသံဒိုင် အိမ်ရှင်အဘအား ခွင့်တောင်း၍ မြစ်ဆိပ်ဘက်သို့ ရွာလယ်လမ်းအတိုင်း လျှောက်ခဲ့ကြပါသည်။ နေ့ဘက်စွယ်နေကွယ်သွားပြီဖြစ်သော်လည်း အလင်းရောင်ဖြူဖြူက ကျန်နေသေးသည်။

မလိကမြစ်တစ်ဘက်ကမ်း ဘုရားလှူကြီး ဦးအိုက်မောင်းအား နတ်ဆီးခေါ်ဆောင်သွားသည်ဟုဆိုသော တောတန်းတောင်ခြေဘက်သို့ ကျွန်ုပ် ငေးမောကြည့်ရှုမိသည်။ မြစ်ကမ်းခြေ၌လည်း ရေချိုးသူများ မရှိတော့ပါ။ အဝတ်လျှော်ဖွပ်သူ အမျိုးသမီးအချို့သာ ရှိတော့သည်။ နေဝင်ပြီဖြစ်၍ မလိခမြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြေကလေးက အေးလှသည်။ နာရီဝက်ခန့်ကြာမှ . . .

"ဆရာ . . . လေက အေးလာပြီ။ ပြန်ကြစို့။ တော်ကြာ . . . ဒေသစိမ်း၊ ရေစိမ်း၊ နေရာစိမ်းမှာ အအေးမိပြီး ဖျားနေဦးမယ်"

"အော် . . . အေး . . . အေး . . ."

ထောင်မှူးသံဒိုင်အတွက် ဒေသစိမ်း၊ နေရာစိမ်းဖြစ်သော်လည်း ကျွန်ုပ်အတွက် မစိမ်းပါ။ ယခင်က တစ်ကြိမ်တစ်ခါမျှ မရောက်



www.burmeseclassic.com

www.burmeseclassic.com



ဖူးခဲ့သော်လည်း ဤမြေ ဤရေ ဤဒေသက ကျွန်ုပ်နှင့်မစိမ်းပါ။ လှ
စွာ ရင်းနှီးကျွမ်းဝင်သော ဒေသအဖြစ်လိုပင် မလိခမြစ်တက်ဘက်ကမ်
မှ ကချင်တောင်တန်းကြီးများနှင့် တောစိမ်းစိမ်းမှာလည်း ပုံစံပြော
လဲသွားခြင်းမရှိပါ။ ဤအတွေးကိုပင် ထပ်ခါတစ်လဲလဲ ဝဲလည်စွာ တွေ
နေမိသော ကျွန်ုပ်၊ ကိုယ့်ကိုယ်ကိုယ် ပြန်လည်စစ်ကြောမိတော့လည်
ရေရေရာရာ အဖြေရှာမရပါ။

ညစာစားကြတော့လည်း ရဝမ်လက်ရာ ထမင်းဝိုင်းပင်ဖြ
သည်။ ဤကောင်းမှုလုံရွာကြီးမှာ အရက်သေစာမသောက်စားကြ
ငါးပါးသီလမြဲကြကြောင်း သိရှိရသဖြင့် သာဓုအကြိမ်ကြိမ် ခေါ်မိပါသည်
ဘုန်းတော်ကြီးကျောင်းတွင် ရဟန်းသံဃာမရှိသဖြင့် ဥပုပ်မစောင့်နိ
ကြသော်လည်း ငါးပါးသီလမြဲကြသည်မှာ လွန်စွာအံ့ဩဖွယ်ကောင်းသည်
'ကောင်းမှုလုံ' ဟူသော ရွာအမည်ဖြင့် လိုက်ဘက်အောင် ဘာသာ
ကိုင်းရှိုင်းကြသော ရွာကြီးဖြစ်ပေသည်။

အိမ်ရှင်ကလည်း စကားနည်းပြီး ကျွန်ုပ်တို့ကလည်း ခရီ
ပန်းလာကြသဖြင့် ညစာ ထမင်းစားပြီး အခါးရေသောက်ကြပြီးသည်
နှင့် အောက်ထပ်ကွပ်ပျစ်များအပေါ်တွင် တန်းစီ၍ အိပ်ရာဝင်ကြသည်

ကျွန်ုပ်ကတော့ နိစ္စဓူဝပြုနေကြအတိုင်း ဘုရားဝတ်ပြု၊ မုတ်
စိပ်ပြီး မိဘဆရာသမားနှင့် ကျေးဇူးရှင်များအပြင် ရောက်ရှိနေသည်
ဒေသမှ အစောင့်အရှောက်များနှင့် ကောင်းမှုလုံဘုရားမှ လူ့ပုဂ္ဂိုလ်နှင့်
အစောင့်အရှောက်အပေါင်းတို့အား ကျန်းမာချမ်းသာ ဘေးဘယာ
ကွာကြစေရန် မေတ္တာပို့ အမျှဝေပါသည်။

✿ ✿ ✿

[ ၆ ]

❑

ခရီးပန်းလာသဖြင့် ခေါင်းချပြီး မကြာမီအိပ်ပျော်သည်။ ကျွန်ုပ်၏အဖွဲ့များကတော့ စောစီးစွာ အိပ်ပျော်နေကြပြီဖြစ်သည်။ စိတ်စွဲလမ်း၍လားမသိ။ အိပ်ပျော်သည်နှင့် အိပ်မက်မက်သည်။ ကျွန်ုပ် ကောင်းမှုလုံဘုရားကြီးရှေ့ တန်ဆောင်းအတွင်း၌ တရားထိုင်နေသည်။ တရားအလုပ်ဖြုတ်ခါနီးတွင် ဘုရားရင်ပြင်တော်ပေါ်မှ စကားပြောသံများနှင့် ခြေသံများကိုကြားရသည်။ ကျွန်ုပ် အလုပ်တရားပြီး၍ မေတ္တာပို့အမျှဝေနေစဉ် . . .

"ဟော့ . . . ဘုရားလူကြီးမဟုတ်လား။ ဒီအချိန်ထိ အေးအေးဆေးဆေး မအိပ်သေးဘဲ ဘာလုပ်နေတာလဲ။ ထစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ဘုရားတွင် ပူဇော်ထားသော အလင်းတိုင်များလည်း ငြိမ်းပြီး လမိုက်ညဖြစ်သဖြင့် ဘုရားရင်ပြင်တော်အပေါ်တွင် ကြယ်ရောင်ပိုးတဝါးသာရှိသဖြင့် ထိုလူများကိုမသိပါ။ မျက်နှာကိုလည်း မမြင်နိုင်ပါ။ လမိုက်ညတွင် မျက်နှာကို အဝတ်စည်းထားကြသေးသည်။

သေနတ်လက်နက် ကိုယ်စီကိုင်ထား၍ လူကောင်းများတော့ မဖြစ်နိုင်သည်မှာ သေချာသည်။ ကျွန်ုပ် မတုန်လှုပ်ပါ၊ ကျွန်ုပ်တွင် ငွေကြေးအနည်းငယ် ရှိသည်မှလွဲ၍ အဖိုးတန်ရတနာပစ္စည်းမရှိပါ။ ကျွန်ုပ်မှာ မိဘများလည်းမရှိတော့ဘဲ တစ်ကိုယ်တည်းလူပျိုကြီးဖြစ်၍ သံယောဇဉ်ဖြတ်ကာ ပိုင်ဆိုင်သမျှ မိဘအဘိုးအဘွား အမွေ၊ အိမ်ခြံ၊ လယ်ယာများကိုရောင်းချပြီး ကောင်းမှုလုံဘုရားကြီး ဝေယျာဝစ္စအတွက် လှူဒါန်းလိုက်ပြီးဖြစ်သည်။ ထိုစဉ်က ကျွန်ုပ်၏ အသက်(၄၀)ခန့်သာ ရှိပါသေးသည်။ ထို့ကြောင့် ကျွန်ုပ် တည်ငြိမ်စွာဖြင့် . . .

"ဘာအလိုရှိပါသလဲ . . . ညီငယ်တို့"

"အင်း . . . အဲလိုမှပေါ့။ ဘုရားကြီးနဖူးသင်းကျစ်က ပတ္တမြားကြီးကို လိုချင်တယ်"

"အဲဒါတော့ မပြစ်မှားကောင်းပါဘူး ညီငယ်တို့။ အစ်ကို့မှာရှိသမျှငွေကြေးကို အကုန်ယူသွားပါ။ အစ်ကို စွန့်လှူပါ့မယ်"

"ခင်ဗျားမှာ ဘယ်လောက်ချမ်းသာလို့လဲ"

"ငွေလေးငါးထောင်ရှိပါတယ်၊ အကုန်ယူသွားပါ"

"ဟား . . . ဟား . . . ဟား . . . မလောက်လေးမလောက်စားကျုပ်တို့က လေးငါးသိန်းလိုချင်တာ။ ကဲ . . . ကြားပါတယ်။ ဘုရားကြီးနဖူးသင်းကျစ်တော်က ပတ္တမြားကြီးကို ဖြုတ်ပေးပါ။ ရော့ . . . ဟောသည်မှာ . . . ဓားမြှောင်"





လူဆိုးက ငါးဦးဖြစ်သည်။

"ငါ့ညီတို့ . . . အစ်ကိုက ဗုဒ္ဓဘာသာဝင် ဘုရားလူကြီးပါ။ ဘုရားကြီးနဲ့ပတ်သက်ရင် ကာယကံမပြောနဲ့ မနောကံနဲ့တောင် မပစ်မှားမိပါဘူး"

"ဒါဆို ခင်ဗျားကိုသတ်ပြီးမှ ပတ္တမြားကြီးကို ယူရတော့မှာပေါ့"

"သတ်ပါ။ သဘောရှိသလို လုပ်ကြပါ"

ကျွန်ုပ် ခေါင်းငုံ့လည်စင်းပေးလိုက်သည်။ လည်ပင်းတွင်ပတ်ထားသော မာဖလာ၊ တဘက်ကိုပင် ဖြေပေးလိုက်ပါသေးသည်။

"ဘုရားလူကြီး . . . တယ်သတ္တိကောင်းနေပါလား။ သတ်မှာပါ စိတ်ချ။ အခုတော့ မဟုတ်သေးဘူး။ ကဲ . . . အိုက်ပေါင်နဲ့အိုက်လှ၊ ဒီဟာကြီးကို မပြေးနိုင်အောင် ကြိုးတုတ်စမ်း။ အိုက်ခေါင်နဲ့ အိုက်နဲက ဘုရားပေါ်တက်ပြီး ပတ္တမြားကြီးကိုခွာပါ"

သူတို့ ပတ္တမြားကြီးကို ခွာပြီးတော့ ကျွန်ုပ်အား ဒရွတ်ဆွဲ၍ မလိခကမ်းစပ်လှေပေါ်သို့ ခေါ်သွားသည်။ ထိုစဉ်က ဘုရားပုရဝုဏ်အတွင်း၌ရှိသော ဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များရှိသဖြင့် ကျွန်ုပ်တို့အား မြင်ဟန်တူပါသည်။ အချက်ပေးတုန်းမောင်းခေါက်၍ ရွာကိုတပ်လှန့်လိုက်သဖြင့် ရွာရှိ ကာကွယ်ရေးလူငယ်များက ရရာလက်နက်ဖြင့် စုဝေးလာကြသည်။ ဓားပြများကလည်း ပြန်ပစ်သည်။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . ."

လူအုပ်ကြီးရှဲသွားတော့ သူတို့အသင့်ယူလာသည့် လှေကြီးပေါ်သို့ ကျွန်ုပ်အားပစ်တင်ပြီး ရေလယ်သို့ အသားကုန်လှော်တော့သည်။ ထိုစဉ် မလိခမြစ်ကို ဆန်တက်လာသော လှေတစ်စင်းပေါ်မှ လူများက



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ဖြင့် ပစ်ပြန်သဖြင့် ဓားပြလှေ တစ်ဘက်ကမ်းသို့တက်ပြီး ပြေးကြရာ ကျွန်ုပ်ကိုလည်း အပါခေါ်သွားသည်။

ကျွန်ုပ်အား ကမ်းပေါ်တွင် ခြေထောက်ကြိုးဖြုတ်ပေးသော်လည်း လက်နောက်ပြန်ချီထားသော ကြိုးကိုတော့ ဖြုတ်မပေးပါ။ နောက်ကလှေကလည်း ကမ်းကပ်လာသဖြင့် ကျွန်ုပ်တို့ တောထဲသို့ ဝင်ပြေးရသည်။

နောက်ကအဖွဲ့မှာ စက်သေနတ်ပါ ပါသဖြင့် ပထမအဖွဲ့ မလှန်ရဲဘဲ တောတွင်းသို့ ဝင်ပြေးကြခြင်းဖြစ်သည်။ နောက်ကအဖွဲ့ကလည်း အတင်းတက်လိုက်လာသည်။ ရှေ့တွင် တောင်မြင့်ကြီးက ဆီးခံနေသဖြင့် ကျွန်ုပ်တို့ ပြေးစရာမရှိတော့ပါ။

ထိုစဉ် နောက်ကပစ်လိုက်သော ကျည်ဆန်များက ကျွန်ုပ်နှင့် ကျွန်ုပ်အနီးတွင်ရှိနေသော လူဆိုးဗိုလ်ကို မှန်သည်။ ကျွန်ုပ်ကိုမှန်သော ကျည်ဆန်မှာ ဘယ်ဘက်ပေါင်ကို မှန်ခြင်းဖြစ်သည်။ လူဆိုးဗိုလ်ကိုတော့ ရင်ဝမှန်ခြင်းဖြစ်သည်။

ကျွန်ုပ် သတိရသဖြင့် လူဆိုးဗိုလ်၏အိတ်ကပ်ထဲမှ ပတ္တမြားကြီးကိုနှိုက်ယူပြီး ဒရွတ်ဆွဲ၍ တောထဲဝင်ပြေးသည်။ ကျန်လူဆိုးများလည်း လူစုခွဲ၍ ပြေးကြသည်။ ကျွန်ုပ်တွင် အကြံအစည်ရှိသဖြင့် သေဆုံးသွားသော လူဆိုးဗိုလ်၏သေနတ်ကို ယူနိုင်ခဲ့သော်လည်း မယူဘဲ ခါးမှ ဓားမြှောင်ကိုသာ ဖြုတ်ယူခဲ့ပါသည်။ ထိုစဉ် သေနတ်သံများကြားရပြီး ထွက်ပြေးသွားသော လူဆိုးများ၏အော်သံကို ကြားရသည်။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . ."

"အား . . . အား . . . အား . . . အား"

ကျွန်ုပ် အချိန်မဆိုင်းတော့ပါ။ အမှတ်သားပြုစရာ သစ်ပင်





ကြီးကို ရှာသည်။ ကြယ်ရောင်သာရှိ၍ တောကြီးမျက်မည်းထဲ လင်းရောင်က နည်းလှသည်။ မကြာမီ လုံးပတ်ကြီးလှသော မဟော် ပင်ကြီးတစ်ပင်ကို တွေ့၍ အနောက်ဘက်ပတ်လည်ပြီး ပင်စည်ကြီး (၅၂)ပေအကွာတွင် ကျင်းတူး၍ ပတ္တမြားကြီးအား ကျွန်ုပ်၏မာဖလာ ဘက်ဖြင့် ပတ်ပြီး မြှုပ်နှံလိုက်သည်။

ပြီးသည်နှင့် အနီးရှိ ကျောက်ဟုံးကြီးတစ်တုံးအား မနိုင်မနင်း ရွှေ့၍ အမှတ်အသားပြုသည်။ ဓားမြှောင်ကိုလည်း မဟော်ဂနီပင်ကြီး ပင်စည်အတွင်းသို့ တစ်ဆုံးစိုက်ထိုးပစ်ခဲ့သည်။ ထိုစဉ် နောက်လူဆိုး ထံမှ စကားသံများကို အဝေးဆီမှကြားရသည်။

"လှေပေါ်ကတက်ပြေးတာ (၆)ယောက်မဟုတ်လား။ တစ် ယာက် ဘယ်ရောက်သွားသလဲ။ ရှာကြစမ်း"

ကျွန်ုပ်ရောက်ရှိနေရာတွင် ပုန်းအောင်းနေရန်ဖြစ်သော်လည်း နုပ်ကိုမိပါက ပတ္တမြားကြီး မြှုပ်နှံထားသည့်နေရာကို သိရှိသွားကြ ည့်ဖြစ်သဖြင့် ကျွန်ုပ် နေရာရွှေ့ရတော့သည်။ ခြေထောက်တစ်ဘက် ကျည်ဆန်မှန်ထားသဖြင့် သွင်သွင်ကျိုးနေသည်။ သွေးထွက်လွန်၍ ါင်းထဲ တရိပ်ရိပ်မူးဝေလာသည်။ သို့သော် ကျွန်ုပ်အား မလျှော့နိုင်ပါ။ မြားကြီးမြှုပ်နှံထားရာနှင့် ဝေးရာသို့ ဒရွတ်ဆွဲ၍ ပြေးရသည်။

ဒုတိယလူဆိုးအဖွဲ့က ဓာတ်မီးများပါလာ၍ မီးထိုးရှာဖွေနေ ည်။ မကြာမီ ကျွန်ုပ်အနီးသို့ စွပ်ကြောင်းရာအတိုင်း ခြေရာခံပြီး က်လာကြမည် ဖြစ်သည်။ စွတ်ကြောင်းရာအတိုင်း လိုက်လာကာ မြားကြီးမြှုပ်နှံထားရာကိုလည်း တွေ့ရှိသွားနိုင်သည်။ ထို့ကြောင့် မြားကြီး မြှုပ်နှံထားရာနှင့် ခပ်လှမ်းလှမ်းနေရာသို့ ရောက်သည် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘုရားလူကြီးပါ။ ကယ်ကြပါ"

ဟု ကျုံးအော်လိုက်ရတော့သည်။

"မြောက်ဘက်က အော်သံကြားတယ်ဟေ့။ လိုက်ရှာကြစမ်း"

မကြာမီ လက်နက်ကိုင်အဖွဲ့များ ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာကြသည်။ ဓာတ်မီးများဖြင့် ကျွန်ုပ်အား ဝိုင်းထိုးထားရင်း ...

"ပတ္တမြားကြီးကဘယ်မှာလဲ ဘုရားလူကြီးဦးအိုက်မောင်း"

ကျွန်ုပ်ရင်းနှီးစွာ ကြားဖူးနေသော အသံမျိုးဖြစ်သည်။ သို့သော် ဓာတ်မီးများဖြင့် ကျွန်ုပ်အား ဝိုင်းထိုးထားသဖြင့် သူတို့၏မျက်နှာကို သဲကွဲစွာမမြင်ရပါ။ နေ့စဉ် ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲသော ကျွန်ုပ်သည် ဤတစ်ခါတော့ ကောင်းမှုလုံဘုရားကြီးအတွက် လိမ်ရပါတော့သည်။

"ပတ္တမြားကြီးက လူဆိုးဗိုလ်ဆီမှာပါ"

"ဟောကောင်တွေ ... ရှာကြစမ်း။ ပြီးရင် ဘုရားလူကြီးကိုပါ ဝင်္ဂလှတ်ပေးလိုက်။ ဒီဒဏ်ရာကြီးနဲ့ မသက်မသာခံစားနေရတာ ငါ မကြည့်ရက်ဘူး"

ကျွန်ုပ်၏ ကိုယ်အနံ့ရှာကြသည်၊ ကျွန်ုပ် လူဆိုးဗိုလ်၏ နောက်ဆုံးစကားကြောင့် ဘဝကူးကောင်းစေရန် သရဏဂုံ (၃) ပါးကို တည်ဆောက်ပြီး မရဏာနုဿတိကမ္မဋ္ဌာန်းတရားကို ပွားများနေမိသည်၊ မကြာပါ။ သေနတ်သံ (၂) ချက်ကို အနီးကပ်ကြားရပြီး ကျွန်ုပ်လည်း ဘဝကူးပြောင်းခဲ့ရသည်။

"အား ... အား ... အား ..."

ကျွန်ုပ်၏အသံနက်ကြီးဖြင့် အော်သံကြောင့် နံဘေးတွင်အိပ်နေကြသော အိုက်ပုနှင့် ထောင်မှူးသံဒိုင်က လှုပ်နှိုးသည်။

---

**စိတ်ကူးသစ်စာပေ**



"ဆရာ ... ဆရာ ... ဘာဖြစ်တာလဲ"

အိမ်အပေါ်ထပ်မှ သူကြီးမိသားစုလည်း မီးအိမ်ကိုင်၍ ဆင်းလာကြသည်။ ကျွန်ုပ်က အိပ်မက်အကြောင်းကို ရှင်းပြရသည်။

"ဩော် ... ဆရာထောင်မှူးက ဘုရားလူကြီးဦးအိုက်မောင်း ဝင်စားတာကိုး"

ဟု သူကြီးက မှတ်ချက်ချသည်။

"သူကြီး ... မိုးလင်းရင် ရပ်ရွာလူကြီးတွေနဲ့ လှေ (၂)စင်းလောက် စီစဉ်ပေးပါ။ ကျွန်တော် နေရာမှတ်မိတယ်။ ပတ္တမြားကြီးကို ပြန်ရှာပြီး ကောင်းမှုလုံဘုရားကြီး နဖူးသင်းကျစ်တော်မှာ ပြန်လှူရမယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့ လှေနှစ်စင်းဖြင့် မလိခမြစ်တစ်ဖက်ကမ်းသို့ ကူးကြပြီး ကျွန်ုပ်၏အိပ်မက်ထဲက အမှတ်အသားအတိုင်းရှာကြရာ ကမ်းစပ်နှင့်တစ်မိုင်ခန့်အကွာ တောင်ခြေတွင် ကျွန်ုပ်အမှတ်အသားထား၍ ပတ္တမြားကြီးအား မြှုပ်နှံခဲ့သော မဟော်ဂနီပင်ကြီးအား တွေ့ရသည်။

ကျွန်ုပ်စိုက်ထားခဲ့သော ဓားမြှောင်မှာ နှစ်ပေါင်းကြာ၍ ပင်စည်လုံးပတ်ကြီးမားလာသောကြောင့် ဓားမြှောင်ကို ပင်စည်က မျိုသွားသဖြင့် ဓားလက်ကိုင်ရိုးထိပ်ကလေးသာ ပေါ်နေတော့သည်။ ထို့ကြောင့် အနီးတွင် ပတ္တမြားကြီးကိုဖိထားခဲ့သော ကျောက်တုံးကြီးအား ရှာဖွေ





ပြန်ရာ တစ်စွန်းတစ်စ မြေပေါ်ပေါ်နေသဖြင့် တူးဆွရှာဖွေရာ ဆွေးမြေ့နေသော တဘက်အပိုင်းအစများကြားမှ အဖိုးတန်ပတ္တမြားကြီးကို တွေ့ရတော့သည်။

ထိုစဉ် အိုက်ပုက ဖိထားသောကျောက်တုံးကြီးကို အသေအချာကြည့်၍ ကျောက်စိမ်းတုံးကြီးဟု ပြောတော့သည်။ ထို့ကြောင့် ကျွန်ုပ်သည် ဘာသာသာသနာအကျိုးအတွက် ကောင်းမှုလုံဘုရားကြီးဘက်စုံမွမ်းမံပြင်ဆင်နိုင်ရန် ကောင်းမှုလုံရွာသူကြီးမှတစ်ဆင့် ယတိပြတ် လှူဒါန်းခဲ့ပါတော့သတည်း။

တောင်မြို့ကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



# | ၁ |

''ဂျုန်တပ်တဲ့ဟေ့ ... ဂျုန်တဲ့ကွ ...''

''သုပုန် ... သုပုန် ... ထ ... ထ ...''

''ဂျုန် ... ဂျုန် ... ကြွ ... ကြွ ...''

''နယ်ချဲ့နောက်လိုက်ခွေးတွေကို သတ်ပစ်''

''ပုဆိန်ရိုးသစ္စာဖောက်တွေကို အရှင်မထားနဲ့ဟေ့''

''ချဟေ့ ... ချ ... ချ ... မလွှတ်စေနဲ့''

''ဂျုန်တဲ့ဟေ့ ... ဂျုန်တပ်တဲ့ကွ ...''

''အရေးတော်ပုံ ...''

''အောင်ရမည် ... အောင်ရမည် ...''

''ဒူ ... ဟူ ... ဟူ ... ဟူ ...''

''ဒူ ... ဟူ ... ဟူ ... ဟူ ...''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှင်းမှုန်သည်းသည်းထဲ၌ လူရိပ်မည်းမည်းများသည် ပြေးပြေးလွှားလွှား ခြိမ်းခြိမ်းမောင်းမောင်း ရှိလှသည်။ သူတို့၏ တစ်ခဲနက် ဟစ်ကြွေးသံသည်လည်း မြေတုန်ဟည်းလျက် ကမ္ဘာပြိုခမန်း ရှိတော့၏။

ရိုးမကိုစိုးထားသည့် နှင်းရိုင်းတို့က သိပ်သိပ်သည်းသည်း ဝဲ၍ဝဲ၍ လွင့်ကျလာနေကြဆဲဖြစ်သည်။ သက်ငြိမ်မြင်ကွင်းကြီးတစ်ခုလုံးသည် နှင်းထုအောက်တွင် ပြို၍ပိ၍ ငြိမ်ကုပ်လျက်။ အဖြူရောင် အနီရောင် အောင်လံများ၊ နဂါးကို စီးစီးပိုးပိုး ဖိနှိမ်ခွနင်းထားသည့် သံလျက်စွဲ ၄က်ဂဠုန်ရုပ်ကြီးများသည် ဟိုမှသည်မှ တသဲသဲ လွင့်၍စွင့်၍ ပေါ်လာလျက် ကွင်းပြင်အနှံ့ တဖျပ်ဖျပ်မြူးပျံ့နေကြသည်။

လူလုံးမကွဲတကွဲ လူရိပ်မည်းမည်း အုပ်စုထုထည်ကြီးကမူ ဓား၊ လှံ၊ လေးမြား၊ ကောက်ဆွ၊ ခက်ရင်း၊ လေးခွ၊ ဒူးလေး စသည် ရမိရရာကို ကိုင်စွဲလျက် တစ်သက်တစ်ကိုယ် မြုသိပ်အောင့်အည်း၊ ချုပ်တည်းထားခဲ့ရလေသမျှ ဇက်ကုန်ဖွင့်၍ ဟိန်းဟိန်းညံအောင် ကြွေးကြော်စစ်ရေးငင်ရင်း ပြေးပြေးလွှားလွှား တိုက်ပွဲကို စတင်ခဲ့ကြပြီ။ တိုက်ပွဲခေါ်သံတို့ ဟိန်းညံခဲ့ကြပြီဖြစ်၏။

တစ်ခဏအတွင်းမှာပင် မီးတုတ်တွေက ကွင်းပြည့်ခမန်း တလင်းလင်းတလက်လက် ထိန်ထိန်ညီး၍လာ၏။ မီးလျှံမီးညွန့်တို့သည် နှင်းမှုန်မည်းမည်းထုကိုဖြိုရင်း ရှေ့သို့တိုး၍တိုး၍သာ ရွေ့လျားလာနေကြတော့သည်။ အော်သံတွေသည် ထပ်ထပ်ကြမ်းမျှ ရိုက်ဟည်းပွက်ညံလျက်။

✿ ✿ ✿

[ ၂ ]

❏

''ထိုမှတစ်ပါး အဿမုက္ခိ၊ စန္ဒီ၊ ပရိမိဿွာ၊ မဟာဂီရိစသော အရှိန်ပြင်းထန်၊ ဝေသဝဏ်နှင့် ဂုမ္ဘာန်ယက္ခ၊ ဂန္ဓဗ္ဗက၊ စသည် ဒေဝိန်၊ အသုရိန်အလား၊ ကျော်ထင်ရှားသည့်၊ နတ်အများလည်း၊ သတ်၍မနေ သေစေသော်ဟူလေ''

''သေပါစေဘုရား''

''ထိုမှတစ်ပါး၊ သွေးခဲသွေးနက်၊ ပွက်ပွက်ထွက်၍ ကိုယ်လက်ပြောင်းပြန်၊ သွေးခဲအန်၍ သေစေသော်ဟူလေ ...''

''သေပါစေဘုရား''

''ထိုမှတစ်ပါး၊ ဘေးရှစ်ပါး၊ ဒဏ်ဆယ်ပါးလည်း ထင်ရှား၊ သတ်၍ လတ်လတ်ချက်ချင်း သေစေသော်ဟူလေ ...''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''သေပါစေဘုရား''

''ထိုမှတစ်ပါး၊ သားမြေးဥစ္စာ၊ မကြာပျက်စီး၊ ဆီမီးတန်ဆောင်၊ ထုံးသေယောင်သို့၊ ကုန်အောင်မကြွင်း၊ ပျက်စီးခြင်းသို့ ရောက်စေသောဝ်ဟူလေ ...''

''သေပါစေဘုရား''

''ထိုမှတစ်ပါး၊ ရေဝယ်သွားလည်း၊ ရေသားများထွေ၊ ဆယ်ကုဋေတွင်၊ ရေနေအပေါင်း၊ မိကျောင်းလင်းပိုင်၊ ညံ့ထိကိုင်၍ မကာန်းလိပ်ငါး၊ စား၍မနေ သေစေသောဝ်ဟူလေ ...''

''သေပါစေဘုရား''

''ထိုမှတစ်ပါး၊ ကြည်းဝယ်သွားလည်း ကြည်းသားအများ၊ ပြားသည့်အနေ၊ ကိုးကုဋေတွင် သစ်ကျားဆင်ရဲ၊ စိုင်တီးငမွဲ၊ ဝက်ရဲစား၍ ထွားထွားညက်ညက်၊ ကိုယ်လုံးပျက်၍ သေစေသောဝ်ဟူလေ''

''သေပါစေဘုရား''

''ထိုမှတစ်ပါး၊ မြွေပွေးမြွေဟောက် ငန်းပြောက်ငန်းကျား၊ ငန်းငါးပါးလည်း ပေါက်ထမနေ သေစေသောဝ်ဟူလေ ...''

''သေပါစေဘုရား''

''ထိုမှတစ်ပါး၊ သေတုံငြားလည်း ငရဲကြီးရှစ်ထပ်၊ ငရဲငယ်တစ်ရာနှစ်ဆယ့်ရှစ်ထပ်၊ တရိစ္ဆာန်ပြိတ္တာ အသူရကာယ်၊ အပါယ်လေးပါးလားစေသောဝ်ဟူလေ ...''

''လားပါစေဘုရား''

''ထိုမှတစ်ပါး၊ သားမြေးကျေးကျွန်၊ ထွန်သည့်ကျွဲနွား၊ ခမ်းနားမကြွင်း၊ ပြုန်းတီးခြင်းနှင့် ဆင်းရဲကြီးသည်၊ မြေကြီးဝှက်ခဲ၊ ခွက်





သောက်စွဲ၍ ငရဲအရှင်၊ စားချင်လှည့်ကာ ဘုံးစာရာဘဝ၊ တွင်းဆုံးကျ၍ အလှမဲ့ပါ၊ လူပြိတ္တာလည်း ဖြစ်စေသောဝ်ဟူလေ ...''

''ဖြစ်ပါစေဘုရား''

ဓွေးစွေးနီသော သွေးရည်သွေးစက်တို့က ငွေဖလားငယ်အတွင်းရှိ ပရိတ်တော်ရေမန်း ရေကြည်ရေသန့်ထဲသို့ တပေါက်ပေါက်တစက်စက် ကျလျက်ရှိ၏။ သွေးစက်သည် အမျှင်အခဲဆန်ကွဲကျဲ၍ ရေနှင့်မရောမယှက်ရှိချေက သစ္စာမတည်။ ရေနှင့်သွေးတစ်သားမခြား ပျော်ဝင်ရောယှက်သွားမှသာ သစ္စာတည်အံ့။ သို့ဖြစ်၍ ရေ့မှ အသံမာ အသံပြတ်ဖြင့် သစ္စာတိုင်ဖုပေးလျက်ရှိသည့် ဂျွန်တပ်ဗိုလ်သည် သူ့လက်ဆုပ်အတွင်းမှ ဖွေးဖွေးပြက် လင်းကင်းဓားလွတ်ကို မြေဝယ်ဦးစိုက်၍ ထောက်ထားရင်း ငွေဖလားကို မမိုတ်မသုန် ရှုးရှုးရဲရဲကြည့်နေသည်။

ဦးစံပွင့်မှုကား မြေတွင်ပုံဝပ်လျက် တစ်ခန္ဓာလုံး တဆိုးဆိုးတဆတ်ဆတ်တုန်၍ အကြောက်သည်းနေဆဲ။

ဂျွန်တပ်ဗိုလ်က ရှေ့မှတိုင်ပေးနေသမျှ သစ္စာစကားကို ထက်ကြပ်မကွာ 'အာမဘန္တေ' ခံနေသည့် သူ့အသံသည် အက်ကွဲတုန်ရီလျက်ရှိ၏။

မည်သူမည်ဝါ၏လက်ချက်ဟု အတပ်မယုံနိုင်တော့သည့် စစ်ဦးဘီလူး မဲမဲမြင်ရာဖမ်း၍ လှုပ်လှုပ်ရှိတိုင်း ရိုက်၊ ခုတ်၊ ထိုးနှက်ခြင်းခံထားရသည့် ဒဏ်ရာဒဏ်ချက်များသည်လည်း ဗရပွ၊ ထပ်ထပ်ကြမ်းနေကာ သွေးစသွေးနတွေ အလူးလူးအလိမ်းလိမ်း။

ရိုးမသည် နှင်းထုသည်းသည်းအောက်တွင် ငြိမ်ဆိတ်နေ၏။ စောစောကလေးက တိုက်ပွဲခေါ်သံတွေပင်လျှင် မရှိခဲ့လေတော့သယောင်၊ ရုတ်ရုတ်သဲသဲ မဖြစ်ခဲ့လေသယောင် အိန္ဒြေကြီးလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်တပ်ဗိုလ်ကိုဝိုင်းလျက် လက်နက်မျိုးစုံစွဲ သူပုန်တပ်ခွဲဝင် ဆယ့်လေး၊ ငါးယောက်ခန့်က ဦးစံပွင့်အား မီးဝင်းဝင်းတောက်မျက်လုံးများဖြင့် စားမတတ်ဝါးမတတ် ကြည့်နေကြ၏။ လက်ဆုပ်တွေကို မဖြေနိုင်ကြသေး။ လက်ရုံးလက်မောင်းတွေ ထောင်းထောင်းထတင်းမာနေကြဆဲ။

''အလုပ်ရှုပ်လိုက်ပါဘိတော့ ... ဘထွေးဖိုးကွန်းရာ။ ခင်တို့ မိုးကောင်းတုန်းကများ ဒီလို ရှေ့မျက်နှာနောက်ထားပြီး သက်သက်ညာညာ ထောက်ထောက်ထားထား လုပ်ခဲ့ဖူးလို့လား။ ဘယ်အချိန်တုန်းက ဘယ်သူ့ပေါ်မှာဖြင့် ဘယ်လိုကောင်းလိုက်သဟဲ့လို့ ရှိခဲ့ဖူး ကြားခဲ့ဖူးလို့လား။

ကြာတယ်ဗျာ ...။ ဘထွေး မမြင်ရက်မမြင်ဝံ့ရင် ဘေးဖယ်နေ။ ကျုပ်တို့ဘာသာ ကိစ္စတုံးပစ်လိုက်စမ်းမယ်။ ကြာလွန်းလို့။ ဒီလို သစ်အိုသစ်ဆွေးမျိုးက အညွှန့်အညှောက်မှ ထွက်လာနိုင်တော့မှာ မဟုတ်ဘူး။ ဖယ် ... ဖယ် ...''

''ဟုတ်တယ် ...။ အစ်ကိုကြီး ကိုရင်ချစ်တီးပြောတာ လမ်းကျတယ်။ အခုလို ကျုပ်တို့ခေတ် မိုးပုဆိန်ကြီးရွာနိုင်တုန်း ခင်တို့အယုတ်တမာ မျောက်ဖြူလက်ကိုင်တုတ်တွေရဲ့ ခေါင်းရှစ်စိတ်ကွဲအောင် မိုးကြိုးကြီးပစ်ချထားလိုက်မှ ခင်တို့လို မိစ္ဆာကုလား နောက်လိုက်ခွေးတွေ အမြီးကုပ်သွားကြမှာ။ သစ္စာဖောက်လောက်ကောင်မျိုးဖျက်တွေရဲ့ လည်ချောင်းသွေးနဲ့ ဓားဆေးလိုက်ရတော့ ကျုပ်တို့ဂျွန်ဓားလည်း သိဒ္ဓိတင်ပြီးသားဖြစ်ကရော့။ လုပ်မဲ့လုပ် 'ခုတ်စပြီးလှီးစပြတ်' ပိတ်ပိတ်သား ကိစ္စတုံးလုပ်လိုက်ကြတာ ကောင်းတယ်''

''မဟုတ်သေးဘူးလေ ... ချစ်တီးနဲ့ တောင်တို့ရ။ မင်းစံပဲ





ပြောထားမင့်မဟုတ်လား။ သစ္စာပေးလို့မှ သစ္စာခံခဲ့ရင် မြန်မာမြန်မာခြင်း ရန်သူအမှတ်ထားလို့ မသတ်ရ၊ မညှင်းပန်းမနှိပ်စက်ရ။ ယုတ်စွအဆုံး တိုင်းခြားမျိုးခြား တရုတ်နဲ့ကုလားတွေကိုတောင်မှ ကိုယ့်ကိုဆန့်မကျင်သရွေ့ တတ်အားသမျှ စည်းရုံးသိမ်းသွင်းပြီး မဟာမိတ်ပြုကြရမယ်ဆို မဟုတ်လား။ လက်လွတ်စပယ်ကြီးတွေ မလုပ်ချင်ကြနဲ့ဦးလေ''

''ကျွတ် ... ဒါတော့လည်း ဒါပေါ့ဗျ။ မင်းစံက လူကြီးပဲဟာ သူကြီးစကားပဲ ပြောတော့မှာပေါ့။ ကဲ ... ကျုပ် မေးလိုက်ပါဦးမယ်။ ဒီတဏှာရူး စံပွင့်ကြီးပဲ ခင်းရဲ့အမေ့လင် အရေးပိုင်တို့၊ ဌာနအုပ်တို့၊ ချစ်တီးတို့၊ စတီးဘရားသားကိုယ်စားလှယ်တို့က အဆီတစ်ထပ် အသားတစ်ထပ် ခြေတော်တင်ဖျက်ဆီးပစ်ဖို့ ဒီနားရွာနီးချုပ်စပ်က ပျိုပျိုအိုအို အရွယ်ကောင်း ကျုပ်တို့နှမတွေ၊ အစ်မတွေ၊ တူမတွေကို အဓမ္မ နသားပါရ သားရဲမင်းရဲစီးခဲ့တုန်းက ဘယ်မှာစာနာခဲ့လို့တုံး။

ရွာတွေရွာတွေမှာ ခင်းရဲ့ပထွေး အာလကာပွချစ်တီးကြီးနဲ့ ကျိုးကန်းမချစ်တီးကြီးတို့ ခွေးသေကောင် လင်းတဆွဲသလို ကြွေးသိမ်းတဲ့အခါ မီးလောင်ရာလေပင့်လုပ်ရင်း စားကြွင်းစားကျန်အရိုးအရင်းခင်ကိုက်ခဲ့တုန်းက ဘယ်မှာညှာတာခဲ့လို့တုံး။

စမ်းတွင်း၊ ရေတိုက်နဲ့ ဖိမ်ဖာရွာတွေမှာ ဆင်းရဲတွင်းနက်နေတဲ့ အမျိုးကောင်းသမီးကလေးတွေကို ငွေနဲ့ပေါက်ပြီး ဖွတ်ချည်းအဓမ္မပန်းကောင်းအညွှန့်ချိုး၊ အမြှောင်မယားတွေ ဗရပွေထားခဲ့တုန်းက ခင်းကြီး သမီးချင်း၊ နှမချင်း စာခဲ့ဖူးလို့လား။ ကဲ ... ထွီး''

''အေး ... မင်းတို့ပြောသလို မီးနိုးကြွက်လျှောက် ပြောနေကြရင်ဖြင့် နာစရာတွေချည်းပဲပေါ့ဟ။ မီးခိုးမဆုံး မိုးမဆုံး ပြီးနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကို မဟုတ်တော့ဘူး။ ဒါပေတဲ့ . . . အဲဒီတစ်ဦးချင်းတစ်ယောက်ချင်းစီ ရဲ့ စိတ်အနာတွေကို လွှတ်လွှတ်ချွာချထားပစ်ခဲ့ရမယ်။ ဒီအရေးတော်ပုံကြီးနဲ့ ရောထွေးမပစ်ရဘူး။

လက်ရှိ တို့တိုက်နေတာဟာ မိစ္ဆာဒိဋ္ဌိ အင်္ဂလိပ်မျောက်ဖြူတွေကိုပဲ။ အရင်းလဲရင် အဖျားအနားတွေက သူ့အလိုလို ထင်းဖြစ်သွားကြ၊ ထင်းဖြစ်သွားကြရမှာပဲလို့ မင်းစံအထပ်ထပ် ပြောခဲ့ပြီးသားလေကွယ်။ ‘တစ်သွေး . . . တစ်သံ . . . တစ်မိန့်’၊ တစ်ချောင်းတည်းသောစိတ်နဲ့တစ်စိတ်ဝမ်း တစ်လက်ညီကြမှ အရေးတော်ဟာ လှရမှာပဲ။ ခုလိုမျိုးသာ ကိုယ်ထင်ရာ ကိုယ်လုပ်ကြစတမ်းဆိုရင် . . . အင်း . . . ခက်သေးတယ် . . . ခက်သေးတယ်''

''ပြေးပြီး . . . ပြေးပြီ . . .''

''ပစ်ဟ . . . ပစ်ဟ . . .''

''တိုင်းကျော် . . . လွတ်သွားပြီဟေ့။ လိုက်ကြစမ်း . . . လိုက်လိုက် . . .''

''ဟေး . . . ဟောဟို ကိုင်းတောအစုဖက်မှာလည်း လူရိပ်တွေ တွေ့တယ်ဟေ့။ လိုက်ကြ . . . လိုက်ကြ . . .''

''မျောက်ဖြူတွေရဲ့ လက်ကိုင်တုတ်တွေကို ကိစ္စတုံးရှင်းပစ်ကြစမ်းကွာ''

''ဟေး . . . ဟေး . . . အရမ်းမလုပ်ကြနဲ့။ အရှင်ဖမ်းပြီး ဒီကိုခေါ်လာခဲ့ကြ''

ဝန်းကျင်သည် ချက်ချင်းပင် လှုပ်လှုပ်ရှားရှား၊ ဟိန်းဟိန်းညံညံ ဖြစ်၍လာပြန်သည်။ ထွက်ပြေးသူတို့သည် သေဆုံးသွားသည့် ဖိုးဇာသူကြီးဦးဖိုးညွန့်နှင့် ဖမ်းမိထားသည့် မြေပိုင်ရှင်သူဌေး ဦးစံပွင့်





ကြီးတို့၏ တပည့်လက်သားများပင် ဖြစ်ပေလိမ့်မည်။ စောစောကလေးကပင် သူတို့လူအုပ်စုတွေကို တွေ့လိုက်ကြရသေးသည်။ တိုင်းကျော်က သူကြီးသားဖြစ်၏။ ဆယ့်လေးငါးယောက်ခန့် ရှိကြမည်ထင်သည်။

မှိုင်းမှုန်မှုန် နှင်းထုအောက်၌ မည်းညို့ညို့ လယ်ပွဲတစ်ခွင်တစ်ပြင်တွင် မီးတုတ်တွေက စုန်းတောက်စားနေသည့်သို့ တဝင်းဝင်းတလက်လက်လွင့်လက်။ ‘ဟေးဟေး . . . ဟိုးဟိုး’ တောခြောက်သံများဆူဆူညံနေ၏။

''မိပြီ . . . မိပြီ . . . ဟေ့ . . . ဟိုအကောင်တွေ . . . မပြေးနဲ့နော်။ ထမင်းမမှန်းသေးရင် ရောက်တဲ့နေရာမှာပဲ ဝပ်နေ''

''လက်လွန်ခြေလွန် မလုပ်လိုက်ကြနဲ့ဟေ့ . . . ဒီကိုပဲခေါ်လာခဲ့။ ဒီဘက်ကို . . . ဒီဘက်ကို . . .''

''အားလုံး ခြောက်ယောက်တောင် မိထားတယ်ဗျို့။ ကိုဖိုးဆော့ရေ . . . အကုန်လုံး ဖိုးဇာနဲ့ စမ်းတွင်းကချည်းပဲ''

''သူကြီးသားတိုင်းကျော်ကို မိသလားဟေ့''

''သူနဲ့ ဒီပိုးဆိုတဲ့အကောင် လွတ်သွားတယ်ဗျို့။ ဒီအကောင်တွေ ချောင်းရိုးထဲကနေ ရေငုပ်ပြေးကြပုံရတယ်။ ချောင်းစပ်မှာ ခြေရာတွေတွေ့ပြီးမှ လုံးဝ အစပျောက်သွားတယ်။ ဘယ်လိုမှ ရှာမရဘူး''

''ကဲ . . . ကဲ . . . အားလုံး လူပြန်စုကြ။ ဗိုလ်ဖိုးကွန်းနဲ့ ကိုချစ်တီးတို့၊ စပယ်ရှယ်မောင်တင်တို့က ဖမ်းမိတဲ့လူတွေကို သစ္စာပေးပြီး သစ္စာခံတဲ့လူတွေကို ပြန်လွှတ်ပေးခဲ့၊ သစ္စာမခံရင်တော့လည်း သူတို့ကံပဲ။ ဝန်လေးအောင်တော့ဖြင့် တပူးတွဲတွဲ ခေါ်မသွားနိုင်ဘူး။ ဒင်းတို့ ထိုက်နဲ့ ဒင်းတို့ကံပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်ဖိုးဆော့ . . . အဲ . . . အဲလေ . . . ဗိုလ်ဖိုးဆော့ . . . သပြေပင်တန်းက မြင်းနှစ်စီးရလာခဲ့တယ်။ ဟိုအကောင်တွေ . . . အလာတုန်းက စီးလာခဲ့ကြတာဖြစ်လိမ့်မယ်"

"ကောင်းပြီလေ . . .။ ကိုရေအေး . . . ကိုရေအေး . . . ကိုရေအေး . . . ဘယ်ရောက်နေတုံး"

"ဗျို့ . . . ရှိပ ကိုရင် . . . ဘာအရေးရှိတုံး"

"ကိုရေအေးကြီးက လှည်းလမ်းကူးနဲ့ ဒီနားတစ်ကြောမှာတော့ မြင်းစီးမှာ ပြိုင်ဖက်ကင်းတဲ့ . . . ဟုတ်စ။ ကဲ . . . အခုဖြင့် လူရေးလူစပြဖို့ အခါသင့်ပြီပ။ ဟောဟိုမှာ . . . မြင်းနှစ်စီး။ ကျုပ်တို့ အရေးတော်ပုံအတွက် လာဘ်ဦးလာဘ်ဖျား သိမ်းမိတဲ့ပစ္စည်းတွေပဲ။

ကိုရေအေးကြီးစီးပြီး သာယာဝတီထောင်ကို စီးဖို့ဖြန့်ထားတဲ့ အရံတပ်တွေဆီပြေး သတင်းပို့ချေဦးဗျာ။ စစ်ဦးစစ်ဖျားမှာ သောက်သုံးမကျတဲ့ ဖိမ်ဇာသူကြီးဝင်နှောင့်လို့ ရည်ရွယ်တဲ့အတိုင်း ဖြစ်မလာခဲ့ဘူးလို့။ သူကြီးဦးဖိုးညွန့်ကြီးတော့ သေပြီလို့။ သူကြီးသားတိုင်းကျော်နဲ့ သူ့တပည့်တစ်ကောင် လွတ်သွားတယ်။

ဘယ်နည်းနဲ့ဖြစ်ဖြစ် ဒီအကောင်တွေ သူတို့ပထွေး မျောက်ဖြူတွေဆီကို အပြေးအလွှား သံတော်ဦးတင်မှာ အသေအချာပဲ။ ပြီးတော့ စမ်းတွင်းမှာလည်း စတီးဘရားသားက ကောက်ကြီးစပါးဝယ်ဖို့ အဝယ်တော်မျောက်ဖြူနှာခေါင်းရှည်တွေ ရောက်နေကြတယ်လို့ အတိအကျ သိထားတယ်။

မကြာခင် . . . ဒီအကောင်တွေကလည်း ဒင်းတို့ဆိုင်ရာကို ဖြစ်တဲ့နည်းနဲ့ သတင်းပို့ကြမှာပဲ။ အဲဒီတော့ ကျုပ်တို့အစီအမံတွေက လျှို့





က်လုံခြုံမှုမရှိတော့ဘူးလို့ သတင်းပေါက်သွားပြီလို့။ ဒင်းတို့က အသင့်ကြံပြီး ကျားချောင်းချောင်းနှိပ်ကွပ်လိုက်ရင် စစ်ဦးလန်သွားလိမ့်မယ်သို့။ အဲတော့ . . . မကျည်းကုန်းစုရပ်ကို ကိုယ့်အစုနဲ့ကိုယ် ပြန်သတင်းဦးကြရင် အလံတောင်ကို ဆုတ်နှင့်ကြပေတော့လို့။ ကြားလား"

"ဟုတ် . . . စာပါးလိုက်ဦးမလား ကိုရင်"



ဂျွန်တပ်ဖွဲ့ မြင်းစေကျော် 'က' တပ်သား ဦးရေအေး လှည်းလမ်းကူးရွာ
(ဗြိတိသျှနယ်ချဲ့တို့၏ ဒက်ဒမန်ကျွန်းတွင် ထောင်ဒဏ်
တစ်သက်တစ်ကျွန်းကျခံခဲ့ရသည်။)



www.burmeseclassic.com

www.burmeseclassic.com



''ရှိ ... ကိုရေအေးကလည်း ဒီလောက်အရေးတော်ကြီးထဲ မှာ အခုကျုပ်ပြောလိုက်တာတွေကို ခင်ဗျား ဝမ်းထဲမှာပဲသိုသွား။ ဖြစ်ရဲ့ မဟုတ်လား''

''ဖြစ်ပ ... ဖြစ်ပ''

''ကဲ ... ဖြစ်ရင်လည်း အမြန်သုတ်ခြေတင်ပေတော့။ ခြော ခဏ ... ခဏ။ ကျုပ်တို့တပ်ဖွဲ့တွေကို အမှာအထားပြုပြီးရင်တော့ အလံတောင်ကိုဒုန်းစိုင်းပြေးပြီး မင်းစံကို အခြေအနေအကျိုးအကြောင်း သတင်းပို့နှင့်ပေဦး။ ခင်ဗျားလည်း အဲဒီမှာပဲနေနှင့်တော့။ နောက် ... ဟောဒီမြင်းတစ်စီးကိုပါ ဆွဲသွား။ ဇိမ်ဇာနဲ့ ထောင်ကြီးကြားက သုံသာန် ကုန်းမှာ သူတို့ရှိကြလိမ့်မယ်။

သူတို့ဆီအရင်ဝင်ပြီး ဗိုလ်ဂျင်ပုကြီးကို တပ်ခေါက်ခဲ့ကြဖို့နဲ့ သာယာဝတီထောင်က ထောင်မှူးကလေးနဲ့ ကျုပ်တို့အတွင်းလူတွေကို အစီအစဉ်ရွှေ့လိုက်ပြီဆိုတဲ့အကြောင်း၊ ထပ်ပြီး ဆက်သွယ်မှုပဲ နောက် တစ်ကြိမ်အရေးတော်ကြီး ကြုံဖြစ်လိမ့်မယ်လို့ ခါတိုင်းလိုပဲ သာယာဝတီ မြို့ထဲက မျောက်ဖြူတွေရဲ့ ခြေအလှုပ်လက်အလှုပ်ကို စောင့်ကြည့်ပြီး သတင်းပို့ပါဦးလို့ ... ဟုတ်စ''

''ဟုတ်ပြီလေ ... ကိုရင် ... ကိုင်း ... ဒါဆို ... သွားပြီ''

''သတိမြဲပါစေ ကိုရေအေး''

''စိတ်ချကိုရင် ... ကိုရင်တို့လည်း ကြောက်လက်သည်းဝှက် သိပ်သိပ်သည်းသည်းရှိကြပစေ''

''စိတ်ချထားပါလေ ...။ ကဲ ... ကဲ ... သွားရော့''







သာယာဝတီ ထောင်ကြီးကို စီးမယ့် ဘာရံတပ်မှ 'ဂ' တဆင့်
ဂျွန်တပ် ဖားကြပ်ဗိုလ်-ဗိုလ်ဖိုးထိန် (ဖားရွှေကျော်)

''အရေးတော်ပုံ ...''

''အောင်ရမည် ... အောင်ရမည်''

မြင်းခွာသံ တဖြောင်းဖြောင်းသည် တောလုံးပွဲတင်ထပ်ရေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❑

"ဒိုင်း ..."

"ဒိုင်း ..."

"ဒိုင်း ..."

"ဟော ... ပစ်ကုန်ကြပြီ။ ဘယ့်နှယ်လဲ ... ဗိုလ်မှူး၊ ဝင်ကြတော့မလား။ ကျုပ်တို့သတင်းပေးတွေရဲ့ လျှို့ဝှက်သတင်းအရတော့ ဘုရင်ခံ မျိုးမစစ်ကောင်ဟာ ဟသ်ာတဘက် ကူးသွားပတဲ့။ သူနဲ့အတူတူ ရာဇဝတ်ဝန်ကြီးရေနီးနဲ့ ပုလိပ်ဘက်က အတော်များများ ပါသွားကြတယ်တဲ့။

အရေးပိုင်ရော၊ နယ်ပိုင်၊ မြို့ပိုင်တွေရော တစ်လှေကြီး ဘုရင်ခံကို ဖင်မလှီ လိုက်သွားကြလေရဲ့တဲ့။ ဒါဘာပွဲကြီး ပြီးသွားတာရယ်၊





ခရိုင်ကလပ်မှာလုပ်မယ့် သင်းတို့မျောက်ဖြူတွေရဲ့ ခရစ်စမတ်အကြိုပွဲရှိနေတာရယ်ကြောင့် ကျန်ရစ်ခဲ့တဲ့ မြို့ခံပုလိပ်တွေရယ်၊ ပွတ်သဘင်ပွဲလုပ်ကြတာ မီးကုန်ယမ်းကုန်ပဲတဲ့။

လင်းအားကြီးလောက်ရှိမှ မီးကုန်ယမ်းကုန်ကဲထားတဲ့ သင်းတို့တွေ ခြေကုန်လက်ပန်းကျပြီး ဖက်ကျိုးကုန်ကြတာတဲ့။ ကဲ ... ဟောဒီသေနတ်သံဟာ ထောင်ကြီးကိုစီးမဲ့ ဗိုလ်ဖိုးဆော့တို့ရဲ့ အချက်ပေးသံဖြစ်မှာပဲ။ ကျုပ်တို့လည်း ကျုပ်တို့ငန်း ကျုပ်တို့တာကို စလိုက်ကြစို့"

"နေပါဦးလေ ... မလောပါနဲ့ဦး ...။ ခဏဆိုင်းပြီး သေချာအောင် စောင့်ကြည့်ကြသေးတာပေါ့"

"ဟောဗျာ ... သေနတ်သံကြားလို့ ဗိုလ်ဂေါက်တို့အစုက အချက်ပေးတယ်ထင်ပြီး ရဲစခန်းကို ဗွေဆောင်ဦး အစီအစဉ်အတိုင်း ဝင်ဆီး ကုန်ကြရင် အံလွဲကုန်ကြဦးတော့မယ်။ ဟန်ချက်မညီခဲ့ရင် ကိုယ့်သေတွင်း ကိုယ်တူး၊ မီးပုံထဲခုန်ဝင်သလို ဖြစ်ကုန်လိမ့်မနော်"

"ဗိုလ်မိုးသစ်ရယ် ... ကျုပ်သေချာ သင်ဉာဏ်ပေးပြီးသားပါဗျ။ ကျုပ်တို့ဘက်က အိမ်တစ်လုံးလုံး၊ ရုံးတစ်ခုခုကို မီးတင်မရှို့လိုက်ပဲ ကျုပ်တို့လူတွေ ခြေတစ်ဖဝါး မရွေ့ပါဘူး။

ကိုဖိုးဆော့တို့က ဓမ္မစစ်ထောင်ကို ဝင်စီးဖြစ်ခဲ့ကြရင် ထောင်မှူးကလေးကိုစိန်တို့က ခွေးဥသြကြီးဆွဲပြီး အချက်ပေးလိမ့်မယ်ဗျ။ ကျည်အတွဲအလိုက် မိုးပေါ်ထောင်ဖောက်ပြီးလည်း ပစ်ကြလိမ့်မယ်။ အခုဟာ ... နှစ်လုံးပြူးသံဗျ။ သောက်ရမ်းလျှောက်ပစ်နေတဲ့အသံ။

ကေဒ္ဒ ဗိုလ်ဖိုးဆော့နဲ့ ဟိုဇိမ်ဇာသူကြီး ကြွစောင်းစောင်းအကောင် ဖိုးညွန့်တို့ ထိပ်တိုက်တိုးကြပြီထင်တယ်။ ဖိုးညွန့်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မနေ့တစ်နေ့ကမှ ဘုရင်ခံကိုယ်တိုင်ဆုပေးထားတဲ့ နှစ်လုံးပြူးကြီးတကိုင်ကိုင်နဲ့ လက်ယားနေတဲ့ အကောင်ရယ်။ ညနေက စမ်းတွင်းဘက်ကို ကိုစံပွင့်ကြီးနဲ့ တစ်ပြုံတစ်မကြီး ဆင်းသွားကြတယ်လို့ ကြားလိုက်မိသေးတယ်''

''ဒိုင်း ...''

''ဒိုင်း ...''

''ဟင် ... နှစ်လုံးပြူးသေနတ်သံတွေ ပစ်လှပါကလား ... ဗိုလ်မှူးဘအေးရဲ့။ ဘယ့်နှယ်လဲ''

''ကဲ ... ကျုပ်မပြောလား ဗိုလ်ဖိုးသစ်။ ဆန္ဒမစောနဲ့ဦးလို့ ဆိုတာလေ။ ဟောဒီသေနတ်သံဟာ ထောင်ကိုစီးဖို့သွားတဲ့ ဗိုလ်ဖိုးဆော့တို့ဘယ်ဆီက သေနတ်သံပဲ။ စမ်းတွင်းဘက်ကအသံ။ နောက် ... ဒါ နှစ်လုံးပြူးသေနတ်သံ။ ကေန္တတော့ ကေန္တပဲ။ တစ်ခုခုတော့ အဟန့်အတားရှိနေပြီထင်တယ်''

''ရာဇဝတ်ဝန်ကလေးနဲ့ ပုလိပ်ကျောင်းအုပ် ဦးချစ်တို့အဖွဲ့တော့ ရေတိုက်ဘက်ကို ကားတွေနဲ့ ရေးကြီးသုတ်ပြာ ထွက်သွားကြတယ်လို့ သိထားကယ်။ ဖားရွှေကျော်သူကြီး ဦးထွန်းလှကြီး ကသုတ်ကရက် လာခေါ်သွားတာတဲ့''

''အဲဒါက ... မင်းစံရဲ့ အစီအမံပါဗျ။ မြို့ထဲမှာ ခပ်ထက်ထက် ခပ်စွာစွာ အဲဒီရာဇဝတ်ဝန်ကလေးနဲ့ သူတို့လက်နက်ကိုင်အင်အားတွေ လျော့တန်သမျှ လျော့သွားလေအောင်ဟာ တမင်ကို ကိုထွန်းလှကြီးကို သတင်းမှားတွေပေးပြီး မှားခေါ်ထုတ်သွားခဲ့တာပါ။ ကျုပ်တို့ ဒီကအောင်ပွဲကြီးရပြီးလို့ ပြန်အထွက်နဲ့ သင်းတို့ ဖားရွှေကျော်က ပြန်အဝင် အဆင်သင့်အချိန်ကိုစောင့်ပြီး သုတ်သင်ပစ်လိုက်ကြဖို့ပဲ''

---

စိတ်ကူးသစ်စာပေ



''ဒါဆို ဟိုမျိုးမစစ် သူကြီးဖိုးညွန့်က ဆေးရိုးသည် ကန့်လန့်ကန့်လန့်ဝင်လုပ်လေသလား မသိ''

''စိတ်အေးအေးထားပါလေ ...။ ဗိုလ်ဖိုးဆော့ ဆက်သွယ်လာပါလိမ့်မယ်။ ကျုပ်တို့မှာ ဆက်သွယ်ရမယ့်နည်းလမ်းတွေ ရှိထားပြီး မင့်ကပဲ ... ဗိုလ်ဖိုးသစ်ရဲ့''

''ထောင်ကိုလည်း စီးဖြစ်စေချင်တယ်။ ဂိတ်ကိုလည်း စီးမိစေချင်တယ်ဗျာ။ အဲဒါမှ မျောက်ဖြူတွေ ထင်တိုင်းနှိပ်စက်ထားတဲ့ ကျုပ်တို့သွေးရင်းသားရင်း ဘဝတူညီအစ်ကိုတွေကို ထောင်ထဲ၊ ဂိတ်အချုပ်ထဲက ကယ်ထုတ်နိုင်မှာ။

ထောင်မှူးကလေးကိုစိန်ရဲ့ အပြောအရ ထောင်ကြီးထဲမှာ ထောင်ကျရော၊ ထောင်ကြီးချုပ်သမားတွေရော သဗ္ဗန်ပေါင်း လူ ၅၀၀ ကျော်ကျော်ရှိသတဲ့ဗျ။ မြို့မဂိတ်အချုပ်ထဲမှာတော့ အနည်းလေး ၁၀၀ ကျော်ကျော် ရှိကြလိမ့်မယ်။

တစ်နေ့ကပဲ ကျုပ်နဲ့ ကိုညွှာန်နဲ့ ကိုထွန်းသွယ်ကြီးတို့ သင်းတို့ လူသူလက်နက်အင်အားအခြေအနေ၊ ဝင်လမ်းထွက်လမ်းတွေကို အကဲခတ်ချင်လို့ ဖြူကလေးဘက်က မိုးမြင်တို့၊ ဖိုးခတို့၊ ကိုဘထီးတို့ တူဝရီးတတွေ ချစ်တီးအကြွေးမပေးနိုင်တဲ့အတွက် အချုပ်ခံနေရတဲ့ဟာကို ထောင်ဝင်စာခံပြီးသွားတွေ့ရင်း မြင်ခဲ့ပ''

''အေးပလေ ... မင်းစံစီမံထားတဲ့အတိုင်း ကွက်တိခွင်ကျဖြစ်လာခဲ့ရင်တော့ဖြင့် အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပ။ နို့ပေတဲ့ ... ခင်ဗျားလည်း သိတဲ့အတိုင်း ဒီလိုကိစ္စမျိုးဆိုသဟာ နတ်အကြိုက်သားကလား။ ဆယ်ရေးတစ်ရေး ... ကိုးရေး တစ်ရာ ...''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်မှူး ... ဗိုလ်မှူး ..."

"ဟော ... မှန်းသားခင်၊ ဘာတုံး"

"ကိုဖိုးဆော့တို့အစုဆီက ဆက်သားရောက်လာတယ်။ လှည်းလမ်းကူးက ကိုရေအေးကြီး။ အရေးတကြီး သတင်းပို့ဖို့ပါလာသတဲ့"

"ဟော ..."

"လာ ... လာ ... ဗိုလ်ဖိုးသစ်၊ ခပ်သုတ်သုတ်။ ဒီအချိန်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ပေတဲ့အချိန်က ရွှေထက်အဖိုးတန်သေးရဲ့။ လာဗျို့ ..."

လင်းရောင်ပျို့ခဲ့ပြီ။

အမှောင်သည် နှင်းထုနှင့်ရော၍ အားကောင်းနေချင်သေးသည်။ သို့တိုင် အရုဏ်၏လူးလွန့်လာသည့် အမှုအရာများက သဲ့သဲ့ထင်စပြုပြီ။

အမှောင်ထဲမှ လူအုပ်၏ ဝင်သက်ထွက်သက်ရှူသံတို့သည် ပို၍ညံသက်တိုးလျှ။ နှင်းစက်နှင်းပေါက်ကြွေသံ၊ နှင်းမှုန်သဲသဲပြိုသံတွေနှင့်သာ ထွေးလုံး၍နေတော့သည်။

သိပ်မကြာလိုက်။

တစ်အောင့်တစ်ဖြုတ်သာသာပဲရှိမည်။

မြင်းခွာသံသဲ့သဲ့သည် အမှောင်ကြီးထဲတွင် တိုး၍တိမ်၍ ဖျော့တော့ပျောက်ကွယ်သွား၏။

"ကဲ ... ဗိုလ်ဖိုးသစ် ကျုပ်တို့တပ်တွေ ပြန်ဆုတ်ကြစို့"

"ဟာ ... ဗိုလ်မှူး"

"မဟာနဲ့လေ ... အခြေအနေက ဒီလိုကြုံလာမှဖြင့် မျက်စိမှိတ်ပြီး ဖွတ်ထိုးမိုက်လို့ ဖြစ်ကြပါ့မလား။ စုရပ်ကို ပြန်ရုပ်ကြမယ်။





ဒီကတပ်ဖွဲ့ကတွေကို ခင်ဗျားဦးစီးပြီး သေသေသပ်သပ်ရုပ်သွား။ ဘာသဲလွန်စမှ မကျန်ရစ်ခဲ့စေနဲ့။ ကျုပ်တော့ မြို့မဂါတ်ကိုဝင်စီးမဲ့ အဖွဲ့တွေဆီ ပြေးချေဦးမယ်။ ခုလောက်ဆို သူတို့လည်း စိတ်ပူနေကြရောမယ်။

ခရိုင်ကလပ်က ပုလိပ်တချို့နဲ့ မျောက်ဖြူတချို့ ဂါတ်တဲဘက်ကို ပြေးလေရဲ့တဲ့။ လမ်းမှာ ကိုရေအေးကြီးနဲ့ တိုးလာခဲ့တယ်။ ပုလိပ်ကားတစ်စင်းက ထောင်ကြီးဘက်ကို မောင်းပြေးသွားသတဲ့။ ကျုပ်တို့လူတွေ စိတ်နောက်ကိုယ်ပါ ထလုပ်ပစ်ကြရင် သွေးဆာနေတဲ့ကျားကို အမြီးပြေးဆွဲသလို ဖြစ်နေဦးမယ်"

"ဒါဆို ..."

"ကျုပ်အတွက်ကို မပူနဲ့။ ဇိမ်ဇာကဆုတ်လာမဲ့ ဗိုလ်ဖိုးဆော့တို့တပ်တွေနဲ့သာ အရအမိ ပေါင်းဖြစ်အောင်ပေါင်း။ အင်းရွာဘူတာကိုစီးမဲ့ ကိုညာဏ်တို့အဖွဲ့တွေလည်း အရုဏ်မကျင်းမီ ဆုံရပ်ကို ရောက်လာကြလိမ့်မယ်။ ကျုပ်တို့လည်း အပြင်းဆုတ်လာခဲ့မယ်။

ဟိုမှာ မင်းစံ ရှိချင်ရှိ၊ မရှိရင် ဗိုလ်မှူးဖိုးလွင်က မင်းစံပေးလိမ့်မယ်။ မနက်ဖြန် မနက်လင်းတာနဲ့ တိုက်ကွက်သစ်တွေဖော်ပြီး တိုက်ပွဲကြီးတစ်ပွဲ နွှဲဖြစ်ကြလိမ့်မယ်။ ဒီသာယာဝတီတစ်နယ်လုံးသာမက တစ်တိုင်းတစ်ပြည်လုံး ဗုံးပေါက်သလို ပေါက်ကွဲပွင့်ကန်ထွက်သွားမယ့် အရေးတော်ကြီး မြေကြီးလက်ခက်မလွဲ ပေါ်လာလိမ့်မယ်။ အဲဒီအရေးက ကျုပ်တို့အသက်ထက် အရေးကြီးပေရဲ့"

"ဟုတ်ကဲ့ ဗိုလ်မှူး"

"ကဲ ... ဒါဆို ကျုပ်သွားပြီ။ ခင်ဗျားတို့လည်း စကြတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အရေးတော်ပုံ ..."

"**အောင်ရမည် ...**

**အောင်ရမည် ...**"

မှောင်တဲ့ရီဝိုးဝါးလင်းအရုဏ်သည် နှင်းထုထဲတွင်မြုပ်လျက်။ အမှောင်ထဲမှ တလှုပ်လှုပ်အရိပ်မည်းများကို ဝှက်ထားရင်း တစစပျံ့ လင်းလာနေသည့် မိုးသောက်ယံကို အံတုလျက်ရှိတော့သည်။

✿ ✿ ✿

[ ၄ ]

❑

အလင်းရောင်က ပျပျမှုန်မှုန်။ အရုဏ်သည် မလင်းမကျင်းသေး။

အမှောင်က အားကြီးနေဆဲဖြစ်သည်။ ဝန်းကျင်သည် နှင်းထုကြီးထဲ၌ မြုပ်နေသလိုရှိ၏။ မျက်ဝန်းတစ်ရွှေ့စာ ပေနှစ်ဆယ်၊ သုံးဆယ်ဆက်လွန်၍ ရှေ့ဆီကို မမြင်နိုင်။

ဘူတာရုံကလေးသည် ကုပ်ကုပ်ရုပ်ရုပ်ကလေး ရှိနေ၏။ သံသမ်းများ၊ ဖလီဖားတုံးများ၊ သံလမ်းထိန်း ကျောက်တုံးကျောက်ခဲများအားလုံး နှင်းရည်များဖြင့် ရွှဲရွှဲစိုလျက်ရှိကာ နှင်းသီးများ ဥခဲနေသည်။ နှောင်း၌ ပင်ရိပ်ဖားဖားဖြင့် ဝေစည်နေမြဲ သစ်ပင်တန်းသည်ပင် နှင်း၌ တုပ်ကိုင်းလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘူတာကလေး၏ဝန်းကျင်မှ အကြော်တဲကလေးများ၊ ကုလာ ထမင်းဆိုင်တစ်ဆိုင်နှစ်ဆိုင်သည် မီးမွှေးစပြုနေကြပြီ။ မီးညွှန့်ရဲရဲ မီး တလူလူ့တို့သည် နှင်းမှုန်မှုန်ထဲတွင် ဟိုမှသည်မှ ပေါ်လာနေကြသည်

ဘူတာကလေးအတွင်း၌ ရန်ကုန်ဘက်သို့ တင်မည့် ကြ ခြင်း၊ ဘဲခြင်းများ၊ တောင်ယာဥယျာဉ်ထွက် ဟင်းသီးဟင်းရွက်စည်းကြ များ၊ ပန်းစည်းကြီးများကို တစ်စုတစ်ပုံကြီးတွေ့ရပြီး ပိုင်ရှင်ဖြစ်ဟ တူသူ အဝတ်အစားခပ်နွမ်းနွမ်း ယောကျ်ားကြီး၊ မိန်းမကြီးများ၊ ကြ ကုလားသုံးလေးဦးတို့ စောင်ခြုံကြီးများဖြင့် ကွေး၍ အိပ်မောကျ ကြဆဲဖြစ်သည်။

အဝတ်အစား ခပ်လတ်လတ်၊ အညိုရင့်ရင့် ကုတ်အင် သက္ကလပ်ဘောင်းဘီဝတ် အိန္ဒိယနွယ်ဖွားတစ်ဦးသည် လက်ဆွဲအိ ဖောင်းဖောင်းကိုပိုက်လျက် ခရီးသည်များ ထိုင်ခုံရှည်၏အစွန်းတွင် ငိုက်ငိုက်ထိုင်နေ၏။

ရုံပိုင်၏ ခပ်သေးသေးရုံးခန်းကလေးထဲတွင် စားပွဲအို၊ ဘီ ဟောင်း၊ ခနော်ခနဲ့ ကုလားထိုင်များသည် ဖရိုဖရဲပွစာကျဲလျက်။ လ မှတ်ပေါက်အနီးရှိ ကျွန်းစားပွဲရှည်ကြီးပေါ်၌ မီးရထားဝန်ထမ်းဝတ် ဝတ်လူတစ်ယောက်သည် မှောက်ခုံကြီး အိပ်ပျော်လျက်ရှိသည်။

လက်မှတ်ပေါက်အနီးရှိ သံဇကာတန်းကိုမှီ၍ အသက်လေ ဆယ်နီးပါးခန့်ရှိသည့် ကိုယ်နေဖိုင့်ဖိုင့် တရုတ်ကြီးတစ်ယောက် အထုပ်အပိုးများ၊ ဝန်စည်စလယ်တွေ အနင့်သားဖြင့် ရပ်နေသည် တွေ့ရ၏။

လက်ထောက်ရုံပိုင်ကလေး မစ္စတာပတေးသည် မဲမဲမှောင် သည့် နှင်းထုထဲတွင်ပင် ပြည်မြို့ဘက်ဆီသို့ သွယ်ဆင်းသွားသည့် ရထာ





သံလမ်းတစ်ကြောကို မျက်စိတစ်ဆုံး ငေးကြည့်နေသည်။

သူ၏ညာဖက်ပေလေး ငါးဆယ်ခန့်တွင် ဤအင်းရွာဘူတာ သေးသေးကလေး၌ သောင်တင်နေသည့် အလုံပိတ်မီးရထားတွဲသုံးတွဲ က အစီအရီ ထိုးဆိုက်ထားသည်။ ဘူတာကလေး၌ ဤမီးရထားတွဲ များ ရပ်ထားခဲ့သည်မှာ တစ်လသာသာရှိခဲ့ပြီဖြစ်၏။

''ဒူ ... ဟူ ... ဟူ''

''ဒူ ... ဟူ ... ဟူ''

လင်းအားကြီးဖြစ်၍ နှင်းစက်တို့ တသဲသဲ တဖျောက်ဖျောက် သွန်ကျလာနေသည်။ မြောက်ပြန်လေအေးက ဝေ့ခနဲ တညင်းတစ်ခတ် ဖြတ်ပြေးသွားလျှင်ပင် ရိုးမဆောင်းသည် အရိုးကွဲမတတ် အေးလွန်းလှ ၏။

''ဒူ ... ဟူ ... ဟူ''

''ဒူ ... ဟူ ... ဟူ''

မောင်းသံသည် တစ်ချက်ပြီးတစ်ချက် ဆင့်ကာဆင့်ကာ ပေါ် ထွက်လာနေသည်။ နှင်းပြိုသံမှတစ်ပါး တိတ်ဆိတ်ငြိမ်ကုပ်နေသည့် ဝန်း ကျင်သည် မြည်ဟိန်းလှသည့် မောင်းဟီးသံကြီး အဆက်မပြတ်ပေါ် လာနေသဖြင့် အထိတ်တလန့် ပျာ၍နေကြ၏။

''ဟင် ... ဘာမောင်းသံလဲ။ ဦးကစ္စနား ... ဦးကစ္စနား .. ထစမ်း ... ထစမ်းပါဦး။ ဒါ ... ဘာ ... ဘာလဲ ... ဘာအဓိပ္ပာယ် လဲ၊ အရင်တုန်းက ဒီလိုမောင်းသံမျိုး တစ်ခါမှ မကြားဖူးပါဘူး''

လက်ထောက်ရုံပိုင်ကလေးသည် ဘူတာရုံထဲသို့ သုတ်ခြေတင် ၍ အပြေးကလေးဝင်လာလျက် မှောက်ခုံကြီးအိပ်ပျော်နေသည့် အု ဝန်ထမ်းကို ဖွတ်နိုးကာ မေးနေသည်။ ခရီးသည်များထိုင်ခုံ၌ ငိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် အိန္ဒိယသား ဘောင်းဘီရှည်ဆရာလည်း နိုးလာခဲ့ပြီ။ မျက်စိကို ပွတ်၍ ဘေးဘီကို သက်ကမကောင်းဟန်ကြည့်လျက် ရူးစမ်းနေ၏။ ခရီးသည် တရုတ်ကြီးလည်း ရှံပိုင်ကလေးတို့ ဆရာတပည့်စကား အတုန့်အတင် ပြောနေသံများကို အရေးတကြီး နားစွင့်လျက်ရှိနေသည်။

ကြက်ခြင်း၊ ဘဲခြင်း၊ ဟင်းရွက်ပန်းစည်းပုံကြီးများဘေး၌ ခေါင်းစိုက်၍ ကွေးနေခဲ့ကြသည့် လူစုသည်ပင် ဘုမသိဘမသိ အိပ်မှုံစုံမွှား ထထိုင်ကြလျက် မောင်းသံကြားရာကို မျှော်ငံ့၍ အံ့အားကြီးသင့်နေကြ၏။

ဒီလိုမောင်းသံမျိုး မကြားခဲ့စဘူး။ ဘာတွေများ ဖြစ်နေကြတာပါလိမ့်။ သူပုန်သူကန်တွေ ထကြလိမ့်မယ်လို့တော့ သိုးသိုးသန့်သန့် ကြားနေဖြစ်ခဲ့တာလည်း ကြာပေါ့။ တကယ်ပဲ သူပုန်ထဖြစ်ကြတာလား၊ အခါကြီး တကယ်ပျက်ပြီလား။ ဘုရား ... ဘုရား ... လုပ်စားကိုင်စားတော့ ပျက်ချေပေါ့။ ရောက်တတ်ရာရာတွေးလျက် အချောက်ချားကြီး ချောက်ချားနေကြ၏။

"ဒူ ... ဟူ ... ဟူ ... ဟူ"

"ဒူ ... ဟူ ... ဟူ ... ဟူ"

မောင်းသံသည် တရွေ့ရွေ့ နီး၍လာ၏။

တဖက်တည်းမှ ကြားနေရခြင်းမဟုတ်။ ဘူတာရုံကလေးကို ပတ်ချာလည်ဝိုင်းလျက် အဆက်မပြတ် ကြားနေကြရခြင်းဖြစ်သည်။ တစ်ခါဖူးမျှ ဤသို့ မတွေ့မကြုံဖူးခဲ့ကြသဖြင့် အင်းရွာဘူတာရုံကလေး ဝန်းကျင်ရှိ တဲကလေးများ၊ အိမ်များမှ ယောကျ်ား၊ မိန်းမ၊ ကလေး လူကြီး အသီးသီးနိုးလာကြပြီး အိမ်အပြင်ထွက်ကာ အမှောင်ထုကြီး ထဲမှ မောင်းဟီးသံကြီးကို သို့သောသို့သောတွေးရင်း ခေါင်းနားပန်းကြီး





နေကြလေ၏။

"တက်ပေး ... တက်ပေး ..."

"ဂျွန် ... ဂျွန် ... ထ ... ထ ..."

"သူပုန် ... သူပုန် ... ကြွ ... ကြွ ..."

"ဂျွန်သူပုန်တဲ့ဟေ့ ..."

"မိစ္ဆာဒိဋ္ဌိကုလား မျောက်ဖြူတွေကို သုတ်သင်ကြ"

"ချပေး ... ချပေး ..."

"တက် ... တက် ..."

"ဝိုင်းထားဟေ့ ... ဝိုင်းထား ..."

"ဂျွန်တဲ့ဟေ့ ... ဂျွန်တဲ့ကွ"

ဘောင်းဘီပြာဝတ်လူအုပ်ကြီးသည် အမှောင်ထဲမှ ဘွားခနဲ ပေါ်လာကြသည်။ ရဲတင်းသံမျိုးစုံကို ဟစ်ကြွေးလျက် လက်နက်ကိုယ်စီ ကိုင်စွဲလျက်။ အချို့က မီးတုတ်များကိုကိုင်လျက်၊ အချို့က မောင်းကြီး တွေ တဒူဒူထုလျက်၊ တချို့က အနီအဖြူ အောင်လံကြီးများကို စွင့်စွင့် မားမား ကိုင်ဆောင်လျက်။

"သူပုန်တဲ့တော် ... ဂျွန်သူပုန်တဲ့ ... အောင်မယ်လေး .. ကိုယ်ကျိုးနည်းပါပြီ"

"ဟဲ့ ... သောင်းရင်း၊ စံမြ၊ ပေါက်စ၊ မယ်ပန်း၊ ကလေး တွေ အိမ်ထဲမြန်မြန်ဝင်ကြစမ်း။ ကြားလိုက်ရဲ့လား။ နင်တို့အမေ့လင် တွေက ဂျွန်သူပုန်တွေတဲ့ဟဲ့"

"ပြေး ... ပြေး ... ပြေးဟေ့ ..."

"ဟာ ... ဒီ ... ဝိုင်းတာမ ... သောက်မှန်းကန်းလန်းမသိ အိမ်းတုတ်နေပြန်ပါပြီ။ ဂျွန်သူပုန်ဆိုတာ သူခိုး၊ ဓားပြ မဟုတ်ဘူးဟဲ့။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ကို လူမွေးလူတောင်မပြောင်အောင်၊ နေ့ထမင်း ညထမင်းတောင် နပ်မှန်အောင်မစားရဘဲ ငတ်မသေ သေအောင် ကုပ်သွေးစုပ်နေတဲ့ ကုလားဖြူနှာခေါင်းရှည် မိစ္ဆာတွေနဲ့ ချစ်တီးခွေးကုလားတွေကို ပုန်ကန်ပြီး ငါတို့ နှင်းပြားတွေရဲ့ဘဝကို ကယ်မယ့်၊ 'ဆရာစံ' ကြီးရဲ့ တပ်ဖွဲ့တွေ ဟဲ့ . . . သေမင်းငင်မရဲ့။ တို့ရဲ့ကျေးဖူးရှင်တွေ တို့ရဲ့ကယ်တင်ရှင်တွေ''

''အလိုတော် . . . အဲသလိုများဆို ကျုပ်တို့တွေပါ ဓားဆွဲ၊ တုတ်ဆွဲပြီး ဟောဒီရုံပိုင်မျောက်ဖြူကောင်နဲ့ ဒင်းရဲ့လက်ပါးစေ မန်ကျည်းသီးကုလားတွေကို တစ်ချက်ဖြစ်ဖြစ်ဝင် ဆွမ်းကြီးလောင်းလိုက်လို့ရသပေါ့။ ဟုတ်စ . . . ကိုဖိုးထင်''

''ကွယ် . . . ကျားကိုက်ပါတယ်ဆို အပေါက်ကလေးနဲ့လား လုပ်နေပြန်ပါပြီ။ ပေးစမ်းဟေ့ . . . ငါ့ဓား။ ငါ့သမီးကလေး နုနုထွတ်ထွတ်ကို ပန်းကောင်းအညွန့်ချိုး ဒင်းလုပ်လိုက်လို့ ကြိုးဆွဲချသေသွားခဲ့ရရှာတာ။ ကမ္ဘာကြေတောင် ဥဒါန်းမကြေနိုင်ဘူး။ ဒီကနေ့တော့ ဒင်းသွေးကို သောက်ရပြီပေါ့။ အသက်ထွက်သွားပြီးတဲ့ အလောင်းကောင်ကြီး ဖြစ်ပစေဦး၊ နုပ်နုပ်စင်းပစ်လိုက်မဟေ့။ ဖိုးထင်တဲ့ကွ''

''တော့ . . . ကိုဖိုးထင် . . . ကိုဖိုးထင် . . .''

''ဖိုးထင်ပြောတာ မှန်သဟေ့။ မိစ္ဆာဒိဋ္ဌိ ခွေးကုလားတွေ၊ တို့ခေါင်းပေါ် ချေးတက်ပါနေတာ ကြာလေလှပြီ။ ကိုင်း . . . တစ်ပွဲတစ်လမ်းတော့ စာရင်းရှင်းလိုက်ကြစို့ရဲ့။ ထွက်ကြဟေ့ . . . ထွက်ကြ။ ဗမာမှန်ရင် ထွက်ကြ။ ဗမာ့သွေးစစ်ရင် ထွက်ကြ။ တို့ခေတ်ရောက်ပြီဟေ့''

''ဟေး . . . ဟေး . . . ဟေး . . .''

ဂဠုန်သူပုန်များသည် အင်းရွာဘူတာရုံကလေးဆီ တရမန်း





ကြမ်း ပြေးဝင်လာနေကြ၏။ တချို့က ဘူတာရုံပိုင်နေထိုင်သည့် အုတ်ကြပ်အမိုးနီနီအိမ်ကလေးဆီ ပြေးသွားကြသည်။ အချို့က ဘူတာရုံပိုင် ဘူတာပေါလ်နှင့်ပေါင်းလျက် အင်းရွာတစ်ဝိုက်၌ ထင်သလို မင်းမူသောင်းကျန်းနေကြသည့် ရုံပိုင်၏လက်သပ်မွေးကုလား ကုန်စုံဆိုင် လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်နှင့် အရက်ဆိုင်ကလေးများဆီ တစ်ဟုန်ထိုး ပြေးသွားကြ၏။

မီးတုတ်မီးညွန့်များနှင့် ဂဠုန်သူပုန်တို့၏အလံများသည် တဖျိုးဖျိုးတဖျတ်ဖျတ် လွင့်ပျံလှုပ်ရှား မြူးတူးနေသည်သို့ ရှိတော့၏။

''ဂဠုန်တဲ့ဟေ့ . . . ဂဠုန်သူပုန်တဲ့ကွ''

''စပါးတစ်တောင်း ငါးပဲ၊ ကုလားခေါင်း ဓားဝဲ . . . တဲ့ဟေ့''

''မိစ္ဆာတွေကို သုတ်သင်ကြ''

''ဗမာ့သွေးကို ပြကြ''

''ချပေး . . . ချပေး''

''တက်ပေး . . . တက်ပေး''

ဂဠုန်တချို့သည် ဘူတာရုံကလေးနှင့် ရုံးခန်းကို ထုရိုက်ဖျက်ဆီးပစ်ကြသည်။ စာရွက်စာတမ်း၊ စာအုပ်များကို မီးရှို့ပစ်ကြသည်။ ခဏအတွင်းမှာပင် အင်းရွာဘူတာရုံကလေးသည် မီးတဟုန်းဟုန်း ငွဲလောင်နေပြီဖြစ်သည်။

ရုံပိုင်၏ လက်ပါးစေကုလားဆိုင်များဆီမှလည်း ချက်ချင်းပင် မီးတောက်မီးလုံးကြီးတွေ တက်လာပြန်သည်။ ထွက်ပြေးသည့်ကုလားများအား ဝိုင်းဝန်းရိုက်နှက်သံ၊ အော်သံ၊ ဟစ်သံများသည် ကမ္ဘာပျက်သည်သို့ ပွက်ပွက်ညံနေ၏။

''ပြေးပြီ . . . ပြေးပြီ . . .။ လက်ထောက်ရုံပိုင်ခွေးကုလား



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးပြီဟေ့ ... လိုက်လိုက် ...''

''ကိုရင်စံဦးနဲ့ ကိုရင်ကြက်တောလိုက်စမ်းကွာ။ ခုခ်ရင် အသေသာသတ်ပစ် ...''

''ဟုတ်ကဲ့ ... ကိုညာဏ် ... ဟုတ်ကဲ့''



အရေးတော်ပုံတပ်သား
ဦးကျင်ပု(အင်းကောက်)



အရေးတော်ပုံတပ်သား
ဦးကြက်တော(အင်းရွာ)



အရေးတော်ပုံတပ်သား
ဦးစံဦး(ဇရစ်ပြောင်)

အင်းရွာဘုတာကို စီးရာတွင် ဦးစီးဗိုလ်ဖြစ်သည့် ဗိုလ်ညာဏ် (ကိုညာဏ်ကလေး) ၏အမိန့်ကို ရလျှင်ပင် အင်းရွာအလယ်စုသား ကိုကြက်တောသည် ဘူတာဘေးကျောက်ပုံမှ လက်ဆကောင်းကောင်း ကျောက်ခဲတစ်လုံးကိုကောက်၍ လက်ထောက်ရုံပိုင်ကုလားနောက် အပြေးလိုက်ရင်း ခဲတစ်ပစ်သာသာအကွာမှ အားနှင့်ပစ်လိုက်၏။

လက်မှန်းက တည့်လွန်းလှသည်။ ကျောက်ခဲသည် နောက်စေ့ကို ဒါရိုက်ဟာစ်တည့်တည့် ထိမှန်၏။ လက်ထောက်ရုံပိုင် ဗိုင်းခနဲ ခြေပစ်လက်ပစ် ပစ်၍ လဲကျသွားတော့သည်။

''ဟေး ...''

''အမျိုးယုတ်ခွေးကုလားကို ရိုက်ဟေ့''

စိတ်ကူးသစ်စာပေ



''မိန်းမမြင်ရင် ပုစွန်မျက်လုံးလို ပြူးနေအောင် ငမ်းကြောထတဲ့ နှာဘူးကောင်၊ တဏှာရူးကောင် ခွေးကုလားကို သတ်ဟ''

''ဟဲ့ ... စိန်ခင်တို့၊ လှကြည်တို့ ခင်သီတို့ လာကြအေတို့။ ဗမာမချောချောမှန်ရင် ကုလားမယားပဲဖြစ်ရစေ့မယ်လို့ မူးမူးကန်းကန်းနဲ့ ပါးစပ်သရမ်းထားတဲ့ ခွေးကုလားရဲ့အာကို ဟဲ့ပစ်ကြရအောင်။ ဗမာမရဲ့သွေးကလည်း နီသတဲ့ဆိုတာ ဒါမှ ဒင်းတို့အမျိုးယုတ်တွေသိမယ်။ လာကြဟေ့ ...''

''ရိုက် ... ရိုက်''

''သတ် ... သတ်''

ကွင်းလယ်တွင် မိန်းမတွေဖြင့် ဖွေးဖွေးလှုပ်။ ခပ်ထက်ထက် မိန်းမသူတချို့က 'ဂျပ်တပ်မတော်' အလံကို ကိုင်၍ ပြေးတဲ့ပြေးတင် ပြုနေလိုက်ကြသေး၏။

''ဒိုင်း ...''

''ဒိုင်း ...''

''ဒိုင်း ...''

''ဟ ... ဟ ... ရုံပိုင်မျောက်ဖြူက သေနတ်နဲ့ပစ်သဟေ့။ အရမ်းမတက်ကြနဲ့ ... အရမ်းမတက်ကြနဲ့''

ရုံပိုင်မစ္စတာပေါလ်၏အိမ်ကို ဝိုင်းထားသော ဂျွန်တပ်စုမှာ သေနတ်နှင့် ဆီးကြိုပစ်ခတ်ခြင်းကို ခံလိုက်ကြရသည်။ အင်းရွာသား စံဖဲ ဝဲဖက်လက်ဖျံကို ကျည်ထိ၏။ အုန်းပင်စုရွာသား ကိုရင်တေလေ၏ပေါင်ရင်းကို ကျည်မှန်လေသည်။

''ကိုဖိုးထိန် ... ကိုဖိုးထိန် ...''

''ဗျာ ... ဗိုလ်ညာဏ်''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ... ဟို မျောက်ဖြူအိမ်ခေါင်းရင်းက သရက်ပင်မှာ လှေကားထောင်ထားတာကို တွေ့လား"

"အင်း ... အင်း ..."

"အဲဒီလှေကားနဲ့ အဲဒီရုံပိုင်အိမ်ပေါ်ထပ် ဘေးတံခါးကိုတက်ပြီး ရှင်းပစ်စမ်းဗျာ။ ကျုပ်တို့ ဒီမှာ လှုယောင်ပြပေးနေမယ်"

"ဟုတ်"



ဘာရေးတော်ပုံတပ်သားဦးချစ်ရေး(သာခေညစု)

"ဂျွန် ... ဂျွန် ... ကြွကြွ ..."

သူပုန် ... သူပုန် ... ထ ... ထ ..."

"အရေးတော်ပုံ ... အောင်ရမည် ...

အရေးတော်ပုံ ... အောင်ရမည် ..."

"တက်ပေး ... တက်ပေး"

"ချပေး ... ချပေး"

"ဒိုင်း ..."

"ဒိုင်း ..."

---

စိတ်ကူးသစ်စာပေ



"ဒိုင်း ..."

"အား"

ဟစ်ကြွေးသံ၊ ရဲတင်းသံများ ဟိန်းဟိန်းထနေ၏။ မွှက်ညံ့နေ၏။ ဓားရောင်လှံရောင်များ လက်လက်ပြေးနေ၏။ နဂါးကို ဂျွန်သုတ်နေဟန် 'ဂျွန်တပ်မတော်' အလံကြီးများမှာ စီးစီးမိုးမိုး၊ ခြိမ်းခြိမ်းမောင်းမောင်း။

ရုံပိုင်ကလည်း သူ့အိမ်ထဲမှ သေနတ်ဖြင့် ထပ်ပစ်ပြန်၏။ သည်တစ်ချီ ကျည်တစ်ချက်က လူအုပ်အတွင်းမှ အင်းရွာသားကလေးငယ်တစ်ဦး၏ မျက်နှာကိုထိသည်။ ပါးတစ်ခြမ်းပြတ်ထွက်သွား၏။ နောက်ကျည်တစ်ချက်က သားသည်မအေတစ်ယောက်ကို တည့်တည့်ထိမှန်လျက် ပွဲချင်းပြီး သေစေခဲ့သည်။ သည်တွင် အင်းရွာသားလူအုပ်များကပါ ဂျွန်တပ်များနှင့်အတူ ပူးပေါင်းအုံကြွလာကြတော့သည်။

"မီးတင်ရှို့ပစ် ... မီးတင်ရှို့ပစ် ..."

"ရုံပိုင်မျောက်ဖြူကို သူ့မိသားစုတွေနဲ့အတူ မီးလောင်တိုက်သွင်းပစ်ကြ"

"မီးတုတ် ... မီးတုတ် ... ရှို့ ... ရှို့ ..."

"ချပေး ... ချပေး ..."

"သတ်ပေး ... သတ်ပေး ..."

"ဟော့ ... ဟော့နေကြဦး ... နေကြဦး ... အရမ်းမလုပ်ကြနဲ့။ ခဏစောင့်ကြဦး"

"ဟော့ ..."

"OH! Bastard?"

"ဒုတ်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"Aaa ..., Good save me ..."

ရုံပိုင်သည် ဘေးတံခါးမှ ခုန်ဝင်လာသည့် ဂျွန်တပ်သား ဦးဖိုးထိန်ကို မမြင်လိုက်။ သူ့ရှေ့မျက်စိတစ်ကမ်းမှ လူအုပ်ကြီးကိုသာ မဲ၍ကြည့်နေမိခဲ့သည်။ သူနှင့်အတူ သူ့ဇနီးနှင့်ကလေးများမှာ အကြောက်လွန်၍ တုန်တုန်ရီရီ ငိုယိုလျက်ရှိကြ၏။ ခြောက်လုံးပြူးကို ကိုင်ထားသည့် သူ့လက်များမှာ တဆတ်ဆတ်တုန်နေသည်။ သေနတ်ဆုံလည်ထဲတွင် ကျည်ဆန်က နှစ်တောင့်ပဲကျန်ရှိတော့သည်။ အကယ်၍သာ ...

'ဟော့' ဟူသည့်အသံကို ကြားလိုက်ချိန်တွင် ဖွေးခနဲ ဓားရောင်သည် သူ့မျက်စိရှေ့မှ ကန့်လတ်ဖြတ်ဝဲကျလာပြီး သေနတ်ကိုင်ထားသည့် သူ့ညာလက်ကို လက်ကောက်ဝတ်မှ ခုတ်ချပစ်လိုက်တော့သည်။ မချိမဆန့်အော်သံကြီးနှင့်အတူ သေနတ်ပြုတ်ကျသွား၏။

ညာဖက်လက်မှ သွေးစိမ်းရှင်ရှင်ပန်းထွက်နေသည့် လက်ပြတ်ကြီးကတန်းလန်းကြီး။ ရုံပိုင်ဇနီးနှင့်ကလေးများ ကြောက်လန့်တကြား အော်လိုက်ကြသည့်အသံမှာ အသဲတုန်အူတုန် နိုင်လွန်းနေတော့သည်။

"အယုတ်တမာကောင် ... မျောက်ဖြူ ... ကဲ ... သေဟာ။ ငရဲကို အရှင်လတ်လတ် ဒုတ်ဒုတ်ထိ ရောက်ရော့လဟာ"

"ဝိုး ... ဝှစ် ..."

"Aa ... Aa ... Aa ..."

ဘယက်လည်လျှောက် တန်းခနဲဆွဲ၍ စလွယ်သိုင်းခွဲချသွားသည့် ဓားချက်သည် ရုံပိုင်မစ္စတာပေါလ်ကို ငှက်ပျောတုံးပိုင်းချလိုက်သကဲ့သို့ တုံးခနဲ လဲကျသွားစေခဲ့၏။ အသက်နှင့်ခန္ဓာ စဲခဲ့ပြီ။

အနှစ်နှစ်အလလ မြိုသိပ်ကြိတ်ခဲ၍ ခံနေခဲ့ကြရသည့် ဒေါသ၊ အကြိမ်ကြိမ်အခါခါ တံတွေးတွေနှင့်အတူ မြိုချပစ်ခဲ့ရသည့် တက်ခေါက်





သံတို့သည် အင်းရွာဘူတာရုံဝန်းကျင်၌ အုန်းအုန်းထ ပေါက်ကွဲလောင်မြိုက်လျက်ရှိသည်။

အော်သံဟစ်သံ၊ မာန်သံကြိမ်းသံ၊ ရိုက်သံ၊ နှက်သံ၊ ခုတ်သံ ထစ်သံတို့နှင့်အတူ ငိုကြွေးသံ၊ တောင်းပန်တိုးလျှိုးသံ၊ ကယ်ပါယူပါ အသံများသည် ဟည်းဟည်းထနေသည်။ ဘူတာရုံကလေးနှင့် ဝန်းကျင်ဆိုင်ကလေးအားလုံး မီးတဝုန်းဝုန်း လောင်ကျွမ်းလျက်ရှိ၏။

ဂျွန်တပ်သားအချို့နှင့် ရွာခံလူအုပ်ပေါင်း၍ ရန်ကုန်-ပြည်သွား မီးရထားသံလမ်းပိုင်းများကို ဖျက်ဆီးလျက်ရှိကြရာ သံလမ်းပိုင်းများ၊ ဇလီဖားတုံးများ၊ မူလီအကျိုးအပျက်များမှာ မြင်မကောင်းအောင်ပင် ပြန့်ကျဲပျက်စီးနေတော့သည်။

"ဟင် ... ဒီတရုတ်နဲ့ကုလားကို ဘယ်သူတွေက သတ်ပစ်လိုက်ကြတာလဲကွ။ ဟော ... သူတို့ရဲ့ပစ္စည်းတွေ၊ အိတ်တွေရော ဘယ်ရောက်ကုန်သလဲ"

ဗိုလ်ဉာဏ်သည် ရုံပိုင်၏အိမ်ကို စီးနင်းပြီးသည့်နောက် ဘူတာရုံကလေးဆီသို့ အလျင်အမြန် ပြန်ရောက်လာခဲ့သည်။ သူရောက်လာသည့်အချိန်တွင် ဘူတာရုံအတွင်း ရထားစောင့်နေခဲ့ကြသည့် တရုတ်နှင့်ကုလားတို့ခမျာ ရုပ်ပျက်ဆင်းပျက် သွေးအလိမ်းလိမ်းနှင့် သေနေခဲ့ကြပြီ။ ဓားဒဏ်ရာ၊ တုတ်ဒဏ်ရာများ ဗရပွ။ လူရုပ်မပေါ် လူလုံးမကွဲတော့။ ၎င်းတို့ပိုင်ပစ္စည်းများသည်လည်း တစ်စမကျန် စုပ်စမြုပ်စ ပျောက်လေပြီဖြစ်၏။

"ဘူတာရုံကိုစီးထားဖို့ ဘယ်သူ့ကို တာဝန်ပေးထားသလဲ"

"ဗိုလ်လှဆောင်နဲ့ ကျော်ထူးတို့၊ စံဒွန်းတို့၊ ငမဲတို့ အဖွဲ့ပါ ဗိုလ်ဉာဏ်လှ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်စမ်း ...ကိုယ့်နေရာကိုယ်မနေဘဲ ဘယ်သွားသေနေကြသလဲ"

ဗိုလ်ဉာဏ်သည် ဒေါသမီးကြီး တောက်လျက်ရှိ၏။

"ကျွန်တော်တို့ ရောက်ပါပြီ ...ဗိုလ်ဉာဏ်"

"ဗိုလ်လှဆောင် ..."

"ဟုတ်ကဲ့ ..."

"ဒါဘယ်လိုဖြစ်တာလဲ"

တရုတ်နှင့်ကုလား၏ အလောင်းများကို ခေါင်းညွှန်လျက် ဗိုလ်ဉာဏ်ကမေးသည်။ ဗိုလ်လှဆောင်သည် မျက်နှာပျက်လျက်ရှိ၏။

"ကျုပ်တို့ လက်ထောက်ရုံပိုင်ကုလားကို မိန်းမအုပ်က ဝိုင်းပြီး ထိုးခုတ်နေကြလို့ လက်လွန်သွားမှာစိုးတဲ့အတွက် ပြေးထိန်းနေကြတုန်း လူအုပ်တွေက ခွေးသေကောင် လင်းတဆွဲသလို ဝိုင်းလုပ်ပစ်လိုက်ကြတာနဲ့ တူပါရဲ့။

ကျုပ်တို့တွေလည်း အင်းရွာသူကြီးနဲ့ သူ့လူတွေ လက်နက်တွေနဲ့ ထွက်လာကြတယ်ဆိုလို့ လက်ရမိအောင် အပြေးအလွှားလိုက်ကြတာ မမိလိုက်ဘူး။ ဟောဒီ တူမီးတစ်လက်နဲ့ ဓားတွေ၊ လှံတွေကိုပဲ သိမ်းမိလိုက်တယ်။

လက်နက်တွေကို ပစ်ချထားရစ်ခဲ့ပြီး လူလွတ်ကုန်းကွ ထွက်ပြေးကြလို့ လူတွေတော့ဖြင့် မမိလိုက်ဘူး။ အခြေအနေက ရုတ်တရက်ကြီးဖြစ်လာတာမို့ နောက်ကြောင်းကို မငဲ့ဖြစ်လိုက်ဘူး ..ဗိုလ်ဉာဏ်၊ ကျုပ်အပြစ်ပါပဲ"

"အင်း ...'တောမီးလောင်ရင် တောကြောင်လက်ခမောင်းခတ်' ဖြစ်တတ်ကြတာ ဓမ္မတာပဲလေ။ နို့ပေတဲ့ ...ကျုပ်တို့ရဲ့ ဟောဒီ






အရေးက သာမန်ညောင်ည အရေးမဟုတ်ဘူး။ တစ်မျိုးသားလုံးအရေး၊ တစ်နိုင်ငံလုံးအရေး။ ရောမ အရေးတော်ပုံကြီး။

အဲသဟာကို ...အနုံညာတ သူခိုး၊ ဓားပြ၊ မုဒိန်းကောင် ရာဇဝတ်သားတွေ လုပ်သလိုမျိုး ပစ္စည်းယူ၊ လူသတ် လျှောက်လုပ်နေကြရင် နာမည်ပျက်ကြကရော့ပ။ 'မင်းစံ' လည်း ခဏခဏ မိန့်နေတာပဲဟာ။ ကိုယ်တိုင်လည်း မလုပ်ကြနဲ့၊ ကိုယ့်လက်အောက် တပ်ဗိုလ်တပ်သားတွေလည်း မလုပ်မိကြစေနဲ့။ တို့ဂဠုန်တပ်မတော်ကို အယောင်ပြပြီး ရောင်တော်ပြန်နဲ့ရောကြိတ်မဲ့ တောကြောင်တွေရဲ့ ရန်ကိုလည်း ကြပ်ကြပ်သတိထားကြဆိုတာလေ ...ဟုတ်စ"

"ဟုတ်ကဲ့ ..."



'ဂဠုန်တံ ...ဟေ့' (ဂဠုန်တပ်မတော်၏ အောင်လံတံခွန်)




www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ထား ... ထား ... အင်းရွာက တို့ အထောက်တော်တွေကို ကျကျနန သကြိုလ်ပေးဖို့ စီစဉ်ပေးထားခဲ့ကြ ကြားလား။ ကွမ်းတစ်ယာ ညက်လောက်မှာ ကျွဲချိုမှုတ်သံကြားရင် တပ်ကိုစစ်ပြီး ဆုတ်ဖို့ ပြင်ကြ။ လက်နက်နဲ့ အစိုးရပိုင်ပစ္စည်း၊ မျောက်ဖြူအင်္ဂလိပ်တွေရဲ့ ပစ္စည်းတွေမှအပ ဘာပစ္စည်း၊ ဘယ်သူ့ပစ္စည်းကိုမှ အပ်တိုတစ်ချောင်းတောင် မယူခဲ့ကြရဘူး။ အဲဒါသေချာအောင် ဗိုလ်လှဆောင်ကိုယ်တိုင် လိုက်ပြီးဆော်ဩပါ ... ဟုတ်စ"

"ဟုတ်ကဲ့"




'တံခွန်တွေ၊ အလံတွေ ရဲမာန်ဟူးလောက်ပေ'
(ဂဠုန်တပ်မတော်၏ တိုက်ပွဲဝင်အလံ)





နံနက်ဦးသည် လင်းကျင်းလာခဲ့ပြီ။

အင်းရွာတစ်ရွာလုံး အုန်းအုန်းကြွက်ကြွက် ဂဠုန်တပ်ဖွဲ့များအား ဟစ်အော်အားပေးလျက်ရှိကြ၏။ တက်ကြွထက်သန်လွန်းသူ လူငယ်တချို့က ဂဠုန်တပ်ဖွဲ့သို့ လာရောက်ပေါင်းစည်းကြ၏။ ဂဠုန်အဖွဲ့နှင့် တစ်ပါတည်းလိုက်ပါတော့မည် တကဲကဲလုပ်နေသူတွေက ဒုနှင့်ဒေး။

ရွာသားတချို့ကမူ အင်္ဂလိပ်အလိုတော်ကို အင်းရွာသူကြီးနှင့် ရွာခေါင်းအချို့အား လက်ရဖမ်းဆီးနိုင်ရန် မြေလှန်ရှာဖွေလျက်ရှိကြ၏။ အင်းရွာဘုတာရုံအလံတိုင် ထိပ်ဖျား၌ ဂဠုန်တပ်မတော်၏ တိုက်ပွဲဝင်အလံကား လေဝယ်တလွင့်လွင့်။

"ကြည့်စမ်းဟေ့ ... ကြည့်စမ်း ... ဘုန်းကြီးဦးဂန္ဓမာရဲ့ ကျောင်းကြီးပြဿာဒ်ဖျားမှာ ဂဠုန်အလံကြီးမဟုတ်လား"

"အေး ... တို့ကျောင်းဘုန်းကြီးကတော့ ဘာမထီပဲဟေ့။ တော်ကြာနေ ... ငှက်ကြီးတောင်ဓားဆွဲပြီး ဂဠုန်ထဲကို လူဝတ်လဲပါမသွားရင် ကံကောင်း။ ဟား ... ဟား ... ဟား ..."

"တူ ... တူ ... တူ"

"တူ ... တူ"

"တူ ..."

ဂဠုန်တပ်သားများသည် သူတို့ရောက်လာစဉ်ကအတိုင်းပင် ရုတ်ခြည်း ပျောက်သွားခဲ့ကြပြန်သည်။

သို့နှင့်တိုင် ... 'ငတ်ရင်းမသေတိုက်ရင်း သေမယ်' 'လွတ်လပ်ရေးကို သွေးနဲ့လဲကြ' 'တို့တိုင်းတို့ပြည်အတွက် ပေးစရာ ချွေးနဲ့ သွေးပဲရှိခဲ့ရင် အဲဒီ အသက်၊ သွေး၊ ချွေးတွေကို ဂဠုန်တပ်မတော်နဲ့ အတူ တိုက်ရင်းပေးဆပ်ကြ' ဟူသော စကားသံများသည်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



'ဂျွန်'၊ 'ဆရာစံ'၊ 'လွပ်လပ်ရေး'၊ 'အရေးတော်ပုံ' ဟူသည့် စကား အက္ခရာများသည်လည်း အင်းရွာတွင် ကမ္ပည်းတင်ထားခဲ့ပြီဖြစ်၏။

တသဲ့သဲ့ဝေးသွားပြီဖြစ်သည့် ဂျွန်တပ်သားတို့၏ ကြွေးကြော်သံများသည် အင်းရွာကလေးကို ရင်တခုန်ခုန်ဖြစ်စေအောင် လွှမ်းမိုးထားဆဲပင် ...။

"အရေးတော်ပုံ ...

အောင်ရမည် ... အောင်ရမည်"

✿ ✿ ✿

| ၅ |

❑

"အစ်ကိုကြီး ... အစ်ကိုကြီး ... ကိုအုန်းဖေ"

"ဟော ... ထွန်းရှိန်နဲ့ ကံကြီးတို့ပါကော။ ဘာလဲဟ၊ ဘာဖြစ်လာကြပြန်သတုံး။ ပြေးပြေးလွှားလွှား။ မင်းတို့နောက်ကပဲ ကျားလိုက်လာတော့သလိုလို။

"ကျားထက် ဆိုးသေးဗျို့။ တောခေါင်းကြီးကိုရွှေတူးနဲ့ သူကြီးကိုစိန်နတို့ အရက်မူးမူးနဲ့ မွှေနေကြတာ ရွာတောင်ပိုင်းတော့ ထောင်းလမောင်းကြဲနေပေါ့။ အဲဒါ ... အခု ကျုပ်တို့ဝိုင်းတိုက်ဘက်ဆီကို လာရဲ့ဗျို့။ ပြီး ... ဆေးထိုးထားတဲ့ ဂျွန်အသင်းသားတွေကိုရှာပြီး သေနတ်စမ်းကြမလို့တဲ့။ ကျည်ကို မီးကူး၊ မကူး၊ တကယ်တမ်း သေနတ် ပြီးမပြီး လက်တွေ့သိချင်သတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလကွာ . . . အဲဒါ ငါနဲ့ဘာဆိုင်တုံးဟ။ နေသာသ
လေညာကပါ မောင်ရာ"

"နေသာမနေနဲ့။ ခင်ဗျားရဲ့ အစ်ကိုကြီးဟာ ဂျွန်တပ်ဗို
ဗိုလ်အုန်းဖေဆိုတာကို ဒီကောင်တွေ သိသွားကြပြီ"

"ဟေ . . ."

"ဟုတ်တယ် . . . 'ခ' ဂျွန်တပ်သား၊ သစ္စာခံထားတာ မကြ
သေးတဲ့ မောင်သောင်းကြီးက အရက်ဝိုင်းမှာ လွှတ်ခနဲပြောချလိုက်
တာတဲ့ခင်ဗျ။ မောင်သောင်းကြီးက ကြောက်ကြောက်နဲ့ပဲ ကျုပ်ကို လာ
ပြေးပြောရှာတာ"

"ဟာ . . . တယ်အမိုက်မွေ့တဲ့ အကောင်ပဲ။ အိပ်ရာအောက်
ရေဝင်ကွာ။ မနက်ကိုပဲ ငါက ခရီးထွက်ရတော့မှာ"

ဗိုလ်အုန်းဖေမှာ ပြောနေရင်းကပင် ရင်တထင့်ထင့် ဖြစ်
လာသည်။ မောင်သောင်းကြီးက သင်းတို့အား မည်သည့်အတိုင်းအတာ
အထိ စကားကျွံခဲ့ပြီနည်း။ မိမိတို့အရေးတော်ပုံနှင့် စပ်လျဉ်း၍ မည်
အထိ သတင်းပေါက်ခဲ့ပြီနည်း။

"နို့ . . . နေပါဦးကွ။ တောခေါင်းက သစ်တောထဲမှာ သူ့ဘာသာ
မနေဘဲ တို့လှည်းလမ်းကူးရွာထဲအထိ ဘာလာလုပ်ရပြန်တာတဲ့တုံး။ သူ
အလုပ်ဘာရှိလို့တုံးဟ"

"ရွာထဲကအိမ်တွေကို ထင်းနဲ့ဝါး လိုက်စစ်တာတဲ့လေဗျာ။ တော
ခွန်ဆောင် ပြီး၊ မပြီး၊ ထင်းခွန်လက်မှတ် ရှိ၊ မရှိ လိုက်စစ်ကြတာတဲ့
အကြောင်းမရှိ အကြောင်းရှာတာပါဗျာ။ ဒါ သူကြီးကိုစိန်ရဲ့ ဉာဏ်ပါ

သူငြိုးထားတဲ့သူနဲ့ အလွမ်းမသင့်တဲ့လူတွေကို ဒင်းက နှိပ်
စက်ချင်ပြီဟေ့ဆိုရင် ဆင်နေကျ ထွင်လုံးမျိုးတွေပါ။ သူ့အမေလင်တွေ





နဲ့ပေါင်း၊ အာဏာပါဝါပြ၊ ထင်သလိုဖြဲချောက်။ အဲ . . . သူ့ခွင်ထဲ ဝင်ပြီ
ဆော့ဆိုရင်ဖြင့် ဆင်နင်းတဲ့ယပ်တောင်ကမှ ခံသာလေဦးမယ်။ ပြားပြား
ကို ကပ်ကရောပဲ"

"ဟ . . . တို့စီနစ်ခွတို့၊ လှည်းလမ်းကူးတို့၊ ရေတိုက်တို့၊ ဖား
ချောကျော်တို့ဘက်မှာ ဘာတောခွန်ထင်းခွန်လက်မှတ် ရှိရမလဲ ကိုရင်
ရဲ့ ဆရာကြီးဦးစံကျော်ပြောသလို တို့တိုင်းတို့ပြည်မှာ အလေ့ကျဘာသာ
ဘာဝပေါက်နေတဲ့ သစ်နဲ့ဝါးကို ငါတို့က ဘောက်မဲ့ကြောင့် သင်းတို့
ကုလားဖြူ နှာခေါင်းရှည်တွေကို အမိန့်ခံပြီး ခုတ်နေသုံးနေရဦးမှာတုံး။

ကိုယ့်မြေ ကိုယ့်ယာဟာ ကိုယ့်ဗမာတစ်မျိုးသားလုံးအတွက်
ပဲ မဟုတ်လား။ သဘောရှိကရောဟိုပ။ ခုတ်ကြစမ်း . . . သုံးကြစမ်း။
သင်းခုတ်ဖို့ပဲ လူတစ်ကိုယ်ကို တစ်နှစ် ထင်းခွန် (၁၆) ဆောင်ရဦးမတဲ့။
လူညွန့်ခူးလိုက်များပုံကတော့ အဲဒါကြောင့် ငါတို့ 'ဝံသာနုအသင်း' မှ၊
'ဘူးအသင်း' မှ၊ 'ဂျွန်မှ' အတိုင်း ခိုးမခုတ်နဲ့၊ ပြောင်ခုတ်။ ဘာအခွန်
မှ မပေးကြနဲ့လို့ ပြောပြီးသားပဲဟာ"

"ဟုတ်သလေ . . .။ ဒါပေတဲ့ . . . ဆရာစကြီးက အစိုးရမှ
မဟုတ်တဲ့ဟာ"

"ခွီးတဲ့မှ . . . ကံကြီး။ ဒီကနေ့မဟုတ်တောင် နက်ဖြန် ဟုတ်
ချင်ဟုတ်နေမှာပေါ့ဟ . . . လူရဲ"

"အဲဒါတော့ သိဘူးလေကွာ။ ကိုရွှေတူးနဲ့ သူ့နောက်လိုက်
တွေ သူကြီးငစိန်နဲ့ပေါင်းပြီး လက်မှတ်မပြနိုင်တဲ့သူကို သေနတ်ဒင်နဲ့
ဆောင့်၊ ကြိုးနဲ့တုတ် ရိုက်လိုရိုက်၊ ဖနောင့်နဲ့ ပေါက်လိုပေါက်၊ အိုးခွက်
ပန်းကန်တွေ ရိုက်ခွဲ၊ ထင်တိုင်းကျဲနေကြတာတော့ဖြင့် ရွာတောင်ချေး



www.burmeseclassic.com

www.burmeseclassic.com



က ဘာတွေးမြတ်နိုး ဘိုးထွန်းပေါ်ကြီးတို့တောင် အရိုက်မလွတ်ဘူးတဲ့ ခင်ဗျား။ 'တောခေါင်းစက်' နဲ့ 'သူကြီးစက်' က သိကြားမင်း ဘွဲ့ပြု လက်နက်ထက် စွမ်းနေမင့်သကော''

''ဟုတ်တယ် အစ်ကိုကြီး။ ခရီးထွက်ဖို့ရှိမင့်ကို ခထာတိမ်း နေလိုက်ပါတော့လား။ ဒင်းတို့လက်ထဲမှာ နှစ်လုံးပြူးသေနတ် အားကိုး ကြီးနဲ့ ရမ်းနေကြတာ။ ဘယ်သူ့မှ လူထင်ကြတာ မဟုတ်ဘူးရယ်''

''ဟော ... ဟော ... ပြောရင်းဆိုရင်း ခေါ်စာမချဘဲ ကြွလာ ပါပြီဗျာ ... ဂြိုလ်မင်းတွေ''

ရွာလယ်လှည်းလမ်းကလေးအတိုင်း ဖုန်တသောသောဖြင့် လာနေကြသူ လူတစ်စုကို လှမ်းမြင်နေရသည်။ စကားကျယ်လောင် ပြောသံ၊ အော်ကြီးဟစ်ကျယ် ဟားတိုက်ရယ်မောသံတို့သည် လှည်း လမ်းကူးရွာ၏ အဓိပတိ သူကြီးမင်းကိုစိန် မှုပိုင်အမှတ်လက္ခဏာပင် ဖြစ်ကြောင်း ရွာလုံးကျွတ် အလိုလိုသိ၏။

''ဒိုင်း ...''

''ဖုန်း ... ဂလုံ ... ဂလုံ''

တောခေါင်းကြီး ရွှေတူးသည် ဗိုလ်အုန်းဖေ၏ အိမ်တံစက် မြိတ်တွင်ချိတ်ဆွဲထားသည့် 'ဗုဒ္ဓဝါယမအသင်း' ဆိုင်းဘုတ်ကို သေနတ် ဖြင့် လှမ်းပစ်လိုက်သည်။ ဆိုင်းဘုတ်သည် တစ်စစီ ကျိုးပဲ့လွင့်စင် သွားသည့်အပြင် အိမ်အမိုးများပါ စုတ်ပြဲသွား၏။

ဗိုလ်အုန်းဖေသည် အရေးအကြောင်းရှိက အသင့်ဖြစ်စေရန် ဓားသွေးဟန်ပြုနေရာမှ ဆောင်ဓားကို စွေ့ခနဲ လက်ဆွဲလျက် ထလာခဲ့ ၏။

''ဘာလဲကွ ... မင်းတို့ကို မင်းတို့ဆရာကြီးက ပြီးဆေးတိုး





ပေး၊ အင်းချပေး၊ အပ်သွင်းပေးထားလို့ အဲဒါတွေအားကိုးနဲ့ ငါတို့ကို အာခံဖို့ ထလာတလား''

''မဟုတ်ပါဘူးဗျာ''

''မဟုတ်ရင် ဘာလို့ထလာသလဲ ... ဟင် ... ခွေးမသား''

တောခေါင်းကြီးရွှေတူးနှင့် သူ့လူများသည် လွှန်လွှန်ကဲကဲ မူး ယစ်နေကြပြီဖြစ်သည်။ သူကြီးမောင်စိန်သည်လည်း ရေချိန်လွန်၍ လျှာ လေးအာလေး ဖြစ်နေပေပြီ။

လှည်းလမ်းကူးရွာကလေးမှ အိမ်ရှိလူကုန်နီးပါး တရုန်းရုန်း ထွက်လာကြ၏။ ဗိုလ်အုန်းဖေ၏ လက်ရင်းတပည့် ဂျွန်တပ်ဖွဲ့ဝင်အချို့ သည်လည်း အရေးမလှုပ်ခဲ့လျှင် တစ်ပွဲတစ်လမ်းတွေ့နိုင်ရန် လက်နက် ပုန်းကိုယ်စီဖြင့် မယောင်မလည်ဖြင့် အသင့်ရှိနေကြပြီဖြစ်၏။

''ဒီလိုပါ ... ကိုရွှေတူးရယ်။ ကိုရွှေတူးရော ... ကျုပ်တို့ သူကြီးရော မြန်မာတွေချည်းပါပဲ။ ကျုပ်တို့ ရပ်သူရွာသားတွေလည်း မြန်မာတွေပါပဲ။ ကိုယ့်သွေးချင်းကိုယ့်သားချင်းတွေအချင်းချင်း တစ်ပြည် တစ်ရွာသားလက်အောက်မှာ ညီညွတ်စည်းလုံးပြီး ရိုင်းပင်းကြရမယ့် ဟာကို ဘာလို့ ဇာတ်တူသား စားချင်နေရတာလဲလို့ မေးချင်လို့ပါဗျာ''

''အောင်မယ်လေးဟဲ့ ... လူရာ။ ခွေးပါစပ်က နတ်စကား ထွက်လို့၊ ရာရာစစ''

''ပြီးတော့ ကျွန်တော်ရဲ့ ဗုဒ္ဓဝါယမအသင်းဆိုင်းဘုတ်ကို ဘာ အကြောင်းကြောင်းများ သေနတ်နဲ့ ပစ်ရတာလဲဆိုတာကိုလည်း သိချင် လို့ပါ''

''ကြိုက်ပဟေ့ ...။ ပစ်ချင်လို့ ပစ်တယ်ဆိုရင် ကောကွာ။ ကဲ ...''



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . အုန်းဖေ . . . မင်း တယ်သောက်စကားများပါကလား။ ဒါ အင်္ဂလိပ်အစိုးရရဲ့ အရာရှိမင်းတွေ . . . ဟာကောင်ရ။ ထင်းခွန်သစ်တောခွန် လာစစ်ကြတာ။ မင်းက ဘာကောင်မို့ မေးလားစမ်းလား ဖိကျောင်းမင်းရေကင်းပြလား လုပ်နေရသဘုံး"

"သူကြီးရယ် . . . လက်နက်အားကိုးနဲ့ ထင်သလို ပေါက်လွှတ်ပဲစားလုပ်နေတာကြီးကို ဒီအတိုင်း ကြည့်နေရတော့မလားခင်ဗျ။ သူကြီးရဲ့လူတွေကိုလည်း ကြည့်ပါဦး။ ကြည်ညိုလေးစားချင့်စဖွယ် ဆင်းသွင်ရုပ်ဝါတွေရော ရှိကြသေးရဲ့လားလို့"

"တယ် . . . ဒီအကောင် . . . ပြောနေရင်းက . . ."

"ဘယ်လိုလဲ . . . သူကြီး . . . ခင်ဗျားအကောင် တယ်စွာပါကလား။ မဟုတ်မှလွဲရော . . . ခင်ဗျားအကောင်ဟာ 'ဂျွန်' ဆိုလား၊ 'နှံပြည်စုတ်' ဆိုလား၊ အဲဒီဂိုဏ်းကပဲထင်ရဲ့။ ကဲ . . . အဲဒီတော့လည်း တကယ် သေနတ် ပြီး မပြီး ပစ်စမ်းကြည့်လိုက်ရသေးတာပ။ ဟုတ်စ"

'ဂျောက်' ခနဲ သေနတ်မောင်းတင်သံနှင့်အတူ နှစ်လုံးပြူးသေနတ်ပြောင်းကြီးက ဗိုလ်အုန်းဖေထံ တည့်တည့်ကြီးချိန်လာသည်။

လူအုပ်ကြီးသည် 'ဟာ'၊ 'ဟင်၊ 'ဟယ်'၊ 'အို' တွေဖြင့် ထိတ်လန့်ချောက်ချားသွားကြ၏။ မကြည့်ရက်၊ မကြည့်ရဲသူတို့မှာ မျက်စိမှိတ်လျက် ခေါင်းများငုံ့ထားကြသည်။

"မလုပ်နဲ့"

"ရွှေတူး . . . မင်းမူးနေပြီ"

သူကြီးက အမူးလွန်နေသည့်အထဲမှပင် ကာကာဆီးဆီး တားလိုက်မိသေး၏။ သို့သော် ရွှေတူးက ပစ်ခလုတ်မောင်းကို ဆွဲလိုက်ခဲ့ပြီး ဖြစ်သည်။

---





"ချောက်"

"ဟင် . . ."

"ဟာ . . . မီးမကူးဘူးဟေ့ . . . မီးမကူးဘူး"

"ချ . . . ချ . . ."

"သတ်ဟ . . . သတ်ဟ . . ."

"ကုလားကျွန် လက်ကိုင်တုတ်တွေကို သတ်ဟေ့"

လူအုပ်သည် သတိလက်လွှတ်ဖြစ်ကာ ဒေါသတွေ ပေါက်ကွဲသွက် ရွှေတူး၊ ငစိန်တို့အဖွဲ့ကို ဝိုင်းခနဲ ကျားအုပ်သလို ခုန်အုပ်လိုက်ကြသည်။ ရွဲမိရွဲရာ လက်လှမ်းသင့်ရာ တုတ်၊ ဓား၊ လက်နက်များဖြင့် သိုးခုတ်သတ်ဖြတ်ကြ၏။

"ကံကြီးရေ . . . သေနတ်နဲ့ကျည်တွေ အရသိမ်းဟေ့။ တို့တွေလည်း လစ်ကြစို့။ 'က' ဂျွန်မှန်သမျှ အကုန်စုပြီး ငါချိန်းထားတဲ့ ရေတိုက်ဘက်အတွက် ထိန်ပင်ကြီးဆီလာခဲ့ကြလို့။ ကြားလား"

"ဟုတ်ကဲ့ . . . အစ်ကိုကြီး"

"မြင်းကြီး . . . 'ရွှေနီ'ကို ငါယူသွားမယ်။ အဘကိုတော့ အရေးတော်ပုံကြီးပြီးမှပဲ ရွာကိုပြန်ဖြစ်တော့မယ်လို့ ငါက ဦးတင်ခဲ့ပါသေးရဲ့လို့ ပြောလိုက်ပေတော့။ ဟုတ်ပလား"

"ဟုတ်"

"ပေး . . . ပေး . . အဲဒီသေနတ်နဲ့ ကျည်အိတ်။ ကဲ . . . ငါသွားပြီဟေ့။ မင်းနဲ့ထွန်းရုံတို့ ချက်စုတို့၊ ငမွေးတို့၊ တို့တပ်ဖွဲ့လူစု(၅၀) ကျော်ကိုစုပြီး သန်းခေါင်မကျော်ခင် ထိန်ပင်ကြီးဆီ အရောက်လာခဲ့ကြ။

---



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အစ်ကိုကြီး"

"သွားပဟေ့"

လူအုပ်စုကြီး၏ လက်ချက်ကြောင့် သူကြီးမောင်စိန်နှင့် တောခေါင်းကြီးရွှေတူးတို့ ခုနစ်ဦးစလုံး အသက်ပျောက်ခဲ့ကြပြီဖြစ်သည်။

ရွာလယ်လှည်းလမ်းအတိုင်း မြင်းခွာသံတဖြောင်းဖြောင်း ဖုန်လုံးကြီးတလိမ့်လိမ့်ဖြင့် ဒုန်းစိုင်းသွားသည့် မြင်းကြီးရွှေနီနှင့် ဘုန်းဖေကြီးကို ငေးကြည့်ရင်း ရွာကလေးသည် အုတ်အုတ်ကျက်ကျက် ဆူဆူညံညံနှင့် ကျန်ရစ်ခဲ့တော့သည်။

✿ ✿ ✿

[ ၆ ]

❑

"ဟော ... လာဗျို့အိုင်ဆေး ... ကျုပ်တို့လည်း ခင်ဗျားကိုပဲ မျှော်နေမိကြတာ။ နိုင်ပီထိပ်တင်ညွှန့်တစ်ယောက်တော့ဖြင့် စောစောက သေနတ်သံတွေကြားရတဲ့ ထောင်ကြီးဘက်ဆီကို လိုက်သွားလေရဲ့"

တစ်စုံတစ်ရာကို အလေးအနက်တွေးနေဟန်ရှိသည့် မစ္စတာအိုကွန်နားသည် သာယာဝတီခရိုင်ကလပ်၏ Ball Room ကြီးထဲသို့ ခပ်အေးအေးခပ်မှန်မှန်ဝင်လာသည့် အိုင်ပီးမင်းခေါင်ကို မြင်လျှင်မြင်ချင်းပင် ဖက်လှဲတကင်း ဆီးကြိုနှုတ်ဆက်လိုက်၏။ အလွန်အမင်း ပင်ပန်းနွမ်းနယ်နေဟန် မျက်နှာနေထဲမှပင် သူ၏ခင်မင်နှစ်လိုမှုကို အတိုင်းသားမြင်နေရသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အိုင်ဆေး ... မစ္စတာ အိုကွန်းနား။ ကျုပ်က ခင်ဗျားကို ဘုရင်ခံကြီးတဲ့အဖွဲ့နဲ့အတူ ဟသာ်တာဘက်ကိုပါသွားပြီလို့ ထင်နေတာဗျ။ ဘယ့်နှယ် ... ဒီမှာပဲ ကျောက်ချနေရစ်ခဲ့ရတာလဲ ... အလို ... အလို။ ခင်ဗျားကိုကြည့်ရတာ တစ်နေ့လုံးတစ်ညလုံး အိပ်ခဲ့ရသေးပုံလည်း မရပါကလား"

"ထိုင်ပါဦးဗျာ"

အိုကွန်းနားက နွမ်းဖျော့ဖျော့အသံဖြင့် ဆက်တီဆိုဖာခုံကို လက်တစ်ဖက်က ညွှန်ပြရင်းက ပြောဏ်။

အိုင်ပီမင်းခေါင်မြင်နေရသည့် မစ္စတာအိုကွန်းနား၏ မြင်ကွင်းသည် ဆံပင်များ ပွပွယောင်းယောင်း မျက်ဝန်းကြီးများနီရဲလျက် နှစ်ရက်စာခန့် မရိတ်မပယ်ရသေးသည့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများဖြင့်ဖြစ်သည်။

အဝတ်အစားမှာလည်း ဘုရင်ခံဆာ ဂျေအေမောင်ကြီး၏ ဒါဘာပွဲနေ့ကအတိုင်း မလဲမဖယ်သေးဘဲဖြစ်ရာ နွမ်းနွမ်းကြေကြေဖြစ်၍နေသည်။ အိုကွန်းနားသည် အလုပ်ဇောကပ်ပြီဆိုလျှင် မအိပ်မနေ ဦးစွန်းဖက်က ကျားစီးဖျားစီးလုပ်လေ့ရှိမှန်း သူ့ကိုယ်ကိုသူလည်းကောင်း၊ ဘေးဘီဝန်းကျင်ကိုလည်းကောင်း လုံးဝမေ့လျော့လျက် သူ့အလုပ်ထဲ၌သာ သူ့တစ်ကိုယ်လုံး နှစ်မြှုပ်ထားလေ့ရှိတတ်မှန်း သိခဲ့ပြီးသည့်တိုင်အောင် ယနေ့မြင်တွေ့ရသလောက် ပုံပျက်ပန်းပျက်နွမ်းနယ်နေပုံမျိုးကို ရှားတောင့်ရှားပါးတွေ့ကြရခြင်း ဖြစ်သည်။

နွမ်းဖတ်ဖတ်ကြီးဖြစ်နေလိုက်သည်မှာ သူ့မှုပိုင် မျက်ဝန်းတောက်တောက်လက်လက် စိမ်းလဲ့လဲ့လေးများမှ မီးလျှံမီးပွင့်တို့ တဖျတ်





ဖျတ် အသက်ဝင်မနေခဲ့လျှင် အဝတ်ပုံကြီး အပုံလိုက် ပစ်ချထားသလို ရှိတော့၏။

"အိုင်ဆေး ... နွမ်းလှချည့်ကလား။ ခင်ဗျား ဘာအရေးတော်တွေများပေါ်နေလို့ ဒီလောက်တောင် သဲကြီးမဲကြီး ဖြစ်နေရပြန်တာလဲဗျ ... ဟင် ... မစ္စတာအိုကွန်းနား"

"တစ်ဆိတ်ဗျာ ... အိုင်ပီမင်းခေါင်ရေ ... ဝဲလ်ဘုန်းတို့ ရုပ်တဲလ်ဝပ်ကြီးတို့ရဲ့ ပုလိပ်နဲ့ စုံထောက်ဌာနတွေက အတော်ဆုံးလူတွေကိုသုံးပြီး အလုပ်လုပ်နေကြတယ်ဆိုပေမယ့် လူတို့ရဲ့ ပကတိဉာဏ်အမြင်လောက်နဲ့ ဝေဖန်စဉ်းစားလို့မရနိုင်တဲ့ ရှာရှာဖွေဖွေ၊ ခဲခဲခက်ခက်ကိစ္စတွေတော့ ပက်ပင်းကြီး ကြုံနေရပြီနဲ့တူရဲ့ဗျို့။

ကျုပ်တော့ ဒီကိစ္စတွေကို တွေးရကြံရလွန်းလို့ ထုံနေပြီ။ စိတ်အသစ်၊ ဉာဏ်အသစ်နဲ့ဝင်ပြီး စဉ်းစားပေးမယ့်သူလိုနေပြီ။ အဲဒီလူကလည်း ခင်ဗျားလိုလူစားမျိုးမှပဲ ဖြစ်လိမ့်မယ်လို့ ကျုပ်ထင်တယ်။ ကျုပ်တွေ့ဖူးသမျှ ထောက်လှမ်းရေးသမား လူစားအမျိုးမျိုးထဲမှာ ပြဿနာအရှုပ်အထွေးကြီးထဲကို နစ်မသွားကျွံဝင်မသွားဘဲ ပြဿနာပုံကြီးရဲ့ဘေးမှာ စိမ်ပြေနပြေ သွေးအေးအေးနဲ့ထိုင်ပြီး ကသိဏ်းရှုတတ်တဲ့လူမျိုးကတော့ ခင်ဗျားတစ်ယောက်ကိုပဲ တွေ့ရဖူးသေးတယ် အဲဒါကြောင့် ..."

"အလို ... တယ်ဆိုတဲ့ စာပါလားဗျို့ ... ကျားသားမိုးကြိုး။ ခင်ဗျားတို့ အင်္ဂလန်ကျွန်းသားတွေရဲ့ ပါးစပ်က ဒီလိုစကားမျိုးများဟာ ကြားရခဲမျှ ခင်ဗျ။ ဒီကနေ့ကိုတော့ မမေ့ရလေအောင် တိုင်မှာထုံးတို့ မှတ်ထားလိုက်ရတော့မှာပဲ။ ကဲ ... ကဲ ... မစ္စတာအိုကွန်းနားလိုပုဂ္ဂိုလ်ရဲ့ နှလုံးသားကိုတောင် နင့်နင့်နဲနဲ ဆုပ်ဆွဲထားနိုင်တယ်ဆိုမှဖြင့် ကိစ္စတော်ရဲ့



www.burmeseclassic.com

ပြဿနာတော့ ဘယ်ဟုတ်လိမ့်မလဲ . . . ဟုတ်စ။ မှန်း . . . ကြားကြရအောင်ဗျို့''

''လူ့လောက လူ့သဘာဝရဲ့ လုပ်ရိုးလုပ်စဉ် နည်းလမ်းမျိုးတွေမဟုတ်ဘဲ လူ့လောကမှအပ ဝိညာဉ်လောက၊ တစ္ဆေလောကဆိုတာတွေကို ခင်ဗျား ယုံကြည်သလား။ လက်ရောလက်ခံသလား''

''ဘယ်လိုဗျာ . . .''

''ကျုပ်တို့ ပြည်မြို့မှာ တွေ့ခဲ့ဖူးတဲ့ ဦးနေရတန်ဆိုတဲ့ ဟိုလူကြီးဆီက ကြုံခဲ့ဆုံခဲ့ရသလိုမျိုး။ ဟိုဗျာ . . . ဘာတဲ့ . . . 'ဂမ္ဘီရ . . . ဂမ္ဘီရ'။ ဟုတ်တယ် . . . ဂမ္ဘီရကိစ္စဆိုတာမျိုးတွေကို ပြောတာ။ ဥပမာဗျာ . . . မှော်ပညာ၊ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ မန္တန်၊ ပြီးဆေး ဆိုတာမျိုးတွေပေါ့''

''သြ . . . အိုင်ဆေးက လူသာမန်တွေမသိတဲ့ နားမလည်တဲ့ ယုံကြည်ဖို့ခက်ခဲတဲ့ ပညာတစ်ခုခုနဲ့ လွှမ်းမိုးစေစားနိုင်တာမျိုးကိစ္စတွေမှာ အာရုံကျနေတာပ ဟုတ်စ''

''အင်း . . . ဆိုပါတော့လေ''

''ဟုတ်ပြီ . . . လူရဲ့ စိတ်တန်ခိုး၊ စိတ်အင်အား (will power) ဆိုတာကိုတော့ဖြင့် မစ္စတာအိုကွန်းနား ယုံတယ်၊ လက်ခံတယ်နော်၊ လူ့စိတ်ဟာ တန်ခိုးကြီးတယ်။ အကောင်းဘက်ရော အဆိုးဘက်ရော နှစ်မျိုးစလုံး အသုံးချနိုင်တယ်။ ဟုတ်ရဲ့လား''

''အင်း . . . အဲဒါကတော့ ငြင်းစရာမရှိတဲ့ အချက်တွေပဲ''

''ကဲ . . . ဒီလိုဆို၊ လူ့စိတ်ဟာ ဝါယာလက် (Wireless) ကိရိယာလိုပဲ ကျကျနန စီမံပြင်ဆင်ထားရင် ရုပ်ခန္ဓာကြီးရဲ့ အပြင်ဘက်က မမြင်နိုင်တဲ့ တန်ခိုးတွေ၊ စိတ်အင်အားတွေကို ဖမ်းယူနိုင်တယ်၊





စေလိုရာကို စေလွှတ်နိုင်တယ်၊ အဲဒါကိုရော ယုံသလား''

''မမြင်နိုင်တဲ့ တန်ခိုးဣဒ္ဓိပါတ်တို့ ဘာတို့ဆိုတာတွေကိုတော့ လက်တွေ့မျက်တွေ့မဟုတ်ဘဲ ယုံဖို့ခပ်ခက်ခက်ပဲ''

''ဟုတ်ပြီ . . . ဟုတ်ပြီ။ အိုင်ဆေး . . . ဂလန့်တိုက်ပြီး မေးတယ်လို့လည်း မထင်နဲ့။ မေးရမယ့်မေးခွန်းမို့ မေးဖြစ်အောင်တော့ မေးလိုက်စမ်းပါရစေ''

''မေးပါ . . . အိုင်ပီ . . . မေးပါ''

''ယေရှုကိုယ်တိုင် တန်ခိုးပြာဋိဟာပြခဲ့တယ်ဆိုတဲ့ ခရစ်ဝင်ကျမ်းတွေ၊ သမ္မာကျမ်းတွေရဲ့ ညွှန်ပြချက်တွေကို ခင်ဗျား ယုံသလား။ လက်ကော လက်ခံသလား''

''ဒါတော့ ခရစ်ယာန်ကောင်းတစ်ယောက်အနေနဲ့ ကျုပ်ယုံကြည်တယ်လို့ ပြောရမှာပဲ။ ဘယ်လိုပဲ ဘုရားမကြိုက်တဲ့ ကံသုံးပါးအမှုအရာမျိုးတွေ ပြုဖူးလုပ်ဖူးခဲ့တယ်ဆိုပေမယ့် ကျုပ်ရဲ့ ခရစ်ယာန်ဘာသာတရားနဲ့ သခင်ယေရှုကိုတော့ဖြင့် အကြွင်းမဲ့ယုံတယ်။ ရှေးရိုးဆန်တယ်လို့ မေးငေါ့ချင်တဲ့သူတွေရှိတတ်ကြပေတဲ့ ကျုပ်လုံးဝ ဂရုမစိုက်ဘူး''

''ဒါဖြင့် ယေရှုရဲ့တပည့်သား သူတော်စင်တွေ၊ ပရောဖက်တွေ တန်ခိုးပြခဲ့ကြတယ်ဆိုတာကော ယုံတယ်ပေါ့''

''ယုံတယ်လေ . . .''

''ကိုင်း . . . အဲဒါဆိုရင် ကျုပ်တို့ ဗုဒ္ဓဘုရားဂေါတမနဲ့ ဘုရားရှင်ရဲ့ သာဝက အရှင်မြတ်တွေမှာ **စိတ်နယ်လွန်တန်ခိုးစွမ်းအား** ဣဒ္ဓိပါတ်တွေ ရှိခဲ့တယ်ရှိနေတယ်ဆိုတာကို ခင်ဗျား**ငြင်းမလား**၊ ပယ်မှာလား''

''မငြင်းပါဘူး အိုင်ပီ။ ကျုပ်ဟာ ကိုယ်တိုင် ဗုဒ္ဓဘာသာဝင

www.burmeseclassic.com



တစ်ယောက်မဟုတ်ပေမဲ့ ဗုဒ္ဓဟာ ယေရှုလိုပဲ သူတော်စင်တစ်ဦးလို့ ယုံကြည်ပါတယ်။ အဲဒီတော့ ဗုဒ္ဓမှာလည်း ဗုဒ္ဓနည်းနဲ့ တန်ခိုးဣဒ္ဓိပတ်တွေ ရှိနေနိုင်တာပဲ မဟုတ်လား"

"ကဲ ... ဒီလိုဆိုရင် ဗုဒ္ဓနဲ့ယေရှုတို့ဟာ တစ်မြေတစ်ရပ်စီခြားပြီး နှစ်ပေါင်း ၅၀၀ လောက်အကွာမှာ သီးခြားစီ ပွင့်ခဲ့ထွန်းခဲ့ကြတယ်။ သူ့နည်းနဲ့သူ တန်ခိုးဣဒ္ဓိပါတ်တွေရှိခဲ့ကြတယ်။ ပြလည်း ပြခဲ့ကြတယ်။ ဒါကို ခင်ဗျားမငြင်းဘူး၊ လက်ခံတတယ် ... ဟုတ်စ။

ကိုင်း ... အခုနေအခါမှာ ဗုဒ္ဓတို့၊ ယေရှုတို့ ခေတ်ကလိုပဲ တန်ခိုးစွမ်းအား ဈာန်သမာပတ်၊ ပြဋ္ဌိဟာရနေတဲ့ သူတော်စင်တွေ ရှိနေကြဆဲပဲဆိုတာကိုရော အိုင်ဆေးလက်ခံသလား"

"ရှေ့စကားနောက်စကား ကြောင်းကျိုးဆက်နွယ်မှု အစဉ်အရ လက်ခံရတော့မှာပဲ"

"ဟုတ်ပြီ။ ဒီတော့ ကျုပ်တို့ ဘယ်လိုမှ မတွေးမကြံနိုင်တဲ့ မမြင်နိုင်၊ မထိမတွေ့နိုင်တဲ့ ဒီလောကရဲ့အပ 'ပရလောက'၊ 'ဝိညာဉ်လောက'၊ 'နာမ်လောက' ရဲ့ တန်ခိုးအာနိသင်ဆိုတာဟာ ဘယ်ဘာသာတရားနဲ့ ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ရှိနေနိုင်၊ အသုံးချလို့ ဖြစ်နေနိုင်တယ်ဆိုတဲ့ ကောက်ချက်ကကော ဘယ်လိုလဲ"

"ဟား ... ဟား ... ဟား ... အဲသလိုတော့ ကပ်သီးကပ်သပ် ကျုပ်ဖြင့် မတွေးမိဖူးသေးဘူး။ အိုင်ပီပြောတာလည်း လေးလေးနက်နက် စဉ်းစားရမယ့် အချက်တစ်ချက်ပဲ"

အိုကွန်နာ၏မျက်နှာနေသည် ကြည်လင်ရွှင်ပျ၍လာ၏။ ခမိုင်ကလပ်၏ ဘတ္တလာကြီး မစ္စတာယူးစတေ့လာချပေးသည့် ဘရာဖီးကော်ဖီကြမ်းကို ခွက်ဆင့်သောက်လျက်ရှိသည်။ ကြက်ဥပြုတ်၊ ပေါင်မုန့်





…ကင်ထောပတ်သုတ်နှင့် ဝက်ပေါင်ခြောက်ကြော်၊ ကြက်သားရိုးစ်တို့ …မှ မတို့မထိသေး၊ လက်မရွယ်သေး။

"ဒါပေမဲ့ ... အိုင်ပီ၊ သူတော်စင် သူတော်ကောင်းတွေမှာ …န်ခိုးစွမ်းအား ဣဒ္ဓိပါတ်ရှိတယ်ဆိုရရုံနဲ့ တခြားပုဂ္ဂိုလ်တွေမှာ လောကီ …မှော်ပညာ၊ သိဒ္ဓိပညာတွေရှိရရောတဲ့လား။ ကျုပ်တော့ဖြင့် အဲဒီ …အုံးလုံးကလေးကို သိပ်ဘဝင်မကျချင်သလိုပဲ။ စိတ်ထဲမှာ ခုတုတုနဲ့ …

"ဒါဖြင့်ရင်ဗျာ ... အိုင်ဆေး၊ 'စုန်းကဝေ'အတတ်ပညာဆို …ကို ယုံသလား ... ကဲ"

"ဟာ ... ကြံကြီးစည်ရာ။ ခုခေတ်ကြီးထဲမှာ ယုံတဲ့သူရော …ကြသေးလို့လား။ ကျုပ်တော့ မယုံဘူး"

"ဟုတ်ပါ့မလား။ စုန်းကဝေလုပ်ပြီး ပြုစားတဲ့အတွက် တရား…မှာ စစ်ဆေးအပြစ်ပေးခံခဲ့ရဖူးတာဟာ ဘယ်လောက်တောင် ကြာခဲ့…လို့ ထင်သလဲ"

"ရှိမှာပေါ့ဗျာ။ လွန်ခဲ့တဲ့ နှစ် (၁၀၀)၊ (၂၀၀)"

'မဟုတ်ဘူးခင်ဗျ။ ၁၉၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့ … ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့အနားက မိလွန်ဆိုတဲ့ရွာကလေးမှာ ဖြစ်ခဲ့…။ ဘာကြာသေးလို့တုံး။ သုံးနှစ်သာသာပဲ ရှိသေးတယ်"

"OH! My God. You are really?"

"တကယ်ပြောတာပေါ့ဗျ။ တရားရုံးအမှုတွဲ မိတ္တူတွေတောင် …ျုပ်ဆီမှာ အခုအထိ ရှိနေသေးတယ်။ ခေတ်တိုင်းခေတ်တိုင်းမှာ စိတ်…ယ်လွန်ဖြစ်ရပ်ဆန်းတွေ၊ တန်ခိုးဣဒ္ဓိပါတ်၊ သိဒ္ဓိမဟိဒ္ဓိ ကိစ္စတွေဟာ …တဲ့သူကလည်း ယုံ။ သူ့ဘာသာသူ ရှိတဲ့ဟာတွေကလည်း ရှိနေကြမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဘယ်တော့မှ ချုပ်ငြိမ်းပျောက်ကွယ်မသွားနိုင်တဲ့ အရာတွေထဲမှာ လူတွေရဲ့ အစွဲအလမ်းတွေ၊ တရားလွန် တရားသေယုံကြည်မှုတွေ၊ အယူ သီးမှုတွေဟာ ပါနေတတ်တာ မမေ့တာပဲကိုး''

''အဲဒါက ဥရောပ အလယ်ပိုင်းမှာရှိတဲ့ ပြင်သစ်တို့ အီတလီ တို့က တောသူတောင်သား လယ်သမားတွေရဲ့ ယုံကြည်မှုတွေ ဖြစ်ပါ လိမ့်မယ်ဗျာ။ ခေတ်ပညာတတ်တွေကဖြင့် ယုံကြတော့မယ် မထင်ပါ ဘူး''

''အိုင်ဆေး ... ခင်ဗျား အဲဒီစကားကို ကံသေကံမ အပ်ချ မတ်ချ ပြောရဲလို့ ပြောနိုင်လို့လား''

''ဒီလိုပဲ ပြောရမှာပဲလေ အိုင်ပီရဲ့။ နို့မဟုတ်ဘူးလား''

''နေဦး ... အိုင်ဆေးကို ကျုပ်ပြောမယ်။ တခြားမဟုတ်ဘူး ခေတ်ပညာတတ် ခေတ်မီစက်ယန္တရားကြီးတွေနဲ့ စက်မှုတော်လှန်ရေး ဆိုတာကြီးကို ဦးဆောင်ဆင်နွှဲခဲ့ကြတဲ့ ခင်ဗျားတို့ရဲ့ရဲ့ အင်္ဂလိပ်ဗျူရို ကရက်ကြီးတွေကိုယ်တိုင် စနစ်တကျ အကွက်ချစီမံခဲ့ကြတဲ့ ဂမ္ဘီရအစီ အရင်ကိစ္စမျိုးတွေ အကြောင်းလေ ...''

''ဗျာ ...''

အိုကွန်းနား၏ မျက်နှာ၌ အံ့အားသင့်ဟန်၊ ဝေခွဲမရဟန် အထင်းသားပေါ်လာ၏။

အိုင်ပီမင်းခေါင်ကမူ အိုကွန်းနား၏ဖြစ်ပုံကိုမြင်လျှင် သဘော အကျကြီးကျလျက် သူ့ဟန်သူ့စတိုင်အတိုင်း မထီတထီ ပြုံးတမဲ့မဲ့ပြု ကာ သူ၏ ဒိုင်ယာရီစာအုပ်ဟောင်းကြီးကို တဖျတ်ဖျတ်လှန်လှောက်ရှိ သည်။

အိုကွန်းနားတစ်ယောက်ဖြင့် ဝမ်းတွင်းမှ အတွင်းကျိတ်ကျိတ်





၌ စိတ်ဝင်စားဇောကြီးနေပြီဖြစ်ကြောင်း စိမ်းလဲ့လဲ့သူ့မျက်ဝန်းများ ဘလက်လက်တောက်စားလာနေခြင်းက သက်သေခံနေသလိုရှိ၏။

''ဟော ... တွေ့ပြီ။ ကျုပ်တို့ မြန်မာဘုရင်အင်ပိုင်ယာကြီးရဲ့ နောက်ဆုံးနေ့ နောက်ဆုံးအချိန်ဖြစ်ခဲ့တဲ့ ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာ (၂၇၊ ၂၈၊ ၂၉)၊ မြန်မာတို့ရဲ့ မင်းနေပြည်တော် 'ရတနာပုံ'၊ နန်း မြို့တော် 'လေးကျွန်းအောင်မြေ' ရွှေနန်းတော် 'မြနန်းစံကျော်' ကို ပြည်သိမ်းတပ်ဖွဲ့ စစ်ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ် (Lieut General Sir H.N.D. Prednerfast. K.C.B.V.C) နဲ့ မြန်မာပြည်သိမ်းတပ်ဖွဲ့ မြို့ပြ အရာရှိချုပ် . ကာနယ်စလေဒင် (Col.E.B.Sladen. Chief Civil Officer. Burma Field Force) တို့က လက်ရမသိမ်းလိုက်မီ ဘာလုပ်ခဲ့ တယ်လို့ အိုင်ဆေးထင်သလဲ''

''ပြောပါဦးလေ''

''မန္တလေးနေပြည်တော် နန်းမြို့ရိုးကြီးနဲ့တကွ နန်းတော်၊ ကျုံး၊ ပြဿာဒ်စတဲ့ အဆောင်တော်တွေ၊ နန်းတွေကို ဝါး၊ သစ်သား၊ စက္ကူ၊ ရွှေရေး၊ ပန်းချီဆေးတွေနဲ့ ခမ်းနားလှပတင့်တယ်အောင် ပုံတူတည် ဆောက်စေပြီး အင်္ဂလိပ်စစ်တပ်တွေက မန္တလေးနန်းမြို့ကြီးနဲ့ ရတနာပုံ ရွှေမြို့တော်ကြီးကို စီးနင်းတိုက်ခိုက်လေဟန် ဟန်ဆောင်စစ်ပွဲအတု တစ်ရပ်ကို ခင်းကျင်းစီမံခဲ့ကြတယ်။ နောက် ... အဲဒီပုံစံတူ နန်းမြို့ တော်ကြီးနဲ့အတူ မင်း၊ မိဖုရား၊ မှူးကြီးမတ်ကြီး စစ်သည်သူရဲတွေရဲ့ ပုံစံတူရုပ်တုတွေကိုပါ မီးတင်ရှို့ခဲ့ကြသလေ''

''ဟင် ...''

''မယုံမရှိနဲ့ အိုင်ဆေး။ ဦးစီးစီမံတဲ့သူက ကာနယ်ဘလိတ် (Col: Blade) လို့ခေါ်တဲ့ ဗြိတိသျှဗိုလ်မှူးကြီးပဲ။ အစီအရင်တွေကို နိမ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတဲ့နေ့က (၂၈ ႋ ၁၁ ႋ ၁၈၈၅) ရက်နေ့ ညနေ (၃း၃၀) နာရီ။ မြို့ရဲ့ မြောက်ဘက်စွန်း သံလွင်မြစ်ကမ်းပေါ်မှာတဲ့ဗျို့။ 'ရွှေတချောင်း' လို့ ခေါ်တဲ့ ချောင်းကလေးရဲ့နဖူးမှာပေါ့။ အခုတော့ မန္တလေးရပ်ကွက်လို့ တွင်နေလေရဲ့"

"ဟုတ်ရဲ့လားဗျာ"

"ဒါတင် ဘယ်ကဦးမှာလဲဗျ။ မြို့သိမ်းတပ်ဖွဲ့ဟန်ဆောင်ပြီး ဆင်နွှဲကြရတဲ့ အင်္ဂလိပ်စစ်ဗိုလ်၊ စစ်သားတွေက 'နေပြည်တော်မန္တလေးမြို့ကြီးကို သိမ်းပိုက်လိုက်ပြီ' လို့ သုံးချီသုံးလား ဟစ်အော်ကြွေးကြော်ခဲ့ကြသေးသတဲ့"

"ဟောဗျာ ..."

"အဲဒါက အကင်းပဲ ရှိသေးတာဗျ။ မြန်မာဘုရင်ကို ဖမ်း၍ ရတနာပုံရွှေမြို့တော်ကြီးကို သိမ်းပြီးပြီးချင်း ခင်ဗျားတို့ နာမ်လောကဂမ္ဘီရလောကကို မယုံလေဟန် ပြက်ရယ်ပြုတတ်ကြတဲ့ အင်္ဂလိပ်ခေတ်ပညာတတ်ကြီးတွေ လုပ်ပုံတွေကို ပြောပြလိုက်ရဦးမယ်။ ယိုသူမရှက် မြင်သူရှက်ဖြစ်ပြီး အိုင်ဆေးရက်ချင်လည်း ရှက်ပေရော့"

"ကိုင်းပါ ... အိုင်ပီရယ် ပြောလက်စနဲ့ ပြီးပြတ်အောင်သာ ပြောပါတော့"

"မြို့သိမ်းတပ်ဖွဲ့ဝင် ဗိုလ်ချုပ်ဝှိုက် (General White) ဗိုလ်မှူးကြီးဆန်းဖို့ (Col; Sandford)၊ ရေတပ်ဗိုလ်မှူးကြီး ဝု (ဒ်)ဝို့(ဒ်) (Col. (Navy) Woodward) တို့ ဆာရစ်ချပ်တင်ပယ် (Sir Richard Timple) တို့အဖွဲ့တွေက ရွှေနန်းတော်မြို့တံခါး (၁၂)ရပ်က တံခါးထိပ်ဂူထဲမှာရှိတဲ့ မြို့စောင့်မြို့တည် အစီအရင်ဆီစဥ္စအိုးကြီးတွေ၊ ကျောက်သေတ္တာကြီးတွေကို ကူးထုတ်၊ မြို့နေမြို့စောင့် အင်းပြားအင်းချပ်တွေကို ဖျက်ဆီးခဲ့ကြသတဲ့"





" ....."

"(၃၀ ႋ ၁၁ ႋ ၁၈၈၅) မှာ ရွှေနန်းမြို့တော်ကြီးရဲ့ အနောက်မြောက်ထောင့်အရပ်မှာရှိတဲ့ ရတနာပုံမြို့ကြီးတည်တုန်းက မင်းတုန်းမင်းကြီး ကြွရောက်စံနေခဲ့ဖူးတဲ့ မြေနန်းပြဿာဒ်တော်ကို ဝန်းရံပြီး ဆောက်ထားတဲ့ လှအိုရုံတွေကို ရွှေ့ပြောင်းဖယ်ရှားစေပြီး မန္တလေးနန်းမြို့အတွင်းက အကျဉ်းထောင် (Central Jail of Mandalay) ကြီးအဖြစ် နာမ်နိမိတ်စီရင် အသွင်ပြောင်းပစ်ခဲ့ကြတယ်။

တစ်ပြိုင်တည်းမှာပဲ ကုန်းဘောင်မင်းမျိုးမင်းနွယ်ရဲ့ အဦးအစ အလောင်းမင်းတရားကြီးရဲ့ 'ရတနာသိင်္ခ' ရွှေဘိုမြို့က 'ရွှေဘုံရတနာ' နန်းတော်ကြီးနေရာကိုလည်း သိမ်းယူခဲ့ကြပြီး နန်းတော်နဲ့ အောင်မြေကိုင်လို့ အကျဉ်းထောင် ဆောက်ခဲ့ကြတယ်လေ"

"အေးဗျာ ... အိုင်ပီမင်းခေါင်ပြောမှပဲ ကျုပ်တို့ ဗြိတိသျှ အင်ပါယာကြီးသမားတွေရဲ့ ရှေးရိုးစွဲအယူသီးမှုတွေ၊ လက်အောက်ခံကိုလိုနီတွေအပေါ် မတော်မတရား ဆောင်ရွက်မှုတွေကို တိတိကျကျ သိရပေတော့တယ်"

မစ္စတာအိုကွန်းနားသည် ပင့်သက်ကို အားပါးတရ ရှူလိုက်၏။ အိုင်ပီမင်းခေါင်ခမျာလည်း လေကြောရှည်ပြီး ဆက်တိုက်ပြောလိုက်ရသဖြင့် မောသွားလေဟန် လည်ပင်းကို ဟိုသည်စောင်းငဲ့လျက် အိုကွန်းနားအနီးမှ စားပွဲပေါ်၌ တင်ထားသည့် ပစ္စည်းများအား အာရုံစူးစိုက်၍ ကြည့်လျက်ရှိခြင်းကို လမ်းဘက်မှ ဖြာကျနေသည့် အလင်းရောင်တွင် မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



''အလို . . . ဒါတွေက ဘာတွေလဲဗျို့''

အိုင်ပီမင်းခေါင်သည့်နှုတ်မှ မေးရုံဖြင့် တင်းတိမ်ခြင်းမရှိတော့ လေဟာန် စားပွဲတင်မီးအုပ်ဆောင်းကလေး ခပ်ငိုက်ငိုက်ထွန်းထားသည့် သက္ကလပ်စကြီးအပေါ်မှ ပစ္စည်းကလေးများကို စိတ်မြန်လက်မြန်ကောက်ယူလိုက်လျက် အသေးစိတ် ကိုင်တွယ်ကြည့်ရှုလျက် ရှိလေ၏။

''ဒါကြောင့် . . . အိုင်ဆေး . . . ဒီကနေ့ စကားထူးထူးဆန်းဆန်းတွေပြောလုပ်ပါတယ်လို့ အောက်မေ့နေမိသေးတာ။ ဒါတွေကြောင့်ကိုး''

အိုကွန်းနားဘက်သို့ လှည့်၍ တည့်တည့်စူးစူးကြည့်ရင်း ပြောလိုက်၏။

''ဟုတ်တယ် . . . အိုင်ပီ . . . ဟုတ်တယ်။ အိုင်ပီထိပ်တင်ညွှန့်နဲ့ ကျုပ်တို့လူ အိုဖာအိုလိန်းကြီးလည်း အဲဒီပစ္စည်းကလေးတွေအပေါ်ကို သိပ်စိတ်ဝင်စားနေခဲ့ကြတာ။ နိုဖာအိုလိန်းက ရာဇဝတ်ဝန်ကြီး မစ္စတာရေးနိုးနဲ့အတူ ဘုရင်ခံမင်းကြီးရဲ့နောက်ကို ပါသွားလေရဲ့။ အိုင်ပီထိပ်တင်ညွှန့်ကတော့ ထောင်ကြီးဘက်ကိုသွားပြီ။ ဒီကိစ္စလေးတွေရဲ့ အနက်အဓိပ္ပာယ်ညွှန်ပြချက်ကို စဉ်းစားဝေဖန်ဖို့ သူတို့မှာ ကံမပါဘူးလို့ ပြောရတော့မှာပဲ''

''အိုင်ဆေး . . . ဒါတွေဟာ အဆောင်တွေ၊ လက်ဖွဲ့တွေ အင်းတွေနဲ့ လောကီအစီအရင်တွေပဲဗျ။ ဒါတွေကို ခင်ဗျား ဘယ်ကရလာခဲ့ပြန်တာတုံး''

''ဒီလိုပါပဲဗျာ။ ကျုပ်မျက်စိရှေ့မှောက်မှာတင် အင်မတန်ကြီးကျယ်မယ့် ရာဇဝတ်မှုခင်းကြီးတစ်ခု နေ့ချင်းညချင်းဖြစ်လာတော့မှာကို တပ်တပ်အပ်အပ် အနံ့အသက်တွေ ရနေပါလျက်နဲ့ ဒီအတိုင်းတိုင်





ချည်း ငုက်တုတ်ထိုင်မနေနိုင်ဘူးခင်ဗျ။ အဲဒါကြောင့် အညှိနံ့ကလေးတွေရှိရာ လေသင့်တဲ့ တောပိုင်းကရွာကလေးတွေဘက်ကို ကျုပ်နဲ့ကျုပ်ကောင်ကလေးတွေ ဖြန့်ခွဲပြီး လက်ကုန်နှိုက်ခဲ့ကြတာ။ အဆင်မပြေပါဘူးဗျာ။

ဗမာလူမျိုးများ ညီညွတ်လိုက်ပြီဆိုပြန်တော့ ပိတ်ပိတ်သားငုတ်တုတ်ပစ် နှုတ်ပိတ်ပြီးကို ပေယျာလကန် နေကြတော့တာဗျို့။ သေမှာလည်း မကြောက်တော့ဘူး။ နာမှာကိုလည်း မလန့်ကြတော့ဘူး။ ဆင်ကောင်ကြီးကို ရိပ်ခနဲရိပ်ခနဲ မြင်နေရပါလျက်နဲ့ကို ဆင်ခြေရာရှာလို့မရခဲ့ဖူးဗျ။ ဘာအထောက်အထားမှ လောက်လောက်လားလား မရခဲ့ဘူး။

အဲ . . . တစ်ခုတော့ဖြင့် သေသေချာချာ အတည်ပြုနိုင်ခဲ့ပါရဲ့။ တောတစ်တောမှာ ကျားတစ်ကောင်ရှိနေတဲ့အခါမျိုးမှာ ကျန်တဲ့ တောကြက်၊ တောငှက်၊ တောသတ္တဝါ အကောင်ငယ်ကလေးတွေဟာ ခလှုပ်ရဲမရှားရဲ အသံတောင်ဟဟ မထွက်ရဲကြလို့ တောလုံးဆိတ်နေသလိုမျိုး၊ ရိုးမအခြေကရွာကလေးတွေ ငြိမ်သက်နေကြပုံကြီးဟာ တစ်ခုခုဘေးဆိုးကြီး ကျလာတော့မှာကို ကြိုပြီးသိနေကြတဲ့ပုံမျိုးပဲဗျ။ တောသူတောသားလူရိုးလူအေးတွေရဲ့ မျက်လုံးတွေကလည်း ခါတိုင်းလို မဟုတ်ဘဲ မီးတွေပန်းထွက်နေသလို ဝင်းဝင်းကိုတောက်နေရော့ဗျို့''

''ဒါနဲ့ . . . ဒါတွေက . . .''

''ကျုပ်တို့က ယောင်းမကြီးခါးထိုးပြီး ရှာနေမိလို့ ကြာသွားတာဗျ။ ဟိုးနေ့က ကျုပ်အကြံရလို့ ရေတိုက်၊ ဖားရွှေကျော်နဲ့ လှည်းလမ်းကူးစီ နှစ်ခွရွာကလေးတွေဘက်က အချုပ်သားတွေအားလုံးကို သီးခြားရွေးထုတ်ပြီး ရေချိုးချပေးလိုက်တယ်ဗျ။ ကျုပ်ကို့ အချုပ်တန်းစီး



www.burmeseclassic.com

www.burmeseclassic.com



မြိတ်ထိုးဘဒင်ကြီးကို သေချာသင်ဉာဏ်ပေးထားပြီးသား။ ဂျွန်တ ဖွဲ့ဝင်တွေ ထိုးလေ့ရှိတဲ့ ဆေးမင်ကြောင်၊ ခုတ်ရာ၊ အင်းကွက်၊ အဆော လက်ဖွဲ့တွေရှိတဲ့လူကို မှတ်ထားလို့။

အမယ်လေး . . . ကံကြီးပေလို့ . . . အိုင်ပီရေ။ အချုပ်သာ တစ်ဝက်ကျော်ကျော် ဦးရေ ၃၀ သာသာလောက်က ဂျွန်တွေချည် ပဲ။ အဲဒီအထဲကမှ ခပ်ပျော့ပျော့နှစ်ယောက်ကို ရွေးထုတ်ပြီး စစ်ရ ဆေးရင်း ခြိမ်းခြောက်ရင်း ချော့ရင်းက ဒါတွေ ပေါ်လာထုတ်ခဲ့တာ

ဖားရွှေကျော်က အောင်းဆိုတဲ့ကောင်နဲ့ ဇိမ်ဇာက ရွှေဖော တဲ့။ ကျုပ်ကိုယ်တိုင် ဒီနှစ်ကောင်ကို အချုပ်ခန်းထဲကထုတ်ပြီး သူ ကို အိမ်တိုင်ရာရောက်လိုက်ပို့၊ သူတို့ပစ္စည်းတွေကို ရှာဖွေအပ်နိုင် ရတာ။ အဲဟို အပ်နှစ်ချောင်းက 'ဆရာဉာဏ်' ဆိုတဲ့ပုဂ္ဂိုလ်က သူ လက်မောင်းထဲကို သွင်းပေးထားခဲ့တဲ့ 'ပြီးဆေး' အပ်တဲ့ဗျ။ နေပါဦး . အိုင်ပီရဲ့ . . . ဘာလဲ 'ပြီးဆေး' ဆိုတာ''

''The power of invulnerability လို့ပဲ လွယ်လွယ်ပြောကြ ပါစို့ဗျာ။ ဒီလို ဆေးအပ်တွေ၊ အမြှုတေတွေ၊ အဆောင်တွေ၊ လက်ဖွဲ့ တွေ၊ စမတွေ၊ အင်းတွေဟာ ဘေးဥပါဒ် အန္တရာယ်တွေကို ခုခံနိုင် တယ်။ ကျော်လွှားအောင်မြင်နိုင်တယ်လို့ ယုံကြည်ထားတတ်ကြတယ် ဗျ။

Charm of make one proof against lethal weapons လို့ပဲ ပြောရလိမ့်မယ်ထင်တယ်။ ဒါတွေဟာ ဘာသာတရားနဲ့ လုံးဝမသက် ဆိုင်တဲ့ ရိုးရာလူမှုဓလေ့သက်သက်တွေပဲ။ အလို . . . ဒါက ဝက်စွယ် ဝင်းပိတ်။ ဟော . . . ဟောဒါက စွန်လက်သည်း။ အဲဒါက ချိုးအမြှုတေ တွေပါကလား''





''အဲဒါတွေကရော ဘာထူးလို့တုံး''

''အဲဒါတွေကို ဆောင်ထားခဲ့ရင် သေနတ်နဲ့ ပစ်တာတောင် မီးမကျနိုင်ဘူးလို့ ယုံကြည်ကြတယ်ဗျ''

''ဗျာ . . . ဒါတွေကလေ''

''ဟုတ်တယ် . . . အိုင်ဆေးရေ၊ ယုံချင်မှသာ ယုံလိုက်ပေ တော့။ ကျုပ်တို့ ဗမာ့ရှေးထုံးစဉ်လာ လူမှုဓလေ့ထဲမှာတော့ ဒီလိုပဲ အရိုး စွဲ ယုံကြည်ထားခဲ့ကြတာ။ ယုံကြည်ဝံ့ရဲတဲ့ စိတ်ရဲ့စွမ်းအား (Will power) ကြောင့်ပဲလားတော့ မသိဘူး။ လက်တွေ့ကြုံဖူးတဲ့သူတွေရဲ့ ပုံပြင်တွေ ကလည်း အများကြီးကိုး''

''နားရှိလို့သာ ကြားလိုက်ရတယ်။ ယုံဖို့ဖြင့် ခပ်ခက်ခက်ပဲ ဗျို့''

''အင်း . . . အဲဒါကတော့ ခင်ဗျားကိုယ်တိုင် မြန်မာတစ် ယောက်ဖြစ်မှပဲ ဘဝင်ကျကျ နားလည်လက်ခံနိုင်တော့မှာလို့ ဆိုကြ စို့ရဲ့။ မြန်မာပြည်၊ မြန်မာနိုင်ငံဟာ ထေရဝါဒဗုဒ္ဓဝါဒကို ကိုးကွယ်ကျင့် သုံးတဲ့ ပဓာနနိုင်ငံလို့ ဆိုကြပေတဲ့ အခြားအယူတွေကိုလည်း လုံးလုံး ပစ်ပယ်လိုက်ကြတာတော့ မဟုတ်ဘူးဗျ။ ဟပ်တန်သမျှ ဟပ်မိအောင် ညှိနှိုင်းကျင့်သုံးတဲ့ လက္ခဏာရှိတယ်။

ဒီထဲမှာ ထေရဝါဒနဲ့ခွဲပြီး တစ်သီးတခြား ဂိုဏ်းခွဲထူထောင် ထားတဲ့ မဟာယာနနဲ့ တိဗ္ဗတ်အယူတွေကလည်း အနံ့အသက်မကင်း ဘူး။ ရှေးရှေးဘိုးစဉ်ဘောင်ဆက်ကရှိခဲ့တဲ့ နတ်ကိုးကွယ်မှုကိုလည်း လက်မလွှတ်ပြန်ဘူး။

ထေရဝါဒဘာသာရေးနဲ့ မဆိုင်တဲ့ အခြားလောကီလူမှုဓလေ့ တွေကလည်း ဒုနဲ့ဒေးပဲ။ ခု ခင်ဗျား လက်တွေ့ကြုံနေရတဲ့ အင်း၊



www.burmeseclassic.com

www.burmeseclassic.com



အိုင်၊ ခလုညှ်၊ လက်ဖွဲ့၊ အဆောင်၊ ပြီးဆေး၊ ရေမန်း၊ ထုံးမန်း . . . အို . . . စုံနေတာပါပဲခင်ဗျာ''

''ဟုတ်တယ် . . . အိုင်ပီ။ ကျုပ်တို့ ဥရောပမှာတောင် ဒီလို ခလေ့မျိုးတွေက အတော်ကြီး ကျယ်ကျယ်ပြန့်ပြန့် နိုင်နိုင်မာမာ ကျန်နေသေးဟန်တူတယ်။ ကျုပ်အစ်ကိုတစ်ယောက်ဆိုရင် 'ပရလောကနဲ့ ဝိညာဉ်လေ့လာရေးအသင်း' တစ်ခုက ဂိုဏ်းဝင်တစ်ယောက်ပဲ။ ရှုပ်ထွေးခက်ခဲတဲ့ သူတို့အလုပ်တွေနဲ့ သူတို့ဘာသာ ရှုပ်နေတာပဲဗျ။

သူတို့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးက စစ္စလီကျွန်းမှာ တစ်ကိုယ်တည်း သီးသန့်ခွဲပြီးနေသတဲ့ဗျ။ ကျုပ်တို့ လန်ဒန်လိုမြို့ကြီးပေါ်မှာတောင် သူတို့ ပရလောကလေ့လာရေးအသင်း' နဲ့ 'ဂမ္ဘီရဂိုဏ်းဝင်' ငါးသောင်းလောက်ရှိသတဲ့။ ကျုပ်တို့အသဲစွဲ 'ရှားလော့ဟုမ်းကြီး' ရဲ့ဖခင် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းတောင်မှပဲ သူတို့အသင်းဝင် ဖြစ်နေဆိုတာကိုးဗျ . . . အိုင်ပီရဲ့''

''အိုင်ဆေးရေ . . . မြန်မာဗုဒ္ဓဘာသာဆိုတာ တကယ်တော့ တစ်ကိုယ်တည်း လူနှစ်မျိုးပါပဲ။ တစ်ဦးက ဗုဒ္ဓဘာသာ၊ တစ်ဦးက မြန်မာ။ သူ့အသက်ရှင်နေထိုင်တာက တမလွန်ဘဝအတွက်သာမဟုတ်ဘူး။ မျက်မှောက်ဘဝလည်း ပါတယ်။ ဒီခွန်တွဲမှုကို မြင်မှသာ သူ့ရဲ့ တစ်သက်နှစ်ဘဝအဖြစ်ကို နားလည်နိုင်လိမ့်မယ်''

''အင်း . . .''

''မြန်မာတစ်ယောက်အဖြစ် တမလွန်ဘဝတွေအတွက် ဗုဒ္ဓဘာသာတရားအတိုင်း ပြုမူနေထိုင်ကြသလို လက်ရှိမျက်မှောက်ဘဝအတွက်လည်း ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးစတဲ့ နတ်တွေ၊ (၃၇)မင်းနတ်တွေ၊ မော်ဝိဇ္ဇာ၊ ဂမ္ဘီရတွေကိုလည်း ယုံကြည်ကြအားထားကြတယ်။





စည်းစိမ်ချမ်းသာနဲ့ တန်ခိုးကြဒ္ဓိပါတ်တွေရချင်လို့ လောကီပညာတွေ၊ ဂမ္ဘီရအတတ်တွေနောက်ကို လိုက်ချင်လိုက်ဦးမယ်။ အင်္ဂရုတ်၊ ဗေဒင်၊ ယတြာတွေကိုလည်း ယုံမယ်။ အိုင်ဆေးရဲ့ စားပွဲပေါ်က ဥစ္စာမျိုးတွေကိုလည်း အသဲစွဲပဲ။

အဲဒါဟာ ကျုပ်တို့ တောလက်ကျေးရွာတွေက မြန်မာလူထုတွေရဲ့ ပကတိစိတ်ပိုင်းဆိုင်ရာ အခြေခံတွေပဲဗျို့။ အယူသီးတတ်ရန်ကောရယ်လို့လည်း မတွေးနဲ့။ မြန်မာဆိုတာ အဲဒီလူမှုထုံးတမ်း ဓလေ့တွေနဲ့ စရနယ်ပြီး အသားကျနေတဲ့ လူမျိုးပဲ''

''ဒါဆိုရင် ဒီပစ္စည်းတွေဟာ . . .''

''ဟုတ်တယ် . . .။ ရန်သူနဲ့ ဓား့ဓားချင်း လှံ့လှံချင်း သူတင်ကိုယ်တင် ရေကုန်ရေခန်း ဟိုက်ခိုက်တော့မယ့် တိုက်ပွဲဝင် မြန်မာစစ်သည်တော်တွေမှာမှ တွေ့ရတတ်တဲ့ အဆောင်ပစ္စည်းတွေပဲ . . . အိုင်ဆေးရေ''

''ဟုတ်ပါပြီ . . . ဟုတ်ပါပြီ . . . ဒါဆိုရင် သေချာနေပါပြီ''

''ဘာတွေက ဘယ်လို သေချာနေရတာလဲဗျ၊ တဆိတ် ရှင်းပြစမ်းပါဦး''

အိုကွန်းနားသည် တစ်စုံတစ်ခုကို ပြောသင့်၊ မပြောသင့် ချီတုံချတုံ ချင့်ချိန်စဉ်းစားနေဟန် ဆက်တီဆိုဖာခုံကြီးကို နောက်ကျောမှီလျက် ပုံ့ပုံ့ကြီးလှဲလျက်ရှိ၏။ အသက်ကိုမှန်မှန်ရှူလျှက်ရှိပြီး မျက်လုံးကို စုံမှိတ်ထားသည်။ လူတစ်ကိုယ်လုံး အဆမတန် နွမ်းနယ်နေဟန်အထင်းသားပေါ်လျက်ရှိသော်လည်း ကျားသစ်ပျိုတစ်ကောင်နှယ် ဖျတ်လတ်နိုးကြား သောသတိနှင့် ပိုင်းဖြတ်မှုရှိနေသေးကြောင်းကိုမူ ဖုံးထွ၍မရပေ။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံတဖျပ်ဖျပ်တွေ အလောတကြီး ပြေးဝင်လာသံကိုကြားလိုက်ရ၏။ ရေးကြီးသုတ်ပျာ နိုင်လွန်းလှသည်။ ခြေသံများနှင့်အတူ အိုင်ပီထိပ်တင်ညွန့်၏ ဝဖိုင့်ဖိုင့်ကိုယ်လုံးကြီးက ကျွဲရိုင်းကြီးတစ်ကောင်နှယ် ကမူးရှူးထိုး ပြေးဝင်၍လာ၏။

''ကိစ္စတွေတော့ များကုန်ပြီဗျို့ ... အိုင်ပီ။ ဖာတ်ရုပ်ကြီးတော့ စလာပြီဗျ ... သိလား''

''ဖြည်းဖြည်းဗျ ... ဖြည်းဖြည်း။ ... ရော့ ... ရော့ ... ရေအေးကလေး တစ်ငုံနှစ်ငုံ သောက်ချလိုက်ဦး။ ပြီးမှ ပြောရင်လည်း နောက်ကျလိမ့်မယ် မထင်ပါဘူး''

အိုင်ပီ ထိပ်တင်ညွန့်သည် ဖန်ခွက်ထဲမှရေကို တကျိုက်ကျိုက် မော့ချပစ်လိုက်သည်။ တခဏအတွင်း ရေတစ်ဖန်ခွက်လုံး ပြောင်တလင်းခါသွားတော့၏။

''အင်း ... စောစောက သေနတ်သံဟာ စမ်းတွင်းရွာထိပ် လယ်ကွင်းတွေ ဘက်ကဗျ။ ဖိမ်ဖာသူကြီး ဦးဖိုးညွန့်နဲ့ သူ့နောက်လိုက် သုံးလေးယောက်တော့ သေပြီ။ သေနတ်သံက ဦးဖိုးညွန့်ကစပြီး ပစ်လိုက်လို့ဆိုတာပဲ။ နို့ပေတဲ့ ... သူ့ကို ဘယ်သူတွေက သတ်သွားသလဲ ဆိုတာကတော့ စစ်နေဆေးနေကြတုန်းပဲ။ သေနေတာမှ ရုပ်ပျက်ဆင်းပျက်ကြီး''

''ဗျာ ... ဘယ့်နှယ်''

''ဟုတ်တယ် ... အိုင်ပီရေ။ သူကြီးသားတိုင်းကျော်နဲ့ သူကြီးတပည့် ဒီပိုးတို့ပြောသားအလိုတော့ 'ဂဠုန်သူပုန်' အဖွဲ့က သတ်သွားတာတဲ့။ သူပုန်တွေရဲ့အင်အားကလည်း မနည်းဘူးဆိုပဲ။ နှစ်ရာ၊ သုံးရာလောက် ရှိလိမ့်မတဲ့''

---

စိတ်ကူးသစ်စာပေ



''ဗျို ... များလှချေကလား''

'' 'ဂဠုန်' 'ဂဠုန်' လို့များ ပြောလိုက်မိသလား ... အိုင်ပီ''

''ဟုတ်တယ်လေ ... ဂဠုန်သူပုန်တဲ့ မစ္စတာရဲ့''

ရှတ်ခြည်းပင် ဝုန်းခနဲထရပ်လိုက်သည့် အိုကွန်းနား၏ လက်ထဲ၌ အနီ၊ အဖြူ အလံတစ်ခုကို တင်းတင်းကြီး ကိုင်ဆုပ်ထားသည်။ မီးစနှင့် တို့လိုက်သည့်နှယ် ထိတ်လန့်တကြားဖြစ်သွားစေသည့် အိုကွန်းနားအား ကြောင်ကြည့်နေမိကြစဉ် အက်စပက်တော် လက်စထရိတ်၏ဦးခေါင်းကြီးက တံခါးဝမှ ဘွားခနဲ ပေါ်လာပြန်၏။

''အိုင်ပီရေ ... မြို့မဂိတ်ထဲမှာ ညဘက်က အချုပ်ခန်းကို ဖောက်ပြီး အချုပ်သားတွေ ထွက်ပြေးကြလို့တဲ့ဗျို့။ မစ္စတာအိုကွန်းနား သီးခြားရွေးထုတ်ပြီး စစ်ခဲ့တဲ့အကောင်တွေ အကုန်လုံး ပါသွားခဲ့သတဲ့''

''ဟင် ... ဟို ... ဟို ... ဟို ... အချုပ်သားတွေအားလုံး ပါသွားသတဲ့လား။ ဟုတ်လား ... မစ္စတာ လက်စထရိတ်''

''ဟုတ်ပါတယ် ... မစ္စတာအိုကွန်းနား။ ခင်ဗျားတာဝန်ပေးထားတဲ့ အချုပ်ခန်းတန်းစီး မြို့ထိုးဘဒင်ကြီးပါ ပါသွားတယ်ခင်ဗျ။ အချုပ်ခန်းအုတ်နံရံပေါ်မှာ ငှက်ရုပ်ကြီးတစ်ရုပ်နဲ့ မြွေလိုလို အကောင်ကြီးတစ်ကောင်ပုံကို ဆွဲထားခဲ့ကြတယ်။ အောက်မှာတော့ 'ဂဠုန်တပ်မတော်'တဲ့။ စာလုံးဝိုင်းကြီးနဲ့ ရေးသွားကြလေရဲ့''

''ဟော ... 'ဂဠုန်တပ်မတော်'တဲ့လား ... ဟုတ်လား''

''ဟုတ်တယ် ... အိုင်ပီ''

''ဖွတ် ... သေဟဲ့နွှီယား။ ကျုပ်တို့တော့ ဒီတစ်ချီ အချီကြီး နှပ်ပစ်ခံလိုက်ရပြီ ထင်တယ်ဗျို့။ ယုန်တောင်ပြေး ခွေးမြှောက်လိုက်သူတွေတော့ ဖြစ်ခဲ့ကြပြီ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''အင်း ... ဂျွန် ... ဂျွန် ... ဂျွန် ...''

မစ္စတာအိုကွန်းနားသည် သူ့လက်ထဲမှ 'ဂျွန်တပ်မတော်' အလံကို စားပွဲပေါ်သို့ ဖြန့်ချ၍ကြည့်ရင်း အတွေးနက်လျက်ရှိ၏။ အိုင်ပီ မင်းခေါင်ကမူ သူ၏မှတ်စုစာအုပ်ကိုဖွင့်လျက် အိုင်ပီထိပ်တင်ညွှန့်အား တီးတိုးမေးမြန်း၍ ရေးချတ်လျက်ရှိသည်။

အင်စပိတ်တော်လက်စရိတ်မှာမူ သူရောက်လာစဉ်ကကဲ့သို့ပင် လေ၏ လျင်မြန်ခြင်းမျိုးဖြင့် မြို့မဂါတ်တဲဘက်သို့ သုတ်ခြေတင်သွား ပြန်ပြီဖြစ်၏။

သို့နှင့်တိုင် ...

သူတို့ကိုယ်စီ၏ ရင်နှလုံးတို့၌ 'ဂျွန်မိး' သည် ဟုန်းဟုန်း တောက်လျက်ရှိနေသည်ကို မည်သူမျှ ငြင်းကွယ်နိုင်အံ့မထင်။

✿ ✿ ✿

| ၇ |

❑

''မီးပေါက်သေနတ်နဲ့ ဆီးပြီးပစ်မဲ့ မျောက်ဖြူကောင်တွေရဲ့ အန္တရာယ်ကို ဒီအဆောင်၊ လက်ဖွဲ့၊ အင်းပြား၊ မန္တန်ကလေးတွေလောက် နဲ့ အားကိုးပြီး ရင်ဆိုင်ကြမယ်ဆိုရင် ... အင်း ... အဲဒါ စဉ်းစားစရာ ပဲခင်ဗျ။ ကျုပ်စိတ်ရင်းအတိုင်း တည့်တည့်ပြောလိုက်ရရင်တော့ ကိုယ့် မသာကိုယ်ထမ်းပြီး ဆင်ကန်းတောတိုး သေတွင်းထဲခုန်ချသလို နေ ကြမှာပဲ''

ဗိုလ်တိုက်စိုး၏ တင်းမာတည်ကြည်သော လေးထောင့်မျက်နှာ ကြီးက ကညင်ဆီမီးတိုင်၏ အလင်းလက်လက်အောက်၌ ဝင်းတစ်ချို့ ရဲတစ်လှည့် ဖြစ်၍နေ၏။ ပိရိသေသပ်စွာ စေ့စေ့ပိတ်ထားသည့် သူ့နှုတ် ခမ်းသည် စောစောကစကားကိုပင် သူ မပြောခဲ့လေတော့သယောင်။



www.burmeseclassic.com

www.burmeseclassic.com



လင်းအရုဏ်ဦးသည် ရဲရဲနီစွေး၍ တက်လာနေ၏။

နှင်းထုမကွဲသေးသည့်တိုင် လင်းလင်းကျင်းကျင်းဖြင့်ရှိခဲ့ပြီ။

"ကိုရင်တို့ . . . လောကဓာတ်ကျောင်းသားများ တွေးသလို အဲဒီနည်းအတိုင်း ဒန်သေအန်သေကြီး ပြောဖို့ကတော့ ခက်တယ်ကိုရင် တိုက်စိုးရဲ့။ စစ်အောင်ရာသောအကြောင်းကြီးတွေထဲမှာ စစ်သည်သူရဲ သူခက်တို့ရဲ့ အလုပ်အကြံ၊ ရဲစွမ်းသတ္တိတွေတင်မက အကြီးအမှူး ဦးစီး စစ်ကဲများရဲ့ သေနင်္ဗျူဟာ၊ အစီအမံ၊ အခင်းအကျင်းတွေကလည်း လွှတ်အရေးပါသေးတာမင့်ကလား . . . ဟုတ်စ"

အဘဉာဏ်က နှင်းမှုန်သဲသဲထုကြီးကို ကြည့်ရင်း အတွေး နက်နေသည့် ဗိုလ်မှူးဖိုးလွင်ကိုလည်းကောင်း၊ ရေနွေးခွက်ကို လက်မှ ကိုင်လျက် သူတို့စကား တွံ့တင်ပြောသံဆိုသံများအား အလေးအနက် နားထောင်လျက်ရှိသည့် ဗိုလ်မှူးဘအေးအားလည်းကောင်း၊ ဖျက်ခနဲ အကြည့်ဝေ့ရင်း မယုတ်မလွန် ထိန်း၍ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ ကျုပ်ကတော့ ဒီအဆောင်၊ ဒီလက်ဖွဲ့ ဆောင်ဆိုရင် ဆောင်မှာပဲ။ ဆေးအပ်သွင်းဆိုလည်း သွင်းမှာပဲ။ ကျုပ် စိတ်ထဲမှာ ဒီဟာတွေက စွမ်းလှချည့်လို့ စုံရေဖက်ရေ အားအားကိုးကိုး လည်း မရှိလှဘူး။ ကျုပ်ရဲ့ လက်ကသုံးတောင်ဓားဟာ ဒါပဲ။ ဒီဓားပဲ။

ကျုပ်တို့မြေ ကျုပ်တို့ရေပေါ်မှာ လူစင်စစ်အမိအဘများက လူအဖြစ် မွေးဖွားလာခဲ့ရပါလျက်ကနဲ့ တရိစ္ဆာန်သာသာဘဝမျိုးနဲ့ နေ ရ၊ မဝရေစာ မသေရုံတမယ်စားရ၊ ကိုယ့်ခြေအလုပ် လက်အလုပ်ကို တောင် ကိုယ်စိုးကိုယ်ပိုင်မရှိ ကြောက်ကြောက်ရွံ့ရွံ့ ကျီးလန့်စာ စား နေ့နေရတဲ့ ဒီသောက်တစ်ပါးကျွန်ဘဝကို တိုက်မှာပဲ။ သေချင်သေ ပစေ။ ကျေချင်ကျေပစေ တိုက်မှာပဲ။

စိတ်ကူးသစ်စာပေ



ကျုပ်တစ်သက်ပေးလိုက်ရလို့ ကုလားဖြူမျောက်ရုတ်တွေ းငါးခြောက်ကောင်ရဲ့ ခေါင်းကို ဖြတ်နိုင်ခဲ့ပြီဆိုရင် သေရကျိုးနပ် အေး . . . အဘဉာဏ်တို့ ဗိုလ်မှူးဘအေးတို့ ဆရာတော် ဦးကုန္တ ရဲ့ 'ပြီးဆေး' က စွမ်းသတဲ့ ဆိုခဲ့ရင်တော့လည်း ကုလားတစ်ရာ လားတစ်ထောင်ကို စိတ်ရှိလက်ရှိ ဝိညာဉ်ခြွေနိုင်ပေတာပ . . . ဟုတ် လား"

ငှက်ကြီးတောင်ဓား၊ အရှက်ပြားပြား လက်ဆကောင်းကောင်း းနှစ်လက်ကို ဝါးပြားဖြင့်အိမ်ဖွဲ့၍ စလွယ်သိုင်းလွယ်ထားလျက် ဗိုလ်ဇာ ကြီးဦးဖိုးညွန့်၏ နှစ်လုံးပြူးသေနတ်အသစ်ကြီးအား တသသကိုင် းသည့် လင်းတကုန်းသားဗိုလ်ဖိုးဆော့က ခတ်ပြတ်ပြတ်။ ဂင်တိုတို၊ ယန်တောင့်တောင့်၊ အံသားညိုမွဲမွဲ။ သူ့ဉပဓိတွင် ပိုင်းပိုင်းဖြတ်ဖြတ် တ်တုံးတုံးချထားဟန်က အထင်းသားပေါ်နေသည်။

"အဲသလို ဒုံးတိုက်ကြီးလည်း ဟုတ်သေးဘူးလေကွာ . . . ရင်ဖိုးဆော့ရ။ မင်းတို့ပြောနေကြတဲ့ အစီအရင်၊ အဆောင်အထား ကွက်စွကို မင်းစံကလည်း လွှတ်ချည်းယုံလွန်းလှ၊ ကိုးစားလွန်းလှ ဖြင့် မဟုတ်သေးဘူးဟ။

'သံဃာအား ဘုရားမဆန်သာ' ဆိုသလို သူ့အရေး သူ့ကိစ္စနဲ့ အကြောင်းအကျိုး ကြုံကြိုက်လာတဲ့အခါ ဘေးကဘီက ဝိုင်းဝန်း က်တွန်းလှတာကြောင့် အရေးတော်ကြီးကို စိတ်ဖြောင့်ဖြောင့်မှ လုပ် စေတော့ရယ်လို့ ခေါင်းညိတ်ခဲ့ရတာကို မင်းတို့အားလုံး အသိပဲမဟုတ် ား။

မင်းတို့ ငါတို့ အသက်တောင်ပေးကြတော့မယ်လို့ သစ္စာနှင်း းကြပြီးကာပဲ။ ဒီပစ္စည်းကလေးတွေကို ကိုယ့်ကိုယ်ပေါ်တင်သွားရ

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တာပဲလကွာ ဘယ်လောက်လေးတာ မှတ်လို့။ ဘာဝန်လေးနေရတာ တုံး''

''ဘထွေးပြောတာလည်း မှန်ပါတယ်။ ကျုပ်တို့ လက်ချည်း ဗလာထက်စာရင်တော့ ဘာပဲဖြစ်ဖြစ် အားကိုးတစ်ခုတော့ဖြင့် ရပေသေးတာပေါ့။ စိတ်အားလေးတော့ တက်ပေသေးတာပေါ့။

''အေး ... အဲသလို အားကိုးအားထားမဖြစ်ဘဲ 'အဆောင်' တွေ၊ 'ပြီးဆေး' တွေအားကိုးနဲ့ သောက်ရမ်းလုပ်ကုန်ကြရင် ဒုက္ခများ ကုန်ကြမှာကိုလည်း ထည့်တွက်ကြဦးလေ။ အဲဒါဆိုရင် ဆေးအတွက် အပိုလေးနေရလိမ့်မယ်''

''ဘယ်လို ... ကိုဘအေး''

''အင်း ... ခုချိန်မှာတော့ ဒါတွေကို ပြောနေဖို့ အချိန်မဟုတ် တော့ဘူး ထင်တာပဲဗျာ။ ကျုပ်တို့ ဒီမိစ္ဆာကောင်တွေကို ခံချကြဖို့ မင်းစံဦးစီးပြီး စုကြရုံးကြကတည်းက ဒီအစီအရင် အဆောင်လက်ဖွဲ့တွေက 'ကျွဲကူးရေပါ' ဆိုသလို ပါလာခဲ့တာပဲကိုး။ ဒီတော့ ဒီအချိန်ရောက် ကာမှ ဒီအတိုင်းပဲ ထားလိုက်ကြတာဟာ အကောင်းဆုံးပဲ မဟုတ်ဘူး လား''

''အင်း ... အဲဒီလိုပဲ ကောင်းပါတယ်''

''လူမိုက်ကံကောင်း ...''

''ဂမ္ဘီရကံကောင်း ...''

တဲတံခါးဝမှ ရုတ်တရက်ကြီးပေါ်လာသည့် အသံကြောင့် အခန်းတွင်းရှိ ဦးခေါင်းများအားလုံး ကံကောင်းထံသို့ ချာခနဲလှည့်လာကြသည်။ နက်ပြာရောင်ဖျင်ကြမ်းရှမ်းတိုက်ပုံ၊ ရှမ်းဘောင်းဘီ၊ ခါးတွင် ပုဝါနီစည်းထားပြီး ဦးခေါင်းထက်၌ (၁၀၈)လုံးပါ ရေသံပုတီးကုံးကို





ဖူးစည်းသဖွယ် ပတ်ထားသည်။ ကျစ်လစ်ဖွံ့ထွားသည့် လူဟန်လူ သွေးကြောင့် ကျားပျိုတစ်ကောင်နှယ် ဝံ့ဝံ့စားစားရှိလှ၏။

''ကျွန်တော်ကို ဦးတည်ပြောနေကြတာမဟုတ်ပေမယ့် မြန်မာ့ ဝှက်ရန်ယူလာခဲ့တဲ့ ကျွန်တော်အနေနဲ့ ဟောဒီအရေးတော်ပုံကြီး မှာ ဂမ္ဘီရနည်း၊ အစီအရင်တွေကို အသုံးပြုခြင်းကြောင့် ဘယ်လိုအကျိုး ကျေးဇူးတွေ ရနိုင်လိမ့်မလဲဆိုတာကိုဖြင့် ဂဃနဏ ရှင်းပြခွင့်ပြုစေလို ပါတယ် ... အဘဦးတို၊ ဗိုလ်မှူးဖိုးအေး''




'သုပဏ္ဏက ဂျွန်နရာဇာ ... 'မင်းစံ'



www.burmeseclassic.com

www.burmeseclassic.com





'ဂျွန်သရက် ဂန္ဓာမိခဲ့ကြတဲ့ အရေးတော်ပုံတပ်သားများ'
(၂၁-၁၂-၁၉၃၀)၊ မန်ကျည်းလှန်းဘုန်းတော်ကြီးကျောင်း၌
တွေ့ရသည့် ဆရာစံနှင့်သူ့သွေးသောက်များ)

''ဟာ ... ခွင့်ပြုပြီလား လူကလေးရယ်။ ကျေးရွာရှင် မြစိမ်းတောင်ညိုဘုန်းကြီးဘုရားနဲ့ ဆရာသန့်ကြီးတို့က လူကလေးကို 'မင်းစံ' ကြီးဆီ လာအပ်ကတည်းကိုက တို့များအရေးတော်ပုံကြီးအတွက် လူကလေးတို့ ဆရာတော်ဦးကုန္တတို့က လောကီဂမ္ဘီရအစီအရင် ပညာခွင် ပညာစခန်းတွေနဲ့ ထောက်ကူပံ့ပိုးပေးကြလိမ့်မကွယ့်လို့ မိန့်ကြားလမ်းညွှန်ထားပြီးသားကပဲ။ ကဲ ... ပြော ... လူကလေးက ဘာပြောချင်သလဲ''





''အဓိက ပြောချင်တာက သခင်တိုက်စိုးတို့ လောကဓာတ်ကျောင်းသားတွေနဲ့ 'ကိုယ်တွေ့မှယုံမဟေ့' ဆိုတဲ့ မျက်မြင်ဒိဋ္ဌိသမားများကို အနူးအညွတ်ဦးတည်ပြီး ပြောချင်တာပါ။ ယုံမှကြည်လင်၊ ကြည်လင်မှ ရဲရင့်မှာကိုး ... နော ... သခင်တိုက်စိုး''

''အင်း ... ပြောပါဦးလေ''

''ဖိုးကံကောင်းရေ ... တို့ကတော့ တုံးတိုက်တိုက် ကျားကိုက်ကိုက် တုတ်တိုးအိုးပေါက်သမားတွေပဲဟ။ မိစ္ဆာဒိဋ္ဌိ မျောက်စုတ်တွေကို ဖိစိန်ဖြုတ်ရမဲ့အရေးမှာသာ အသုံးတည့်သပဆိုရင် ပြောသာပြော ဘာလုပ်ရလုပ်ရ၊ သွေးမဆုတ်ဘူး''

''ဖိုးဆော့ရယ် ... မင်းနှယ်ကွာ''

''ဒီလို ... သခင်တိုက်စိုးရေ။ ဒီလို စဉ်းစားကြည့်ရအောင်။ ဟောဒီ ... အင်း၊ စမ၊ လက်ဖွဲ့၊ အဆောင်၊ မန္တန်ဆိုတာတွေဟာ တန်ခိုးမှမရှိခဲ့ဘူးဆိုခဲ့ရင်တော့ ဒီပစ္စည်းတွေမှာ တန်ခိုးစွမ်းအားရှိတယ်လို့ ရိုးသားစွာ ယုံကြည်နေရုံနဲ့ ရနိုင်တဲ့ အကျိုးတရားတွေ ရှိတယ်ခင်ဗျ''

''ဘယ်လို ... ဘယ်လို ...''

''ဩော် ... ကျုပ်တို့ ဂျွန်အရေးတော်ပုံသားတွေ စိတ်ထဲနှလုံးသားထဲမှာ ဒီပစ္စည်း၊ ဒီဥစ္စာတွေ 'သိဒ္ဓိရှိသဟေ့' လို့ ယုံကြည်ရုံမျှနဲ့ ရဲရင့်တဲ့စိတ်တွေ ဝင်လာကြလိမ့်မလေ။ သူတို့ရင်ထဲက ကြောက်သွေးတွေကို ညှစ်ထုတ်ပစ်နိုင်လိမ့်မယ်။

ပရိတ်တော် (၁၁)သုတ်ထဲက 'ဓဇဂ္ဂသုတ်တော်'မှာ သိကြားမင်းနတ်မင်းများရဲ့ တံခွန်အောင်လံကို လှမ်းမျှော်ကြည့်ရုံနဲ့ ကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားတဲ့စိတ်တွေ ပြေပျောက်ရသတဲ့ဗျ။ အင်းပြားတစ်ချပ် လည်မှာဆွဲထားလိုက်ရုံနဲ့ ကိုယ့်ကို သေနတ်ကြီးနဲ့ချိန်ပြီး ပစ်မယ့်ခတ်မယ့် သတ်ဖြတ်မယ့် မိစ္ဆာကုလားတွေကို ဓားမတိုနဲ့ တက်ခုတ်ရဲတဲ့ သတ္တိမျိုး ဟုန်းဟုန်းတောက်လာစေမယ်ဆိုရင် အင်းပြားဆွဲရတာဟာ အဓိပ္ပာယ်မရှိပေဘူးလား။ တန်ဖိုးမရှိပေးဘူးလား''

''အင်း ... ဟုတ်ပေသား''

ဗိုလ်ဖိုးဆော့က ခေါင်းတညိမ့်ညိမ့်။ ဗိုလ်တိုက်စိုးကမူ ငြိမ်၍ ရူးရူးစိုက်စိုက် နားထောင်နေသည်။

''နောက်တစ်ချက်က ကျုပ်တို့ အရေးတော်ပုံကြီးဟာ နိုင်ငံနဲ့ လူမျိုးလွတ်လပ်ဖို့ ကျွန်သဘောက်ဘဝ နင်းပြားဘဝက လွတ်မြောက်ဖို့ ဘာသာသာသနာစည်ပင်ဖို့အတွက် အသေခံ၊ အနစ်နာခံပြီး လွတ်လွတ်ကျွတ်ကျွတ် ဝံ့ဝံ့စားစား ထလုပ်ကြတဲ့ အရေးခင်ဗျ။ တစ်ကိုယ်ရေကောင်းစားဖို့ သူခိုး၊ ဓားပြလုပ်တမ်း ကစားကြတာမျိုးမဟုတ်ဘူး။

ပြီးတော့ လူအမျိုးမျိုး၊ စိတ်အထွေထွေ ရောနှောပေါင်းဆုံလာကြတဲ့ ဒီလူဒီလူတွေကို ကျုပ်တို့အရေးတော်ပုံကြီးရဲ့ ပကတူးရည်မှန်းချက်တွေ မယိမ်းမယိုင်စေဘဲ တည့်တည့်ရူးရူး ပေါက်မြောက်အောင်မြင်အောင်ဟာ ဘာက ထိန်းကွပ်သိမ်းဆည်းပေးနိုင်လိမ့်မယ်လို့ ထင်သလဲ။ ကဲ ...''

တဒင်္ဂဖြင့် ငြိမ်သွားလိုက်ကြပုံမှာ တဲခေါင်ဖျားမှ အိမ်မြှောင်စုပ်ထိုးသံကိုပင် အတိုင်းတိုင်းကြားနေရတော့သည်။ ကံကောင်းက အားလုံးသော မျက်နှာများကို ဝံ့ဝံ့စားစား အကြည့်ဝေးရင်း အကဲခတ်လိုက်၏။

''သစ္စာနဲ့သီလဗျ။ အဲဒါဟာ အခရာပဲ။ ကျုပ်တို့အရေးတော်





ပုံ ဆိပ်မီးကြီးအရောင် တထိန်ထိန်တညီးညီး မငြိမ်းမသေဘဲ ဆုံးခန်းတိုင် ဟုန်းဟုန်းတောက်နေစေဖို့ အခရာ၊ အဓိကဟာ ရဲဘော်အချင်းချင်းအပေါ် တည်ရမယ့် သစ္စာ၊ ကိုယ့်တစ်ကိုယ်ရေ အကျိုးစီးပွားနဲ့ ဂုဏ်ပကာသနတွေအတွက် တစ်စက်ကလေးမျှ မငဲ့မကွက်ဘဲ မကျိုးမပဲ့ မပြောက်မကျားအောင်၊ မညိုးမနွမ်း လုံခြုံအောင်ထိန်းရမယ့် ကိုယ့်ကျင့်သီလပဲ။ ဒါကိုတော့ဖြင့် သဘောညီကြရဲ့မဟုတ်လား''

''ဟုတ်တယ် ... လူကလေး။ တို့ခေါင်းဆောင်ကြီးမင်းစံကဘကြောင့်ကြကြနဲ့ တဖွဖွ သတိပေးနေတာလည်း အဲဒီကိစ္စပဲ''

''အဲဒီသစ္စာနဲ့ သီလကိုတည်အောင် အင်းပြားတစ်ချပ် စမ၊ တစ်ဆူ၊ အဆောင်လက်ဖွဲ့တစ်ခုနဲ့တင် ထိန်းထားလို့ရတယ်ဆိုတာ ယုံသလား''

''ဘယ်လိုဗျာ ...''

''ဟောဒီ ... လောကီအစီအရင်၊ ဂမ္ဘီရပစ္စည်းတွေကို ဘယ်လိုစီရင်ကြရတယ်ဆိုတာ ကြားဖူးကြလိမ့်မယ်ထင်ပါတယ်။ စည်းကမ်းနည်းလမ်းတွေ၊ ပညာစခန်းတွေက တင်းကြပ်လှပါတယ်။ လိုက်နာရမယ့် စည်းကမ်းတွေ၊ စောင့်စည်းရမယ့် သီလတွေ၊ ရွတ်ဆိုရမယ့် ဂါထာမန္တန်တွေ အပုံအပင်ပါပဲ။

''အင်းကျိုး၊ အင်းပေါက်၊ အင်းဂူး စသဖြင့် ကြားဖူးကြမှာပါ။ သဘောလောက်ပဲပြောရရင် ဒီလောကီ အစီအရင်တွေကို မစတင်မီ ဘုရားရှိခိုး၊ သီလယူ၊ မေတ္တာပို့၊ အမျှအတမ်းဝေ၊ စည်းချစတဲ့ ကံထိန်း၊ ကံသိမ်း၊ ကံတည်၊ ကံမြင့်၊ ကံဆင့်အလုပ်တွေကို အရင်ဦးစွာ ဆောင်တည်ရ၊ ပြုကျင့်ရတာမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



စီရင်ပြီး 'ဆောင်'ထားသမျှ သီလနဲ့ သစ္စာတည်အောင် ထိ
သိမ်းရတာမျိုးပါ။ အဲဒီတော့ ဘာဲပဲပြောပြော ဒီပစ္စည်းတွေက တန်
သိဒ္ဓိ ရှိ၊ မရှိ သံသယရှိနေခဲ့ရင်တောင် ဒီပစ္စည်းတွေကို ဆောင်ထား
မှာ အနည်းဆုံး သစ္စာသီလ တည်နေကိန်းနေလိမ့်မယ်ဆိုတာကတော့
ဖြင့် အသေအချာပါပဲ''

''ဟုတ်လိုက်လေ . . . လူကလေးရယ် ဟုတ်လိုက်ပလေသ
ကွယ်''

အဘဉာဏ်၏ စီးစီးပိုင်ပိုင် ကြုံးပသံနှင့်အတူ အပြုံးရိပ်တွေ
ဆင်လာကြပြန်သည်။ ဗိုလ်တိုက်စိုး၏ မျက်နှာနေသည်ပင် သဘော
ကျေနပ်သယောင် လက္ခဏာမျိုးကို ဆောင်နေလေ၏။

''ပြီးတော့ 'အင်း' လည်း 'အင်း' အလျောက် 'စမ' လည်
'စမ' အလျောက်၊ အဆောင်လက်ဖွဲ့တွေလည်း သူတို့ဆိုင်ရာဆိုင်ရာ
အလျောက် စွမ်းတယ်ခင်ဗျ။ သံသယမရှိကြပါနဲ့။ အစွမ်းထက်တာ
အမျှ အမှားအယွင်းလည်း မခံပါဘူး။ အန္တရာယ်ကြီးပါတယ်။ ဒီတော့
'ဂမ္ဘီရ'ကိစ္စတွေအပေါ်မှာလည်း လျှော့ပေါ့ချပြီး လျှော့တွက်မထားလိုက်
ကြပါနဲ့''

''ကဲ . . . သခင်တိုက်စိုးတို့ လောကဓာတ်လူစုတွေကိုပဲ ဘဝ
ကျအောင် ပြောစမ်းပါရစေ။ ဟောဒီ 'အင်းချပ်' ကို ကြည့်ကြစမ်းပါ
ကဲ . . .''

ကံကောင်းက သူ့အောက်ခံအင်္ကျီ 'ရင်ကပ်အိတ်ငှက်' ထဲမှ
အဝတ်ဖြူတစ်ချပ်ကို နဖူးထက်တွင် ဦးတင်လိုက်ပြီးမှ အဝတ်သန့်သန့်
တစ်ထည်ဖြန့်ခင်းလျက် ချပြလိုက်သည်။ အားလုံးဝိုင်းဝန်း ကြည့်ရှု
ကြ၏။ တအံ့တဩ။





| | | |
|---|---|---|
| ၄ | ၉ | ၂ |
| ၃ | ၅ | ၇ |
| ၈ | ၁ | ၆ |

''ကံကောင်းစေ၊ လာဘ်ကောင်းစေတဲ့ 'မင်္ဂလာအင်း' ''

''ကဲ . . . အဲဒီအင်းချပ်ကို . . . ကြည့်ဗျာ။ ဒေါင်လိုက်ပေါင်း
ပေါင်း၊ အပေါ်အောက်ပေါင်းပေါင်း၊ ကန့်လန့်ဖြတ်ပေါင်းပေါင်း၊ ဘယ်လို
ပေါင်းပေါင်း (၁၅) ဂဏန်းချည်းပဲရတဲ့ 'အင်း' ခင်ဗျ။ အင်းကွက်ကိုး
ခွက်ချ။ 'စုံ' ဂဏန်းဟာ ကမ္ဘာစောင့်စိုးမိုးဂဏန်းမို့ 'စုံ' ကွက်ချတာ။
ထောင့်တွေမှာ (၂၊ ၄၊ ၆၊ ၈) ရေး။ ကျန်အင်းကွက်တွေမှာ မဂဏန်း
(၁၊ ၃၊ ၅၊ ၇၊ ၉) ကို အောက်ဆုံးအလယ်ကွက်က စ,သွင်း။ ဂဏန်း
(၉)လုံးပါတဲ့ 'အင်း' တစ်ချပ်ရရော။

''အဲ . . . ဒါပေတဲ့၊ အဲဒါကျုပ်တို့ မြန်မာအင်းမဟုတ်ဘူးဗျ။
အဲဒီအင်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးလေးထောင်လောက်ကတည်းက
တရုတ်လူမျိုးတွေချခဲ့တဲ့ အင်းခင်ဗျ။ ဂဏန်းနဲ့တော့ဖြင့် မဟုတ်ဘူး
တဲ့။ ပေသီးကို အလုံးကလေးတွေ စီပြီးချခဲ့ကြတာတဲ့။

ဒီကနေ့အထိ ကံကောင်းစေ၊ လာဘ်ကောင်းစေတဲ့ 'မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



အင်း' အဖြစ် ဆောင်ထားကြတုန်းပဲ။ ယုံလည်း အရမ်းယုံကြည်ကြတယ်။ ကဲ . . . ဒီအင်းကိုလည်း ထပ်ကြည့်ပါဦး''

| | | | |
|---|---|---|---|
| ၄ | ၉ | ၅ | ၁၆ |
| ၁၄ | ၇ | ၁၁ | ၂ |
| ၁၅ | ၆ | ၁၀ | ၃ |
| ၁ | ၁၂ | ၈ | ၁၃ |

''အံ့ဖွယ်စတုရန်း (Mafic Square) အင်း''

''အဲဒါဟာ ရှေးဟောင်းအီဂျစ်လူမျိုးတွေနဲ့ ဟေဗရူးတွေ သဲသဲမဲမဲ ယုံယုံကြည်ကြည်ဆောင်ထားတတ်တဲ့ အလွန်အစွမ်းထက်သော 'ရန်ကြိုအင်း'၊ သို့မဟုတ် 'စကြာဝဠာအင်း' ပါပဲ။ အလျားလိုက်၊ ဒေါင်လိုက်၊ ကန့်လတ်ဖြတ် ဘယ်လိုပေါင်းပေါင်း ပေါင်းခြင်းရလဒ်ဟာ (၃၄) ပဲရလိမ့်မယ်။ (၃) နဲ့ (၄) ဟာ အချင်းချင်း ကျော်နိုင်းထားတဲ့ ရန်ဘက်ဂဏန်းတစ်စုံပဲ။

အဲ . . . အဲဒီရန်ဓာတ်တွေကို ကုန်စင်အောင် ချေဖျက်နိုင်ရန် ကံကောင်းစေတဲ့ Luck Number (၇) ကို ရစေလိမ့်မယ်။ ဆိုလိုတာက ကောင်းတဲ့ကံအသစ်တွေ ဖြစ်ထွန်းခွင့် ကြုံမယ်ပေါ့ဗျာ။





''ကဲ . . . သခင်တိုက်စိုး၊ အခုအထိ ကျွန်တော်ပြခဲ့တဲ့ အင်းနှစ်ချပ်ဟာ ဥရောပနဲ့ အာဖရိကတိုက်ဘက်က ဂမ္ဘီရပညာရှင်တွေရဲ့ ပညာလမ်း၊ ပညာခွင်မှာ ယနေ့တိုင် အရေးပါဆဲ၊ အရေးအပါဆုံး ဖြစ်နေတုန်း နာမည်ကြီး အင်းနှစ်ချပ်ပါပဲတဲ့''

ဗိုလ်တိုက်စိုးသာမက အဘဥက္ကာ၊ ဗိုလ်မှူးဘအေး၊ ဗိုလ်မှူးဖိုးလွင်၊ ဗိုလ်ဖိုးဆော့၊ ဗိုလ်ထွန်းသွယ်၊ ဦးပန်းစိန်စသည့် တပ်ဗိုလ်အသီးသီးသည် အင်းကွက်နှင့် အင်းဆံသွင်းထားပုံ၊ အင်းသွားအင်းလာနှင့် အင်းခွင်တည်ပုံများကို စေ့စေ့စပ်စပ် ကြည့်နေကြ၏။ တစ်ယောက်တစ်ပေါက် ထင်မြင်ရာရာကို ဝေဖန်ပြောဆိုလျှက်ရှိကြရာ တီးတိုးသံများ သောသောရုတ်ရုတ် ညံလာသည်။

''ကဲ . . . ပါလေ . . . အဲဒါ ထားလိုက်ကြပါ။ တိုင်းခြားတစ်ပါးပြည်သားတွေရဲ့ ပညာစခန်း၊ လုပ်ရပ်တွေကို သိသာအောင်သာ ပြောပြရတာပါ။ အခုသေသေချာချာ ရှင်းပြချင်တာက ယုံကြည်သူ ဦးစီးတပ်ဗိုလ်တွေကိုချည်း ဆောင်ထားစေချင်တဲ့ မြန်မာဂမ္ဘီရနည်းနဲ့ အစီအရင်ပြုထားတဲ့ 'စကြာဝဠာအင်း' 'နရရန်နှိမ်' အင်း၊ 'ရန်ပြိုအင်း'၊ 'လောကသရဖူအင်း' အကြောင်းကိုပါ။ ကဲ . . . ဒီမှာကြည့်ကြပါ . . .''

ကံကောင်းက သူ့ဦးခေါင်းထက်၌ ပတ်ပေါင်းထားသည့် ကျောက်စိမ်းရင့်ရင့် ပိုးပဝါကို ဖြည်ချပြီး ဖြန့်ခင်းပြလိုက်သည်။ အင်းကွက်ကို ရွှေခြည်ဖြင့်လည်းကောင်း၊ အင်းဆုံဂဏန်းများကို ငွေချည်ဖြူဖြင့်လည်းကောင်း၊ လှပသေသပ်စွာထိုးထားသည့် အင်းတစ်ချပ်က ဘွားခနဲပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

'လောကသရုပ္ပအင်း'

''အင်းကွက်စုစုပေါင်း ၁၆ ကွက်ပါတယ်။ အဲဒါဟာ စကြ္ဝဠာတည်ဟန်ကို ပြထားတာပါ။ အလျားလိုက်လေးကွက်က လောကီ အဓိပတိ 'ရေ၊ မြေ၊ လေ၊ မီး' ဓာတ်လေးပါးကို ညွှန်းတာ။ လောကဟာ ဓာတ်လေးပါးရဲ့ အစုအဝေးပါပဲ။ ရုပ်ချုပ်အစုအဝေး ဖြစ်၊ တည်၊ ပျက် အစဉ်ကြီးကို ဆိုလိုတာ။

ဒေါင်လိုက်သေးကွက်က လောကုတ္တရာ အဓိပတိ၊ ဗုဒ္ဓတရား ဒေသနာတော်လာ 'သစ္စာလေးပါးပါ။ မဖောက်မပြန် အမြဲထာဝရ မှန်ကန်နေမည့် လောကပရမတ္ထ သစ္စာတွေလေ။ ကမ္မာစောင့်တရား၊ ကမ္ဘာစောင့်ကမ္ဘာထိန်းတရားအစု၊ နာမ်ဒြပ်အစုပေါ့ခင်ဗျာ။ အဲဒီရုပ်ဒြပ်(၄)ပါး၊ နာမ်ဒြပ် (၄)ပါးကို မြှောက်ပွားလိုက်တော့ စကြ္ဝဠာအင်းခွင် (၁၆)ပါး ရပါတယ်။





''အင်းခွင် (၁၆) ကွက်မှာ အင်းဆံအဖြစ် ဂဏန်းအက္ခရာ (၁) ကနေ (၁၆) အထိ ဂဏန်း (၁၆)လုံးကို သူ့စိုးမိုးရာ အင်းနယ်ထဲမှာ ဘည်စေရ၊ ကိန်းစေရပါတယ်''

''ကိုင်း ... ဒါဖြင့်၊ အဲဒီဂဏန်းတွေက ဘာကိုရည်ညွှန်းသလဲ ဘဲ့။ (၁၆) ဂဏန်းကိုတော့ ပြောခဲ့ပြီနော်။ လောကသဘာဝ၊ ဩကာသကြီး၊ စကြ္ဝဠာကြီးကို ညွှန်းတာပါ။ (၁၅) က သူတော်ကောင်းဥစ္စာ (၇)ပါးနဲ့ မဂ္ဂင် (၈)ပါးရဲ့အပေါင်းအစု၊ သမ္မုဟာကိန်းပါ။

(၁၄)ဂဏန်းက ခုနစ်နေ့၊ ခုနစ်နံ၊ ခုနစ်ရက်ထားတာ။ မနုဿဘာဝရုပ်ကိန်း။ (၁၃)ဂဏန်းက မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ် အစရှိတဲ့ (၁၂)ရာသီ (၁၂)လနဲ့ အန္တောဂဗ္ဘေစရေဝံသေ ဓာတ်ဖက်၊ အောင်ပကုလား ဆွေသားတော်ရင်း မိတ်ဖက်၊ ဦးဝေ စံကျူးရေဗူးတောသူဆိုတဲ့ မသင့်မတင့်ရှိကြတဲ့ ဓာတ်ရန်များမှာ အုပ်စီးလျက်ရှိတဲ့ တနင်္ဂနွေ ဂဏန်း (၁)တို့ရဲ့ မှုဟာကိန်း ...။ ကဲ ... အဲဒီ (၁၆၊ ၁၅၊ ၁၄၊ ၁၃) ဂဏန်းအက္ခရာလေးလုံးဟာ လောကကို ပြုပြင်စီရင်လျက်ရှိတဲ့ ဖွဲ့စည်းတွေ၊ ဓာတ်တွေပဲ''

''အင်း ... အင်း ... ဟုတ်ပါပြီ လူကလေးရယ်။ စိတ်ဝင်စားစရာပါပဲ။ ကျန်တဲ့ဂဏန်းတွေကိုလည်း ဆက်ရှင်းပါဦး''

''ဟုတ်တယ် ... ကိုကံကောင်း။ ဆက်ရှင်းပြပါဦး။ ခင်ဗျား ပြောတာတွေဟာ တကယ့် ပကတိလောကသဘာဝတွေနဲ့ မကင်းမကွာ၊ ဆက်စပ်နေပါတယ်။ တကယ်စိတ်ဝင်စားစရာတွေပါ''

''ကောင်းပါပြီ ... ကိုတိုက်စိုး။ ကဲ ... ခင်ဗျားလည်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ယောက်ပဲ။ ဗုဒ္ဓရှင်တော်ဘုရားရဲ့ ဖြစ်တော်စဉ် ဘုရားရှိခိုးလင်္ကာကို ရခဲ့ဖူးရဲ့မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျ ... ငယ်ငယ်တုန်းက ဘွားအေကြီးနဲ့အတူ အိပ်ရတော့ ဘွားအေကြီး ဘုရားရှိခိုးတိုင်း အဲဒီဘုရားရှိခိုးစာ ရွတ်သံဖတ်သံတော့ ကြားခဲ့ဖူးပါရဲ့။ ခုတော့ဖြင့် ခပ်မေ့မေ့ပဲ"

"ဒီလိုဗျာ ... နားထောင်ကြည့် ...

ငါးရာငါးဆယ်၊ ဇာတ်တော်ဝယ်တွင် လူလျှင်သုံးရာ၊ ငါးဆယ်သာ၍ ကောဖြစ်ပြား၊ နတ်သားအစစ်၊ သုံးဆယ့်နှစ်တိုး၊ ရက္ခစိုးဝယ်၊ သုံးဆယ့်နှင့်သုံး၊ ပေါင်းရုံးမျောက်ဝယ်၊ တစ်ဆယ့်နှစ်ဈေး၊ ခြင်္သေ့ဟသ်ာ၊ ဆယ်ခါစီဖြစ်၊ ကျေးစစ်ကိုးပင်၊ သမင်အဌ၊ ဆင်သတ္တနှင့် နိမ့်ခြောက်ခါ ဖြူဟွာနှင့်နွား၊ ငါးစီထားလော့၊ နဂါးနှင့်မြင်း၊ လင်းတပေါင်းရုံး၊ ငုံး ငှက်သာဖန်၊ ဤငါးတန်မူ၊ လေးဆူဖြစ်ရောင်း၊ ဥဒေါင်းဆတ်ခွေး၊ ခေါ်ရေးနာမ၊ ဖွတ်ဂေါမနှင့် မစ္ဆငါးစွက်၊ ဇာတ်ငါးချက်ဝယ်၊ သုံးဘက်စီပေး၊ ဖြစ်ရေးတစ်သုန်၊ ဂဠုန်ထည့်စွက်၊ ဥဩငှက်ဇာတ်ရှစ်ဖြာကား၊ နှစ်ခါစီပေး၊ ဖြစ်ရေးပေါင်းရုံး၊ ဘီလုံးတင်ကျိုး၊ တစ်နည်းဖားကျွဲ၊ ခွဲ မှတ်တစ်ဖုံ၊ ယုန်တခေါင်းကွက်၊ ဝက်–ကိန္နရာ၊ ရှစ်ဖြာဇာတ်စစ်၊ တစ်စီဖြစ်၏။ ပေါင်းလစ်ငါးရာ၊ လေးဆယ်သာတည့်၊ စွန်းမှာ ခုနစ်မျှသာ တည်း ...။ ဒီလိုမဟုတ်လား"

"ဟုတ်တယ်ဗျို့ ... ဟုတ်တယ်။ ကျုပ် ရေးရေးမှတ်မိပြီ"

"အဲဒီဖြစ်တော်ပေါင်း လက်ာထဲက သိကြား၊ ဗြဟ္မာ၊ လူ၊ နတ် စတဲ့ ဘဝဖြစ်တော်စဉ်တွေကိုဖယ်ပြီး ကျန်တဲ့ဘုံစဉ်တွေကို ယူကြည့်လိုက်ရင် အင်းဆံထည့်မယ့် ဂဏန်းများရဲ့ ညွှန်းချက်တွေကို ဒီလိုရတယ် ...





(၁) ဂဏန်း – ဘီလူး၊ ကင်ကျိုး၊ ဖား၊ ကျွဲ၊ ယုန်၊ တာ၊ ဝက်၊ ကိန္နရာ ဘဝဖြစ်တဲ့ ဘဝကြိမ်ရေ။

(၂) ဂဏန်း – ဂဠုန်၊ ဥဩ၊ စက္ကဝါက်၊ ကျီး၊ ခါ၊ ခေါက်ရှာ၊ ကြက်၊ ကြွက်။

(၃) ဂဏန်း – ဥဒေါင်း၊ ဆတ်၊ ခွေး၊ ဖွတ်၊ ငါးဘဝ။

(၄) ဂဏန်း – နဂါး၊ မြင်း၊ လင်းတ၊ ငုံး။

(၅) ဂဏန်း – နွားဘဝ (၅)ကြိမ်။

(၆) ဂဏန်း – နိဘဝ (၆)ခါ။

(၇) ဂဏန်း – ဆင် (၇)ကြိမ်။

(၈) ဂဏန်း – သမင်ဘဝမှာ (၈)ကြိမ်။

(၉) ဂဏန်း – ကျေးသားဘဝ (၉)ခါ။

(၁၀) ဂဏန်း – ခြင်္သေ့နဲ့ဟသ်ာ (၁၀)ကြိမ်စီ။

(၁၁) ဂဏန်း – မျောက်ဘဝ (၁၁)ခါ ... တဲ့။

ဘဝတစ်ခုတစ်ခုစီမှာ အဖန်တလဲလဲဖြစ်ခဲ့ရတဲ့ ဘဝကြိမ်ရေတွေကို အင်းဆံမှာထည့်။ ဘဝအသီးသီးမှာကြုံရတဲ့ (၁၁)ပါးသော မီးကို ဂဏန်းကွက်တစ်ခုယူ။ စည်းကမ်းနည်းလမ်းအတိုင်း သူ့အင်းခွင်နဲ့သူ အင်းဆံနေရာချ ဖြည့်သွင်းလိုက်တဲ့အခါ မြတ်ဗုဒ္ဓရဲ့ ဘဝအဆူဆူကို ပူဇော်တဲ့ 'လောကသရဖူ' အင်းဘုရားတစ်ဆူရကရော မဟုတ်လား။

ကျုပ်တို့ တစ်ဦးချင်းတစ်ယောက်ချင်းစီရဲ့ နံနံနဲ့နဲ့ ကိုယ်ခံ စွမ်းအား၊ တန်ခိုးသိဒ္ဓိတွေကို ဘုရားရှင်ရဲ့ အနန္တတန်ခိုးရှိန်စော်တွေက ကျောထောက်နောက်ခံပြုပေးထားမှုဖြင့် သာမန်ထက်ပိုတဲ့ အကျိုးမရှိနိုင်ပေဘူးလား။ ကဲ ..."



www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်တို့ မြန်မာ့နည်း 'လောကသရဖူစကြာဝဠာအင်း' က လည်း ဘေးတိုက်၊ ဒေါင်လိုက်၊ ကန့်လတ်ဖြတ် ဘယ်လိုပေါင်းပေါင်း (၃၄) ပဲ ရတာပါပဲဗျ။ ညောင်ရမ်းခေတ်အပျက် ကုန်းဘောင်ခေတ်ဦး ဘားမဲ့ဆရာတော်ကြီးတို့၊ ရေနံ့နတ်စက်ရောင် ဆရာတော်ကြီးတို့၊ မွန် ဘုန်းကြီး လောကသာရ ဆရာတော်ကြီးတို့ တွင်တွင်ကျယ်ကျယ် ထိထိ ရောက်ရောက် သုံးခဲ့တဲ့အင်းပဲဗျ။ ဟုတ်ပလား''

''အင်း . . . စိတ်ဝင်စားစရာတော့ အတော်ကောင်းလာပြီဗျ။ ကိုကံကောင်း . . . ကျေးဇူးပဲဗျာ။ ခင်ဗျားပြောမှပဲ မြန်မာ့ရှေးရိုးစဉ်လာ ဂမ္ဘီရပညာတွေဟာလည်း အမိပ္ပါယ်မဲ့မဟုတ်ပါကလားဆိုတာ ဘဝင်ကျ လာမိတော့တယ်''

''ပြောရကျိုးနပ်တာပေါ့ သခင်တိုက်စိုးရယ်''

''မြန်မာမှာ စကားရှစ်မျိုးရှိသတဲ့ ကိုရင်တို့ရဲ့။ 'စနည်း၊ တဘောင်သိုက်၊ ဓာတ်၊ နမိတ်၊ ဗျာဒိတ်၊ အတိတ်၊ အနာဂတ်' တဲ့။ ဒီ ရှစ်မျိုးမှာ ဓာတ်ကို သိုက်နိုင်တယ်။ သိုက်ကိုတဘောင်နိုင်တယ်၊ တဘောင် ကို ယတြာနိုင်တယ်။ ယတြာကောင်းရင် ပြဒါးသေ၊ သံသေသလောက် ကိစ္စပြီးသတဲ့ကွယ့်။ ဒီတော့ 'မင်းစံ' နဲ့ လူကြီးတွေက တို့ဂျွန်တပ်ဖွဲ့ ဝင်တွေကို အစီအရင်၊ အဆောင်အထားတွေ စီမံပေးတာကို တေဒက တက်ပြီး သံသယဝင်မနေကြနဲ့တော့။ ဟုတ်စ . . . ငါ့လူတို့''

''ခဏနေပါဦး . . . အဘဉာဏ်။ ကိုယ်တွေ့ ကိုယ်ကြုံမဟုတ် ဘဲ နှစ်နှစ်ကာကာ ဘဝင်ကျကျ လက်ခံနိုင်ဖို့က ခက်သားပဲ။ ဒီတော့ လူတိုင်းကို လက်တွေ့မျက်တွေ့ စမ်းသပ်ကြည့်ကြစေချင်ပါသေးတယ်။





ဒါ . . . ကျွန်တော့်ရဲ့ဆရာ အဘဆရာသန့်ကြီးက စီရင်ပေးထား 'လောကသရဖူ' ကြေးပြားအင်းတော်တွေပါ။

တစ်ယောက်တစ်ဆူစီယူပြီး လက်အုပ်ထဲမှာထည့်၊ နမူးပြင် ဒ္ဓ၊ ဓမ္မ၊ သံဃ' တြိရတန ဂါရဝပူဇော်လိုက်ပါ။ ပြီးရင် မျက်စိကို ပြီး ကျုပ်တို့အရေးတော်ပုံကြီးရဲ့ ခေါင်းဆောင်ဆရာစံကြီးရဲ့ ပုံ ဓာန်ကို အာရုံယူလိုက်ကြပါ။ မင်းစံက ခင်ဗျားတို့ကို တစ်ခုခုပြော မယ်''

ပိတ်ပိတ်သား တိတ်ဆိတ်သွား၏။

သူတို့၏ အသက်ရှူသံမှတစ်ပါး . . .

''ဟိုက် . . . မင်းစံက 'စပြီးတိုက်ကြတော့' တဲ့''

''ဟုတ်တယ် . . . 'နေဦးထွက်တာနဲ့ တိုက်ပွဲစကြတော့' တဲ့''

''အဲဗျာ . . . တိုက်တိုက်ဆိုင်ဆိုင် ကျုပ်ကိုလည်း ပွဲဦးမကျိုး လန်စေနဲ့။ နိုင်အောင်တိုက်' တဲ့''

''ဗုဒ္ဓေါရေ . . . မင်းစံအသံကြီးက ကျုပ်ရဲ့နားနားကို ကပ် ပြောနေသလိုချည်း ပီပီပြင်ပြင် ကျကျနနကြီး''

တစ်ဦးမျက်နှာကိုတစ်ဦး လှမ်း၍ ကြည့်ဖြစ်ကြရသည်။

လက်မွန်မဆွ ကြိုတင်စီမံထားခဲ့သည့် သူတို့၏ တိုက်ပွဲခွင် ည် . . .

''ကိုင်းဟေ့ . . . ရဲဘော်တို့ သွေးသောက်တို့ ငှက်ဂျွန်ရဲ့ င်ပံဟုန်ကို ခတ်လိုက်ကြစို့ရဲ့။ မသေရင် ထပ်တွေ့ကြသေးတာပ တ်စ။ ကဲ . . . ဗိုလ်မှူးဘအေး . . . စစို့''

''ကဲ . . . ဗိုလ်ဖိုးဆော့''



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်တိုက်စိုး"

"ရွှေတီးရေ ..."

"ဒူ ...ဟူ ...ဟူ ...ဟူ"

"ဒူ ...ဟူ ...ဟူ ...ဟူ"

"ဒူ ...ဟူ ...ဟူ ...ဟူ"

"အရေးတော်ပုံ ...

အောင်ရမည် ...အောင်ရမည်"

✿ ✿ ✿

| ၈ |

"ဒူ ...ဟူ ...ဟူ ...ဟူ"

"ဒူ ...ဟူ ...ဟူ ...ဟူ"

"ဒူ ...ဟူ ...ဟူ ...ဟူ"

"ဟော့ ...မောင်ဘရဲ့ ...မင်း ကြားလိုက်ရဲ့မဟုတ်လား။ ဒီမောင်းသံကြီးဟာ မနက်လင်းအားကြီး သုံးနာရီလောက်ကတည်းက ထုနေတာ ရပ်ပဲ မရပ်တော့ပါကလား။ ဒီရွာတွေဘက်ကို တို့တွေလည်း မကြာခဏ ရောက်နေကြတာပဲ။ ဒီလိုမောင်းသံမျိုး မကြားဖူးခဲ့ပါဘူး။ ဘာလဲကွ ...တစ်ခုခုတော့ တစ်ခုခုပဲ"

သာယာဝတီမြို့ ပုလိပ်သင်တန်းကျောင်း ကျောင်းအုပ် ဦးချစ်သည် သူတို့အဖွဲ့နှင့်အတူပါလာသည့် စုံထောက်အမှုထမ်း (C.I.D) မောင်ဘအား မေးလိုက်မိသည်။

---



www.burmeseclassic.com

www.burmeseclassic.com



သည်မောင်းသံကြီးအကြောင်းကို သူပြင်းပြင်းပြပြ သိချင်နေသည်။

ဖားရွှေကျော်ရွာအနီး လယ်တဲသို့ ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေးဦးဆောင်သည့် သူတို့အဖွဲ့ ရောက်နေကြသည်မှာ ညလယ်ခန့်ကတည်းက ဖြစ်သည်။ ရေတိုက်ရွာတွင် သင်္ကာမကင်းဖွယ် အခြေအနေများ ဖြစ်ပေါ်နေကြောင်း ရွာခံသတင်းပေးများက လယ်ထဲအထိ လာရောက်သတင်းပို့ခဲ့ကြသဖြင့် ရွာတွင်းမဝင်ဘဲ ရွာအပြင်လယ်ထဲ၌သာ စခန်းချနေရန် ဦးမောင်ကလေးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မောင်းသံများကို နံနက် (၃)နာရီ၊ ရေတိုက်ဘုန်းကြီးကျောင်းမှ တုန်းကြီးခေါက်ခဲ့ပြီးနောက် စတင်၍ ကြားခဲ့ကြရခြင်းဖြစ်သည်။ လယ်တဲရှင်ကလည်း ဘာမောင်းသံမှန်းမသိပါဟုချည်း ဘူးခံ၍နေသည်။

''ဒီရွာတွေအကြောင်း ကျွန်တော်ကောင်းကောင်းကြီး သိပါတယ် ဆရာ။ အပ်ကျတာကအစ ကျွန်တော့်အတွင်းလူတွေက သတင်းပို့တတ်တာမျိုးပါ။ ရိုးရိုးမောင်းသံပဲ ဖြစ်ပါလိမ့်မယ်။ ရှမ်းမောင်းကကြမလို့လားတော့ မသိဘူး။ အဲ ... ဒါပေတဲ့ မောင်းသံနဲ့အတူ ကပ်ပါလာတဲ့ သံချောင်းခေါက်သံတွေကိုတော့ ဘာရယ်လို့ တပ်အပ်မပြောနိုင်ဘူး''

သူတို့သည် 'လုပ်သက်ရင့်' 'ပုလိပ်ဝန်ထမ်းများဖြစ်ကြရာ အကြောင်းမဲ့သက်သက်ခေါက်သော သံချောင်းသံမဟုတ်ဟု ယူဆလျက် သင်္ကာရန့်မကင်း ဖြစ်နေကြသည်။ စိတ်ထဲ၌ တစ်စုံတစ်ရာ စူးဝင်နေဘိသို့ ခိုးလိုးခုလု စနိုးစနောင့်ကြီး။

''ဟော ... ဟော ... ဦးထွန်းလှ ... လာဦး ... လာဦး။ ဟောဟို ... ရေတိုက်နဲ့ အင်းကောက်ရွာကြားထဲက လက်နှိပ်ဓာတ်မီး





ရောင် တဝင်းဝင်းတွေက ဘာတွေဖြစ်နိုင်တုံး။ အင်အားက မနည်းလှဘူးနော်''

''မှန်ပ ... ဝန်မင်း၊ ကျွန်တော်မျိုးလည်း အဲဒါကို စဉ်းစားနေတာပဲ ဘုရား။ ဒီရွာတွေဘက်မှာ ဒီလိုလက်နှိပ်ဓာတ်မီးမျိုးက ပေါပေါများများ သုံးခဲလှသလို ညရေးညတာမှာ ဒီလောက် လူစုလူဝေးတွေနဲ့ သွားလာလှုပ်ရှားတာမျိုးလည်း မရှိသလောက်ပါပဲ ဘုရား''

''ဒူ ... ဟူ ... ဟူ ... ဟူ''

''ဒူ ... ဟူ ... ဟူ ... ဟူ''

''ဒူ ... ဟူ ... ဟူ ... ဟူ''

''ဒူ ... ဟူ ... ဟူ ... ဟူ''

''ဒူ ... ဟူ ... ဟူ ... ဟူ''

''ဟော ... ဒီမောင်းသံကြီးက ပေါ်လာပြန်ပြီ။ ဒါပါနဲ့ဆို သုံးချီသုံးခါ ရှိနေပြီဗျ။ ဒီလူတွေ တစ်ခုခုလုပ်ကြလိမ့်မယ်နဲ့တူတယ်''

''မဟုတ်လောက်ပါဘူးလေ ..။ ဒီနယ်မှာ ဒီလိုဖြစ်မှုကြီးကြီး မဖြစ်ဖူးသေးပါဘူး။ ရွာထဲမှာ သာရေးနာရေး အရေးအခင်းတစ်ခုခုရှိလို့ ဖြစ်မှာပါ''

''ကိုသာဟန်တို့ မရောက်ကြသေးဘူးလား''

''အင်း ... သိပ်မကြာခင် ရောက်လာလိမ့်မယ်ထင်တယ်။ သွားကြတာတောင် ကြာပြီပဲ''

ပုလိပ်အကြပ် ဦးသာဟန်ကို လမ်းပြနိုင်းပြီး ရေတိုက်ရွာကို ကွင်းသွားကြလျက် ဖွားရွှေကျော်မှ လိုင်စင်သေနတ်ကိုင်သူ ရှမ်းအမျိုးသား ဦးကောတုကိုခေါ်ဆောင်ရန် အင်စပိတ်တော် ဦးဘဦးနှင့် ဌာနအုပ်



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်တို့အား စေလွှတ်ထားရာ သူတို့ပြန်လာတာကို မျှော်နေ
ခြင်း ဖြစ်၏။ သူတို့နှင့်အတူ ရေရေရာရာ စကားစတစ်ခုခု ပါလိမ့်မယ်

ဦးကေတုသည် သာယာဝတီခရိုင် ပုလိပ်တပ်ဖွဲ့၏ အမ
သတင်းပေးဖြစ်သည်။ သူ၏တူမောင်ဖုန်းကို ယခုတစ်လော၌ ကော
ဟာလများဖြင့် တလှုပ်လှုပ်တရွရွ ကြားနေရသည့် 'ဝံသာနုအသင်း
'ဘူးအသင်း' များအတွင်းသို့ ထိုးဖောက်ဝင်ရောက်၍ သတင်းယူ
တာဝန်ပေးထားခဲ့သည်။ အပေးအယူအနေဖြင့် ဦးကေတုလျှောက်ထာ
သည့် နှစ်လုံးပြူးသေနတ်နှင့် ယမ်းတောင့် ၂၅ တောင့် ကိုင်ဆောင်ခွ
လိုင်စင်ကို ချထားပေးခဲ့ပြီးဖြစ်သည်။

ဤမောင်းသံ၊ ဤဖာတ်မီးရောင် တဝင်းဝင်းနှင့် ဤရုတ်ရု
သဲသဲ လှုပ်ရှားမှုများ၏အကြောင်းကို ဦးကေတုတို့၊ မောင်ဖုန်းတို့ထံမှ ကြာ
ရလိမ့်မည်ဟု ဦးမောင်ကလေးနှင့် ဦးချစ်တို့က အားခဲထားကြ၏။

"ဟေ ... လာကြပြီ"

ဌာနအုပ် ဦးခင်မောင်က အရင်ဝင်လာသည်။

ဦးကေတုနှင့် မောင်ဖုန်းတို့၏နောက်မှ အင်စပိတ်တော် ဦးဘ
နှင့် သူတပည့် ပုလိပ်သားနှစ်ဦးက ဝင်လိုက်လာကြ၏။ ဦးကေတု
လက်ဝယ်တွင် သေနတ်နှင့် ယမ်းတောင့်များကို မမြင်။

"သေနတ်နဲ့ ယမ်းတောင့်တွေ ဘယ်မှာလဲ"

ဦးမောင်ကလေးက အလောတကြီး မေးသည်။

"မရှိတော့ဘူး ... သခင် ပါသွားပြီ။ ပေးလိုက်ရပြီ။ အာ
လုံးပဲ။ သေနတ်ရော ကျည်ဆန်တွေရော၊ ကျွန်တော်မျိုးကိုင်တဲ့ ဓာ
တွေ၊ လှံတွေရော၊ တူမီးသေနတ်ရော အကုန်ပဲ၊ အကုန်ပဲ"





"ဟင် ..."

"နို့နေပါဦး ... ဘယ်သူ့ကို ပေးလိုက်ရတာတုံး။ သူကြီးကို
း၊ ပုလိပ်ဘက်ကိုလား"

"မဟုတ်ဘူး ... သခင်။ ကျွန်တော်မျိုးတို့ ရေတိုက်ရွာထဲက
ကိုဖိုးသစ်နဲ့ မောင်ရုန်းတို့၊ မောင်လုံးတို့။ စံပီးတို့တောင်လုံးကျော်
 လူစုတွေကို"

"သူတို့က ဘာကောင်တွေမို့တုံး။ ဘာလဲ၊ ဓားပြတွေလား"

"မဟုတ်ဘူး သခင်။ သူတို့လူအုပ် ရေတိုက်ရွာထဲဝင်လာ
တာ လူလေးငါးဆယ်လောက်ရှိမယ်။ လက်နက်ကိုယ်စီနဲ့၊ တိုက်ပုံ
က်ပြာရောင်၊ ရှမ်းဘောင်းဘီ နက်ပြာရောင်ကိုယ်စီ ဝတ်ထားကြတယ်။
တိုက်ရွာအရှေ့ပိုင်းက ကိုဖိုးသစ်က ခေါင်းဆောင်ပဲ။ သူ့ကို 'ဗိုလ်ဖိုး
စ်'လို့ ခေါ်နေကြတဲ့အသံ ကြားရတယ်သခင်။ သူတို့က 'ဂဠုန်သူပုန်
တွေတဲ့"

"ဘာ ... ဘာတဲ့ ..."

"အင်္ဂလိပ်မင်းအစိုးရကို ပုန်ကန်ကြမယ့် ဂဠုန်သူပုန်အဖွဲ့ဝင်
တွေတဲ့သခင်။ ရေတိုက်ရွာထဲမှာ စုနေကြတာလူ ၁၀၀၊ ၁၅၀ ကျော်ရှေ
မယ်။ တဖွဲဖွဲ ရောက်လာနေကြတုန်းပဲ။ သူတို့အားလုံးကို အဆောင်
တွေ၊ လက်ဖွဲ့တွေ၊ ပြီးဆေးတွေ စီရင်ပေးထားသတဲ့ခင်ဗျ။ လက်နက်
တွေကတော့ ရရာတွေပဲ။ သေနတ်လေးငါးလက်ကိုလည်း တွေ့တယ်။
အဲဒါ အန္တရာယ်နီးလွန်းလို့ ရာဇဝတ်အုပ်မင်းတို့ကို အမြန်ခေါ်ထုတ်
လာခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . သူပုန်တဲ့ . . . ဂျွန်တဲ့ . . . ဟုတ်စ"

"ဟုတ်ပါတယ် . . . သခင် . . . ဒီလိုပဲ ကြားခဲ့ရပါတယ်"

"ဟုတ်တယ်ခင်ဗျ . . . ဝန်မင်း။ ကျွန်တော်တို့ အဖွဲ့ အတိုက်ခံရမှာစိုးရိမ်လို့ ခပ်သွက်သွက် ပြန်ဆုတ်လာခဲ့ကြတာ။ လ ရိုးတစ်ခုကို ကူးမလို့လုပ်နေကြတုန်း 'ငါးအိမ်စုရွာဘက်က လူ ငါးဆယ်လောက် မီးတုတ်တွေကိုယ်စီနဲ့ 'ရေတိုက်' ဘက်ဆီ ဦးတ သွားနေကြတာကို တွေ့ခဲ့ရတယ်။ တစ်ခုခုလုပ်ဖို့ အကြံအစည်ရှိနေ တာတော့ သေချာတယ်ခင်ဗျ။ ရေတိုက်ရွာတစ်ရွာလုံး ပြောင်း နေတာပဲ"

အင်စပက်တော် ဦးဘဦးက သူ့ကိုယ်တွေ့ကို ရှင်းပြသ ပြဿနာက ထင်ထားသည်ထက်ပို၍ ကြီးလာနေပြီဖြစ်သည်။ ဖ ကျော်သူကြီး ဦးထွန်းလှက 'အစက ငါမပြောလား' ဟူသည့် မျက် ပေးဖြင့် ဦးချစ်နှင့် ဦးမောင်ကလေးကို တစ်လှည့်စီကြည့်နေလေ

"ကဲ . . . ဦးကေတု . . . လာခဲ့ဦး။ ခင်ဗျား သိထား ကျုပ်ကို သေချာပြောပြစမ်း။ ဘာပဲဖြစ်ဖြစ်၊ ခင်ဗျား ကြားသမျှ သမျှ သိသမျှတွေကို အကုန်ပြောပြ . . . လာ"

ဦးမောင်ကလေးနှင့် ဦးဘဦးတို့က လယ်တဲကလေး၏ ရင်း ကွပ်ပျစ်ပေါ်တွင် ဦးကေတုကိုလည်းကောင်း၊ ဦးချစ်နှင့် ဦး မောင်တို့က မောင်ဖုန်းကိုလည်းကောင်း အရေးတကြီး အသေးစိ မေးမြန်းလျက်ရှိကြ၏။

ရာဇဝတ်အုပ် မစ္စတာအာမက်နှင့် ပုလိပ်တပ်ဖွဲ့ဝင်များသ





လယ်တဲကလေးပတ်ပတ်လည် သစ်ပင်အကွယ်၊ ချုံနွယ်ပိတ်ပေါင်း အကွယ်များနောက်တွင် စနစ်တကျနေရာယူလျက် ရေတိုက်ရွာဘက် ကို မျှော်ကြည့်ရင်းက စိတ်တွေမောနေကြ၏။

"ဦးသာဟန် . . ."

"Yes, Sir."

"ခင်ဗျားနဲ့ ဘတင်ရယ်၊ မောင်ကြင်ရယ် ရေတိုက်ဘက်ကို တစ်ချက်ပြေးကြည့်ကြဦးဗျာ။ ဘာထူးသလဲလို့။ ကျုပ်စိတ်ထဲ သရိုးသရီ ကြီးနဲ့။ အန္တရာယ်တစ်ခုခု တွေ့ရကြုံရတော့မလို၊ ဘာလိုလိုကြီး"

"Yes, Sir."

စာသင်ကြီးဦးသာဟန်တို့ သုံးဦးသား သေနတ်အသင့်ကိုင် ဆောင်လျက် ရေတိုက်ရွာဘက်ဆီသို့ လယ်ကြားမြေလမ်းကလေးအတိုင်း ခပ်သုတ်သုတ် ပြေးထွက်သွားကြသည်။

နေဝန်းသည် အရှေ့ဘက်ရိုးမကို မေးတင်လျက် ရဲခနဲပြူ ထွက်လာခဲ့ပြီဖြစ်သည်။ တောခြေပတ်လည်တွင် နှင်းထုမကွဲသေးသည့် တိုင် သိသိသာသာ လင်းကျင်းလာခဲ့ပြီ။

"ဒူ . . . ဟူ . . . ဟူ . . . ဟူ"

"ဒူ . . . ဟူ . . . ဟူ . . . ဟူ"

"ဒူ . . . ဟူ . . . ဟူ . . . ဟူ"

မောင်းသံများ အဆက်မပြတ်ကြားလာရ၏။ လူအုပ်ကြီး တစ်ထွေးတစ်လုံး၏ တစ်ခဲနက် ကြွေးကြော်သံတွေက ဟိန်းဟိန်းညံ နေလေရာ တောပြိုသကဲ့သို့ ဖြစ်နေတော့၏။

"ဝန်မင်း . . . ဝန်မင်း . . . သ . . . သ . . . သူပုန်တွေ။



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး အင်အား ၃၀၀လောက်ရှိမယ်၊ သူပုန်တွေ ... သူပုန်တွေ ...''

''ဘာပြောတယ် ... ဦးသာဟန်''

''သူပုန်တွေ ... ရာဇဝတ်အုပ်မင်း ... သူပုန်တွေ ... ကျုပ်တို့လယ်တဲဆီကို တည့်တည့်ကြီးလာနေကြတာ။ ဒုက္ခပေးကြမလို့နဲ့တူတယ်။ ဟော ... ဟော ... ကြားလား ... ကြားလား''

''ဒူ ... ဟူ ... ဟူ ... ဟူ''

''ဒူ ... ဟူ ... ဟူ ... ဟူ''

''ဒူ ... ဟူ ... ဟူ ... ဟူ''

မောင်းသံများက နီး၍နီး၍ လာသည်။ ကျယ်၍ကျယ်၍ ဆူ၍ဆူ၍ လာသည်။ မိစ္ဆာဟိီသံကြီးတွေ ဟီးတိုက်နေသလိုဖြစ်သည်။

''တက်ပေး ... တက်ပေး''

''ချပေး ... ချပေး''

''ဝိုင်းထား ... ပိတ်ထား၊ ပတ်ပတ်လည်ဝိုင်းထားဟေ့''

''မိစ္ဆာဒိဋ္ဌိတွေရဲ့ နောက်မြီးဆွဲ ကုလားကျွန်တွေကို သတ်ကြ။ တစ်ကောင်မှ အရှင်မထားနဲ့''

''ဂျုန်တပ်တဲ့ ... ဟေ့ ... ဂျုန်တဲ့ကွ''

''အရေးတော်ပုံ ...

အောင်ရမည်၊ အောင်ရမည်''

''ဝိုင်းထား ... ဝိုင်းထား''

''တက်ပေးဟ ... တက်ပေး''

''ချပေး ... ချပေး''





လူအုပ်ကြီးထံမှ ဟစ်ကြွေးသံများက မြေကြီးတုန်လျက် အလျှင်ဦးအောင် ရောက်လာနှင့်၏။ လူရိပ်လူစ မမြင်ရသေး။

''အဲ ... အဲဒါဟာ ... သူပုန်တွေပေါ့ဗျ ... အစစ်ပဲ''

''ငမွား''

''ခင်ဗျာ ... သူကြီး''

''နှင့်ဖေလွှားတဲ့မှ ...။ ညတစ်ဝက်ကျိုးလုမတတ် မင်းကိုမေးနေတုန်းက ရေငုံနှုတ်ပိတ်နေခဲ့ပြီး အခု မင်းအမေ့လင်တွေရဲ့အသံတွေကိုလည်း ကြားရော 'သူပုန်တွေတဲ့' ဟုတ်လား။ ခွေးမသား ... ဒီကိစ္စတွေပြီးရင် မင်း ငါ့ထိပ်တုံးထဲမှာ ဝါဆိုဖို့သာ စဉ်းစားထားပေတော့ ... ချီး''

လူအုပ်ကြီး၏ အသံများက လေးဘက်လေးတန် ညှပ်ပူးညှပ်ပိတ် ဆိုင်းဆို့၍လာနေ၏။

''ဟင် ... အသံတွေ ... အလံတွေ ...''

အဖြူရောင်၊ အနီရောင် အလံများသည် တဖျတ်ဖျတ် လွင့်လျက် ပေါ်လာကြသည်။ အလံများ၏အခြေတွင် လူအုပ်ကြီးများကို တရိပ်ရိပ် ရှေ့သို့ ရွေ့လျက်တွေ့ရသည်။

''ဘယ်နှယ်လုပ်ကြမလဲ ... နောင်ကြီး''

''ဖြစ်လာကြရင်တော့ အခြေအနေအကဲမရရင် ပစ်ရတော့မှာပေါ့ ... ဝန်မင်းရယ်။ သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားနေဖို့ အချိန်မရှိဘူး။ ကိုဘဦးနဲ့ ကိုခင်မောင်တို့က ခင်ဗျားတို့ရဲ့လူတွေကို စုစုစည်းစည်းနဲ့ စနစ်တကျ နေရာယူခိုင်းထား။ သေနတ်မောင်းကို အသင့်သုံးထားပေ့စေ။ ဒါပေတဲ့ ... အမိန့်မရဘဲ သောက်ရမ်းလျှောက်မပစ်မိ



www.burmeseclassic.com

www.burmeseclassic.com



ကြစေနဲ့။ ကျည်ဖြုန်းလို့ လုံးဝမဖြစ်ဘူး။ ဒီလူအုပ်ရဲ့ရှေ့မှာ ကျည်ဆန်ကုန်သွားလို့ကတော့ စေ့စေ့ညက်ညက် အမှုန့်ဖြစ်သွားလိမ့်မယ်။ ဟုတ်ပလား။ မြန်မြန်လုပ် . . .''

''မစ္စတာဟာဖက် . . .''

''ဟုတ်ကဲ့ . . . ဝန်မင်း''

''ခင်ဗျား . . . ဒီကနေ နောက်ကြောင်းကို အမြန်ဆုတ်ပေတော့။ ဖြစ်တဲ့နည်းနဲ့ မြင်းတစ်စီးရအောင်ရှာပြီး ရာဇဝတ်ဝန်ကြီးဆီကို ဒီကအခြေအနေတွေ သတင်းပို့ချေ။ ခင်ဗျားပြန်လာရင် လက်နက်ကိုင် ပုလိပ်တပ်စုတစ်ခုကို လက်နက်၊ ကျည်အပြည့်အစုံနဲ့ ခေါ်လာခဲ့။ ကျုပ်တို့ ရေတိုက်ရွာကို မဖြစ်မနေ ဝင်ရှင်းရလိမ့်မယ်။ ကြားလား . . . ကျုပ် အကျဉ်းချုပ် အစီရင်ခံစာတစ်စောင် ရေးပေးလိုက်မယ်''

''Yes, Sir.''

''သူပုန်ကောင်တွေ . . . နီးလာပြီ ဝန်မင်း''

''ကဲ . . . တဲထဲမှာ ဝပ်ခံနေလို့မဖြစ်ဘူး။ အကုန်လုံး သေကုန်ကြလိမ့်မယ်။ အားလုံးအပြင်ထွက်ကြ။ ဟိုမှာတွေ့လား . . . ကန်သင်းမြင့်မြင့်နဲ့ လယ်ကွက်ကလေး။ အဲ . . . အဲဒီပတ်ပတ်လည်မှာ ရင်ဘောင်တန်းဖြန့်ပြီး နေရာယူထားကြ။ လုပ် . . . လုပ် . . . ခပ်မြန်မြန်''

လူအုပ်ကြီးသည် သူတို့တဲကလေးဆီသို့ တရမန်းကြမ်း ပြေးလာနေကြသည်။ သူတို့ထံမှ ဓားရောင်၊ လှံရောင်များသည် နံနက်နေရောင်တွင် တဝင်းဝင်းတလက်လက်။

''ဝန်မင်း . . . အခြေအနေ မဟန်တော့ဘူး။ လှန်ပစ်၊ ပစ်ပြီးဟန့်လိုက်မှ ကောင်းမယ်ထင်တယ်။ လူအုပ်က သိပ်များလွန်းနေတယ်''





''ဟုတ်တယ် . . . ဝန်မင်း၊ သူတို့ကြည့်ရတာ သရဲမင်းရဲ စီးနေသလိုပဲ''

''ကဲ . . . ပစ်ဆို . . . ကျုပ်ပဲ အရင်ပစ်မယ်။ ပြီးမှ မီးစင်ကြည့်ကကြတာပေါ့''

ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေးသည် သူတာတက်လျှင်ကိုင်တွယ်နေကျ အပေါ့စား ကာဘိုင်သေနတ်ကို မောင်းတင်လျက် ပြောင်းထိုးချိန်ကာ ရှေ့မျက်စိတကမ်းသာသာမှ လူအုပ်ဆီ ပစ်ချလိုက်သည်။

''ချပ် . . .''

''ချပ် . . .''

''ချပ် . . .''

''ဟာ . . . ကျည်မထွက်ဘူး''

'မြတ်စွာဘုရား . . . ဘယ်လိုဖြစ်ရတာပါလိမ့်' အတွေးဖြင့် ဦးမောင်ကလေး ခေါင်းနားပန်းကြီးလျက် ထူပူသွားသည်။ 'တကယ့်အရေးကျမှကွာ' ကြိတ်မနိုင်ခဲမရ။

''တက် . . . တက်''

''တက်ပေး . . . တက်ပေး''

''ချပေး . . . ချပေး''

''ကုလားနောက်လိုက်ခွေးတွေကို သတ်ပစ်''

''ဂျွန်တပ်မတော်တဲ့ဟေ့''

''ဂျွန်ကွ . . . ဂျွန်''

''ဗိုး . . . ဗိုး . . . ဗိုး''

''ဒုတ် . . . ဒုတ် . . . ဒုတ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း"

"ဒိုင်း"

လူအုပ်ကြီးဆီမှ မြားမိုးတွေ ဖြိုင်ဖြိုင်ရွာလာသည်။ သေနတ်သံ တဒိုင်းဒိုင်းတွေကိုလည်း အဆက်မပြတ် အနီးကပ်ကြားလာရ၏။ နဂါးကို ဂျွန်သုတ်နေဟန် အရုပ်ကြီးများ ဟည်းဟည်းထနေသည့် ရဲတံခွန်၊ အောင်လံတွေက လေဝယ်တလွင့်လွင့်။

နေဝန်းသည် ရင့်ရှ်ရင့်ရှ် လာခဲ့လေပြီ။

မိုးကျရွှေကိုယ်



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

☐

လှိုင်းသံ . . . လေသံ . . . မိုးသံ . .။ အသံပေါင်းစုံတို့ ရောထွေးနေကြသော်လည်း ကျွန်တော်၏ အာရုံထဲ၌ အသံတစ်ခုချင်းစီတို့၏ မယ်လိုဒီအား ခွဲခြားတတ်သလိုရှိနေပါသည်။ သို့ဆိုလျှင် အချိန်ကာလ မည်မျှကြာအောင် တကွဲတပြားစီဖြစ်နေသည်ကိုပင် အတပ်မပြောနိုင်သော ကျွန်တော်၏စိတ်နှင့် ခန္ဓာကိုယ်ကြီးတို့သည် သေချာစွာ ပြန်လည်ပေါင်းစည်းမိကာ တစ်ထပ်တည်း ဖြစ်သွားကြပြီလားဟုပင် ဆိုရပေတော့မည်။

ပါးလျအေးစက်သော လှိုင်းလုံးများ တစ်လုံးပြီးတစ်လုံး ကျွန်တော်၏ခန္ဓာကိုယ်အား ပုတ်ခတ်ဖြတ်ကျော်သွားရာမှ ကမ်းပါးစောင်းတစ်ခုနှင့် ရိုက်မိလျက် ပြန်လည်လိမ့်ဆင်းလာတိုင်းတွင်လည်း





ကျွန်တော့်အား ငြင်သာစွာ လှုပ်နှိုးသွားလေ့ရှိခြင်းကြောင့် ယခုကဲ့သို့ စိတ်နှင့်ခန္ဓာကိုယ်တို့ ကပ်ငြိလာကြခြင်းပင် ဖြစ်လိမ့်မည်ထင်သည်။

အသိစိတ်ကလေး ဝင်လာသည်နှင့် ပထမဦးစွာ ကျွန်တော် လှုပ်ရှားမိသည်မှာ ခြောက်သွေ့ပူလောင်လျက်ရှိသော ပါးစပ်အား အစွမ်းကုန်ဟကာ ကျလာသော မိုးစက်မိုးပေါက်များကို အငမ်းမရ စုပ်မျိုနေခြင်းပင်ဖြစ်သည်။

ရေ . . . ရေ . . . သွေးပင်ခန်းလုမတတ် ရေငတ်သော ဝေဒနာသည် စုစည်းမိရုံသာရှိသော စိတ်အား ကစဉ့်ကလျားဖြစ်သွားစေသည် အထိ ဆိုးဝါးလှချေပါကလား . . .။

စုံမှိတ်လျက်ရှိသော မျက်လုံးများကို ဖွင့်ကြည့်ရန် အကြိမ်ကြိမ် ကြိုးစားပါသေးသည်။ မျက်ခွံဖွင့်နိုင်သော အားအင်မျှပင် မရှိတော့သည်ဖြစ်ရာ ခြေလက်တို့ကိုပါ လှုပ်ရှားရန်ဆိုသည်မှာ ဝေးသထက်ဝေးပင် ဖြစ်သည်။

သို့သော် . . . အဝတ်အစားမဲ့သော ခြေလက်ကျောပြင်တို့ဆီမှာ၌ စိုစွတ်ကြမ်းရှသော အထိအတွေ့များကို ခံစားနေရခြင်းကြောင့် ကျွန်တော်သည် ပင်လယ်ကမ်းစပ်တစ်နေရာ သဲသောင်ပြင်ပေါ်၌ တုံးလုံးပက်လက်ဖရိုဖရဲနှင့် ရောက်ရှိနေခြင်းဖြစ်ကြောင်းကိုမူ ကောင်းစွာ နားလည်သဘောပေါက်သလို ရှိနေပါသည်။

တဖြည်းဖြည်း စုစည်းမိလာပြီးဖြစ်သော အာရုံသိများကြောင့် သေချာဆုံးအနေအထားကို ပြောရလျှင် ကပ္ပလီပင်လယ်ပြင်ကြီးသည် ကျွန်တော့်အား ကြာရှည်စွာ လက်ခံထားလိုဟန်မတူတော့ဘဲ ကမ်းစပ် သောင်ပြင်တစ်ခုခုပေါ်သို့ အသက်နှင့်ခန္ဓာတွဲလျက် တွန်းပို့ပစ်ခဲ့ခြင်းမှလွဲ၍ အခြား ဘာဖြစ်နိုင်ဦးမည်နည်း။ လောလောဆယ် ကျွန်တော့်အတွက် အဓိကလိုအပ်နေသည်မှာ ရေ . . . သောက်ရေ။



www.burmeseclassic.com

www.burmeseclassic.com



သောက်ရန်ရေမရှိသော နေရာဖြစ်ပါက ကျွန်တော်၏အသက် ဆက်လက်ရှင်သန်ခွင့် ကြာရှည်လိမ့်မည်မထင်။ တစ်ကိုယ်လုံးကလည်း အေးစက်တောင့်တင်းလျက်ရှိခြင်းကြောင့် စိုးစဉ်းမျှပင် လှုပ်ရှားနိုင်ခြင်း မရှိသေး။

အကယ်၍ နောက်တစ်ကြိမ် ပင်လယ်ဒီရေတက်လာမည်ဆိုလျှင် လှုသေကဲ့သို့ ငြိမ်သက်နေသော ကျွန်တော့်အား ပင်လယ်ထဲသို့ ပြန်လည်ဆွဲချသွားနိုင်သည်ကို တွေးမိလိုက်သည်နှင့် ချောက်ချောက်ချားချားဖြစ်လာပြန်သည်။

''ဂဏာန်းမရေ ... ဟေ့ ... ဂဏာန်းမ။ ဒီမှာလာကြည့်စမ်း နင့်အကောင်ဂေါင်းကြီး ... ပြန်ရောက်လာပြီဟ။ လာ ... လာ ... မြန်မြန်လာစမ်း''

''လာပြီ ... အဘရေ။ ကိုဂေါင်းကြီးရော သေချာရဲ့လား ... အဘရဲ့''

''ဟာ ... ဂေါင်းကြီးမှ ဂေါင်းကြီးအစစ်ပါဟ။ ကိုယ်နဲ့မဆိုင်တဲ့ ပင်လယ်ထဲ မထွက်ပါနဲ့လို့ တားနေတဲ့ကြားက ငါ့စကားနားမထောင်တဲ့ကောင်။ ခုတော့ ... နင့်အကောင် ကံကောင်းလွန်းလို့ အသက်မြော့မြော့လေးနဲ့ သောင်ပြင်ပေါ် ပြန်ရောက်လာတာနဲ့ တူတယ်ဟ''

စကားသံများက အတော်လေးဝေ့နေကြသော်လည်း အဓိပ္ပာယ်ကောက်ယူရန် ခက်ခဲသည်အထိတော့ ဆိုးဝါးခြင်းမရှိပေ။ အဖနှင့်သမီးတို့၏ စကားအသွားအလာကို ပုံဖော်ဆက်စပ်ကြည့်နေရင်းမှ ကျွန်တော်၏ နဂိုက ဖရိုဖရဲဖြစ်နေသောစိတ်သည် သပွတ်အူကဲ့သို့ ရှုပ်ထွေးမွှေလီလျက် အသက်ရှူပါ တိုင်ပင်မမှန်အောင် ဖြစ်လာသည်။

ဂေါင်းကြီးဆိုပါလား ...။ ကျွန်တော့်နာမည် ဂေါင်းကြီးတဲ့လား။ မဖြစ်နိုင်။ မည်သည့်အကြောင်းနှင့်မျှမဖြစ်နိုင်။ ကျွန်တော့်နာမည်





မှန်သည် မျိုးကျော်သန့်။ မှတ်ပုံတင်ကတ်ပြား၌လည်း မျိုးကျော်သန့်။ ...လမြို့င်မြို့၊ ကျိုက်ဖနဲတွင် မိစုံဖစုံ မွေးဖွားလာခြင်းဖြစ်သော မျိုးကျော်သန့်။ သူတို့သားအဖနှင့်တွေ့မှ ကျွန်တော်၏နာမည်သည် အဘယ်ကြောင့် 'နင့်အကောင်ဂေါင်းကြီး'ဟု ဖြစ်သွားရသနည်း။

ဘာတွေဖြစ်ကုန်ပါလိမ့်။ အားအင်များကုန်ခန်း၍ လှုပ်ငမလှုပ်နိုင်သေးသည့်ကြားထဲ စိတ်ရှုပ်ထွေးစရာများပါ ပေါ်လာခြင်းကြောင့် ခေါင်းထဲ တစစ်စစ်နှင့် ကိုက်ခဲလာပြန်သည်။

စိတ်နှင့်ရုပ်တို့ ပူးလိုက်ခွာလိုက်နှင့် တစ်ထပ်တည်းမကျသေးသည့်အချိန်တွင် ယခုကဲ့သို့ ယုတ္တိကင်း ခေါင်းစားစေသော ယိုးစွပ်...ားများသည် ကျွန်တော်၏ အာရုံအပေါင်းအား တစ်စစီလွင့်ပါးသွားစေရုံသာမက ဆောက်တည်ထားကာစ သတိတရားမဏ္ဍိုင်ပါ ပြိုလဲ...က် လောကကြီးနှင့် လုံးဝ အဆက်ပြတ်သွားရပြန်ပါတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၂ |

ကျွန်တော်သည် (၁၀)တန်းစာမေးပွဲအား နှစ်နှစ်တိုင်တိုင် ဖြေဆိုခဲ့သော်လည်း အောင်မြင်ခြင်းမရှိခဲ့ပေ။ စိတ်လေပြီး လတ်လျားလတ်လျားလုပ်ကာ စာမကြိုးစားခဲ့၍ စာမေးပွဲရှုံးခြင်းတော့မဟုတ်။ မိသားစု၏ စားဝတ်နေရေးအတွက် တတ်နိုင်သမျှ အထောက်အကူပေးသည့် အနေနှင့် အဖေနှင့်အတူလိုက်ပြီး မော်လမြိုင် မုတ္တမကူးတို့သမ္ဗန်ခတ်သည့် အလုပ်ဖြင့်သာ အချိန်ကုန်ခဲ့ခြင်းကြောင့်ဟု ဆိုရပေမည်။

နေပူမိုးရွာမရှောင် ခြေညောင်းလက်ပန်းကျသည်အထိ သမ္ဗန်ခတ်နိုင်မှ မိသားစု ဝမ်းဝရုံအနေအထားဖြင့် ကျွန်တော့်ဘဝအား ရေရှည်မြှုပ်နှံရန် စိတ်ကူးမရှိခဲ့ပေ။ ကိုယ့်အရွယ်ကိုယ့်ခွန်အားဖြင့် မှုတ





သည့် အခြားလုပ်ငန်းတစ်ခုခုသို့ ကူးပြောင်းရန် အားခဲ့ထားသော်လည်း ပညာရေးဘက်တွင် နုန့်နဲ့သည့် ကျွန်တော့်အတွက် အဆင်ပြေမည့် အလုပ်တစ်နေရာရရန် လုံးဝမလွယ်။

ထို့ကြောင့်လည်း လူငယ်လူရွယ်အတော်များများတို့ ဆုလွယ်နပ်လွယ်သွားလာ အလုပ်လုပ်ကိုင်လျက်ရှိကြသော စက်ာပူသို့သွားရန် ကျွန်တော် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၁ ခုနှစ်ထဲဖြစ်၍ မလေးရှား၊ ထိုင်းတို့သို့ အလုပ်လုပ်ကိုင်ရန် သွားသူနည်းပါးပြီး စက်ာပူတစ်ခုတည်းသော အပေါ်လမ်း၊ အောက်လမ်းပွင့်လျက် ဥဒဟိုသွားလာနေကြသည်ကိုကြည့်ကာ ကျွန်တော် များစွာ အားကျခဲ့ခြင်းဟုဆိုလျှင်လည်း မှားမည်မဟုတ်ပေ။

အပေါ်လမ်းဟုပြောသော တရားဝင်လမ်းကြောင်းမှ သွားမည်ဆိုပါက ငါးသိန်းကျပ်။ အောက်လမ်းဟုဆိုကြသော ရေကြောင်းမှ ခိုးလှေဖြင့် လိုက်မည်ဆိုလျှင် လေးသောင်းကျပ်။ ကျွန်တော်ကဲ့သို့ သမ္ဗန်ခတ်စားသော မိသားစုတွင် ငါးသိန်းဆိုသောငွေကြေးသည် အိပ်မက်ထဲ၌ပင် ထည့်မက်ခဲ့ဖူးခြင်းမရှိသော အတိုးအတာဖြစ်သဖြင့် အောက်လမ်းကိုသာ ကျွန်တော်ရွေးချယ်ခဲ့ခြင်းပင်။

အဖေ၊ အမေ၊ ညီမနှစ်ယောက်တို့က အကြိမ်ကြိမ် တားမြစ်ကြသေးသော်လည်း စက်ာပူတွင် အလုပ်လုပ်ကိုင်နေရာမှ မကြာခဏငွေပို့ကြသော အပေါင်းအသင်းတို့ကို နမူနာပြလျက် ကျွန်တော်ပူဆာခဲ့ခြင်းဖြစ်ရာ နောက်ဆုံး၌ အဖေသည် သူ၏သမ္ဗန်ပိုင်ရှင်ထံမှ ငွေလေးသောင်းကျပ်အား အတိုးဖြင့်ချေးငှား၍ ကျွန်တော့်အား စက်ာပူသို့ စေလွှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရေးမြို့နယ်၊ ကမ်းရိုးတန်းရွာတစ်ရွာမှ ထွက်ခွာလာသော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ နိုးစက်လှေပေါ်တွင် နယ်ပေါင်းစုံမှ ကျွန်တော်ကဲ့ ပင် စက်ဘပူအိပ်မက်.မက်လျက်ရှိသော လူငယ်လူရွယ်(၃၀)ခန့်ပါသ ကို တွေ့ရသည်။

စက်ဘပူရောက်လျှင် ပွဲစားရှာပေးသည့် ရရာအလုပ် လုပ်မည် လုပ်ခငွေကြေးများကို အိမ်သို့ အမြဲမပြတ်ပို့မည်ဆိုသော ရည်ရွယ်ချ တစ်မျိုးတည်းနှင့် နိုးလှေပေါ်လိုက်ပါလာကြသော ကျွန်တော်တို့အား သည် အခြားစိတ်ပူစရာ မည်သည့်အရာကိုမျှ ထည့်သွင်းစဉ်းစားခြ မပြုခဲ့ကြသည်မှာ အမှန်။

သို့သော် ညဉ့်ဦးယံမှစ၍ ကမ်းမှခွာခဲ့သော နိုးလှေသည် နော တစ်နေ့ မိုးမသောက်မီအချိန်ကလေး၌ပင် ကျွန်တော်တို့၏ စိတ်ကူးယ အိပ်မက်များကို အကြောက်တရားဖြင့် စတင်ခြိမ်းခြောက်လာပါတော သည်။

ညမှောင်လျှင် ကျွန်းရိပ်ခို နံနက်အလင်းရောင်ရောက်မလ မီ အချိန်ဆိုလျှင် ကမ်းရိုးတန်းနှင့် ဝေးနိုင်သမျှ ဝေးစွာခွာ၍ ခုတ်မော လျက်ရှိသော စက်လှေကလေးပေါ်တွင် ကျွန်တော်တို့အားလုံး ကုန်းပ အောက်မှ ကျဉ်းကျပ်၊ ပူလောင်၊ မှောင်မည်းလျက်ရှိသည့် လှေဝ ထဲ၌ပင် ငုတ်တုတ်ထိုင်လိုက်ကြရသည်။

လှည့်ကင်းသင်္ဘောများ သင်္ကာမကင်းမဖြစ်စေရန် ပုန်း၍ လို ပါခဲ့ရခြင်းကို ဆိုလိုပါသည်။ ဆန်ကြမ်းထမင်း၊ ကန်စွန်း၊ ချဉ်ပေါင်ရွ ရင့်ရင့်တွင် ငါးခြောက်ဖတ်အနည်းအကျဉ်း ရောနှောထားသော ရေ ပြုတ်ဟင်း။ နံနက်စာညစာထိုမျှသာ။

လှေဝမ်းထဲ ပူလောင်အိုက်စပ်သော်လည်း ရေချိုးရန်မ ထားနှင့် သောက်ရေကိုပင်လျှင် ထမင်းတစ်နပ်စားပြီးမှ နို့ဆီဘူးခွံတစ်ဝ





စီမျှ၍ သောက်ကြရသည်။ အလုပ်လုပ်ငွေရှာရန် သွားသည်ဆိုတော့ လည်း အာဂန္တုဒုက္ခဆင်းရဲမှုအပေါင်းကို ခါးစည်းခံရုံကလွဲ၍ ကျွန်တော် တို့ ဘာတတ်နိုင်ကြဦးမည်နည်း။

လမ်းခရီး၏ ဒုက္ခသုက္ခများကို မည်သို့ပင် တင်းခံနိုင်ခဲ့ကြသည် ဆိုသော်လည်း လောလောဆယ်ခြိမ်းခြောက်လာသော အကြောက်တရား ကိုမူ လျစ်လျူရှုထား၍ ဖြစ်တော့မည်မထင်။ ကျွန်တော်တို့ကျောမှီ၍ ထိုင်လာကြသော လှေဝမ်းထဲမှ ကိုင်ပျဉ်နံရံနှစ်ဖက်လုံးသည် အမြဲတမ်း ပင်လယ်ရေတို့ စိုစွတ်ရွှဲနစ်လျက်ရှိရာ သမ္ဘန်ခတ်လာသော ကျွန်တော် ၏ အတွေ့အကြုံအရ ကိုင်ပျဉ်အဆက်များကြား တလပါရိုက်သွင်းထား သည့် အုန်းဆံ၊ အဝတ်စများဆွေးမြေ့၍ ပင်လယ်ရေစိမ့်ဝင်ခြင်းဖြစ် ကြောင်းကို အလိုအလျောက် သတိထားမိလာပါသည်။

ဟောင်းနွမ်းအိုမင်းနေပြီဖြစ်သော ကျွန်ဟော်တို့ လိုက်ပါလာ သော စက်လှေသည် လှိုင်းကြီးလေထန်လျက်ရှိသော ယခုကဲ့သို့ မိုးတွင်း ကာလတွင် ကပ္ပလီပင်လယ်၊ အက်ဒမန်ပင်လယ်တို့ကို ဖြတ်၍ စက်ဘပူ ထိ ရက်ပေါင်းမည်မျှကြာအောင် ခုတ်မောင်းနိုင်ဦးမည်နည်း။

လှေကိုင်ပျဉ်အစပ်တွေကြားမှ တစ်နေရာပြီးတစ်နေရာ ပွင့် ထွက်သွားပါက ဝင်လာသည့်ရေများကို စုပ်ထုတ်နိုင်မည့် အင်ဂျင်အပို လည်း မတွေ့ရ။ ကျွန်တော်တို့လူအင်အားနှင့် ပက်ထုတ်လျှင်လည်း မည်သို့မျှ အလျှင်မီလိမ့်မည်မဟုတ်သည်ကို ခန့်မှန်းမိလာသည်ဆိုလျှင် ပင် ကျွန်တော်၏စိတ်များ လှုပ်ရှားလာကာ ဆောက်တည်ရာမရအောင် ဖြစ်လာပါတော့သည်။ ငွေရလျှင် ပြီးရော . . . ကျမကောက် ပျောက် မရှာ စက်လှေဆွေးတစ်စီးနှင့် ကျွန်တော်တို့အား ပို့ပေးသော အောင် လမ်းပွဲစားဆိုသူကိုလည်း စိတ်ထဲ ကျိတ်၍ ကျိန်ဆဲနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြိုတင်စိတ်ပူနေသည့်အတိုင်းပင် အန္တရာယ်ရှေ့ပြေးနိမိတ်ဆိုးသည် ကျွန်တော်တို့၏ ချည့်နဲ့သော စက်လှေအား ပုတ်နှက်လာပေပြီကော။ ခရီးစဉ် နှစ်ညနှင့်နှစ်ရက် လွန်မြောက်ပြီးနောက် ဝေလီဝေလင်း အရုဏ်လွန်ချိန်မှစကာ ကောင်းကင်ကြီးသည် မိုးတိမ်တို့ဖြင့် မည်းနက်နေရမည့်အစား တဖြည်းဖြည်း ဟသ်ာပြဒါးရောင် နီရဲတောက်ပလာပုံကို ကြည့်ရုံမျှနှင့် မုန်တိုင်း၏နိမိတ်ဖြစ်ကြောင်း ကျွန်တော်ကောင်းစွာ သဘောပေါက်လိုက်ပြီးဖြစ်ပါသည်။

မိုးသက်လေပြင်းနှင့်အတူ ကော်ဖီရောင်နောက်ကျိလျက်ရှိသော လှိုင်းလုံးကြီးများ အလိမ့်လိုက် ခေါင်းထောင်မာန်ဖီလာရာမှ စက်လှေ၏ ဘေးနှစ်ဖက်ကိုင်ပျဉ်များကို တဝုန်းဝုန်းနှင့် ဆောင့်တိုးလျက်ရှိသည်မှာ သေမင်းခေါ်သံအလား ဆူညံလျက်ရှိသည်။

ဤမျှပြင်းထန်သော လှိုင်းလုံးကြီးများ၏ဒဏ်ကို ဤစက်လှေ အဆွေးအဟောင်းကြီးသည် အချိန်မည်မျှကြာသည့်အထိ ခံနိုင်ဦးမည်နည်း။ ကျွန်တော်တို့အဖွဲ့အား လှေဝမ်းထဲ၌သာ နေနိုင်းထားသော်လည်း ကုန်းပတ်ပေါ်တွင်မူ ဝရုန်းသုဉ်းကား ပြေးလွှားအော်ဟစ်နေကြသော လှေသားတို့၏အသံကိုပင် ဆူညံစွာ ကြားနေရသည်။

နတ်ဝင်သည်အလား တစ်နေကုန် လူးခါလူးလိမ့်ယမ်းလျက်ရှိသော စက်လှေသည် ညမှောင်ရီပျိုးချိန်ရောက်သည်နှင့် မဟူရာရောင်ပင်လယ်ကြီး၏ ဝါးမျိုခြင်းခံရတော့မည်ကို ရိပ်စားမိလာသော ကျွန်တော်သည် အနား၌ရှိသော ငါးဂါလန်ဝင်ပလပ်စတစ် အဝါရောင်ပုံးခွံတစ်လုံးအား အဖုံးလုံအောင် တင်းကျပ်စွာ လှည့်ပိတ်လိုက်သည်။ ပြီးမှ ပုံးထိပ်တွင်ချည်ထားသည့် နိုင်လွန်ကြိုးကွင်းထဲ လက်တစ်ဖက်လျှိုထည့်ကာ အခြေအနေအား စောင့်ကြည့်နေမိသည်။





ထိုအချိန်တွင် ရောမ လှိုင်းလုံးကြီးတစ်လုံးသည် စက်လှေ၏ဝမ်းအောက်မှ ထမ်း၍ မြှောက်တင်လိုက်ရာ အသည်းထဲ ငြိမ့်ခနဲ အေးသွားခြင်းနှင့်အတူ နောက်ထပ်လှိုင်းလုံးကြီးတစ်လုံးက ဘေးမှနေ၍ အရှိန်ပြင်းပြင်းနှင့် ဝင်ဆောင့်လိုက်ခြင်းကြောင့် ကျွန်တော်တို့၏ စက်လှေသည် မှန်တစ်ချပ်အား မြှောက်၍ ကိုင်ပေါက်လိုက်သကဲ့သို့ တစ်စစီကြေမွလျက် လှိုင်းလုံးကြီးတွေကြား ပြန့်ကြဲသွားမှာ လျှပ်ပြက်သည်ထက် မြန်ဆန်လွန်းလှသည်။

အော်ဟစ်ငိုယိုသံများ၊ ဘုရားတသံများကို တဒင်္ဂသာ ကြားရပြီး ကျွန်တော်ကိုယ်တိုင် လှိုင်းလုံးတွေကြားထဲ နစ်မြုပ်သွားသည်မှာ နောက်ဆုံးအသက်ရှူချက်ကိုပင် လုံးဝမမှတ်မိတော့ပေ။

ကံကြမ္မာသည် ကျွန်တော့်အား မျက်နှာသာပေးလိုက်သည်လားမသိပေ။ အရှိန်ဖြင့် ရေအောက်သို့ စုန်းစုန်းနစ်သွားရာမှ ရေပေါ်သို့ ဘွားခနဲပြန်ပေါ်လာချိန်တွင် နိုင်လွန်ကြိုးကွင်းထဲ လက်တစ်ဖက်စွပ်ထားသည့် ပလပ်စတစ်ပုံးအဝါသည် အနေအထားမပျက် ရေပေါ်၌ ပေါ်လောပေါ်လျက်ရှိသည်ကို တွေ့ရသည်။

ခြေဖျားတွင် တန်းလန်းပင်ရှိသေးသော ပုဆိုးကိုချွတ်။ ပလပ်စတစ်ပုံးအား ပုဆိုးဖြင့်ထုပ်လျက် ပုဆိုးကွင်းတစ်ဖက်ကို ကိုယ်၌ စလွယ်သိုင်းလွယ်ပြီးသား ဖြစ်သွားသည်နှင့် ရေကူးရန် အဆင်သင့်ဖြစ်နေပါတော့သည်။

သေမင်းနှင့် အမှန်တကယ် ရင်ဆိုင်ရပြီဆိုသည်နှင့် အများသူငါထက်ပို၍ တုန်လှုပ်တတ်ဟန်တူသော ကျွန်တော်သည် အသက်ကယ်ပစ္စည်းပမာ ပလပ်စတစ်ပုံးကို ကိုယ်ပေါ်၌ ခိုင်မြဲစွာ လွယ်မိုးထားပြီးသည့်တိုင် လှိုင်းလုံးကြီးများပေါ် ငြိမ့်ခနဲမြှောက်တက်လိုက် ဟာခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြုတ်ကျလိုက် ဖြစ်နေစဉ်မှာပင် ရတနာသုံးပါးနှင့် မိဘဆရာများအား ယောင်ယမ်းတမ်းတရမည်ကိုပင် သတိမရနိုင်ဘဲ ပါးစပ်မှထွက်ရာ အော်ဟစ်ရင်း သွေးရူးသွေးတန်းဖြစ်လျက်ရှိသည်မှာ အမှန်။

မကြာလှပါ . . .။ ပိန်းပိတ်အောင် မှောင်မည်းလျက်ရှိသည့် သီးခြားကမ္ဘာတစ်ခုထဲသို့ တစ်ဦးတည်း ရောက်နေသလိုရှိသော ကျွန်တော်သည် အရပ်မျက်နှာပင်မသိဘဲ ခေါင်းတည်ရာ ကူးခတ်နေမိသည်မှာ အချိန်မည်မျှ ကြာခဲ့သည်မသိ။ ခြေလက်တို့ မလှုပ်ချင်လောက်သည်အထိ လေးလံလာသည်ကို သတိထားမိသည်။

ကြောင်ဖားကြီးနှင့်တူသော ပင်လယ်ကြီးသည် ဖမ်းမိထားသော ကြွက်အရှင်တစ်ကောင်ကို အားရကျေနပ်စွာ ဆော့ကစားလျက်မှ မြော့မြော့လေးဖြစ်လာချိန်တွင် အားရပါးရ ဝါးမျိုပစ်လိမ့်မည်မှာ သေချာသည်။ ကြွက်တစ်ကောင်ကဲ့သို့ ဆော့ကစားခြင်းခံနေရသော ကျွန်တော်သည်လည်း ပင်လယ်ကြီး၏ ဝမ်းဗိုက်ထဲ မည်သည့်အချိန်တွင် မျိုချခံရမည်ကို အတပ်မပြောနိုင်တော့ပေ။

သေခြင်းတရားက နောက်မှရောက်လာမည်ဆိုသော်လည်း လောလောဆယ် ကျွန်တော်ခံစားနေရခြင်းများက မသက်သာလှဟုပင် ဆိုရပေမည်။ ထက်ရှသော မိုးသက်လေပြင်းများ တိုက်ခတ်နေဆဲတွင် ပင်လယ်ရေကလည်း ရေခဲရည်ကဲ့သို့ အေးစိမ့်လျက်ရှိခြင်းကြောင့် ကျွန်တော်၏ခန္ဓာကိုယ်ကြီးသည် ရေခဲစိမ်ငါးအလား အေးစက် တောင့်တင်းလာခြင်းပင်ဖြစ်သည်။ ထို့အတူ ရှင်သန်နေသေးသည့် အသိစိတ်ကလေးသည်ပင် တဖြည်းဖြည်းနှင့် ပူးတုံ့ခွာတုံ့ဖြစ်လာရာမှ အရာရာကို လက်လျှော့အရှုံးပေးလိုက်သလို သတိလစ် မေ့မြောသွားပါတော့သည်။

✿ ✿ ✿

| ၃ |

❑

“ဂဏန်းမရေ . . . နင့်အကောင်ဂေါင်းကြီးကို ဆေးတစ်ခွက်ထပ်တိုက်လိုက်ဦး။ ကြားလား . . .။ စောစောက သောင်ပြင်မှာ သူ သတိလစ်နေတုန်းက ဆေးစက်တွေ သူ့ပါးစပ်ထဲ အဘချပေးခဲ့တာ ခုလောက်ဆို အားတွေပြည့်လာသလိုတောင် ဖြစ်နေမှာဟ။

နောက်ထပ်တစ်ခွက် ထပ်တိုက်လိုက်ရင် ကောင်းကောင်းကြီး ထထိုင်နိုင်တော့မှာ . . . ဂဏန်းမရေ။ သူစားဖို့ အဘတစ်ခုခု လိုက်ရှာပါဦးမယ်။ နင့်အကောင်ကို ကောင်းကောင်းကြည့်ထားနော်”

သောင်ပြင်ပေါ်မှနေ၍ ကျွန်တော်၏ ချိုင်းနှစ်ဖက်မှ ဆွဲခေါ်လာသော အဖေနှင့်သမီးတို့သည် တဲတစ်လုံး၏ ဝါးကြမ်းခင်းပေါ် ခပ်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြမ်းပစ်တင်လိုက်စဉ်ကပင် ကျွန်တော်ကောင်းစွာ သတိရနေပြီး ဖြစ်သည်။ နီကြင်ကြင်မီးရောင်နှင့်အတူ ကညင်ဆီညှော်နံ့၊ ထိုအညှော်နံ့ထက် ပို၍ဆိုးဝါးစွာ ခံရခက်သည်မှာ ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့အသက်များပင်။

တဲအပြင်ဘက်၌ တိုင်စိုက်၍ မီးရှို့ထားသော ကညင်ဆီမီးရောင်ထဲ ကျွန်တော် ကျင့်သားရလာသည်ဆိုလျှင်ပင် ဘေးဘယ်ညာသို့ သတိထားကြည့်လိုက်ရာ ဂဏန်းမဆိုသော မိန်းမကြီးသည် ကျွန်တော့်ဘေးနားတွင် ဆောင့်ကြောင့်ထိုင်လျက်ရှိသည်ကို ပထမဦးစွာ တွေ့လိုက်ရသည်။

သူ၏ အကြောများဖောင်းနေသော လက်ထဲတွင် အုန်းမှုတ်ခွက်တစ်လုံး ကိုင်ထားလျက်မှ ကျွန်တော်၏မျက်နှာအား ပြူးကျယ်တောက်လက်သော မျက်လုံးများနှင့် စူးစိုက်ကြည့်နေပုံမှာ အလွန်အော့နှလုံးနာဖွယ်ရာ ကောင်းလှပါသည်။

မိန်းမကြီး၏ အဝတ်အစားကင်းလွတ်လျက်ရှိသော အပေါ်ပိုင်းသည် ချောကလက်ရောင် အရေပြားပေါ်၌ ချေးညှော်အထပ်ထပ်တို့ တင်နေသည်မှာ ငါးအကြေးများကပ်ထားသကဲ့သို့ ခြောက်သွေ့လျက်ရှိပြီး နီကြောင်ကြောင် ဆံပင်မွေးဖုတ်သိုက်ကလည်း ပြောင်းဖူးမွေးအလား ဖွာလန်ကြဲလျက် အောက်ပိုင်း၌ဆိုလျှင် မည်သည့်အရောင်ဟုပင် ပြောနိုင်စွမ်းမရှိတော့သော ညစ်ပတ်နံစော် အောက်နားများဖွာနေသည့် ထဘီက ဒူးဆစ်ပင်မလုံအောင် တိုလွန်းသည်ကို တွေ့ရသည်။

အကယ်၍သာ ခါးပိုင်းအထိ တွဲကျလျက်ရှိသော ဘူးသီးအနွမ်းသဏ္ဌာန် သားမြတ်နှစ်လုံးသာမရှိပါက မိန်းမကြီးတစ်ယောက်ဟု မည်သူမျှ ထင်ကြမည်မဟုတ်သော ရုပ်အင်္ဂါမျိုးဖြစ်ပါသည်။





"ဆေးတစ်ခွက် ထပ်သောက်လိုက်ရအောင်နော် . . . ကိုဂေါ်င်းကြီး။ ရှင်နဲ့ကျွန်မ ဖူးစာမှန်လို့ ပြန်တွေ့ကြရတာ။ ကျွန်မတော့ သိပ်အံ့ဩတာပဲ . . . ကိုဂေါ်င်းကြီးရယ်။ ရှင် ဒီကျွန်းကထွက်သွားတာ နှစ်နှစ်ဆယ်တောင် ကြာပြီဟာ။ ကျွန်မမှာ နေ့ရှိသရွေ့ ရှင့်ကိုပဲ သတိရနေတယ်ဆိုတာ ယုံရဲ့လားဟင်"

ကျွန်တော့်ထံ မည်သို့သောအားအင်များ ပြည့်လာသည်မဆိုနိုင်၊ ပက်လက်အနေအထားမှ ကျွန်တော် ဝုန်းခနဲ ထထိုက်လိုက်သည်မှာ တဲကလေးပင် လှုပ်ခါသွားပါသေးသည်။ ကျွန်တော်၏အမေထက် အသက်အရွယ်ကြီးရှုံသာမက ရင့်ထော်ကြမ်းတမ်းပြီး အရုပ်ဆိုးလှသော ဂဏန်းမဆိုသည့် အမျိုးသမီးကြီးသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်က ပျောက်ဆုံးခဲ့သည်ဆိုသော သူ့ယောကျ်ားဂေါ်င်းကြီးနှင့် ကျွန်တော့်အား အဘယ်ကြောင့် ထပ်ကာတလဲလဲ ယိုးစွပ်နေရပါသနည်း။

လက်ရှိ ကျွန်တော်၏ရုပ်ရည်သည် သူ့လင်ဂေါ်င်းကြီးဆိုသူနှင့် တစ်ထပ်တည်းကျသည်အထိ အိုစာအရွယ်ကျနေပြီလား။ မဖြစ်နိုင်။ ကျွန်တော်၏အသက်ကို ကျွန်တော်ကောင်းစွာ မှတ်မိနေပါသည်။ နှစ်ဆယ့်တစ်နှစ်ပြည့်ပြီး၍ ရက်စွန်းရုံသာရှိပါသေးသည်။ မှတ်ပုံတင်ကတ်ထဲ၌လည်း ယခုအသက်အတိုင်းပင်ဖြစ်သည်မှာ လုံးဝယုံမှားရန်ပင်မလိုပေ။

"ခင် . . ခင်ဗျားကြီး . . . မှားနေပြီဗျ။ ကျွန် . . . ကျွန်တော်ခင်ဗျားလင် . . . ဂေါ်င်းကြီးမဟုတ်ဘူး။ မျိုးကျော်သန့်၊ မော်လမြိုင်သားစစ်စစ် . . . မျိုးကျော်သန့်ဗျ။ စက် . . . စက်လှေမှောက်လို့ မျောလာတာ"

"ခစ် . . . ခစ် . . . ခစ် . . . သတိကိုလည်း ထိန်းစမ်းပါဦး ကိုဂေါ်င်းကြီးရယ်။ ရှင် ပင်လယ်ထဲအကြာကြီး မျောနေတာဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ခုထိ ကယောင်ကတမ်း ဖြစ်နေသေးတာကြည့်ပါလား။

ဒါဆို ဒီဆေးတစ်ခွက် မြန်မြန်ထပ်သောက်လိုက်ရင် ရှင် ကောင်းကောင်းကြီး သတိပြန်လည်လာမှာပါ။ သောင်ပြင်ပေါ် ရှင်လဲ နေတုန်းက ရှင့်ပါးစပ်ထဲ ဆေးစက်တွေ အဘချပေးခဲ့လို့ ရှင်ထတောင် ထိုင်နိုင်နေပြီဟာ။ ရော့ . . ရော့ . . . ဆေးသောက်လိုက်ဦး ကိုဂေါင်း ကြီး''

ကျွန်တော် ဘာဆက်လုပ်ရမည်ကိုပင် မတွေးတတ်အောင် ဝေဝါးလျက်ရှိသည်။ ရှင်းရှင်းပြောရလျှင် ကျွန်းတစ်ကျွန်းပေါ်က စိတ်ဝေဒနာရှင်အဖေနှင့် သမီးတို့ထံ ကျွန်တော်ရောက်ရှိနေခြင်းဟုသာ ဆိုရလိမ့်မည်ထင်သည်။

စက်လှေနစ်မြုပ်ပြီးနောက် ငါးဂါလံဝင် ပလပ်စတစ်ပုံးအဝါရောင်တစ်လုံးဖြင့် လှိုင်းလုံးတွေကြား ကျွန်တော်ကူးခတ်ရင်း သတိလစ်သွားသည့်နောက်တွင် ရက်ပေါင်းမည်မျှကြာအောင် ပင်လယ်ထဲ ကျွန်တော်မျောပါခြင်းကိုပင် မခန့်မှန်းနိုင်ခဲ့။

ထိုသို့ ပင်လယ်ထဲမျောနေသည့် ရက်များအတွင်း၊ နေပူမိုးရွာ လေပြင်းဒဏ်ခံခဲ့ရသည့်အပြင် ဆားငံရည်ဆားငွေ့တို့ကလည်း ချိုးအထပ်ထပ်ကပ်သလို ရုပ်ပျက်ဆင်းပျက် ဖြစ်နေခြင်းကြောင့် ဤမိန်းမကြီးသည် သူ့လင်ဂေါင်းကြီးနှင့် အမှတ်မှားကာ အကြိမ်ကြိမ် ယိုးစွပ်နေသည်လားဟုလည်း တွေးမိလျက်ရှိပါသည်။

မည်သို့ပင်ဆိုစေ သူတို့လက်ထဲမှ အမြန်ဆုံးလွတ်မြောက်ရန်ကိုသာ ကျွန်တော်ကြိုးစားရမည်ဟု နားလည်လျက် လွတ်မြောက်နိုင်မည့် နည်းလမ်းများကိုလည်း ရှာရပေတော့မည်။ သို့သော် ကျွန်တော်ရောက်ရှိနေသော ဤနေရာအား သူတို့ပြောစကားအရ ကျွန်းတစ်ကျွန်း





ဟုသာ သိထားပြီး မည်သည့်ဒေသ မည်ကဲ့သို့သော ကျွန်းဖြစ်ကြောင်းကိုမူ သိရှိရန်အကြောင်း လွယ်လိမ့်မည်မဟုတ်ပေ။

ကျွန်တော်ကိုယ်တိုင်သည်ပင်လျှင် ရက်မည်မျှကြာအောင် သတိလစ်မေ့မျောခဲ့သည်မသိဘဲ ယခုမှ အသိစိတ်တို့ ဝင်ကာစအချိန်။ ပတ်ခန်းကျင်တစ်ဝိုက် ကညင်ဆီမီးတိုင်အလင်းရောင် ရောက်ရှိရာနေရာများထိ အကဲခတ်ကြည့်ပြန်တော့လည်း မြင့်မားထောင်မတ်လျက်ရှိသော သစ်ပင်ကြီးများ ချုံနွယ်ပိတ်ပေါင်း ရှုပ်ရှုပ်ထွေးထွေးတို့၏ အရိပ်မည်းမည်းများသာ။

ထို့နောက်တစ်ဖန် အသံဗလံများ ကြားရန်နီးနီးနှင့် နားစွင့်ကြည့်ပြန်ရာ ပင်လယ်ဒီရေတိုးသံ၊ လှိုင်းနှင့်ကမ်းပါးတို့ ရိုက်ခတ်လျက်ရှိသော စည်းချက်ညီညီအသံနှင့် တဲခေါင်မိုးပေါ်သို့ တဖြောက်ဖြောက်ကျနေသော မိုးပေါက်သံတို့မှလွဲ၍ တစ်လောကလုံး တိတ်ဆိတ်လျက်ရှိသည်။

ဤအတိုင်းဆိုလျှင် လောလောဆယ် ထနိုင်ပြေးနိုင်သော အားအင်များ ကျွန်တော့်ထံရှိလာသည့်တိုင် မည်သည့်လမ်းမှနေ၍ မည်သည့်အရပ်ဘက်သို့ ထွက်ပြေး၍ရမည်နည်း။ ကျွန်းတစ်ကျွန်းဖြစ်သောကြောင့် ပင်လယ်ရေများဝိုင်းနေလိမ့်မည်မှာ သေချာသလို အကယ်၍ ထွက်ပြေးရင်းနှင့် ကျွန်တော်မမျှော်မှန်းနိုင်သော အန္တရာယ်များနှင့်ပင် ကြုံတွေ့ရနိုင်သေးသည်ကိုလည်း ထည့်တွက်ရပေဦးမည် မဟုတ်ပါလား။

အတွေးများ ရှုပ်ထွေးလာသည်နှင့် အာရုံက ဖရိုဖရဲဖြစ်ချင်လာသည်။ ယုတ်လျော့လျက်ရှိသော ခွန်အားတို့သည် ကျွန်တော့်အား ကြာရှည်စွာ တွေးတောခွင့်ပေးသေးဟန်မတူ။ မျက်ခွံများပါ လေးလာသလိုရှိသည်။ ထွက်ပြေးလွတ်မြောက်ရန် ဆိုသည်မှာလည်း ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ခွန်အားပြည့်ပြီး သန်မာနေရန် လိုအပ်ပါသည်။ ထိုသို့ ခွန်အားပြည့်သန်မာစေရန်ဆိုလျှင် မိန်းမကြီး၏လက်ထဲမှဆေးကို ကျွန်တော် သောက်သုံးမှီဝဲရတော့မည်ပင်။

သူတို့၏ ဆေးဝါးအပေါ် ကျွန်တော့်ယုံကြည်စိတ်က မည်သို့မျှ ဥပါဒါန်ဖြစ်နေရန် လိုအပ်လိမ့်မည်မထင်။ သောင်ပြင်ပေါ်၌ ကျွန်တော်သတိလစ်နေစဉ် ဆေးရည် တစ်စက်နှစ်စက် ပါးစပ်ထဲချပေးရုံနှင့် ယခုကဲ့သို့ ကျွန်တော်သတိပြန်လည် ထထိုင်နိုင်ခဲ့သည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါသည်။

''ဘာတွေစဉ်းစားနေတာလဲ ... ကိုဂေါင်းကြီးရဲ့။ ဆေးကတအားနံနေလို့ သောက်ဖို့ ကြောက်နေတာထင်တယ်။ ဒီဆေးဟာ အရင်ကလည်း ရှင်ဘာဖြစ်ဖြစ် သောက်နေကျဆေးဆိုတာ မမှတ်မိတော့ဘူးလား ... ကိုဂေါင်းကြီးရယ်။

မြွေသွေးလတ်လတ်ဆတ်ဆတ်ရှာဖို့ အချိန်မရသေးလို့ သွေးအဟောင်းနဲ့ပဲ စိမ်ထားတာကြောင့် အနံ့အသက်က ဆိုးနေတာပါ။ ရော့ အောင့်အီးပြီးသာ သောက်လိုက်စမ်းပါ။ ဒါမှ ရှင်အမြန်ဆုံး အားတွေပြည့်လာမှာပေါ့။ ရော့ ... ယူလေ''

သည်မိန်းမကြီးပြောမှ သတိထားမိသည်မှာ စောစောက ညှီစို့စို့ ပုပ်အဲ့အဲ့အနံ့ဆိုးသည် ဤအုန်းမှုတ်ခွက်ထဲမှ ညှိုပျစ်ပျစ်ဆေး၏ အနံ့ဖြစ်မည်မှာ သေချာသည်။ မည်သို့မျှ ရှည်လျားစွာ ကျွန်တော်စဉ်းစားနေရန် လိုတော့မည်မထင်။ မိန်းမကြီး၏လက်ထဲမှ ကမ်းပေးလျက်ရှိသော အုန်းမှုတ်ခွက်ကို ဆတ်ခနဲဆွဲယူကာ အသက်အောင့်လျက်မှ တစ်ရှိန်တည်း မော့ချလိုက်မိပါသည်။

''ခွီး ... ခွီး ... အား .. ဖရွီး ... ခွီး ... ရေ .. ရေ ..





ရေပေး ... ရေပေး ... ဝေါ့ ... ထွီ ...''

ဆေးတစ်ဝက်မျှသာ ဝမ်းထဲဝင်ပြီး ပါးစပ်နှင့် နှာခေါင်းတို့မှ ပြန်ထွက်ဖိတ်စင်ကုန်သည်မှာ မနည်းလှပေ။ ပုပ်ဟောင်သောအနံ့၊ ခါးသက်ငံတူးသော အရသာတို့ကို ကျွန်တော်အနည်းငယ်မျှပင် မခံစားနိုင်။ ခေါင်းမှဆံပင်များကုပ်၍ ကျွန်တော့်အား ငေးကြည့်ကာ ထိုင်လျက်ရှိနေသေးသော မိန်းမကြီးအား စိတ်မရှည်စွာ တွန်းပစ်ခဲ့ပြီး တဲအနှံ့ နေရာမလပ် သောက်ရေအိုးကို လိုက်ရှာနေမိသည်။

တဲဟုသာဆိုသော်လည်း သက်ငယ်ရွက်အမိုးအကာ ကျိုးတိုးကျဲတဲ။ ဝါးခြမ်းခင်းကြမ်းပြင်နှင့် (၁၀)ပေပတ်လည်ထက် ပိုလိမ့်မည်မထင်ပေ။ သောက်ရေအိုးမဆိုထားနှင့် ချက်ပြုတ်စားသောက်သည့် အိုးအိုးခွက်ခွက် ပန်းကန်ခွက်ယောက်များပင် တစ်ခုတလေမတွေ့ရ။ အိမ်အသုံးအဆောင်၊ အဝတ်အစား၊ အိပ်ရာနှင့်တူသည့် ပစ္စည်းဆို၍ လက်ညှိုးထိုးပြစရာ တစ်ထွာတစ်မိုက်ပင်မရှိသော တဲဖြစ်ကြောင်း ကျွန်တော်အလိုအလျောက် နားလည်လိုက်ပါသည်။

ဤသားအဖသည် တဲတစ်လုံးတည်း အတူနေကြပြီး မည်ကဲ့သို့ ချက်ပြုတ်စားသောက်နေထိုင်ကြသနည်း။ အနိမ့်ဆုံးဖြစ်သော လူ့အသုံးအဆောင်ပင် မရှိသောနေရာ၌ အသက်ရှည်စွာ ရှိနေကြသော သူတို့ဘဝကိုလည်း ကျွန်တော်အံ့ဩသကဲ့သို့ ခံစားရလျက်ရှိသည်။

လောလောဆယ် ကျွန်တော်လုပ်နိုင်သည်မှာ တဲအစွန်းတံစက်မြိတ်မှကျလာသော မိုးရေများကို လက်ခုပ်ဖြင့်ခံ၍ သောက်နေမိခြင်းပင်။ သောက်လိုက်ရသော မိုးရေကြောင့် လည်ချောင်းထဲ ရှင်းသွားပြီး အနံ့အားတို့ပါ ပို၍တိုးလာသလိုရှိကာ တဲအပြင်ဘက်သို့ မသိမသာ မျက်စိကစား စူးစမ်းနေလိုက်သည်မှာ အတော်ကြာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးဟောင်သံ။ ဟော . . . က . . ကလေးငိုသံလည်း ကြားရ ပါလား။ တစ်ချက်တလေ လူကြီးစကားပြောသံများပါ ကြားနေရသလို လို။ ဝေးတော့ ဝေးပါသည်။ မည်သို့သောအသံဟူသော ခန့်မှန်း၍ရသော် လည်း သဲသဲကွဲကွဲ ပြတ်ပြတ်သားသား ကြားရခြင်းမဟုတ်ပေ။

ဤအသံများအရဆိုလျှင် ကျွန်းပေါ်၌ လူသူများ နေထိုင်ကြ လိမ့်မည်ဖြစ်ကြောင်း လက်ခံလိုက်ပြီးသော ကျွန်တော့်စိတ်သည် တက် ကြွလန်းဆန်းလာကာ တဲအပြင်သို့ထွက်၍ စူးစမ်းရန် ဘေးမှဝါးတိုင် အား ဆုပ်ကိုင်အားယူလိုက်မိသည်။

''မ . . မထွက်နဲ့ . . . ကိုဂေါင်းကြီး။ ရှင်အပြင်ထွက်လို့ မဖြစ် သေးဘူး။ ရှင့် . . ရှင့်ကိုတွေ့ရင် သူတို့ ပင်လယ်ထဲ ပြန်ပစ်ချလိမ့် မယ်။ ဒီကျွန်းရဲ့ထုံးစံကို ရှင်နားလည်တယ်မဟုတ်လား။ ကျွန်းကိုစွန့် သွားတဲ့လူတိုင်း ပြန်ရောက်လာရင် ညှဉ်းသည်ပဲလေ။

ကျွန်းထုံးစံမှာ ဘယ်လိုညှဉ်းသည်ကိုမှ လက်ခံလို့မရဘူးဆို တာ ရှင်သိပါတယ်။ လက်ခံမယ်ဆိုရင်တောင် ညှဉ်းသည်ကို အိမ်ရှင် ဖြစ်အောင် ပြန်လုပ်ရမှာ . . . ကိုဂေါင်းကြီးရဲ့။ လာ . . . လာ . . . အေးအေးဆေးဆေး ပြန်ထိုင်စမ်းပါဦး။ အဘလာမှ တိုင်ပင်ကြတာ ပေါ့''

ဘာတွေလဲ။ ဘာကျွန်းထုံးစံလဲ။ ညှဉ်းသည်ကို အိမ်ရှင်ဖြစ် အောင် လုပ်ရဦးမည်ဆိုပါကလား။ မည်သို့မျှ ကျွန်တော်နားလည်လိမ့် မည်မဟုတ်သော ဝေါဟာရများက တက်ကြွလျက်ရှိသော စိတ်ဓာတ် ကို ပြန်၍ဆွဲချခံရသကဲ့သို့ အားငယ်သလို ဖြစ်လာပြန်သည်။

ဆုပ်ကိုင်ထားသောဝါးတိုင်ကို ဖြေလွှတ်လိုက်စဉ် အရာ ဝတ္ထုတစ်ခုနှင့်ငြိနေကြောင်း သိရသဖြင့် ခေါင်းငုံ့၍ အသေအချာကြည့်





လိုက်ရာ ငါးဂါလန်ဝင် ပလပ်စတစ်ပုံး အဝါရောင်တစ်လုံး။ နဂိုအတိုင်း အဖုံးကွင်းထဲ ထုပ်ပိုးလျက် ဝါးတိုင်တွင် ချိတ်ဆွဲထားသည်မှာ ရေများ ငွဲလျက်ရှိနေဆဲပင်။

ကျွန်တော်၏ အသက်သခင် ကျေးဇူးရှင်ဖြစ်သော ပလပ် စတစ်ပုံး ရှိနေသေးသည်မဟုတ်လား။ ဤနေရာမှ ကျွန်တော်ထွက် ပြေးမည်ဆိုလျှင် အန္တရာယ်ပြွမ်းသော ဤကျွန်းပေါ်၌ မရေမရာ ဦးတည် ရာ ပြေးနေရမည့်အစား ကျယ်ပြောသော ပင်လယ်ကြီးက ကျွန်တော် ၏ လွတ်လပ်သောပြေးလမ်းအဖြစ် လက်ကမ်းကြိုဆိုနေလိမ့်မည်မှာ မင်းစဉ်းမျှ ယုံမှားစရာပင်မလိုတော့ဟု ထင်ပါသည်။

ဤပလပ်စတစ်ပုံး ပါနေသရွေ့ မည်သို့သော ပင်လယ်ပြင် ကြီးကိုမဆို ရင်ဆိုင်ပစ်ရန်အတွက် ကျွန်တော့်တွင် သတ္တိများအပြည့် အဝရှိနေပြီးဟုပင် ဆိုရပေတော့မည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

"ဝုန်း . . ."

တဲရှေ့အမှောင်ထဲမှနေ၍ လေးလံသော အရာဝတ္ထုတစ်ခုအား တဲကြမ်းပြင်ပေါ် ပစ်တင်လိုက်သော အသံကြောင့် ကျွန်တော်ပင်လျှင် ခေါင်းထောင်လျက် ထိတ်လန့်သွားမိသည်။ မြွေ . . .။ လူကြီးလက်မောင်းလုံးခန့်ရှိသော မြွေတစ်ကောင်။

အဝါအနက်ကြားနှင့် ကြမ်းပြင်ပေါ်ခေါင်းမထောင်နိုင်ဘဲ တွန့်ခွေလွန့်လူးနေသည်ကိုကြည့်ကာ အဆိပ်ပြင်းသော ငန်းတော်ကျားမြွေကြီးဖြစ်ကြောင်း ကျွန်တော်သိလိုက်ပါသည်။ ထူးဆန်းသလိုတွေ့နေရသည်မှာ မြွေကြီး၏ ခေါင်းပိုင်းအောက်နားတွင် ဝါးမြားတံတစ်ချောင်းက ထုတ်ချင်းပေါက် ကန့်လန့်စိုက်ဝင်နေခြင်းပင် ဖြစ်သည်။





ဂဏန်းမဆိုသည့် ကျက်သရေမဲ့သော မိန်းမကြီးနှင့် စကားဆက်မပြောလိုတော့သည်ကတစ်ကြောင်း၊ ကျွန်တော့်ထံတွင် ခွန်အားများပြည့်လာသည်ကို သူတို့သားအဖတို့ ရိပ်မိခြင်းမရှိစေရန်တစ်ကြောင်း စသည့်အကြောင်းများကြောင့် တဲထရံကာ ဝါးတန်းကိုမှီလျက် မှိန်းနေခြင်းဖြစ်ရာ ခွေခေါက်ရုန်းကန်လျက်ရှိသော မြွေကြီး၏လှုပ်ရှားမှုကြောင့် ကျွန်တော် ထထိုင်ပြီးသား ဖြစ်သွားရသည်။

"ခုလောက်ဆို နင့်အကောင်ဂေါင်းကြီး ဆာနေရောပေါ့။ အဲဒီမြွေကြီးကို သူ့အကြိုက်လုပ်ပေးပြီး ဗိုက်ဝအောင် ကျွေးလိုက်စမ်းဟဲ့။ ကြားလား . . . ဂဏန်းမ။ ဗိုက်ဝရင် အားလည်းပြည့်ပြီပေါ့ဟာ။ ရော့စမ်း . . . ဒါတွေပါ သိမ်းလိုက်တော့"

တဲရှေ့မှနေ၍ ပစ္စည်းတစ်ခုအား သမီးဆီကမ်းပေးပြီး ချက်ချင်းလှည့်ထွက်သွားသော လူကြီး၏သဏ္ဌာန်ကို ခဏတ်ပုံရိုက်ယူသကဲ့သို့ ကျွန်တော်၏မှတ်ဉာဏ်ထဲ အမိအရ ဖမ်းယူနိုင်ခဲ့သည်။

လည်ကုပ်အထိရှည်သော ဆံပင်မွဲကြောင်ကြောင်။ တိရစ္ဆာန်အရေပြားကပ်ထားသလို ကြမ်းတမ်းရှုံ့တွလျက်ရှိသော မျက်နှာပေါ်၌ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲ။ အကြောပြိုင်းပြိုင်းနှင့် လက်မောင်းများ။ ဗလတောင့်တောင့် ခန္ဓာကိုယ်ဖြစ်ပြီး အောက်ပိုင်းတွင် သူ့သမီးဂဏန်းမ ဝတ်ထားသည့်အတိုင်း အရောင်အဆင်းပင်မပေါ်တော့သောပုဆိုးအား ဒူးဆစ်အပေါ်နားထိ ဝတ်ထားခြင်းကို တွေ့လိုက်ရသည်။

ထိုလူကြီး၏ သူ့သမီးဆီကမ်းပေးသော ပစ္စည်းဆိုသည်မှာလည်း ထူးဆန်းခြင်းတော့မရှိပေ။ သုံးတောင်ခန့်ရှည်သော ဝါးကိုင်းတွင် ကြိမ်ကြိုးတပ်ထားသော လေးကိုင်းကြီးတစ်ခုသာဖြစ်သည်။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဝါးမြားတံများထည့်ထားသော သားရေဘူးအိတ်တစ်လုံး။

အဆိုပါ လေးကိုင်းနှင့် မြားတံဘူးကို တဲထရံတွင် ချိတ်လိုက်ပြီးသည်နှင့် ထရံကာသက်ငယ်များကြားမှ ဂဏန်းမဆိုသူမိန်းမကြီး ဆွဲထုတ်လိုက်သည်မှာ မီးရောင်ထဲ လက်ခနဲလင်းသွားသော အမဲလိုက်ဓားမြှောင်တစ်ချောင်း။ သူဘာလုပ်မည်ကို စူးစိုက်ကြည့်နေလျက်မှ ကျွန်တော်၏နှလုံးခုန်သံများ တဒုတ်ဒုတ်နှင့် မြန်လာပါသည်။

မိန်းမကြီးသည် ပထမဦးစွာ မြွေကြီး၏လည်ပင်းအား ဖိကာ တခြားလက်တစ်ဖက်ဖြင့် ဝါးမြားတံကို အသာအယာပင် ဆွဲနှုတ်လိုက်သည်။ ပြီးမှ မြွေကြီး၏ဦးခေါင်းအား အမဲလိုက်ဓားဖြင့် တခနဲဖြတ်ပစ်ပြီး အမြီးပိုင်းမှနေ၍ လက်တစ်ဆုံးခန့်လျက် ထောင်လိုက်ရာ အသက်ပြင်းလှသော မြွေကြီးသည် တွန့်လိမ်လွန့်ခါရင်းမှ သွေးများ ယိုစီးထွက်လာခြင်းကြောင့် ကြမ်းပြင်ပေါ် ရဲပတောင်းထအောင် နီရဲသွားပါတော့သည်။

''ဟင်း . . . ဟင်း . . . ဟင်း . . . ရှင်သိပ်ကြိုက်တဲ့ မြွေသွေးနဲ့ အသားတုံးတွေ ရောနယ်ပြီး ဘိန်းစာရွက်နုနုနဲ့ သုပ်ထားတာ လုပ်ပေးမယ်လေ . . . ကိုဂေါင်းကြီး။ ဒီအသုပ်မျိုး အရင်က ရှင်ပဲလုပ်ကျွေးခဲ့လို့ ကျွန်မတောင်စွဲခဲ့တာ ရှင်မှတ်မိသေးလား။ ဟင်း . . . ဟင်း . . . ဟင်း . . .။ မြွေသွေးလတ်လတ်ဆတ်ဆတ်ရဲတုန်း ရှင့်ကို ဆေးတစ်ခွက်ထပ်တိုက်ဖို့လည်း လုပ်ရဦးမယ်သိလား . . . ဟင်း . . . ဟင်း . . . ဟင်း . . .''

လိပ်ပြာလွင့်လုမတတ် ထိတ်လန့်ကာ အော်ဂလီဆန်ချင်သလိုပျို့တက်လာခြင်းကြောင့် အော့ချင်အန်ချင်စိတ်ကို ကျွန်တော် မနည်းထိန်းနေရသည်။ မိန်းမကြီးကြည့်ရသည်မှာ သမရိုးကျအလုပ်အား လုပ်





နေသကဲ့သို့ အေးအေးဆေးဆေးပင်။

မြွေကြီးအား ဖောက်ထိုးဆွဲလျက်မှ လည်ပင်းပြတ်မှကျလာသော သွေးများကို ဝါးဘိုးခြမ်းခွက်တစ်ခုဖြင့် ခံယူရင်းမှ တစ်ခါတစ်ရံ အငွေ့ထနေသော မြွေသွေးကို လက်ညှိုးဖြင့်တို့ယူပြီး စုပ်စားလျက်ရှိသည်မှာ မြိန်ရေရှက်ရေ။ သူ၏ မြွေသွေးများပေရေနေသော ပါးစပ်ကိုကြည့်ကာ ကျွန်တော်ပင်လျှင် ကြက်သီးဖျန်းဖျန်းထ အသည်းယားလာပါသည်။

ကြမ်းတမ်းရက်စက်သော အဖေနှင့်သမီးတို့၏လက်ထဲ ကျွန်တော် ကြာရှည်စွာ နေ၍ဖြစ်တော့မည်မထင်။ တဲရှေ့ဝါးတိုင်၌ ချိတ်ထားသော ငါးဂါလန် ပလပ်စတစ်ပုံးဆီသို့လည်း ကျွန်တော် မကြာခဏ လှည့်ကြည့်နေမိသည်။

ခက်သည်မှာဆိုရမည်မှာ တဲအပြင်ဘက် အမှောင်ထဲတွင် ဂဏန်းမဆိုသူ၏အဖေသည် မည်သည့်အလုပ်ကို လုပ်ကိုင်လျက်ရှိသည်ကို မသိရဘဲ ခြေသံများ၊ လှုပ်ရှားသံများ ကြားနေရခြင်းဖြစ်ရာ ကျွန်တော်၏ဆုံးဖြတ်ချက်က မပြတ်သားသလိုရှိနေခြင်းပင် ဖြစ်သည်။

ရှင်းလင်းစွာပြောရလျှင် သည်သားအဖနှင့်အတူ ရေလိုက်ငါးလိုက် သဘောမျိုးဖြင့် တစ်စက္ကန့်ပြည့်အောင်ပင် ကျွန်တော်မနေဝံ့တော့။ ညှံ့ဖျင်းလှသော ကျွန်တော့်ကိုယ်ခံအားကြောင့်လည်း ဖြစ်လိမ့်မည်ထင်ပါသည်။

မိန်းမကြီးသည် ကျွန်တော်၏အကြံအစည်ကို ရိပ်မိခြင်းမရှိသည်လား၊ သို့မဟုတ် တမင်တကာပင် မသိဟန်ဆောင်နေသည်လားမသိ။ မြွေကြီး၏အရေခွံကိုသာ သွေးသံတရဲရဲ တရှုံ့ရှုံ့နှင့် ဆုပ်ခွာ၍ကောင်းတုန်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"အရင်က ရှင်ကိုင်ခဲ့တဲ့ ကိုင်းလေးနဲ့မြားတံတွေ ခုချိန်ထိ အဘအတွက် အသုံးဝင်တုန်းပဲ ကိုဂေါင်းကြီးရေ။ ဟောဒီမြွေလည်ပင်း ကနုတ်ထားတဲ့ မြားတံတွေက ရိုးရိုးတံလေ။ သားကောင်ငယ်တွေကို ပစ်ရင် ရိုးရိုးဝါးမြားတံပဲ သုံးတာမဟုတ်လား။

ဟို . . . သားရေဘူးထဲမှာ မြေနီမှုန့်ရေဖျော်ပြီး စိမ်ထားတဲ့ ဝါးမြားတံ အနီရောင်ငါးချောင်းတောင် ရှိသေးတယ် . . . ကိုဂေါင်းကြီး ရဲ့။ အဲဒီအနီရောင်မြားတံတွေရဲ့ အဖျားပိုင်းအချွန်မှာ အဆိပ်ပင်က အစေးတွေသုပ်ပြီး မီးကင်ထားတာဆိုတော့ သားကောင်ကြီးတွေပစ်ရင် ထိလိုက်တာနဲ့ တုံးခနဲလဲအောင် အဆိပ်ကပြင်းတာ။ ရှင်မမှတ်မိတော့ ဘူးလား . . . ကိုဂေါင်းကြီး"

မိန်းမကြီးပြောသလို ကျွန်တော် မှတ်မိရန်အကြောင်း လုံး မရှိပေ။ သူပြောသော လေးကိုင်းနှင့် မြားတံများကို ကိုင်ဖူးရန်ဝေး ရုပ်ရှင်၊ ဗီဒီယိုများ၌ တောတွင်းလူရိုင်းများ ကိုင်ဆောင်ပစ်ခတ်သည် ကိုသာ တစ်ခါတစ်ရံ ကျွန်တော်မြင်ဖူးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း မိန်းမကြီး၏စကားအပေါ် ခွန်းတုန့်ပြန်ခြင်းမလုပ်တော့ဘဲ ဤနေရာ အမြန်ဆုံးလွတ်မြောက်ရေးကိုသာ တွေးတောနေမိသည်မှာ အမှန်ဖြစ် သည်။

ကျွန်တော်သည် ပထမဦးဆုံး ကုန်းပေါ်လမ်းကြောင်းမှပြေး လျှင် ကောင်းမည်လားဆိုကာ စဉ်းစားနေမိပါသေးသည်။ လွယ်တော့ လွယ်လိမ့်မည်မထင်။ ဤကျွန်း၏ ပထဝီအနေအထားတို့ကို ကျွန်တော် လုံးဝသိထားသည်မဟုတ်သည့်အပြင် မိုးတစိမ့်စိမ့်နှင့် ညဉ့်အမှောင်က လည်း ပိန်းပိတ်အောင်မှောင်နေခြင်းကြောင့် လွတ်မြောက်ရန် မသေ ချာ။





ထို့ပြင် စောစောပိုင်းတွင် ကျွန်တော်ကြားခဲ့ရသော ခွေးဟောင် သံ၊ ကလေးငိုသံ၊ လူသံသူသံများကလည်း ဤကျွန်းပေါ်၌ လူနေထိုင် ကြသော အမှတ်အသားဖြစ်သဖြင့် လူတွေကို ရှောင်ကွင်းပြေး၍လည်း ရနိုင်မည်မဟုတ်ကြောင်း ကျွန်တော်တွက်လိုက်မိသည်။ မဖြစ်မနေပြေး ရတော့မည်ဆိုလျှင် အပြောကျယ်လှသော ပင်လယ်ကြီးသည်သာ သင့် လျော်လိမ့်မည်ဖြစ်ကြောင်း ကျွန်တော်ဆုံးဖြတ်ပြီးသား ဖြစ်သွားပါသည်။

မည်သို့ပင်ဆိုစေ ကြမ်းတမ်းရိုင်းစိုင်းရုံသာမက ရက်စက်သည့် အပြုအမူများကို မြင်တွေ့ရလျက်နှင့် ဤစိတ္တဇသားအဖနှင့် ရက်ကြာ ကြာနေထိုင်ရမည့်အစား ပင်လယ်ကြမ်းပြင်ပေါ်တွင် အရိုးဆွေးသွားစေ သည်သာ ပို၍ကောင်းလိမ့်မည်ဆိုသောလမ်းကို ကျွန်တော် ပြတ်သား စွာ ရွေးချယ်လိုက်မိပါတော့သည်။

ခြောက်သွေ့နေပြီးဖြစ်သော ဘောင်းဘီတိုကို ခါးနေရာ၌ နှစ် ချက်မျှ လိပ်တင်လိုက်သည်။ မြွေအသားကိုထွင်ရင်းမှ ကျွန်တော်၏ မျက်နှာတစ်ခုတည်းကိုသာ တောက်ပြောင်သော မျက်လုံးများနှင့် မကြာ ခဏ လှမ်းကြည့်နေသော မိန်းမကြီးကိုလည်း သတိထားနေရသည်။

အကယ်၍ ကျွန်တော်၏ ရုတ်တရက် ရှန်းရင်းဆန်ခတ်ဖြစ် သွားခြင်းကြောင့် သူရိပ်စားမိမည်ဆိုလျှင် အသာတကြည်ငြိမ်နေလိမ့် ဟု အတပ်မပြောနိုင်။ ကျွန်တော့်အား သူ့လင်ဂေါင်းကြီးဟုသာ စွဲလမ်း စွာ လက်ခံထားခြင်းဖြစ်ရာ လွယ်လွယ်ကူကူနှင့် ပြန်၍ လက်လွှတ် ဆုံးရှုံးမည်ကိုသိလျက် ထိုင်၍ကြည့်နေမည်လားဆိုသည်ကို ထည့်သွင်း စဉ်းစားရဦးမည် မဟုတ်ပါလား။ ထို့ပြင် သူ၏အဖေ ဟိုလူကြီးကလည်း တဲရှေ့အမှောင်တောထဲတွင် တကုပ်ကုပ်နှင့် ဘာလုပ်နေသည်ကို မသိရဘဲ ရှိနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ... အဘ ... အမှောင်ထဲမှာ ဘာလုပ်နေတာတုန်း။ မြွေတောင် လုပ်လို့ပြီးနေပြီ ... အဘရေ။ ဘိန်းစာရွက်နုနု လက်တစ်ဆုပ်စာ ခူးပေးဦးလေ အဘ"

"အေး ... ဟုတ်သားပဲ။ အဘလည်း နင့်အကောင်ဂေါင်းကြီး မိုးလင်းရင်စားဖို့ ငှက်သိုက်ထဲကဥတွေ လိုက်နှိုက်နေတာနဲ့ ဘိန်းစာရွက်ခူးဖို့ မေ့နေတာဟ။ ခဏပဲစောင့်။ ဟိုရှေ့ကကုန်းမှာ အဘ ပြေးခူးလိုက်မယ်။ ကြားလား ..."

နင့်အကောင်ဂေါင်းကြီးဆိုသောအသံကို ကြားရလေ ကျွန်တော်၏ ထွက်ပြေးလိုသောစိတ်သည် ပို၍ပြင်းပြလာလေနှင့် ဂဏန်းမဆိုသော မိန်းမကြီးအား အကဲခတ်လျက် အလစ်အငိုက်ကို စောင့်ကြည့်နေမိသည်။ သို့သော် ထုံးစံအတိုင်းပင် အလုပ်ကိုသာ ဖယ်စက်သကဲ့သို့ လုပ်နေသော်လည်း သူ၏မျက်လုံးများက ကျွန်တော့်မျက်နှာမှ မခွာစတမ်း ကြည့်နေဆဲတွေ့ရသည်။

ညဉ့်နက်သန်းခေါင်ချိန်ပင် လွန်တော့မည်ထင်သည်။ အိမ်ကြက်လား၊ တောကြက်လား ခန့်မှန်း၍မရသော ကြက်တွန်သံများကို ပင် နေရာအနှံ့ ကြားနေရပြီးဖြစ်သည်။ တဖွဲဖွဲကျနေသော မိုးသည် လေပြင်းတစ်ချက်တလေ တိုက်ခတ်လာခြင်းနှင့်အတူ တဖြည်းဖြည်း သည်းလာပြန်ရာ လျှပ်စီးပြက်ရောင် တဖျပ်ဖျပ်နှင့် မိုးခြိမ်းသံပါရောပါလာလျက် ယခုကဲ့သို့ အခွင့်အရေးကောင်းချိန်တွင် အမြန်ဆုံးထွက်ပြေးရန် ကျွန်တော့်အား တိုက်တွန်းနေသကဲ့သို့ ခံစားလိုက်မိပါတော့သည်။

"ဝေ့ ... ရောင်စုး၊ နင့်ဆီမှာ ညှော်သည်နေရောက်တယ်မဟုတ်လား"





"ညှော်သည်မဟုတ်ပါဘူး ... လူကြီးရဲ့။ ငါ့သမက်ဂေါင်းကြီးလေကွာ။ ပင်လယ်ထွက်သွားတာ နှစ်နှစ်ဆယ်တောင်ကြာပြီဟာ။ ညဉ့်ဦးကမှ ပြန်ရောက်လာတာ လူကြီးရ"

လက်ထဲ၌ အရွက်နုနုစိမ်းစိမ်းတစ်ဆုပ်ကိုင်ထားသော ဂဏန်းမ၏အဖေ ဦးရောင်စုးဆိုသူသည် တဲတံစက်မြိတ်ထိ ရောက်လာပြီးမှ တဲရှေ့အမှောင်ရိပ်ထဲမှ မေးမြန်းသံကြားသည်နှင့် ခြေလှမ်းများ တန့်ခနဲရပ်သွားသည်။

မြွေတစ်ကောင်နှင့် အလုပ်ရှုပ်လျက်ရှိသော ဂဏန်းမကလည်း ဓားမြှောင်ကိုပစ်ချကာ ကျွန်တော့်အနားသို့ ပြေးလာပြီး သူ၏လက်ကြမ်းကြီးနှင့် ကျွန်တော့်လက်မောင်းရင်းအား ဆုပ်ကိုင်လျက် မျက်စိမျက်နှာပျက်နေသည်ကို သတိထားမိလိုက်ပါသည်။

စောစောက အမှောင်ထဲမှ လှမ်းမေးသော လူကြီးဆိုသူသည် ဤသားအဖထံ ကျွန်တော်ရောက်ရှိနေခြင်းကို မည်သို့သိရှိနေပါသနည်း။ ပြီးလျှင် ... အချိန်ကလည်း လူသူသွားလာခြင်းမရှိသော ညဉ့်နက်သန်းခေါင်ကျော် မိုးရွာသွန်းနေချိန်။ အသံရှင်လူကြီးသည် မီးရောင်ထဲသို့ပင် ဝင်မလာဘဲ အမှောင်ထဲရပ်လျက်မှပင် အကဲခတ်နေဟန် တိတ်ဆိတ်သွားသော်လည်း ချောင်းဟန့်သံတစ်ချက်တလေကိုမူ ကြားနေရသည်။

တဲထရံတိုင်ကို မှီထားလျက်မှ ကျွန်တော်သည် ထိုင်လျက်အနေအထားဖြင့် ထွက်ပြေးရန် အဆင်သင့်ပြင်ဆင်လိုက်ရာ ဂဏန်းမကလည်း ကျွန်တော့်လက်မောင်းအား တင်းကျပ်စွာ ဆုပ်ကိုင်ထားလျက်မှ တဲအပြင်သို့သာ စိုးရိမ်တကြီး ကြည့်နေသည်ကိုတွေ့ရသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် မသိစိတ်တစ်ခုသည် ကျွန်တော့်အား နှိုးဆော်ခဲ့သည်လား မသိပေ။ မသက်ာစိတ်၊ သံသယစိတ်များက ရင်ထဲပြည့်ကျပ်လာကာ သွေးပျက်လုခမန်း တုန်လှုပ်လာပါတော့သည်။

ကျွန်တော်၏အနီးအနားမှ လူသတ္တဝါများသည် လူစင်စစ်ကော ဟုတ်ကြရဲ့လား။ ငယ်ရွယ်စဉ်က ကြားဖူးခဲ့သော ပရလောကသားထဲ အပါအဝင် ကျက်တစ္ဆေများက လူယောင်ဖန်ဆင်း၍ ခြောက်လှန့်နေကြသည်လား။

ထိုအတွေးများဝင်လာသည်နှင့် ကျွန်တော့်လက်မောင်းအား ဆုပ်ကိုင်ထားသော ဂဏန်းမ၏လက်မှ အလန့်တကြား ရုန်းထွက်ပြီး တဲအစွန်းနေရာသို့ ရွှေ့ဆိုင်းလိုက်ရာ ဂဏန်းမကလည်း ထက်ချပ်မကွာ လိုက်ရွှေ့လာသည်မှာ အတော်မြန်သည်။

"တို့ကျွန်းရဲ့ထုံးစံကို နင်နားလည်တယ်နော် . . . ရောင်ရှူး။ ဘယ်ကောင်ပဲဖြစ်ဖြစ် ပင်လယ်ထဲထွက်သွားပြီးလို့ ပြန်လာရင် ညှိသည် အနေနဲ့တောင် လက်ခံလို့မရဘူးဆိုတာ နင်သိထားတာပဲ။ အေး . . . နင့်သမက်ဂေါင်းကြီးကို မိုးလင်းချိန်ထိ ဆက်ထားဦးမယ်ဆိုရင်လား . . ဂေါင်းကြီးရော၊ နင်နဲ့ နင့်သမီးဂဏန်းမတို့ပါ ပင်လယ်ထဲပြန်ရောက် သွားဖို့ တို့လုပ်ရတော့မှာပဲနော်။

ဒါ . . . တို့ကျွန်းရဲ့ ထုံးစံပဲဟေ့။ ညှိသည်ကို အိမ်သားဖြစ် အောင် မြန်မြန်သာလုပ်လိုက်တော့။ လွယ်မှလွယ်ကွာ။ ကိုင်း . . . ငါ သွားမယ်။ မိုးလင်းတာနဲ့ တစ်ခေါက်လာကြည့်လို့ ဒီအတိုင်းပဲဆိုရင် လား . . . ကျွန်းထုံးစံအတိုင်းပဲနော် . . . ရောင်ရှူး"

ကျွန်းထုံးစံဆိုသော စကားများသာ အပ်ကြောင်းထပ်လျက်ရှိ





နေပါလား။ ကျွန်းထုံးစံဆိုသော ဝေါဟာရကို ယခုအချိန်ထိ ကျွန်တော့် ခေါင်းထဲတွင် အဓိပ္ပာယ်ဖော်၍မရသေး။ ဝေဝါးရှုပ်ထွေးနေဆဲပင်ဖြစ် သည်။

ကျွန်တော့်အား ညှိသည်တစ်ယောက်အဖြစ် လက်ခံ၍မရ ဘဲ ညှိသည်ကို အိမ်သားဂေါင်းကြီးဖြစ်သွားအောင် လုပ်လိုက်ရန် ဟို လူကြီးဆိုသူ သတိပေးသွားသည်မှာ စဉ်းစားစရာ။ ထို့ပြင် မိုးမလင်း မီမှာပင် အိမ်သားဖြစ်ရန် လုပ်ရမည်ဟုဆိုသေးရာ မှတ်ပုံတင်မပါ၊ သန်းခေါင်စာရင်းမရှိသော ကျွန်တော့်အား အိမ်သားဖြစ်အောင် မည်သို့ လုပ်ကြ မည်နည်း။

ဤပစ္စန္တရစ်ကျွန်းပေါ်တွင် လ . ဝ . က ရုံးလည်း ရှိမည် မဟုတ်။ လ . ဝ . က ရုံးရှိသော မြို့နှင့်လည်း မည်မျှဝေးကြောင်း မသိရ။ သို့ဖြစ်လျက် ညှိသည်မှ အိမ်သားအဖြစ်သို့ ပြောင်းလဲပစ် ရန် လူကြီးဆိုသူ ပြောသွားသည်မှာ လွယ်မှလွယ် ဆိုပါလား။

ဤနေရာမှ လွတ်မြောက်ရေးနှင့် ပတ်သက်ကာ ကျွန်တော် ၏ဆုံးဖြတ်ချက်သည် ပို၍ ပြတ်သားခိုင်မာလာပြီဟုဆိုရပေမည်။ မကြာမီ မိုးလင်းတော့မည်။ မိုးလင်းသည်နှင့် ဟိုလူကြီးပြန်ရောက်လာလျှင် ကျွန် တော်၏ကြမ္မာသည် ပစ္စက္ခအချိန်ထက် ပို၍ ဆိုးဝါးလာနိုင်သည်ကိုလည်း ရိပ်စားမိလာသည်။

သို့ဖြစ်၍ လောလောဆယ် အလွယ်ကူဆုံးဖြစ်သော ပင်လယ် လမ်းကြောင်းကိုသာ ကျွန်တော် ရွေးချယ်လိုက်ပြီးဖြစ်ရာ လက်တစ်ကမ်း အကွာ၌ ချိတ်ထားသော ပလတ်စတစ်ပုံးအဝါရောင်ဆီသို့ လှမ်းကြည့် လျက်မှ မသိမသာ ဖင်ရွှေ့ထိုင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဦးရောင်စူးသည် တဲရှေ့တွင်ရပ်နေရာမှ မည်သည့်ဆုံးဖြတ်ချက်မျိုးကို ချလိုက်သည်မသိ။ လက်ထဲဆုပ်ကိုင်ထားသော ရွက်နုတစ်ဆုပ်ကို မြေကြီးပေါ်သို့ ဆောင့်ကြီးအောင့်ကြီးပစ်ချပြီး တဲအစွန်းနားထိ လျှောက်လာသည်။

သူ၏ ကျဉ်းမြောင်းလှသော မျက်စိဖြင့် ကျွန်တော့်အား အေးစက်ချောက်ချားဖွယ်ရာ ရှပ်တိုက်ကြည့်ရင်း တစ်စုံတစ်ရာပြောလိုဟန်ဖြင့် အသံထွက်မလာသော်လည်း နှုတ်ခမ်းများ တဆတ်ဆတ်တုန်လျက်ရှိသည်ကို တွေ့ရသည်။

ဂဏန်းမ၏မျက်နှာဆီ စောင်း၍ မသိမသာ ကြည့်လိုက်ပြန်တော့လည်း ပင်ကိုက ပြူးကျယ်သောမျက်လုံးများတွင် မျက်ရည်ကြည်များဝေ့ဝဲကာ ကျွန်တော့်အား သနားစရာ သတ္တဝါတစ်ကောင်အဖြစ် ကရုဏာသက်သောအရိပ်များ လွှမ်းလျက်ရှိကြောင်း သတိပြုမိပါသည်။

ဖြစ်ရပ်အားလုံးသည် တဒင်္ဂအတွင်း လျှပ်ပြက်သည်ထက် မြန်ဆန်လွန်းသည်ဟုပင် ပြောရပေတော့မည်။ တဲကြမ်းခင်းအစွန်းသို့ ရောက်နေသော ဦးရောင်စူးသည် သူ့သမီးဂဏန်းမအား သိသိသာသာ ခေါင်းတစ်ချက်ညိတ်ပြလျက် ဂဏန်းမ လွှတ်ချထားသော အမဲလိုက်ဓားမြှောင်ဆီ လက်လှမ်းလိုက်သည်ကို အံ့သြတုန်လှုပ်စွာ ကြောင်ငေး၍ ကျွန်တော် ကြည့်နေမိပါသေးသည်။

ကြာတော့ မကြာလှ။ ခေတ္တခဏသာဖြစ်သည်။ စဉ်းစားတွေဝေနေရမည့်အချိန် မဟုတ်ကြောင်း နားလည်လာသောကျွန်တော်သည် အနည်းငယ်အလှမ်းဝေးလျက်ရှိသော ဓားမြှောင်အား မမီတမီ လှမ်း၍ ယူနေသော ဦးရောင်စူး၏လက်ကို ဆောင့်နင်းကာ ဓားမြှောင်ကိုပါ အဝေး





သို့လွင့်သွားစေရန် ကန်ပစ်လိုက်သည်။ တစ်ချိန်တည်းမှာပင် တဲတိုင်၌ ချိတ်ထားသော လုံချည်ကွင်းနှင့် ပလတ်စတစ်ပုံးကိုဖြုတ်ယူကာ တဲရှေ့အမှောင်တောထဲသို့ ခုန်ထွက်လိုက်ပါသည်။

ကညင်ဆီမီးရောင်ထဲမှ ရုတ်တရက်ထွက်ပေါ်လာသော ကျွန်တော်သည် ကျင့်သားမရသေးခြင်းကြောင့် မဟူရာရောင်မည်းနက်လျက်ရှိသော အမှောင်ထုထဲ လမ်းကြောင်းရှာရန် ခက်ခဲသလိုရှိနေပါသေးသည်။ သို့သော် မိုးတဖွဲဖွဲရွာနေခြင်းနှင့်အတူ လျှပ်စီးကလည်း ဝင်းခနဲ . . . လက်ခနဲ အလင်းရောင်ပေးလျက်ရှိရာ မြက်ရိုင်းပင်များ လဲနေသော စွတ်ကြောင်းကြီးတစ်ခုအား တွေ့လိုက်ရပါသည်။

ဤစွတ်ကြောင်းကြီးသည် ကျွန်တော့်အား သောင်ပြင်ပေါ်မှ ဂဏန်းမနှင့် သူ၏အဖေတို့ တွဲခေါ်လာသော လမ်းကြောင်းသာဖြစ်မည်မှာ သေချာသည်။ အဘယ်ကြောင့်ဆိုသော် မြက်ရိုင်းတော၏ရှေ့တွင် ပင်လယ်ကြီး၏ ဒီတိုးသံလှိုင်းရိုက်သံများ ဆူညံလျက်ရှိသည်မဟုတ်ပါလော။

"နှင့်အကောင်ဝေါ်ကြီး . . . ပြေးပြီးဟ။ ကိုင်းလေးနဲ့ အနီရောင်မြားတစ်ချောင်း၊ မြန်မြန်ပေးစမ်း . . . ဂဏန်းမ။ မြန်မြန် . . . မြန်မြန်လုပ်ပါဟ"

မိုးကြိုးပစ်ချသံကဲ့သို့ ဟိန်းညံလျက်ရှိသော ဦးရောင်စူးအသံ။ ဂဏန်းမထံ သူတောင်းသည်ကလည်း မြားအနီရောင်တစ်ချောင်းတည်း။ မြားတံအနီရောင်သည် အဆိပ်လူးထားသော မြားတံဖြစ်ပြီး သားကောင်ကြီးများပစ်ရာ၌ ထိသည်နှင့် တုံးခနဲလဲသွားနိုင်သည်အထိ အဆိပ်ပြင်းကြောင်း ဂဏန်းမပြောပြထားသည်ကို ကျွန်တော် အမှတ်ရနေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမျှ ပိန်းပိတ်လျက်ရှိသော အမှောင်တောထဲတွင် မြားတံ တစ်ချောင်းတည်းနှင့် ကျွန်တော့်အား ထိမှန်အောင် ပစ်ခတ်နိုင်လိမ့်မည်မဟုတ်ဆိုကာ ဦးရောင်စူးအား လျှော့တွက်၍ရမည်မထင်ပေ။ ဘာကြာသေးသနည်း။ လက်မောင်းလုံးခန့်သာရှိသော ငန်းတော်ကျားမြွေ၏ လည်ပင်းနေရာချက်ကောင်းကို မြားတစ်ချောင်းတည်းနှင့် ပစ်ခတ်လာသည်မှာ ဒိဋ္ဌမျက်မြင်ပင်။

ပြီးလျှင် ဦးရောင်စူးရော၊ ဟိုလူကြီးဆိုသူပါ အမှောင်ထုအား ယဉ်ပါးစွာ သွားလာလှုပ်ရှားခဲ့သည်ကို တွေးကြည့်ရုံမျှနှင့် ပြေးလမ်းပေါ်၌ပင် ဇာတ်သိမ်းသွားနိုင်သော ကျွန်တော်၏အဖြစ်ကို စဉ်းစားမိကာ ခြေလှမ်းများကို ပို၍ သွက်လက်မြန်ဆန်လာသည်။

မြက်ရိုင်းတောစွတ်ကြောင်းအတိုင်း ချုံပုတ်နွယ်ပင်များကို ကျွဲရိုင်းတစ်ကောင်ကဲ့သို့ ရမ်းသန်းတိုးဝှေ့ပြေးလွှားနေရင်းမှ ပလတ်စတစ်ပုံးထုပ်ပိုးထားသော ပုဆိုးကွင်းအား ကျွန်တော့်ကိုယ်ပေါ်၌ သိုင်း၍လွယ်ထားပြီးဖြစ်သည်။ နောက်မှခြေသံများ နီးကပ်နေခြင်းကြောင့် ပထဝီအနေအထားကျွမ်းကျင်ပြီးဖြစ်သော ဦးရောင်စူးသည်လည်း ကျွန်တော့်အား မည်သို့မျှ လက်လွှတ်ခံလိမ့်မည်မဟုတ်သည်မှာ ထင်ရှားလျက်ရှိသည်။

ပြေးရင်းလွှားရင်းမှ ပင်လယ်ကမ်းနဖူးထိပ်သို့ ရောက်သွားချိန်တွင် ကျွန်တော့်ထံမှ ကြောက်စိတ်များ အတော်အသင့် လျော့ပါးသွားသလိုဖြစ်ရာ အသက်ကိုပါ ဝအောင်ရှူသွင်းကာ အခြေအနေကို တစ်ချက် စောင့်ကြည့်လိုက်ပါသေးသည်။

ဒီရေတက်ချိန် ဖြစ်လိမ့်မည်ထင်သည်။ တစ်လုံးပြီးတစ်လုံး





ိမ့်တက်လာသော လှိုင်းလုံးကြီးများသည် ကညင်ပင်ကြီးများ၏မြစ်ဆုံ း ဝုန်းခနဲ ရိုက်ခတ်ပြီးမှ ဝေါခနဲ ပြန်လိမ့်ဆင်းသွားကာ ပင်လယ် သည် ကမ်းနဖူးတိုင်အောင် မောက်လာသည်ကို တွေ့ရသည်။

ထိုအချိန်တွင် နောက်မှလိုက်လာသော ဦးရောင်စူး၏ ခြေသံ ည်လည်း တုံ့ခနဲရပ်သွားသည်ကို သတိပြုလိုက်မိသည်ဆိုလျှင်ပင် ာက်ထပ်လိမ့်ဆင်းသွားသော လှိုင်းလုံးကြီးနောက်သို့ ဝုန်းခနဲ လိုက်ပါ ဆင်းပြီးသား ဖြစ်သွားသည်။

"အား ...."

လှိုင်းလုံးကြီးများကြားထဲသို့ ကိုးရိုးကားရား ပုံပျက်ပန်းပျက် သွားသည်ကို ကျွန်တော်ကောင်းစွာ သိနေပါသည်။ ထိုအသိထက် ခံစားလိုက်ရသော ဝေဒနာအသိသည် ကျွန်တော်၏နောက်ကျော က် ညာအခြမ်းနေရာတွင် စူးခနဲဖြစ်သွားခြင်းပင်။ အမှန်ပြောရလျှင် ယ့်ကိုယ်ကိုယ် အလွန်လျင်မြန်လှပြီး ထင်ရသော်လည်း ဦးရောင်စူး တ်လိုက်သော မြားချက်က ကျွန်တော့်ထက် များစွာ မြန်ဆန်နေ ည်မှာ လက်တွေ့ပင်ဖြစ်သည်။

လှိုင်းလုံးကြီးများသယ်ဆောင်ရာသို့ ပလတ်စတစ်ပုံးတစ်လုံး မျောပါနေသော ကျွန်တော်သည် စူးစူးရှရှ နာကျင်လျက်ရှိသော ကျောကုန်းမှဝေဒနာကြောင့် စိတ်ဓာတ်များ အနုတ်လက္ခဏာထိ ကျ င်းလာကာ တုန်လှုပ်ကြောက်ရွံ့ရာမှ ဝမ်းနည်းခြင်းပါ ကူးစက်လာ သည်။

ဤတစ်ကြိမ်သည် ကံကြမ္မာက ကျွန်တော့်ဘက်မှာ ရှိမနေ ာ့ဘဲ ပေယျာလကန်ပြုလိုက်ပြီးဟုသာ ဆိုရပေလိမ့်မည်။ သားကောင်



www.burmeseclassic.com

ကြီးတစ်ကောင်ပင်လျှင် ဤအဆိပ်လူးမြားတံဆိပ်အနီရောင်ထိသည်နှင့် တုံးခနဲလဲကြောင်း ဂဏန်းမပြောသည်ကိုထောက်လျှင် ကျွန်တော်ကဲ့သို့ လူသားတစ်ယောက်အနေနှင့် မြားအဆိပ်ဖြင့် ဖတ်သိမ်းရန် ထေတော့မည်မထင်ပေ။

ပလတ်စတစ်ပုံး၏ဆွဲအားဖြင့် ရေပေါ်၌ ကောင်းစွာပေါ်လျက်ရှိသော်လည်း ခြေလက်တို့လှုပ်ရှားကာ ကူးခတ်ရန်ပင် အင်အားများယုတ်လျော့ကုန်သည်မှာအမှန်။ လှိုင်းလုံးတို့၏စေရာအတိုင်း နိမ့်လိုက်မြင့်လိုက်မျောနေစဉ် လက်တစ်ဖက်အား အစွမ်းကုန်နောက်ပစ်၍ ကျောကုန်းဆီစမ်းကြည့်လိုက်ရာ ထင်သည့်အတိုင်းပင် မြားတစ်ချောင်းကတန်းလန်း။ နာကျင်လှသည့်ကြား၌ပင် မြားတံကို ခက်ခဲစွာ ဆွဲနှုတ်လိုက်ရာ အသည်းနိုက်လှမတတ် နာကျင်လျက် လူတစ်ကိုယ်လုံးပါ ဆတ်ဆတ်ခါသွားရသည်။

"ဟာ ... မြား ... မြားတံက အနီရောင်မဟုတ်ဘဲ ရိုးရိုးဝါးမြားတံတစ်ချောင်းပါလား"

အံ့သြခြင်းနှင့်အတူ မြားတံကို မျက်နှာနား ကပ်သည်အထိထားပြီး အသေအချာ ကျွန်တော်ကြည့်နေမိသည်မှာ အတော်ကြာသည်။ လျှပ်စီးရောင်တစ်ချက်တိုင်းတွင် အရောင်ပြောင်းလဲခြင်းမရှိသော ရိုးရိုးဝါးမြားတံဖြစ်ကြောင်း ယုံမှားဖွယ်ရာပင် မလိုတော့ပေ။

"ကိုင်းလေးနဲ့ အနီရောင်မြားတံတစ်ချောင်း မြန်မြန်ပေးစမ်း ဂဏန်းမ" ဆိုသော ဦးရောင်စုး၏စကားသံကို ပြတ်သားပီသစွာ ကျွန်တော်ကြားလျက်နှင့် ဤမြားတံသည် အဘယ်ကြောင့် အဆိပ်မပါသော ဝါးမြားတံရိုးရိုး ဖြစ်နေရပါနည်း။





ဂဏန်းမပင်လျှင် စိတ်လှုပ်ရှားလျက် မှားယွင်းပေးလိုက်သည်ဟုအား ဖြစ်နိုင်မည်မထင်ပါ။ မြားထည့်သော သားရေဘူးထဲတွင် အနီရောင်မြားတံငါးချောင်းသည် မည်သို့မျှ မှားယွင်းစရာမလိုအောင် အရောင်ကွဲကွဲပြားပြားရှိနေခြင်းကို ကျွန်တော်ပင်လျှင် မှတ်မိနေပါသေးသည်။ သို့ဆိုလျှင် ...

ဂဏန်းမဆိုသူမိန်းမကြီး၏ ကျွန်တော့်အား နောက်ဆုံးကြည့်သော မျက်လုံးထဲတွင် မျက်ရည်ကြည်များဝေ့ဝဲလျက် ကရုဏာအရိပ်များ ယှက်သန်းနေသည်ကို မြင်ယောင်လာသည်။ လောလောဆယ်ထက်လွတ်ဆုံးရှုံးလိုက်ရတော့မည့် အရာတစ်ခုအတွက် သူမည်မျှ ကြေကွဲလျက်ရှိကြောင်းကို မျက်လုံးဖြင့်သာ ပြောပြနိုင်ခြင်းကလွဲ၍ ဆတ်ဆတ်တုန်နေသော နှုတ်ခမ်းများဆွံ့အလျက်။

သူတို့သားအဖနှင့် ဆုံတွေ့ချိန်မှစပြီး သူ့အပေါ် ဥပေက္ခာထား၊ မခွေရစိတ်ပွားခဲ့သော ကျွန်တော့်အပေါ် နာကြည်းမုန်းတီးခြင်း မရှိဘဲ သူ့အဖေတောင်းသော အဆိပ်လူးအနီရောင် ဝါးမြားတံပေးရမည့်အစား၊ သာမန်ဝါးမြားတံတစ်ချောင်းကိုသာ တမင်တကာ ရွေးချယ်ပေးလိုက်ခြင်းကို ကြည့်ရှုံမှုနှင့် ကျွန်တော့်အား သူမျှော်လင့်နေသေးသည်မှာ အထင်အရှားပင်။

ကျွန်တော့်ထံတွင် စိုးရိမ်ကြောက်ရွံ့စိတ်များ အနည်းအကျဉ်းမျှပင် မရှိတော့ပေ။ ကျောကုန်းမှဒဏ်ရာကလည်း အောင့်သလိုလို ကျင်သလိုလိုသာ ဝေဒနာက လျော့ပါးလာသည်။ ယခုအချိန်တွင် ရင်ထဲမှပေါက်၍တက်လာသော ဆွေးစိတ်၊ လွမ်းစိတ်တို့ဖြင့်သာ မှုန်းကျပ်လျက် ကမ္ဘာတော်အလှမ်းဝေးဝေး၌ တွေ့နေရသေးသော ဂဏန်းမတို့ရှိရာ ကျွန်းဆီသို့သာ ငေး၍နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးရောင်ထဲ တစ်ချက်တလေ လှမ်းမြင်နေရသည့်ကျွန်းက သိပ်မကြီးလှပေ။ ရှည်မျှောမျှောပုံသဏ္ဌာန်နှင့် မြင့်မားသောသစ်ပင်ကြီးများ၊ ချုံနွယ်ပင်များဖြင့် မှောင်မည်းလျက်ရှိသည်ကို တွေ့နေရသည်။

ဂဏန်းမတို့တဲကလေးရှိရာ နေရာသို့ စိတ်ကူးဖြင့် မှန်းကြည့်လိုက်ရာ သစ်ပင်ကြီးများထက် ပို၍မြင့်သော အုန်းပင်နှစ်ပင်သည် မိုးထဲလေထဲ မကောင်းဆိုးဝါးနှစ်ကောင် နှစ်ပါးသွားကနေကြသကဲ့သို့ ညီညီညာညာ ယိမ်းထိုးလျက်ရှိသော သဏ္ဌာန်ကလွဲ၍ ကျွန်းတစ်ကျွန်းလုံး ငြိမ်သက်တိတ်ဆိတ်လျက်။

စက်လှေနစ်မြုပ်စဉ်က ကျွန်တော်၏အသက်အား ကယ်လိုက်သည်မှာ ပလတ်စတစ်အဝါရောင်ပုံးတစ်လုံးဟုဆိုလျှင် ချောက်ချားဖွယ်ရာညတစ်ညတွင် ကျွန်တော့်အသက်အား ဒုတိယမို့ ကယ်တင်လိုက်သူမှာ ဂဏန်းမသာဖြစ်သည်ဟုဆိုလျှင် မှားနိုင်ဦးမည်လား။

ဆင်ခြင်တုံအသိကလေး ဝင်လာသည်နှင့် အကျည်းတန်အော်ဂလီဆန်ဖွယ်ရာကောင်းသော ဂဏန်းမ၏ရုပ်ပုံရိပ်သည် ကျွန်တော့်အာရုံထဲတွင် ခြောက်ပြစ်ကင်းသဲလဲစင် လှပလျက်။ မအားလပ်ဘဲ ကျောင်းစာဖတ် သမ္မန်ခတ်ခဲ့ရသော ကျွန်တော်သည် ရည်းစားသနာထားရန် မဆိုထားနှင့် မိန်းကလေးတစ်ဦးတစ်ယောက်အပေါ်၌ပင် ချစ်ခင်စွဲလမ်းစိတ်များ မဖြစ်ပေါ်ဖူးခဲ့သည်မှာ အမှန်။ သို့ဖြစ်လျက် ပြေပြစ်စွာဆက်ဆံရန်ပင် ဝန်လေးခဲ့သော ဂဏန်းမအပေါ် အဘယ်ကြောင့် နှောင်တရစွဲလမ်းခြင်းများ ဖြစ်နေရပါသနည်း။

ကျွန်တော်၏ ကိုယ်ခံအားနည်းပါးလှပြီးဖြစ်သော ခန္ဓာကိုယ်ကြီးသည် စိတ်အလုပ်အား ကြာရှည်စွာ မြုလုပ်ရန် ခွင့်ပြုတော့ဟန်





မတူ။ စိတ်လှုပ်ရှားလေ၊ ရုပ်အင်အားက ယုတ်လျော့လာလေနှင့် ကြာတော့ လှုပ်ရှားချင်စိတ်ပင် မရှိသည့်အထိ ပျော့ဆင်းလာသည်မှာ သိသိသာသာပင်။

စက်လှေနစ်မြုပ်ချိန်ကစ၍ အာဟာရပြတ်လာသည်မှာလည်း ရက်ပေါင်း မည်မျှရှိခဲ့သည်မသိ။ ဤမျှ ရုပ်တည်ရှင်သန်နိုင်ခဲ့ခြင်းမှာသည်း ဂဏန်းမတိုက်ခဲ့သော ညှီစို့စို့ပုပ်အဲ့အဲ့နှင့် ငန်ကျိခါးသက်သော မြွေသွေးစိမ်ဆေးကြောင့်ဖြစ်လိမ့်မည်ကို သံသယဖြစ်ဖွယ်မလိုအောင် ကျွန်တော် ယုံကြည့်လျက်ရှိသည်။

မျက်တောင်မခတ်စတမ်း ကျွန်တော်စိုက်ကြည့်လျက်ရှိသော အုန်းပင်နှစ်ပင်နှင့် ကျွန်းကလေး၏ပုံရိပ်သည် တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့ရာ မှုန်ဝါးဝါးသာ တွေ့ရှိလိုက်ရချိန်တွင် ကျွန်တော်၏စိတ်သန္တာန်သည်လည်း ဝေဝေဝါးဝါးဖြစ်လာရာမှ အမြင်အာရုံတို့ တစ်စတစ်စ ချုပ်ငြိမ်းလာလျက်မှ ဘာဆိုဘာမျှမသိတော့ပေ။

ကျွန်တော် သတိကောင်းစွာ ပြန်လည်ရလာချိန်တွင် ခွန်အားများပြည့်ဖြိုးသလိုဖြစ်နေလျက် မျက်လုံးများကို အလွယ်တကူ ဖွင့်လာနိုင်ပါသည်။ အလွန်အံ့ဩဖွယ်ရာကောင်းသည်မှာ ကျွန်တော်သည် ဘောင်းဘီတိုတစ်ထည်၊ ပလတ်စတစ်ပုံးတစ်လုံးနှင့် ပင်လယ်ကြီး၏ လှိုင်းလုံးများအပေါ် မျောပါလျက်ရှိသော ဒုက္ခသည်တစ်ယောက် မဟုတ်တော့ခြင်းပင်ဖြစ်သည်။

ဖြူဖွေးသန့်စင်သော အိပ်ရာခင်းထားသည့် ခုတင်တစ်လုံးပေါ်ရောက်နေပြီး နူးညံ့မွေးကြိုင်သော အပြာနုရောင်ဝတ်စုံကို ဝတ်ဆင်ထားလျက်ရှိပါသည်။ ထို့ပြင် ကျွန်တော်၏ ဘယ်ဘက်လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



သွေးကြောထဲသို့ ပလတ်စတစ်ပိုက်အကြည်ကလေးဖြင့် တစ်စက်စီသွင်း ထားသော ဆေးပုလင်းတစ်လုံးကလည်း ခုတင်ဘေးတိုင်တွင် ချိတ် လျက်သား တွေ့နေရသည်။

စက်ခုတ်မောင်းသံ၊ လှိုင်းလုံးများကို ထိုးခွဲသံ၊ ပြီးလျှင် ဖွ ထားသော ပြတင်းပေါက်မှန်မှတစ်ဆင့် တရိပ်ရိပ်ကျွန်ရစ်ခဲ့သော ကျွန်း များကို လှမ်းမြင်နေရာ ကေနွ သင်္ဘောတစ်စင်းပေါ် ကျွန်တော်ရော ရှိနေသည်မှာ သေချာလျက်ရှိကြောင်း သဘောပေါက်လိုက်ပါသည်။

''ဗိုလ်ကြီး ... ရေမျှောလူနာ သတိရနေပြီးဗိုလ်ကြီး''

လူကောင်မမြင်ရဘဲ အပြင်ဘက်မှ အော်ဟစ်သတင်းပို့သ ကြားရပြီးနောက် မကြာခင်မှာပင် ရေတပ်ဝတ်စုံနှင့် ဗိုလ်ကြီးတစ်ယော ဦးဆောင်လျက် ယူနီဖောင်းအပြာဝတ်သုံးဦးပါ ကျွန်တော့်အနားသို့ရောက် လာသည်။ ဗိုလ်ကြီး၏မျက်နှာသည် နှင်းဆမ်းပန်းကဲ့သို့ အေးချမ်းရွှ ပျလျက်ရှိကာ ကျွန်တော့်လက်ဖဝါးကို ဆုပ်ကိုင်ရင်း နှုတ်ဆက်ေ ပြန်သည်။

''မောင်ရင် ... အရမ်းကံကောင်းတယ်ကွာ၊ ကိုယ်တို့ရေယာဉ် မနက်စောစော ပုလဲကျွန်း၊ အလယ်မန်ကျွန်းတို့ဘက် ကင်းလှည့်တုန် မှာ ပင်လယ်ထဲ သတိလစ်မျောနေတဲ့ မောင်ရင့်ကိုတွေ့လို့ ဆယ်လာ တာလေ။

မောင်ရင့်ကိုကြည့်ရတာ အားကလည်းပြတ်၊ မေ့ကလည်း မေ မျောနေတာဆိုတော့ ကိုယ်တို့ကင်းလှည့်ရေယာဉ်ပေါ် ပါလာတဲ့ ဟော် ဆေးမှူးနဲ့ သူ့ရဲဘော်တွေ တစ်နေ့လုံး ဆေးသွင်းနေရတာပေါ့ကွာ။ အေ အေး ... မောင်ရင့်ကျောမှာလည်း ဒဏ်ရာအပေါက်တစ်ပေါက်တွေ့





လို့ ဆေးထည့် ပတ်တီးစည်းပေးထားရသေးတယ်။ မကြာခင် ကောင်း သွားမှာပါကွာ''

ဆေးဝါးကောင်းများ အသုံးပြုထားခြင်း ဖြစ်ပါလိမ့်မည်။ နာ ကျင်ခြင်းမရှိသောကြောင့် ဒဏ်ရာအား ကျွန်တော်မေ့လျော့နေသည်မှာ အမှန်။ ယခု ဗိုလ်ကြီးပြောပြမှ အုန်းနှစ်ပင်ကျွန်း၊ ဂဏန်းမ၊ ဦးရောင်စုံ နှင့် သူ၏ဝါးမြားတံ နှစ်မျိုးနှစ်စားတို့ကို တဖြည်းဖြည်း အမှတ်ရလာ မိသည်။

အထူးသဖြင့် ဂဏန်းမ၏မျက်ဝန်းထဲမှ ကြည်လဲ့ရွှန်းတောက် သော မျက်ရည်၊ ကရုဏာ၊ ကြင်နာမှုတို့၏ အရိပ်အယောင်၊ ထိုမှ တစ်ဖန် ကြေကွဲဝမ်းနည်းဟန်ပုံရိပ်များက ကျွန်တော်၏အာရုံထဲတွင် ဖျပ်ခနဲ ပေါ်လာလျက်ရှိသည်။

''အေးကွာ ... ဒီတစ်ညတော့ ကောင်းကောင်းအိပ်ပြီး အနား ယူလိုက်ပါဦး။ ကြားလား ...။ ဒဏ်ရာကလည်း အထဲက ကလီစာ တွေ မထိထားဘူးလို့ ဆေးမှူးကြီးသတင်းပို့လို့ ကိုယ်သိထားပြီးပါပြီ။ ဘာမှပူမနေနဲ့တော့ကွာ။ သြော် ... ဆေးမှူးကြီး၊ ဒီကောင်လေးစားဖို့ ညနေစာ ဘာတွေစီစဉ်ခိုင်းထားသေးလဲဗျ''

''ဟုတ်ကဲ့ ဗိုလ်ကြီး။ အဖျားသွေးမရှိပေမယ့် အစာအိမ်က ရုတ်တရက် အစာမာတွေလက်ခံဖို့ ခဲယဉ်းမယ်ထင်ပြီး ကော်ဖီ၊ ဘီစကစ် နဲ့ ဆန်ပြုတ်ရေကျဲလောက်ပဲ လုပ်ခိုင်းထားပါတယ်။ နောက်တစ်နေ့ မနက်ဆို ကြိုက်တာစားလို့ရပါပြီ ဗိုလ်ကြီး''

''ညနေစောင်းလို့ မိုးချုပ်တော့မှာဆိုတော့ ဒီည ချောင်းကဖီး မှာ စခန်းချမယ့်အကြောင်း ဌာနချုပ်စခန်းကို ကြေးနန်းပို့ထားပြီးပြီ။ ရေမျောဒုက္ခသည်တစ်ယောက်ကို ကယ်တင်ထားတဲ့အကြောင်းနဲ့ ဖြစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ် အစီရင်ခံစာကို ဌာနချုပ်ရောက်မှ တင်ပြမယ်ဆိုတဲ့ အကြောင်းပါ ကြေးနန်းမှာ သတင်းထည့်ပို့ထားသေးတယ်။ ကောင်းပြီလေ။ ကဲ . . . ကဲ . . . ငါ့ညီ အနားယူတော့ကွာ။ ကြားလား . . .။ မိုးလင်းလို့ အားပြည့်လာမှ ကိုယ်နဲ့မောင်ရင်တို့ အမေးအဖြေလေးတွေ လုပ်ကြတာပေါ့။ ဟုတ်လား''

ကျွန်တော်၏လက်ဖဝါးအား တစ်ချက်ဖျစ်ညှစ်၍ နှုတ်ဆက်ကာ အခန်းထဲမှထွက်ခွာသွားသော ကင်းလှည့်ရဲယာဉ်မှူး ဗိုလ်ကြီး၏ကျောပြင်ကိုကြည့်လျက် ဖြစ်ကြောင်းကုန်စင်များအား တစ်လုံးမကျန် သူ့အား ကျွန်တော်ပြောပြရပေဦးမည်။

ကျွန်တော်ပြောပြမည့် ဖြစ်ရပ်များသည် ယုံကြည်နိုင်ဖွယ်ရာမရှိအောင် ထူးခြားဆန်းပြားမှုများ ရောပွမ်းနေခြင်းဖြစ်ရာ လက်တွေ့ဆန်သော တပ်မတော်သားတစ်ယောက်အနေနှင့် ဗိုလ်ကြီး၏စိတ်ထဲ အကြွင်းမရှိ လက်ခံလိမ့်မည်လားဆိုတာ စဉ်းစားရင်း မျက်စိအား စုံမှိတ်ထားမိပါတော့သည်။

✿ ✿ ✿

[ ၅ ]

❏

မော်လမြိုင်သား မျိုးကျော်သန့်၏ ရေမျောဘဝဒုက္ခအဖုံဖုံကို ပြည့်စုံစွာ ဖော်ပြခဲ့ပြီးဖြစ်သဖြင့် ကျွန်တော်၏ဝတ္ထုအား ဤမျှနှင့် နိဂုံးကမှတ် အဆုံးသတ်၍ ရနေပြီးဖြစ်ပါသည်။ ဤဇာတ်လမ်းကို ကျွန်တော့်အား ကိုယ်တိုင်ကိုယ်ကျ ပြောပြလာသူမှာ တနင်္သာရီတိုင်းဒေသကြီး ဗဒက်ကြီးရေတပ်စခန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသူ ဗိုလ်ကြီး ကျော်ဗလဖြစ်သည်။

ဗိုလ်ကြီးကျော်ဗလသည် ကျွန်တော်နှင့် တစ်မြို့တည်းသားဖြစ်ကာ ဆယ်တန်းအောင်သည်အထိ တစ်ကျောင်းတည်းနေ ငယ်ပေါင်းဆိုလျှင် ပို၍ မှန်ကန်လိမ့်မည်ထင်သည်။ ပညာတစ်ပိုင်းတစ်စနှင့် ကျွန်တော် စာပေလောကထဲ တိုးဝင်နေချိန်တွင် သူသည် စစ်တက္ကသိုလ်သို့



www.burmeseclassic.com

www.burmeseclassic.com



တက်ခွင့်ရပြီးနောက် အရာရှိအဖြစ်နှင့် တပ်မတော်ရေတပ်၌ တာဝန်ထမ်းဆောင်နေကြောင်း သတင်းသာကြားရ၍ လူချင်းမဆုံဖြစ်ခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။

ယခုနောက်ပိုင်းကာလတွင် ဗိုလ်ကြီးကျော်ဗလသည် ကျွန်တော်ပင်တိုင်ရေးသားလျက်ရှိသော မဂ္ဂဇင်းတိုက်တွင် လိပ်စာစုံစမ်းကာ အဆက်အသွယ်ယူခဲ့ခြင်းကြောင့် သူနှင့်ကျွန်တော် မကြာခဏ ဆုံတွေ့ကြရသည်မှာ တစ်နှစ်ပင်ကျော်ခဲ့ပြီဟု ဆိုရပေမည်။

တာဝန်တစ်ရပ်ရပ်နှင့် ရန်ကုန်သို့ သူရောက်လာပြီးဆိုလျှင် ဦးဝိစာရအိမ်ရာ၌ နေထိုင်သော ကျွန်တော့်ထံ မဖြစ်မနေရောက်ရှိလာလျက် ယောမင်းကြီးလမ်း ဆန်းကဖီးတွင် နှစ်ယောက်သားထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များ စားမြုံ့ပြန်လေ့ရှိကြပါသည်။

ယခုတစ်ခေါက်သည်လည်း တာဝန်တစ်ခုနှင့် ရန်ကုန်သို့လာရင်းမှ ထုံးစံမပျက် ဆန်းကဖီးတွင် သူနှင့်ကျွန်တော် ဆုံကြရပြန်သည်။ ယခုတစ်ကြိမ် ဆုံတွေ့ကြရာတွင် သူတစ်ယောက်တည်း စကားပြောသူဖြစ်ပြီး ကျွန်တော်က နားထောင်သူသက်သက်ဖြစ်လျက် နှုတ်ပိတ်ချိန်က များနေသလိုဖြစ်သည်။

သူနှင့်ကျွန်တော် ဆုံကြတိုင်း သူတာဝန်ထမ်းဆောင်ရာ ပင်လယ်ကြီးနှင့် ကျွန်းစုများမှ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များကို ခရေစေ့တွင်းကျ ပြောပြလေ့ရှိသဖြင့် ကျွန်တော်ကဲ့သို့ စာရေးဆရာတစ်ယောက်အတွက် တန်ဖိုးကြီးသော ကုန်ကြမ်းများသာ ဖြစ်နေပါတော့သည်။

လက်ရှိကျွန်တော့်အား သူပြောပြခဲ့သည့် ဇာတ်လမ်းမှာ ရေမျောဒုက္ခသည် မျိုးကျော်သန့်၏ အထက်၌ဖော်ပြထားသည့်အတိုင်း ယုံကြည်





ဖွယ်ရာမရှိသော ဖြစ်ရပ်များဖြစ်ပါသည်။ သူပြောသော ဇာတ်လမ်းထဲမှ ဇာတ်လိုက်မျိုးကျော်သန့်၏ အတွေ့အကြုံများထဲမှ တစ်ခုမကျန် ကျွန်တော့်ဝတ္ထုတွင်ဖော်ပြကာ နောက်ဆုံး ရေမျောဒုက္ခသည်တစ်ဦးအဖြစ် ရေတပ်မတော် ကင်းလှည့်ရေယာဉ်မှ ကယ်တင်လိုက်သည်နှင့် ဇာတ်သိမ်းထားခြင်းဖြစ်ရာ ဝတ္ထုတစ်ပုဒ်အင်္ဂါရပ်များနှင့် ညီညွတ်လျက်ရှိပြီဟု ဆိုနိုင်သော်လည်း ယုတ္တိမတန် ဂမ္ဘီရဆန်သော အချို့အကြောင်းအရာများနှင့်ပတ်သက်ပြီး ကျွန်တော်၏စိတ်ထဲ မရှင်းလင်းသေးသည်မှာ ကျွန်တော်ကိုယ်တိုင်က အတွေးခေါင်နေခြင်းလားတော့ မသိပေ။ ရှင်းလင်းစွာပြောရလျှင် ‘ဤဝတ္ထုကိုပြီးစလွယ်နှင့် အဆုံးသတ်ပစ်ရမည်ကို ကျွန်တော် အားမလိုအားမရ ဖြစ်နေခြင်းဟုဆိုပါက ပို၍မှန်ကန်လိမ့်မည်ထင်ပါသည်။

''နေပါဦးကွ . . . ကျော်ဗလ။ မျိုးကျော်သန့်ပြောတာတွေအားလုံးကို မင်းယုံကြည်တယ်ဆိုပါတော့။ ဟုတ်လား . . .''

''ဟာ . . . စာရေးဆရာကလည်း ကိုယ်က စစ်သားလေဗျာ။ အထောက်အထားအကိုးအကားတွေ မခိုင်လုံတာကို လွယ်လွယ်နဲ့ ဘယ်ယုံပါ့မလဲ။ ဘယ်လိုသတင်းမျိုးမဆို အတည်ပြုနိုင်အောင် လုပ်ရတာကိုယ်တို့တာဝန်ပဲလေ။

မျိုးကျော်သန့်ပြောတာတွေကို အနုလုံပဋိလုံ စဉ်းစားရသေးတာပေါ့ . . . စာရေးဆရာရ။ အဓိကဖြစ်နိုင်ချေရှိတယ်လို့ ပြောနိုင်တာက စက်လှေမြုပ်ပြီးလို့ ပင်လယ်ထဲ သူမျောနေတာ ဘယ်နှစ်ရက်ရှိပြီလဲ။ အစာရေစာပြတ်ပြီး ခြေကုန်လက်ပမ်းကျလို့ သတိလစ်နေတဲ့ကာလတွေမှာ ကယောင်ချောက်ချားအိပ်မက်မျိုး မက်ခဲ့တာပဲ ဖြစ်မယ်ဆိုပြီးကိုယ် ကောက်ချက်ချခဲ့ပါသေးတယ် စာရေးဆရာရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . သူ့ကျောကုန်းက မြားဒဏ်ရာကကော . . . ကျော်ဗလ"

"မြားဒဏ်ရာဆိုတာ သူပြောတဲ့စကားကို။ အတည်ယူလို့ ဖြစ်တာမှမဟုတ်ပဲ။ ခင်ဗျားစဉ်းစားကြည့်လေ . . . စာရေးဆရာ။ ပင်လယ်ဆိုတာ ရေသတ္တဝါမျိုးစုံတွေ ကျက်စားနေတဲ့နေရာဖြစ်ပြီး အမှိုက်၊ ဒိုက်သရောတွေကလည်း ရေတက်ရေကျနဲ့ အမြဲမျောနေတာဆိုတော့ သူသတိလစ်နေချိန်မှာ . . . ဥပမာ ငါးလိပ်ကျောက်အမြီးနဲ့ ထိုးတာခံရတာလား။ ဒါမှမဟုတ် ဒိုက်သရောတွေနဲ့ပါလာတဲ့ ဆူးအချွန်လိုဟာမျိုး တစ်ခုခုနဲ့ ထိုးမိတာလားဆိုတာလည်း ထည့်စဉ်းစားစရာမဟုတ်လား"

"ဟာ . . . မင်းတောင်မယုံကြည်တဲ့ ဇာတ်လမ်းကြီး ငါ့ကိုလာပြောပြလို့ အဟုတ်ထင်ပြီး ငါရေးလိုက်ရင် လံကြုပ်စာရေးဆရာဖြစ်သွားမှာပေါ့ကွ"

"ကိုယ့်ဇာတ်လမ်းက မဆုံးသေးဘူးလေ . . စာရေးဆရာရဲ့။ မျိုးကျော်သန့်ဆိုတဲ့ ကောင်လေးကလည်း သူ့ဖြစ်ရပ်တွေပြောပြရင်းက မျက်ရည်တစမ်းစမ်းနဲ့ ဂဏန်းမဆိုတဲ့မိန်းမကြီးအပေါ် အတော်စွဲလမ်းနေပုံတွေ့ရတော့ သူပြောတာတွေ မမှန်ကန်ဘူးဆိုတာ သူ့ရှေ့မှာ ဘယ်ပြောလို့ဖြစ်မှာလဲ။ ဒါနဲ့ သူပြောတဲ့အုန်းနှစ်ပင်ကျွန်း ဘယ်နေရာလောက်မှာရှိသလဲဆိုတာ မေးရတော့တာပေါ့။

သူပြောတာတွေကို ဆက်စပ်ကြည့်လိုက်တော့ ကျွန်းက တကယ်ရှိတယ် . . . စာရေးဆရာရေ။ သူ အဲဒီကျွန်းက ထွက်ပြေးလာတဲ့အချိန်၊ ရေတက်ရေကျအကြိမ်ရေနဲ့ သူကမ်းကနေ မျောလာတဲ့အချိန်တွေ တွက်ချက်ပြီး စစ်သုံးရေပုံပေါ်မှာ သံလိုက်အိမ်မြှောင်နဲ့ ကိုယ် သေသေချာချာ ရှာကြည့်တာနော်။





အဲဒီကျွန်းကလေးက ဘုတ်ပြင်းမြို့နယ်ထဲမှာရှိပြီး ပုသိမ်မှန်ချက်စက်ရုံက သဲတွေလာသယ်တဲ့ အလယ်မန်ကျွန်းနဲ့ဆို အနောက်တောင်ဘက် လေးဆယ့်ငါးဒီဂရီ၊ ရေမိုင်နဲ့ဆို တစ်ဆယ့်ငါးမိုင်ကွာတာပေါ့ . . . စာရေးဆရာ။ ကိုယ်တို့ ကင်းလှည့်တဲ့ဧရိယာထဲ ပါတယ်ဆိုပါတော့"

"မင်းဟာက ရေပုံအရ တွက်ချက်ထားတဲ့ကျွန်းပဲ။ ကောင်လေးသတိမလစ်ခင်မှာ ပင်လယ်ထဲမျောနေရင်းက ဖျပ်ခနဲမြင်လိုက်တဲ့ အုန်းပင်နှစ်ပင်နဲ့ကျွန်းကို စိတ်ထဲစွဲပြီး ပြောတာကော မဖြစ်နိုင်ဘူးလား။ ငါကြားဖူးတာ ရှိတယ်ကွာ။

အစာရေစာပြတ်၊ အားအင်ကုန်ခမ်း၊ စိတ်ဓာတ်တွေကျနေတဲ့လူတွေဟာ ပင်လယ်ထဲမျောနေရင်းက အသက်မသေတာတောင် ကမ်းစပ်တွေ၊ သောင်ပြင်တွေ၊ ရွာကလေးတွေနဲ့ လူတွေမီးရောင်တွေကို စိတ်ဖောက်ပြန်သလို ယောင်မှားပြီး မြင်တတ်တယ်ဆိုပဲကွ။ ခု ကောင်လေးပြောတဲ့ အုန်းနှစ်ပင်ကျွန်းနဲ့ ကျွန်းပေါ်က ဖြစ်ရပ်တွေဟာလည်း၊ သူရေထဲမျောရင်း စိတ်ဖောက်ပြန်ချိန်နဲ့တိုက်ဆိုင်ပြီး မြင်လာတဲ့ပုံရိပ်တွေလားမှ မသိတာ"

"မဟုတ်ဘူး . . . လုံးဝမဟုတ်ဘူး။ အဲဒီကျွန်းကို ကိုယ် ကိုယ်တိုင်ရောက်သွားတာ စာရေးဆရာရေ"

"ဘာ . . . မင်းကိုယ်တိုင်ရောက်သွားတာ . . . ဟုတ်လား ကျော်ဗလ"

"ကိုယ် ပြောခဲ့သားပဲ။ ဘယ်လိုသတင်းမျိုးမဆို အတည်ပြုပြီးမှ လက်ခံရတာ ကိုယ်တို့အလုပ်ပဲဆိုတာ။ မျိုးကျော်သန့်ကို ကျေးဇူးကောင်းကျေ။ ကောင်းကောင်းပြုစုပြီး သုံးရက်မြောက် သူထူထောင်



www.burmeseclassic.com

www.burmeseclassic.com



ထောင်နဲ့ ဒေါင်ဒေါင်မြည် ကျွန်းမာလာတဲ့ရက်တစ်ရက်မှာ တပ်မှူးဆီ သတင်းပို့ပြီး ကိုယ်တို့ကင်းလှည့်ရေယာဉ်နဲ့ပဲ အဲဒီကျွန်းကို သွားခဲ့တယ်လေ။ ကျွန်းကိုလိုက်ရမှာသိရတော့ ဂဏန်းမနဲ့တွေ့ရတော့မယ်ဆိုပြီး ကောင်လေး ပျော်နေတာပေါ့ စာရေးဆရာရယ်''

မှန်ပါသည်။ မျိုးကျော်သန့်ကိုပါ တင်ဆောင်လာသော ဗိုလ်ကြီးကျော်ဗလတို့၏ ကင်းလှည့်ရေယာဉ်ကလေးသည် နေသာသောရက်တစ်ရက် နံနက်ချိန်လောက်တွင် ရေပုံပေါ်၌ အမှတ်အသားပြုထားသော ရေလမ်းကြောင်းအတိုင်း ခုတ်မောင်းလာရာ မွန်းလွဲချိန်ခန့်ရောက်သည်နှင့် မျိုးကျော်သန့်ပြောသော ကျွန်းကလေးသို့ ရောက်သွားကြပါသည်။

ကျွန်း၏ပုံသဏ္ဌာန်သည် အရှည်ကိုက်တစ်ထောင်ကျော်ခန့်နှင့် အချင်းအကျယ်ဆုံးနေရာ ကိုက်ငါးရာနီးပါးခန့်သာရှိသော ရှည်မျော မျော ကျွန်းကလေးဖြစ်သည်။ ကျွန်း၏ဧရိယာတစ်ခုလုံးသည် သစ်ပင်ကြီးငယ်များ၊ ချုံနွယ်များ ပိတ်ဆီးလျက် နေပြောက်ပင်မထိုးအောင် မှောင်မည်းနေသည်ကို အဝေးမှပင်တွေ့ရကြောင်းနှင့် ကျွန်း၏ခါးလယ်ပိုင်း၊ ပင်လယ်နှင့် အနီးဆုံးနေရာ၌မူ မိုးထိလုမတတ်မြင့်မားသော ကညင်ပင်ကြီးများကိုပင် ကျော်လွန်သည်အထိ ထောင်မတ်လျက်ရှိသော အုန်းပင်နှစ်ပင် ယှဉ်လျက်သားသည် ကျွန်းကလေး၏ ထင်ရှားသောအမှတ်အသားဟု သတ်မှတ်လျှင်ပင် မှားလိမ့်မည်မထင်ပေ။

ဗိုလ်ကြီးကျော်ဗလအနေနှင့် ပို၍သေချာစေရန်အတွက် ရေပုံပေါ်၌ မှတ်သားထားသော ကျွန်းကို ယခုလက်ရှိ မျက်မြင်ကျွန်းနှင့် တိုက်ကြည့်ပြန်ရာ ထပ်တူထပ်မျှ ကျလျက်ရှိကြောင်း တွေ့လိုက်ရသည်။ စစ်သုံးရေပုံပေါ်၌ရှိသော ကျွန်းကလေး၏အမည်မှာ 'မြွေကျွန်း' ဟု ဖော်ပြထားပါသည်။

---

စိတ်ကူးသစ်စာပေ



ကျွန်းကြီးငယ်ပေါင်း ကိုးရာခန့်ရှိသော တနင်္သာရီတိုင်းဒေသကြီးထဲတွင် ဤကျွန်းလည်း တစ်ကျွန်းအပါအဝင်ဟု ဆိုရပေမည်။ အများအားဖြင့် ဤကဲ့သို့သော ကျွန်းကလေးများကို ကျွန်းပုံသဏ္ဌာန်ကိုလိုက်ပြီး 'နိုကျွန်း' 'ဝက်ကျွန်း' ဆိုကာ အမည်ပေးလေ့ရှိသော ဒေသဖြစ်သဖြင့် ယခုလက်ရှိကျွန်းကလေးကိုလည်း 'မြွေကျွန်း' ဟု ခေါ်ဝေါ်ခဲ့ကြသည်ကို ရေပုံပေါ်တင်ထားခြင်း ဖြစ်လိမ့်မည်ထင်သည်။

ဗိုလ်ကြီးကျော်ဗလတို့ ရောက်ရှိသွားချိန်သည် ဒီရေကျချိန်ဖြစ်သောကြောင့် ကမ်းသို့ကပ်ရန် မလွယ်တော့သဖြင့် သောင်ပြင်နှင့်ဝေးရာ ပင်လင်ထဲ၌ပင် ကျောက်ချလိုက်ရသည်ဟုဆိုပါသည်။ ကင်းလှည့်ရေယာဉ်ပေါ်မှ အသက်ကယ်လှေကိုအောက်ချကာ ဗိုလ်ကြီးကျော်ဗလနှင့်အတူ တပ်ဖွဲ့ဝင်သုံးယောက်အပါအဝင် မျိုးကျော်သန့်ပါ အသက်ကယ်လှေဖြင့် လှော်တက်အသုံးချပြီး ကျွန်းကလေးဆီ ချည်းကပ်ခဲ့ကြသည်။ ရေစစ်ချိန်သောင်ပေါ်နေပြီးဖြစ်ရာ အသက်ကယ်လှေအား သောင်စပ်တွင်သာထား၍ သောင်ပြင်ကျယ်အား ဖြတ်ကြရပါသေးသည်။

''ခဏနေဦးကွာ . . . ငါဖြတ်မေးရဦးမယ်။ မင်းတို့ရေယာဉ်စက်သံကြားတော့ ကျွန်းပေါ်ကလူတွေ ထွက်မကြည့်ကြဘူးလား။ မင်းတို့ သောင်ပြင်ပေါ် ခြေကျင်လျှောက်သွားတုန်းမှာရော လူရိပ်သူရိပ်တွေ လှမ်းမမြင်ရဘူးလား။ လုပ်ပါဦး . . . ကျော်ဗလ''

''လူမပြောနဲ့ တစ်ကျွန်းလုံး တိတ်ဆိတ်ငြိမ်သက်နေလိုက်တာမှ စကြဝဠာပြင်က သက်မဲ့ဂြိုဟ်အသေးစားထဲ ရောက်သွားရသလိုဆိုပါတော့ စာရေးဆရာရေ။ အောင်မာ . . . မျိုးကျော်သန့်ဆိုတဲ့ကောင်လေးဗျာ သောင်ပြင်ပေါ်ရောက်တာနဲ့ တက်ကြွလန်းဆန်းနေလိုက်တာ မြလှမ်းတွေ သွက်လို့ပဲတကယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သောင်ပြင်ပေါ် သူသတိလစ်လဲနေတဲ့နေရာ၊ သူ့ကို ဂဏန်းမတို့သားအဖ တွဲခေါ်သွားတဲ့ မြက်ရိုင်းတောစွယ် ကြောင်းနေရာတွေကိုပါ အတိအကျပြသေးတာ စာရေးဆရာရဲ့။ ဒါပေမဲ့ သုံးလေးရက် ဒီရေအတက်အကျနဲ့ဆိုတော့ သောင်ပြင်ပေါ် ဘာခြေရာမှ မကျန်တော့ပါဘူး။

မသက်ာစရာပဲ။ စိမ်းမှောင်နေတဲ့ လူနှစ်ရပ်ကျော်မြင့်တဲ့ မြက်ရိုင်းတောထဲကို ကိုယ်တို့တောင် ခက်ခက်ခဲခဲတိုးပြီး ကျွန်းပေါ်တက်ရတာလေဗျာ။ သုံးလေးရက်ပဲရှိသေးတာ လူတွေနင်းထားတဲ့ စွပ်ကြောင်းအရာလေးလောက်တော့ ကျန်ခဲ့ရဦးမှာမဟုတ်လား စာရေးဆရာ''

အလွန်စိတ်ဝင်စားဖွယ်ရာကဏ္ဍသို့ ရောက်ရှိလာပြီးဖြစ်ရာ မည်သည့်စောဒကမျှ တက်မနေတော့ဘဲ ဗိုလ်ကြီးကျော်ဇလပြောသမျှကို ကွမ်းတမြုံ့မြုံ့နှင့် ကျွန်တော် ဆက်နားထောင်နေမိသည်။ မြက်ရိုင်းတောလွန်ပြီးနောက်မှ ရွှံ့နွံ့လွင်ပြင်ကလေးတစ်ခုအား ဖြတ်သန်းချိန်တွင် လူခြေရာများတွေ့နိုင်ကြောင်း သတိရသဖြင့် ဗိုလ်ကြီးကျော်ဇလနှင့် သူ့ရဲဘော်များ မြေကြီးပေါ်ငုံ၍ ပိုက်စိတ်တိုက် ရှာကြပါသေးသည်။ မည်သည့်ခြေရာမှ မတွေ့ကြရပေ။

မသက်ာစိတ် ပို၍ဖြစ်လာသော ဗိုလ်ကြီးကျော်ဇလသည် မျိုးကျော်သန့်ပခုံးကို ဖက်လျက် ဂဏန်းမတို့၏တဲ မည်သည့်နေရာ၌ရှိကြောင်း ထပ်မံမေးမြန်းကြည့်မှ မျိုးကျော်သန့် ဦးဆောင်ခေါ်သွားသော ကညင်ပင်ကြီးများနောက်နား အုန်းပင်နှစ်ပင်၏အရင်းသို့ ရောက်သွားကြပါတော့သည်။

တဲတစ်လုံး။ မှန်ပါသည်။ ဝါးတိုင်ငုတ်သုံးလေးချောင်းနှင့် တုတ်တန်းများ ချုံပေါ်တင်ကျန်လျက်ရှိသည့် တစ်ချိန်က တဲတစ်လုံး





၏အမှတ်အသားတစ်ခုမျှသာ တွေ့ရခြင်းဖြစ်သည်။ ၎င်းရှိနေသေးသော ဝါးငုတ်ဝါးတန်းများကို ဗိုလ်ကြီးကျော်ဇလကိုယ်တိုင် ကိုင်ကြည့်ရာ လက်နှင့်ထိရုံမျှနှင့် ပြာမှုန့်ကဲ့သို့ ဖွာခနဲကြွေကျသွားသည်ကို ကြည့်လျှင်ပင် နှစ်ပေါင်းမည်မျှကရှိခဲ့သော တဲဖြစ်ကြောင်း မည်သူမျှ ပြောနိုင်လိမ့်မည်မထင်ပေ။

တဲနေရာရောက်ရှိချိန်မှစကာ မျိုးကျော်သန့်တစ်ယောက် ဂနာမငြိမ်သလို ဖြစ်လာဟန်နှင့် ချုံနွယ်တို့ပင် ထူထပ်စွာပေါက်နေပြီးဖြစ်သော တဲရိုးယာထဲ တိုးဝှေ့လျက် တစ်ခုခုအား ရှာဖွေနေပုံတွေ့ရသည်။ မျိုးကျော်သန့်၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ်ကြည့်နေသော ဗိုလ်ကြီးကျော်ဇလသည် ချုံအကွယ်သို့ရောက်သွားသော မျိုးကျော်သန့်ဆီမှ . . .

''တွေ့ပြီ . . . ဂဏန်းမ၊ ဒီမှာ . . . ဂဏန်းမတွေ့ပြီ''

ဆိုသော အော်သံကြားလိုက်လျှင်ပင် အပြေးအလွှား သွား၍ ကြည့်လိုက်ရာ မြေကြီးထဲ တစ်ဝက်ကျော်ကျော်မြုပ်နေသော လူအရိုးစုတစ်စုံအား တွေ့လိုက်ရပါတော့သည်။ ၎င်းအရိုးစုသည်လည်း တဲ၏ ...ည်ကာမတ္တပုံရိပ်ကဲ့သို့ပင် ထိလိုက်သည်နှင့် သစ်ဆွေးတုံးအလား ကြေမွသွားခြင်းပင်။

မျိုးကျော်သန့်တစ်ယောက် မူမှန်စိတ်များ ပျောက်သွားဟန်ဘူပါသည်။ လူအရိုးစုတစ်စကို ချေမွကိုင်လျက် ရင်ဘတ်၌အပ်ပြီး 'ဂဏန်းမ . . . ဂဏန်းမ' နှင့် ကြေကွဲစွာအော်ဟစ်နေသည်ကို ကြည့်ရာ ဗိုလ်ကြီးကျော်ဇလနှင့် ရဲဘော်များပါ စိတ်မချမ်းမသာ ဖြစ်ကြရပါသေးသည်။

မျိုးကျော်သန့်အပေါ်လည်း ဗိုလ်ကြီးကျော်ဇလသည် စိုးစဉ်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်မှု အပြစ်မမြင်ပေ။ အဘယ်ကြောင့်ဆိုသော် သူရောက်ရှိခဲ့သော ကျွန်း၊ အုန်းနှစ်ပင်အမှတ်အသား၊ အုန်းနှစ်ပင်အောက်၌ရှိသော ဂဏန်းမတို့၏ဝါးတဲ စသည်တို့သည် တစ်ခုမျှမလွဲဘဲ ဒိဋ္ဌမျက်မြင်တွေ့နေရပြီ မဟုတ်ပါလား။

သို့သော် အကောင်းပကတိမဟုတ်ဘဲ မျိုးကျော်သန့်ရောက်ရှိခဲ့သည့်ကာလမှာ သုံးလေးရက်ခန့်သာ ရှိသေးပါလျက်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းနီးပါး ဖြစ်လျက်ရှိသော အရာဝတ္ထုများက အံ့ဩဖွယ်ရာဟုပင် ဆိုရမည်လားမသိတော့ပေ။

"နေဝင်ချိန်တောင်နီးပြီဖြစ်လို့ ညဦးမရောက်ခင် ကျွန်းကနေပြန်ခွာရမှာဆိုတော့ မျိုးကျော်သန့်ကို ချော့မော့နှစ်သိမ့်ရသေးတာပေါ့ စာရေးဆရာရေ။ အဲဒီမှာမှ မျိုးကျော်သန့်ပြောခဲ့တဲ့အထဲမှာ ကျွန်းအတွင်းပိုင်းဘက်က ခွေးဟောင်သံ၊ ကလေးငိုသံ၊ လူသူစကားပြောတဲ့အသံတွေ သူကြားရတဲ့အကြောင်းကို ကိုယ် အမှတ်ရလိုက်တယ်ဆိုရင်ပဲ ချုံတွေတိုး ရွှံ့ဗွက်တွေဖြတ်နဲ့ ဆက်တိုးဝင်လိုက်တာ ... ဟုတ်တယ် ... စာရေးဆရာရေ။

လူနေတဲ့တွေမှ တစ်လုံးနဲ့တစ်လုံး မလှမ်းမကမ်း ဆယ်နေရာလောက်တွေ့ခဲ့တာဗျ ... အံ့ရော။ မထူးပါဘူး အုန်းနှစ်ပင်အောက်ကတဲလိုပါပဲ။ နှစ်ပေါင်းကြာလို့ ဆွေးမြေ့ပြီး ဝါးလုံးဆွေးတစ်ချို့ပဲ၊ မြေကြီးပေါ်ကျန်နေတဲ့ တဲတွေလေ စာရေးဆရာ။

ဆိုပါတော့ ကိုယ် မကျေနပ်သလိုဖြစ်နေတာက တစ်ချိန်က လူနေခဲ့တဲ့တဲတွေဖြစ်တာ သေချာပါရက်နဲ့ မဆွေးမမြေ့နိုင်တဲ့ သတ္တုအိုးလိုဟာမျိုးတွေ၊ ဓား၊ ပေါက်တူး၊ ပုဆိန်လို သံထည်ပစ္စည်းတွေ ဘာဖြစ်လို့ မတွေ့ရတာလဲ။ လူအရိုးစုတွေတောင် ကျန်သေးတာ ဒီပစ္စည်းတွေသည်း တစ်မျိုးမျိုး တွေ့ရမှာပေါ့။ မဟုတ်ဘူးလား စာရေးဆရာ"





ကျွန်တော်အနေနှင့် မည်သို့သောထင်မြင်ချက်မှ မပေးလိုပေ။ ဗိုလ်ကြီးကျော်ဇလ ပြောသည်များကို နားထောင်ရင်း စိတ်ဝင်စားရုံသာမက အံ့ဩထိတ်လန့်သလိုရှိနေရာ စကားလုံးများပင် ဆွံ့အကာ စကားမပြောနိုင်ခြင်းသာ ဖြစ်ပါသည်။ ဗိုလ်ကြီးကျော်ဇလ၏ ဖြစ်ရပ်ဇာတ်လမ်းက မဆုံးသေး။

နေဝင်သွားပြီဖြစ်သဖြင့် မှောင်စပျိုးလာသော ကျွန်းပေါ်မှခွာခဲ့ သူတို့တပ်ဖွဲ့ ပြင်ဆင်ချိန်၌ပင် တစ်ချိန်လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသောကျွန်းသည် 'ရှူး ... ရှူး ... ရှူး ...' ဆိုသော အသံများ ထွက်နေရာသည်နေရာတို့မှ ရုတ်တရက် ပေါ်လာကြသည်ဟုဆိုသည်။

အဆိပ်ပြင်းမြွေများ၏ အချက်ပေးတွန်သံဖြစ်ကြောင်း ရိပ်စားမိလာသော ဗိုလ်ကြီးကျော်ဇလသည် အန္တရာယ်အနံ့အသက်ရသည်နှင့် တပ်ဖွဲ့ဝင်များအား အသက်ကယ်လှေဆီ အမြန်ဆုံး ဆုတ်ခွာကြရန် အမိန့်ပေးပါကော့သည်။

"ဟာ ... စာရေးဆရာရေ ... ကိုယ်တို့ဆုတ်ခွာလို့ မြက်ခင်းတောအစပ် မရောက်တရောက်မှာ ချုံနွယ်တွေကြားက တရှဲရှဲတိုးလာတဲ့ အသံတွေ။ နေရာအနှံ့အပြားက မြွေတွေရဲ့ နှာမှုတ်သံ၊ တွန်သံတွေ ဆူညံနီးကပ်လာရုံမကဘဲ အကောင်အထည်တွေပါ ဘွားခနဲပေါ်လာကြတာ နည်းတဲ့မြွေတွေ မဟုတ်ဘူးဗျာ။

ပါးပျဉ်းတထောင်ထောင်၊ ရှားမီးခဲရောင် မျက်လုံးနီနီတွေနဲ့ ခေါင်းလုံးလောက်ကောင်တွေရော၊ လက်သန်းလက်ညှိုးလောက် ကောင်တွေပါ၊ လျှောတိုက်ပါလာကြတာ သွေးတောင်ပျက်သွားပြီလား အောက်မေ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်များတဲ့ မြွေတွေလိုက်လာတာ မင်းတို့ပြေးလို့ရေ လွတ်ရဲ့လား ကျော်ဇလ"

"ဘာလုပ်လို့ ဘာအမိန့်ပေးရမှန်းတောင်မသိအောင် ကိုယ် ဖြစ်ခဲ့တာတော့ ဝန်ခံပါရစေဗျာ။ ပင်လယ်စစ်တလင်းမှာ ရန်သူတွေ ပဲ စစ်ခင်းဖူးခဲ့တာ။ ဒီလို အဆိပ်ပြင်းမြွေတွေနဲ့တိုးတော့ ဘာလုပ် ဘာကိုင်ရမှန်းတောင်မသိတာ အမှန်ပဲဗျာ။

အဲဒီမှာမှ ကိုယ့်တပ်ဖွဲ့က အရာခံဗိုလ်မိုးအောင်ဆိုတဲ့ ဆရ ကြီးပေါ့။ သူ့ဆီတည့်တည့် လျှောတိုက်ဝင်လာတဲ့ မြွေကြီးတစ်ကော ကို မောင်းတင်ထားပြီးတဲ့ ဂျီသရီးရိုင်ဖယ်နဲ့ အတွဲလိုက်ပစ်လိုက်တ ကျန်တဲ့မြွေတွေ တန့်ခနဲဖြစ်ပြီး ကြောင်သွားသလို ငြိမ်သက်ကုန်ရေ ဗျ။ ကိုယ်တို့ ဘယ်နေရဲတော့မှာလဲ။ နောက်ကျတဲ့ခြေထောက် သ ဖောက်ဆိုပြီး အသက်ကယ်လှေရှိတဲ့ဆီ ပြေးလိုက်ကြတာ အသက် ထွက်လုမတတ် မောမှမောပဲ။ စာရေးဆရာရေ . . . တကယ်"

"မြွေ . . . မြွေတွေ ဆက်လိုက်မလာကြဘူးလား"

"မသိတော့ပါဘူး စာရေးဆရာရယ်။ ညကလည်း မှော် ပြချိန်၊ ကျွန်းကလည်း တောနက်နေတာဆိုတော့ အောက်ခြေပိုင်း ဘာ မမြင်ရတော့တာလေ။ ဒီကြားထဲ ဟို . . . မျိုးကျော်သန့်ဆိုတဲ့ ကောင်လေ ဗျာ။ ပြေးရင်းက ဂဏန်းမတို့တဲနေရာရောက်တော့ သူနေခဲ့မယ်ဆို သောင်းကျန်းလာလို့ ဆရာကြီးမိုးအောင်နဲ့ ရဲဘော်တစ်ယောက်တို့ မနည် ထိန်းချုပ်တွဲခေါ်လာရသေးတာဗျ။

အောင်မာ . . . ရေယာဉ်ပေါ်ရောက်ပြီးလို့ စက်နှိုးမောင်းထွ တဲ့အချိန်မှာတောင် ရေယာဉ်ပေါ် ရဲဘော်အစောင့်တွေ ထိန်းသာ ကြားမှ ဂဏန်းမကိုတမ်းတပြီး ကြွေကွဲတဲ့ငိုသံကြီးနဲ့ အော်ဟစ်နေ





ဆက်နေလိုက်တာ ကိုယ်တောင် ဝမ်းနည်းသလိုနဲ့ စိတ်မကောင်းဖြစ်ခဲ့ ရသေးတယ် စာရေးဆရာရယ်"

အသေချာဆုံးပြောရလျှင် ရေမျောဒုက္ခသည် မျိုးကျော်သန့် ၏တတ်လမ်းသည် အင်္ဂါပြည့်စုံသော ဝတ္ထုတစ်ပုဒ်နှယ် ဤနေရာ၌ နိဂုံး ချုပ်အဆုံးသတ်သွားပြီးဖြစ်ပါသည်။ ကျွန်တော့်အား နှုတ်ဆက်လျက် ဆန်းကဖီးမှ ဗိုလ်ကြီးကျော်ဇလ ပြန်သွားပြီးဖြစ်သော်လည်း အံ့သြ သိတ်လန့်စိတ်မပြေသေးသော ကျွန်တော်သည်သာ ဆိုင်ထဲ၌ ငိုင်၍ ကျန်ရစ်ခဲ့ပါတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

❑

## လေးစားအပ်သော စာဖတ်ပရိသတ်အပေါင်းတို့ခင်ဗျား ...

ဝတ္ထုဇာတ်လမ်းက ပြီးပြည့်စုံစွာ ဇာတ်သိမ်းထားပါလျက်နှင့် အတွန့်တက် အရစ်ရှည်လှချည်လားဟု အပြစ်မတင်ကြစေလိုပါ။ ဤ ကဲ့သို့ တကယ့်ဖြစ်ရပ်မှန်ဝတ္ထုမျိုးရေးသားရာတွင် စာဖတ်ပရိသတ်အား လှည့်စားသည့်သဘောနှင့် နိုင်လုံခြင်းမရှိသော အထောက်အထားအကိုး အကားများကို ယုတ္တိမတန် ဖွတ်ဖန်တီး၍ စာဖတ်သူ၏အတွေးအား ဒွိဟဖြစ်စေခြင်းကို မလိုလားကြသည်မှာ စာရေးဆရာတိုင်း၏ မှန်ကန် သော စေတနာပင်ဖြစ်ပါသည်။

ယခုလည်း ဤဝတ္ထုအား တကယ့်ဖြစ်ရပ်မှန်ဝတ္ထု အင်္ဂါရပ်တို့ နှင့်လျော်ညီစွာ အစအဆုံး ရေးသားပြီးစီးခဲ့သည်မှာ **မကြာသေး**ဟုဆို





**ရပေမည်**။ စာမူအား ကွန်ပျူတာစီရန် အပ်နှံထားစဉ်မှာပင် ဤဝတ္ထု နှင့်ပတ်သက်သော အကြောင်းအရာ (၂)ချက်က စာရေးသူထံ နောက် ကျစွာ ရောက်လာခြင်းဖြစ်ရာ ယင်းအချက် (၂)ချက်ကလည်း ဤဝတ္ထု ၏အသက်သဖွယ် အထောက်အထားများဟုဆိုပါက မှားမည်မထင်ပေ။

ထို့ကြောင့်လည်း ယခုနောက်ဆုံးရရှိခဲ့သည့် အချက် (၂)ချက် အား နောက်ဆက်တွဲအဖြစ် စာဖတ်ပရိသတ်များ ဆက်လက်ဖတ်ရှုကြ မည်ဆိုလျှင် ဝတ္ထုထဲ၌ပါဝင်သော ဒွိဟဖြစ်ဖွယ်ရာ အကြောင်းအရာ များ၊ ခေါင်းစားစေသော အချက်အလက်အားလုံးကို အဖြေထုတ်ပေး ပြီးသားဖြစ်သကဲ့သို့ စာဖတ်သူများ၏ စိတ်သန္တာန်ထဲ၌ ရှင်းသန့်သွား လိမ့်မည်ကိုယုံကြည်လျက် ယခုကဲ့သို့ ဆက်လက်ရေးသားရခြင်းဖြစ် ကြောင်း နားလည်ပေးကြစေလိုပါသည်။

ပထမဦးဆုံး အချက်တစ်ချက်အား ဖော်ပြရလျှင် ...

စာရေးသူသည် လုပ်ငန်းတစ်ခုနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ချောင်းကရှက်ရွာ (ယခု ဘုတ်ပြင်းလေယာဉ်ကွင်း ရှိ) ၌ ၁၉၉၅ ခုနှစ် တစ်နှစ်လုံး နေထိုင်ခဲ့ဖူးပါသည်။

ထိုသို့ နေထိုင်ခဲ့စဉ်က ချောင်းကရှက်ရွာ ဘုန်းတော်ကြီး ကျောင်းမှ ကျောင်းထိုင်ဆရာတော်နှင့် အလွန်ရင်းနှီးခဲ့ကြရာ ဝတ္ထုထဲ၌ ပါဝင်သော အုန်းနှစ်ပင် (ဝါ) မြွေကျွန်းနှင့်ပတ်သက်၍ အမှန်တကယ် ရှိသည်၊ မရှိသည် သိလိုသဖြင့် ဆရာတော်ကြီးထံ စာဖြင့်ရေးသား လျှောက်ထားမေးမြန်းခဲ့ခြင်း ဖြစ်သည်။

ဆရာတော်ကြီးပြန်ကြားလာသော စာထဲမှ ကောက်နုတ်ဖော် ပြပါမည်။ (ဒကာကြီးစာထဲမှာပါတဲ့ မြွေကျွန်းဆိုတာ ဘုတ်ပြင်းမြို့နယ်



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ရဲ့ အနောက်တောင်ဘက်အစွန်းမှာရှိတဲ့ ကျွန်းကလေးတစ်ကျွန်းမှန်ပါတယ်။ ကျွန်းတစ်ဝိုက်ပင်လယ်ပြင်မှာ ငါး၊ ပုစွန်ပေါပေမယ့် ဘယ်ရေလုပ်သားမှ မသွားရဲကြပါ။ ဒီကျွန်းဟာ ဟိုအစဉ်အဆက်ကတည်းက လူသူမနေတဲ့ကျွန်းဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ဖြစ်တော့ ဂျပန်းဗုံးကြဲလေယာဉ်တွေက ပင်လယ်ထဲတွေ့သမျှ သင်္ဘောတွေ၊ လှေတွေကို ဗုံးလိုက်ကြဲကြတာ ပင်လယ်ထဲ လှေပေါ်မှာပဲနေထိုင်ကြတဲ့ ဆလုံတိုင်းရင်းသားတွေ တအားဒုက္ခရောက်ခဲ့ကြပါတယ် ဒကာကြီး။

ဒါကြောင့် ဆလုံမိသားစုတွေ သူ့အစုနဲ့သူ နီးရာကျွန်းတွေပေါ်တက်နေကြရင်းက မြွေကျွန်းပေါ်လည်း မိသားစုဆယ်စုလောက်တက်ပြီး ဗုံးဒဏ်ကို ရှောင်တိမ်းကြတယ်လို့ သိရပါတယ်။ ကျွန်းပေါ်မှာ စားသောက်စရာလည်း ရှားပါ၊ ရေချိုကလည်း မလုံလောက်တော့ ဂျပန်တွေမဆုတ်ခင်မှာဘဲ ကာလဝမ်းရောဂါနဲ့ တစ်ကျွန်းလုံး သေဆုံးကုန်တယ်လို့ သိမ်လိုက်တဲ့လူကြီးတွေပြောလို့ ဘုန်းကြီးလည်း သိခဲ့ရတာပါ။ အဲဒီဆလုံတွေစားပြီး ကျန်ခဲ့တဲ့ အုန်းသီးနှစ်လုံးက အပင်ပေါက်ပြီး ခုဆို အုန်းပင်နှစ်ပင်အား ကျွန်းပေါ်မှာ အမြင့်ဆုံးလို့ ပြောကြတယ် ဒကာကြီး) ဟူ၍ ဖတ်ရှုခဲ့ရပါသည်။

ဒုတိယအချက်အား ဆက်လက်ဖော်ပြရမည်ဆိုလျှင် . . .၊

ဗိုလ်ကြီး ကျော်ဇလသည် ကျွန်တော့်ထံမှ ပြန်သွားပြီးနောက် တစ်လနီးပါးကြာပြီးမှ ကော့သောင်းမြို့မှနေ၍ ဖုန်းဆက်လာသည်ကို ကောက်နှုတ်ဖော်ပြပါဦးမည်။

(ဘယ်လိုလဲ . . . စာရေးဆရာ။ ကိုယ်ပြောခဲ့တဲ့ မျိုးကျော်





သန့်အကြောင်း ဝတ္ထုရေးပြီးပြီလား။ ဝတ္ထုပါတဲ့စာအုပ်ထွက်ရင် ကိုယ့်ဆီပို့ပေးရမယ်နော်။ ဪ . . . ကိုယ်တို့တွေ့ကြတုန်းမှာ ဇာတ်လမ်းအကြောင်း ပြောနေရတာနဲ့ ကိုယ်ဘာကိစ္စနဲ့ ရန်ကုန်ရောက်ရတာကို ပြောပြဖို့ မေ့ခဲ့တယ်ဗျာ။ တကယ်တော့ ကိုယ်တို့ကင်းလှည့်ရေယာဉ်က ကယ်တင်ခဲ့တဲ့ မျိုးကျော်သန့်ဆိုတဲ့ကောင်းလေးကို စိတ်ရောဂါကုဆေးရုံပို့ပေးဖို့အတွက် ကိုယ်ရန်ကုန်ရောက်လာတာပါ) ဟူ၍ ဖြစ်ပါသည်။

**မင်းရွှေသိန်း** (ဇင်းကျိုက်)

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ရွာအနောက်ဘက်ဆီမှ ခွေးလေခွေးလွင့်တစ်အုပ်၏ အူဟစ်လိုက်သည့် အသံများက အကာလညဥ့်ဦးယံကိုဖောက်ကာ စူးစူးဝါးဝါး ပေါ်ထွက်လာသည်။ ခွေးအူလျှင် အတိတ်နိမိတ်မကောင်းဘဲ ရွာနာသည်ဟု ရှေးလူကြီးမိဘများ အစဉ်တဆက် ပြောဆိုခဲ့သည်တို့ကို သိထားကြသည်။ သူကြီးမင်း ဦးမြသော်နှင့် တစ်ရွာလုံး အိပ်မောကျနေရာမှ လန့်နိုးလာကြတော့သည်။

မြို့နှင့် ဆယ်မိုင်ခန့်လောက်သာဝေးသည့် ကံလှရွာကား အိမ်ခြေတစ်ထောင်ခန့်ရှိသည့် ရွာကြီးပင်ဖြစ်သည်။ တစ်ရွာလုံး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်ကြသော်လည်း လယ်ပိုင်ရှင်၊ မြေပိုင်ရှင် ချစ်တီကုလားများသာ ချမ်းသာကြပြီး တောင်သူလယ်သမားနင်းပြားတို့မှာ ဝမ်းဝရုံမျှသာရှိသည်။ နယ်ချဲ့မျက်နှာဖြူတို့၏ ဖိနှိပ်မှု



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် နေထိုင်ကြရသည့် တောင်သူလယ်သမားတို့၏ဘဝကား ဆင်းရဲတွင်းနက်သည့်ထက် နက်လာခဲ့ကြသည်။

ဟိုအဝေးဆီမှ တောကြက်ဖတစ်ကောင်၏တွန်သံက ခွေးအူသံများနှင့် မရှေးမနှောင်းပင် ထွက်ပေါ်လာသည်။ အချိန်က သက်ကြီးခေါင်းချချိန်ကိုပင် ကျော်လွန်လာခဲ့ပြီ။

စောစောကကြားလိုက်ရသည့် ခွေးအူသံကြောင့် ရွာသူရွာသားအားလုံး နိုးလာကြပြီဖြစ်သော်လည်း မည်သူမျှအိမ် ပြင်မထွက်ရဲဘဲ အိမ်ထဲမှာပင် တထိတ်ထိတ်နှင့် ငြိမ်ကုပ်နေကြလေသည်။ ခွေးအူသံများပျောက်သွားပြီး ခဏအကြာမှာပင် မောင်းထုသံတစ်ချက်ကို တစ်ရွာလုံး ကြားလိုက်ရပြန်သည်။

''ဒိုး . . .''

ထူးထူးဆန်းဆန်းထွက်ပေါ်လာသော မောင်းသံတစ်ချက်ကို ကြားလိုက်ရသည့်အတွက် ကိုယ့်အိမ်ထဲမှာပင် ငြိမ်သက်စွာနေထိုင်ကြသည့် ရွာသူရွာသားတို့သည် ဘာများဖြစ်လာမည်နည်းဟူသည့် မျှော်လင့်ချက်ဖြင့် မောင်းသံထွက်ပေါ်လာရာဘက်သို့ နားစွင့်ထားလိုက်ကြသည်။

မောင်းသံနှင့် မရှေးမနှောင်းမှာပင် ရွာအနောက်ပိုင်း၌ ချစ်တီးကုလား ရန်ကနား၏အိမ်ကြီးဆီမှ အော်ဟစ်လိုက်သည့် ထိတ်လန့်ချောက်ချားဖွယ်ရာအသံကြီးက ပေါ်ထွက်လာသည်။ အသံနက်ကြီးဖြင့် အလန့်တကြား အော်ဟစ်သံကြီးက ခဏအတွင်းမှာပင် တိတ်သွားပြီး အခြေအနေက ပုံမှန်အတိုင်း ပြန်ဖြစ်လာသည်။

သူကြီးမင်း ဦးလှသော်တစ်ယောက် သည်အတိုင်း အိမ်ထဲတွင်ငြိမ်နေ၍မဖြစ်တော့မှန်း သဘောပေါက်လိုက်သည်။ ထို့ကြောင့် နှစ်





လုံးပြူးသေနတ်ကို ကိုင်ဆောင်ကာ အိမ်အပေါ်ထပ်မှ ဆင်းလာသည်။

မကြာမီ သူကြီးမင်း၊ ဆယ်အိမ်ခေါင်းနှင့် ရပ်မိရပ်ဖများ ကာလသားများလည်း မီးတုတ်များကိုင်ဆောင်ကာ ရွာအနောက်ပိုင်းရှိ ချစ်တီးကုလားရန်ကနား၏အိမ်ကြီးဆီသို့ ရောက်လာခဲ့ကြသည်။ သူကြီးမင်းဦးလှသော်က ဆယ်အိမ်ခေါင်းကို အမိန့်ပေးလိုက်သည်။

''လှရွှေ . . မင်းနဲ့ ကာလသားခေါင်း အောင်ဘုအပါအဝင် လူလေးယောက် ငါနဲ့လိုက်ခဲ့စမ်း''

''ဟုတ်ကဲ့ သူကြီးမင်း''

သူကြီးမင်းက လေးငါးယောက်လိုက်ခဲ့ဟုသာ ခေါ်နေသော်လည်း ရပ်ရွာထဲမှ လူကြီးမိဘများပါ အိမ်ထဲသို့ လိုက်လာခဲ့ကြသည်။ အိမ်ထဲသို့မရောက်မီမှာပင် ခြံဝန်းထဲမှ အနံ့ဆိုးရုံမြင်ကွင်းက သူတို့အားလုံးကို ဆီးကြိုနေလေသည်။

ချစ်တီးသူဌေး ရန်ကနား လက်သတ်မွေးထားခဲ့သည့် ခြံစောင့်အင်းခွေးကြီးသုံးကောင်စလုံး အမြှုပ်တစီစီထွက်ကာ သေဆုံးနေသည်ကို တွေ့လိုက်ကြရသည်။ ထို့အပြင် ချစ်တီးရန်ကနား၏ တပည့်ကျော်လူမိုက်ကြီးမိုးသီးမှာလည်း တံခါးဘေးတွင် လဲကျသေဆုံးနေသည်ကို မီးတုတ်မှအလင်းရောင်ကြောင့် ထင်ထင်ရှားရှား တွေ့လိုက်ကြရသည်။

သူကြီးမင်းဦးလှသော်လား အေးချမ်းလှသည့် ဆောင်းရာသီပင်ဖြစ်သော်လည်း ဇောချွေးများပြန်ကာ ထိတ်လန့်တုန်လှုပ်နေသည်။ လူမိုက်ကြီးမိုးသီးကိုယ်တိုင် ဇာတ်သိမ်းမကောင်းဘဲ ဖြစ်နေသည်ကို ကြည့်၍ ချစ်တီးသူဌေးကြီး ရန်ကနား၏ကံကြမ္မာကိုလည်း သူတွေးတောခန့်မှန်းမိလိုက်လေပြီ။

လူမိုက်ကြီးမိုးသီး အသေဆိုးနှင့် သေဆုံးပုံကိုကြည့်ပြီး ရပ်မိ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဖလူကြီးများနှင့် ကာလသား လူငယ်လူရွယ်တို့ကမူ စိတ်ထဲကကြိတ်ပြီး ဝမ်းသာနေကြသည်။ ကိုယ့်လူမျိုးအချင်းချင်း မညှာတာဘဲ ချစ်တီးကုလားအလိုကျ နိုင်ထက်စီးနင်းပြုလုပ်ခဲ့သည့် မိုးသီးသေတာကို နောက်ကျနေသေးသည်ဟု တွေးတောနေကြသေးသည်။

"ဟော့ကောင် . . . လူရွှေ ဘာကြောင်ကြည့်နေတာလဲကွ။ လာစမ်း . . . အိမ်ပေါ်ကို အမြန်ဆုံးတက်ပြီး သူဌေးကြီးရဲ့အခြေအနေကို သွားကြည့်ကြမယ်။ ခင်ဗျားတို့အားလုံး ကျုပ်တို့နှစ်ယောက်နောက်က လိုက်ခဲ့ကြ"

နှစ်ထပ်အိမ်ကြီးအပေါ်ထပ် အိပ်ခန်းထဲတွင်ကား ကုလားချစ်တီး ရန်ကနားတစ်ယောက် မရှုမလှသေဆုံးနေသည်ကို အားလုံးမြင်လိုက်ကြရသည်။ အသားမည်းမည်း၊ ဗိုက်ရွဲရွဲနှင့် ရန်ကနားတစ်ယောက် မသေခင်က ထိတ်လန့်ချောက်ချားဖွယ်ရာ တစ်စုံတစ်ယောက်ကို မြင်လိုက်ရသည့်အသွင်မျိုးနှင့် မျက်လုံးကြီးနှစ်လုံးက ပြူးထွက်နေသည်။ ရန်ကနား၏အင်္ကျီပေါ်၌လည်း သွေးကွက်တစ်ကွက်ကို မြင်လိုက်ရသည်။

အိမ်ခန်းနံရံတွင်လည်း 'မောင်းသံတစ်ချက်၊ အသက်တစ်ချောင်း၊ သွေးကြွေးတောင်းသူ' ဟူသည့် သွေးဖြင့်ရေးထားသည့်စာကို ဖတ်ရှုလိုက်ကြရသည်။ သူကြီးဦးမင်းလှသော်တစ်ယောက် သူ့ရွာမှ ချစ်တီးကုလားရန်ကနား မရှုမလှသေဆုံးနေပုံကိုကြည့်ပြီး သူ့ရာထူးပြုတ်မှာကို စိုးရိမ်သည့်အတွက် မျက်နှာအကြီးအကျယ်ပျက်နေသည်။ ဤသို့ဖြင့် မောင်းသံတစ်ချက်ကြောင့် အသက်တစ်ချောင်းပထမဦးဆုံး ဈေးဦးပေါက်ခဲ့သူကား ကံလှရွာမှ ကံမလှရှာသူ ချစ်တီးကုလား ရန်ကနားပင်ဖြစ်ပါလေတော့သည်။

✿ ✿ ✿

| ၂ |

❑

ထိုညက ညတွင်းချင်းပင် မြို့နှင့် ဆယ်မိုင်ခန့်ဝေးသည့်မြို့သို့ လူလွှတ်ကာ သက်ဆိုင်ရာဂတ်သို့ အကြောင်းကြားခဲ့လေသည်။ သူတို့ဗြိတိသျှနေမင်း အင်ပါယာကြီး၏ အုပ်ချုပ်မှုယန္တရားကို နှောင့်ယှက်လာသည့် မရဏမောင်းသံပေး၍ ရန်ကနားနှင့် လူမိုက်ကြီးမိုးသီးတို့ကို ဇိဝိန်ချွေခဲ့သော လူသတ်သမားအား အမြန်ဆုံးဖမ်းဆီးရန် အိုင်ပီဦးကျော်ခေါင်အား ရာဇဝတ်ဝန်စတီးဝပ်က တာဝန်ပေးခဲ့သည်။

အိုင်ပီကျော်ခေါင်တစ်ယောက် ခေါင်းခဲရပြန်လေပြီ။ မရဏမောင်းသံတစ်ချက် ကြားရရုံကလွဲ၍ မည်သည့်သဲလွန်စမှ ရှာမရလောက်အောင် ပိပိရိရိသတ်သွားခဲ့သည့် လူသတ်သမားကို မည်သို့မျှ မေ့ရာခဲ



www.burmeseclassic.com

www.burmeseclassic.com



မရခဲ့သေးပေ။ ဤသို့ဖြင့် ရန်ကနားနှင့် မိုးသီးသေဆုံးပြီးနောက် တစ်ပတ်လောက်အကြာမှာဖြစ်သည်။

ကံလှရွာမှ မြေပိုင်ရှင်ဦးထွားနှင့် ဦးညိုတို့သည်လည်း ရန်ကနားတို့တပည့်နှစ်ယောက် အသတ်ခံရသည့်ပုံစံနှင့် ထပ်တူပင် မရဏမောင်းသံကြောင့် ဇီဝိန်ချုပ်ခဲ့ရပြန်သည်။ ထိုမျှပင် မကသေး။ ချစ်တီးကုလားနှင့် သူကြီး၊ မြေပိုင်ရှင်၊ တစ်ရွာသုံးယောက်ကျစီဖြင့် စုစုပေါင်း ကိုးယောက်တိတိပင်။ မရဏမောင်းသံရှင်လက်ချက်ဖြင့် အသက်ပေးခဲ့ရပြန်သည်။

ထိုသူတို့မသေဆုံးခင်က ထုံးစံအတိုင်းပင် မရဏမောင်းသံတစ်ချက်ကို ကြားလိုက်ကြရသည်။ ယခုဆိုလျှင် ရွာကြီးလေးရွာမှ ချစ်တီးကုလားသူဌေး၊ မြေပိုင်ရှင်နှင့် သူကြီး စုစုပေါင်း ကိုးယောက်တိတိ အသတ်ခံခဲ့ရပြီးဖြစ်သည်။

သည်နောက်တွင် လူမိုက်မိုးသီးကဲ့သို့ လက်ပါးစေလူမိုက်များလည်း ပါသေးသည်။ ထို့အတွက်ကြောင့် အခြားရွာများမှ ချစ်တီးကုလား သူဌေးများ၊ မြေပိုင်ရှင်များ၊ သူကြီးများလည်း စည်းစိမ်ချမ်းသာရာထူးကိုစွန့်လွှတ်ကာ နီးစပ်ရာမြို့ပေါ်သို့ တက်ပြေးသွားခဲ့ကြလေပြီ။

သွေးမနည်း၍လည်းကောင်း၊ ရာထူးစည်းစိမ်ချမ်းသာတို့ကို မစွန့်နိုင်၍လည်းကောင်း၊ မြို့ပေါ်သို့ ထွက်မပြေးနိုင်ကြသည့် ချစ်တီးသူဌေး၊ မြေပိုင်ရှင်နှင့် သူကြီးတို့မှာလည်း ဘယ်နေ့ သူတို့အလှည့်ရောက်လာမလဲ၊ မည်သည့်ညတွင် မရဏမောင်းသံကြားရမလဲဟူ၍ ရင်တထိတ်ထိတ်နှင့် စိတ်မအေးနိုင်အောင် ဖြစ်နေကြလေသည်။

ထိုခေတ်ကာထုတ်ဝေခဲ့ကြသည့် သံတော်ဆင့်သတင်းစာ စသည့် နေ့စဉ်ထုတ် သတင်းစာများတွင်လည်း မရဏမောင်းသံရှင်အကြောင်း





နှင့် ဗျူရိုကရက်နယ်ချဲ့အစိုးရ၏ အုပ်ချုပ်မှုညံ့ဖျင်းသည့်အတွက် ခေါင်းကိုက်နေကြလေပြီ။

သံတော်ဆင့်သတင်းစာကြီးထဲတွင် 'ကိုယ်ပျောက်ဝိညာဉ်မောင်းသံရှင်' ဟူသည့် စာလုံးမည်းကြီးဖြင့် အမြတ်ကြီးစား ချစ်တီးကုလားမြေပိုင်ရှင်နှင့် သူကြီးဆိုသူတို့၏ အသက်ကိုချွေခဲ့သူ မရဏမောင်းသံရှင်အကြောင်းကို အမွှန်းတင်ကာရေးသားထားသည်။

သို့အတွက်ကြောင့် မောင်းသံရှင်မှာ ဝိညာဉ်ဟူ၍ပင် တာဝန်ရှိသူများကိုယ်တိုင် ထင်ယောင်ထင်မှားဖြစ်လာကြသည်။ မရဏမောင်းသံရှင်သတင်းကား တစ်ပြည်လုံး ပျံ့နှံ့ကျော်ကြားသွားလေတော့သည်။

အင်းစိန်စီအိုင်ဒီ စုံထောက်မင်းကြီး စတီဖင်၏ရုံးခန်းထဲတွင်ဖြစ်သည်။ ရာဇဝတ်ထောက် စတီးဝပ်၊ အိုင်ပီကျော်ခေါင်၊ အိုင်ပီဖော်သော်၊ အိုင်ပီလှမောင်နှင့် ဆပ်ကျောင်းဆင်းပြီးပြီးချင်း စီအိုင်ဒီသို့ရောက်လာကြသည့် အရာရှိပေါက်စတို့သည်လည်း စုံထောက်မင်းကြီးပြောလာမည့်စကားတို့ကို နားစွင့်နေကြသည်။

"အိုင်ပီကျော်ခေါင် . . . မရဏမောင်းသံရှင်ကြောင့် ကျွန်ုပ်အပါအဝင် အားလုံး အဂ်လန်ကို ဘင်သံနဲ့ပြန်ပြေးရမယ့်ကိန်း ဆိုက်နေပြီ . . . လူကလေး။ မောင်မင်းတို့ လခယူပြီး ဘာအလုပ်မှ ကောင်းကောင်းမလုပ်ကြလို့ အခုလိုဖြစ်ရတာပဲ။ ဟိုဝက်လို ဆူဖြိုးနေတဲ့ ခန္ဓာကိုယ်ကြီးနဲ့ လူကလေးလှမောင် . . . မောင်မင်း မရဏမောင်းသံနဲ့ပတ်သက်ပြီး ကျွန်ုပ်ကို ဘာများသတင်းပေးနိုင်မလဲ"

စုံထောက်မင်းကြီးစတီဖင်ကား မြန်မာပြည်တွင် အနေကြာ၍ ပ်သက်ရင့်နေပြီဖြစ်သည့်အတွက် မြန်မာစကားကို ရေလည်စွာ ပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်ဆိုတတ်နေပြီဖြစ်သည်။ အိုင်ပီလူမောင်က သတိအနေအထားနှင့် ရင်ကိုကော့ကာ ပြန်လည်ပြောဆိုလိုက်သည်။

"ဒီမရဏမောင်းသံပေးပြီး လူကြီးလူကောင်းတွေကို သတ်ဖြတ်နေတဲ့ လူဆိုးကို ကျွန်တော်မျိုးကြီးကိုယ်တိုင် လက်ရဖမ်းဆီးပေးပါ့မယ် ဆရာ"

"မောင်းမင်း လူကလေးရဲ့စကား ကြီးကျယ်လှချည်လား။ မောင်မင်း ကျုပ်ကို လှောင်ပြောင်နေတာမဟုတ်လား။ စီအိုင်ဒီရောက်လာခဲ့တဲ့ မှုခင်းမှန်သမျှ မောင်မင်းဘယ်တုန်းကများ တရားခံကို ဖိအောင်ဖမ်းနိုင်ခဲ့သလဲ။ အိုင်ပီကျော်ခေါင်နဲ့ လူစွန့်စားမင်းခေါင်တို့ကပဲ အမှုမှန်ကို ဖော်ထုတ်ပေးခဲ့တယ်။ အလကား လခညာယူနေတဲ့ မောင်မင်းအကြောင်း ကျုပ်မသိဘူးများ မှတ်သလား"

စုံထောက်မင်းကြီးစကားကြောင့် မျက်နှာလိုမျက်နှာရ ဖားပြီးပြောဆိုလိုက်သည့် အိုင်ပီလူမောင်တစ်ယောက် မျက်နှာကြီးနီမြန်းကာ ခေါင်းပါ စိုက်ကျသွားတော့သည်။ ဤတွင် ဆပ်ကျောင်းဆင်းခါစ အရာရှိပေါက်စဘဦးက စုံထောက်မင်းကြီးကို တင်ပြလိုက်ပြန်သည်။

"ပုံနှိပ်နေတဲ့သတင်းအရ မရဏမောင်းသံရှင်ဟာ ဝိညာဉ်ဖြစ်မယ်လို့လဲ သတင်းကြီးနေပါတယ် မင်းကြီး။ ဝိညာဉ်သာ အစစ်အမှန်ဖြစ်ခဲ့မယ်ဆိုရင် ကျွန်တော်မျိုးကြီး မိအောင်ဖမ်းနိုင်ပါတယ်ခင်ဗျား"

အရာရှိပေါက်စ စကားထဲတွင်ပါသည့် ဝိညာဉ်ဟူသည့်စကားကြောင့် စုံထောက်မင်းကြီး စတီဖင်၏နှုတ်မှ အလန့်တကြား ရေရွတ်သံက ပေါ်ထွက်လာသကဲ့သို့ စိတ်ဝင်စားဟန်လည်း ပေါ်လာသည်။

"အိုး ... မိုင်ဂေါ့(တ်) ဂို့(စ်) ဂို့(စ်) ... ဝိညာဉ် ... ဝိညာဉ်ဆိုရင် မောင်းမင်းက ဘယ်လိုဖမ်းမှာလဲဆိုတာ ကျုပ်ကိုပြောစမ်းပါ"





"ကျွန်တော်မျိုး ဆပ်ကျောင်းမတက်ခင်က မယောဂဆရာလုပ်ခဲ့ပါတယ် မင်းကြီး။ ကျွန်တော်မျိုးမှာ မကောင်းဆိုးဝါးနှိမ်နှင်းတဲ့ ဝိညာဉ်၊ သရဲ၊ တစ္ဆေတွေကိုနိုင်တဲ့ နဂါးပတ်ကျော့ကွင်းရှိပါတယ်"

ဒီနဂါးပတ်ကျော့ကွင်းကို မသိသည့် စုံထောက်မင်းကြီး စတီဖင်တစ်ယောက် တအံ့တသြနှင့် အိုင်ပီကျော်ခေါင်ကိုကြည့်ပြီး မေးမြန်းစူးစမ်းလာသည်။

"အိုင်ပီကျော်ခေါင် ... နဂါးပတ်ကျော့ကွင်းဆိုတာ ဘယ်လိုမျိုးလဲ။ ငှက်တွေဖမ်းတဲ့ ပိုက်ကွန်လိုမျိုးလား"

စုံထောက်မင်းကြီး၏အမေးကြောင့် အရာရှိပေါက်စ ပယောဂဆရာ ဘဦး၏မျက်နှာပေါ်တွင် ဆားနဲ့အပက်ခံရသည့်အလား ရှုံ့မဲ့သွားသကဲ့သို့ ရာဇဝတ်ဝန်ထောက် စတီးဝပ်မှလွဲ၍ ကျန်စုံထောက်ကျော်များအားလုံး ရယ်ချင်စိတ်ကို မနည်းပင် ထိန်းချုပ်ထားရလေသည်။ အိုင်ပီကျော်ခေါင်က လူစွန့်စားမင်းခေါင်၏ မိတ်ဆွေရင်းပီသစွာ စုံထောက်မင်းကြီး၏အမေးအား ပြန်လည်ရှင်းပြလိုက်သည်။

"ဒီလိုပါခင်ဗျာ ...။ နဂါးပတ်ကျော့ကွင်းဆိုတာ ကျွန်တော်တို့ဆီက လောကီပညာရှင်တွေ ဆေးကုတဲ့နေရာ၊ မိစ္ဆာတွေကို နှိမ်နှင်းတဲ့နေရာမှာ အသုံးပြုတဲ့ အစီအရင်ပစ္စည်းတစ်မျိုးပါ မင်းကြီး။ ဥပမာပြောရရင် မင်းကြီးတို့ဆီက လောကီပညာရှင် အဂရစ်ပါစီရင်ထားတဲ့ 'မှော်စက်ဝိုင်း' နဲ့ သဘောချင်းတူပါတယ်"

"အိုး ... ရက်(စ်) ... ရက်(စ်) ... ကျုပ်သဘောပေါက်ပြီ အိုင်ပီကျော်ခေါင်"

ဤတွင် တစ်ချိန်လုံး တစ်ခွန်းမှဝင်မပြောသေးဘဲ ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



ရွာ နားထောင်နေသည့် ရာဇဝတ်ဝန်ထောက်စတီးဝပ်က ဝင်ရောက် ပြောဆိုလာသည်။

"ကျုပ်အနေနဲ့ အကြံပေးချင်တာကတော့ နဂါးပတ်ကျောက်ကွင်း စွမ်းတာထက် လူစွန့်စားမင်းခေါင်က ပိုပြီးစွမ်းလိမ့်မယ်လို့ ယုံကြည် တယ်။ မရဏမောင်းသံရှင်ဟာ ဝိညာဉ်ဆိုရင်လည်း လူစွန့်စားမင်းခေါင် ကို အကူအညီတောင်းတာ အကောင်းဆုံးပါပဲ မစ္စတာစတီဖင်"

"ရက်(စ်) ... ရက်(စ်) ... သိုင်ကျူး ... ဒီတော့ မစ္စတာ စတီးဝပ်နဲ့ အိုင်ပီကျော်ခေါင်တို့ကိုယ်တိုင် လူစွန့်စားမင်းခေါင်ထံသွား ပြီး အကူအညီတောင်းပါ။ မရဏမောင်းသံရှင်ကို မိအောင်ဖမ်းပါလို့ ကျုပ် နောက်ဆုံးပြောချင်တယ်။ မောင်မင်းတို့ ဘာများတင်ပြချင်သေး လဲ"

"မရှိပါဘူး ခင်ဗျာ"

"ကောင်းပြီ ...။ မောင်မင်းလူကလေးတို့အားလုံး ပြန်နိုင် ပါပြီ"

စုံထောက်ကျော်များအားလုံး မင်းကြီးကို ဆလံရိုက်၊ အရို အသေပေးပြီး ရုံးခန်းထဲမှ ထွက်သွားကြသည်။ ရာဇဝတ်ဝန်ထောက် စတီးဝပ်နှင့် အိုင်ပီကျော်ခေါင်တို့သည်လည်း ဌာနပိုင်ဖို့(ဒ်)ကားလေး ဖြင့် လူစွန့်စားမင်းခေါင်နေထိုင်ရာ ရှစ်မိုင်သို့ ထွက်လာခဲ့ကြပါလေ တော့သည်။

✿ ✿ ✿

| ၃ |

❑

ကံလှရွာ၏အနောက်ဘက် နှစ်မိုင်လောက်ဝေးသည့်နေရာတွင် ရွာပျက်ကုန်းကြီးက လရောင်အောက်တွင် ထီးထီးကြီးတည်ရှိနေသည်၊ အနီးရှိရွာပျက်ကုန်းကြီးကား ကံလှရွာဟောင်းနေရာပင်ဖြစ်သည်၊ ရွာ ပျက်ကုန်းအား ဆင်ခေါင်းတောင်ခြေတွင် တည်ရှိနေသည့်အတွက် လျှို မြောင်စိမ့်များနှင့် သဘာဝဂူကြီးများလည်း ရှိကြသည်။

ယခု ထိုရွာပျက်ကုန်းပေါ်သို့ ခြေလှမ်းမှန်မှန်နှင့် လူတစ် ယောက်တက်လာသည်ကို တွေ့ရသည်။ ထိုသူကား သတင်းအရရောက် လာခဲ့သည့် အိုင်ပီကျော်ခေါင်ပင်ဖြစ်သည်။ သို့သော် ယူနီဖောင်းနှင့် မဟုတ်ဘဲ အရပ်ဝတ်နှင့် လာခဲ့ခြင်းဖြစ်သည်။

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်း မဝတ်ခဲ့ခြင်းမှာလည်း သတင်းရသည့်အတိုင်း အကယ်၍ မရဏမောင်းသံရှင်ရှိနေပါက သူ့ကဲ့သို့ အမှုထမ်းတစ်ဦးကို ရင်မဆိုင်ဝံ့ဘဲ ထွက်ပြေးသွားမည် စိုးသည့်အတွက်ကြောင့်ပင်ဖြစ်သည်။

သည်သတင်းကား သူ့အထင်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အောင်မြင်သည့်အသံနှင့် ပြောလိုက်သည့်စကားသံကို ရှာမျက်ကုန်းပေါ်ရောက်ရောက်ချင်း ကြားလိုက်ရသည့်အတွက် သူ့အထင်မှားနေပြီဖြစ်ကြောင်း သိလိုက်ရတော့သည်။

"ဟား ... ဟား .... ဟား ... နယ်ချဲ့လက်ကိုင် ပုလိပ်အစုတ်ကြီးပါလား။ ရယ်စရာကောင်းလိုက်တာ ...။ ခင်ဗျားလို နယ်ချဲ့မျက်နှာဖြူရဲ့ နောက်ကခွေးကများ ကျုပ်ကိုဖမ်းလို့ရမယ် ထင်နေတယ်ပေါ့လေ"

အိုင်ပီကျော်ခေါင်လည်း အသံကြားရာဘက်ဆီသို့ လှမ်းကြည့်လိုက်ရာ သူနှင့် ပေနှစ်ဆယ်လောက်အကွာအဝေးခန့်တွင် ခါးထောက်ပြီးရပ်နေသည့် ဝတ်စုံနက်တစ်ယောက်ကို တွေ့လိုက်ရသည်။ ဘယ်ဘက်လက်တွင် မောင်းတစ်လုံးကိုင်ထားပြီး ညာဘက်လက်က ခါးထောက်ကာ ကြည့်နေသည်။ ဝတ်စုံနက်ကိုကြည့်ပြီး အိုင်ပီကျော်ခေါင်က ခပ်မာမာပင် မေးလိုက်လေသည်။

"ခင်ဗျားက မရဏမောင်းသံရှင်ပေါ့ ဟုတ်လား"

"သိပ်မှန်တာပေါ့ဗျာ။ သူများသားပျို၊ သမီးပျိုလေးတွေကို ဖျက်ဆီး ခြေတော်တင်၊ မတရားအတိုးတွေယူပြီး ကြီးပွားနေတဲ့ ချစ်တီးကုလားတွေ၊ မြေပိုင်ရှင်တွေ၊ သူကြီးဆိုးတွေကို သတ်ခဲ့တဲ့ မရဏမောင်းသံရှင်ဆိုတာ ကျုပ်ပဲ။





ခင်ဗျားက ကျုပ်ကို ဖမ်းဆီးဝံ့တယ်ဆိုတော့ သတ္တိကတော့ မခေဘူးကိုးဗျ။ ခင်ဗျား ကျုပ်နဲ့တွေ့တာ ကိုယ့်သေတွင်းကိုယ်တူးလိုက်တာပဲ ... အိုင်ပီကြီးရေ"

"ဒီလိုထင်ရင် သိပ်မှားသွားမှာပေါ့ ... မောင်းသံရှင်ကြီးရယ်။ ကျားရဲမကြောက်လို့ မုဆိုးလုပ်နေတာ။ ကိုယ့်မျက်နှာမပြဝံ့တဲ့လူကိုများ ဒါလိုအရာရှိတစ်ယောက်က ကြောက်နေမယ်ထင်သလား"

"ဟား ... ဟား ... ဟား ... ကြိုက်သွားပြီ။ ခင်ဗျားရဲ့ အပြောကတော့ မဆိုးဘူးဗျို့။ အလုပ်နဲ့သက်သေပြဖို့တော့ လိုလိမ့်မယ်။ ကိုင်း ... ပြောနေတာကြာတယ်။ ခင်ဗျားကို ကျုပ် သေစာရင်းသွင်းလိုက်ပြီဗျို့။ ဟား ... ဟား ... ဟား ..."

ဝတ်စုံနက်နှင့်လူက ရယ်မောပြီးပြောဆိုပြီးသည်နှင့် လက်ကိုင်တုတ်လေးဖြင့် ငွေမောင်းလေးကို ထုလိုက်သည်။ ပန်းကန်ပြားဝိုင်းလောက်ပင်မရှိသည့် ငွေမောင်းလေးထံမှ မရဏခေါ်သံက မြည်ဟီးထွက်ပေါ်လာသည်။

"ဒူ ..."

မရဏမောင်းသံက ထုံးစံအတိုင်း တစ်ချက်တည်းပင်ဖြစ်သည်။ အိုင်ပီကျော်ခေါင်ကလည်း လက်စွဲတော် လျှုဂါသေနတ်ကို အဆင်သင့်ထုတ်ကိုင်လိုက်ပြီး ပစ်ရန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် ဝတ်စုံနက်မှ ခဲသီးတပ်ထားသည့်ကြိုးစက အရှိန်ပြင်းစွာ ဝင်ရောက်လာပြီး အိုင်ပီကျော်ခေါင်၏ သေနတ်ကိုင်လက်ကို ထိမှန်သွားတော့သည်။

"ဒေါက် ... အား ..."

သေနတ်လွတ်ကျသွားသကဲ့သို့ အိုင်ပီကျော်ခေါင်တစ်ယောက် နာကျင်လွန်းသည့်အတွက် အောင်ဟစ်ညည်းညူလိုက်မိသည်။ [illegible]ရုံ



www.burmeseclassic.com

www.burmeseclassic.com



နက်ကား သူထင်ထားသည်ထက် ပို၍ အဆပေါင်းများစွာ လျှင်မြန်နေသည်ကို အိုင်ပီကျော်ခေါင် လက်တွေ့ခံစား သိရှိလိုက်ရခြင်းပင်။ ဝတ်ရုံနက်က ခေါင်းစွပ်အတွင်းမှ စူးရှသည့်မျက်လုံးအစုံဖြင့် အိုင်ပီကျော်ခေါင်ကိုကြည့်လိုက်ပြီး ဟားတိုက်ရယ်မော လှောင်ပြောင်ပြောဆိုနေတော့သည်။

''ဟား ....ဟား ...ဟား ...ဘယ်လိုလဲ အိုင်ပီကြီး။ ကျုပ်ကိုဖမ်းမယ့်လူက ဘယ်လိုများ ဖြစ်သွားတာပါလိမ့်ဗျာ။ ကျွတ် ကျွတ် ...သနားစရာကောင်းလိုက်ပါဘိ အဲရာရှိမင်းရယ်''

''မင်း ...မင်း ....ငါ့ကို လှောင်မနေနဲ့။ သတ်ချင် သတ်ပစ်လိုက်စမ်း''

''စိတ်ချစမ်းပါ၊ ကျုပ်ကို တွေ့သွားခဲ့တဲ့လူမှန်သမျှ ဘယ်သူ့မဆို တမလွန်ကိုပို့ပစ်ဖို့ ဆုံးဖြတ်ထားပြီးသားဖြစ်တယ်။ ဒီတော့ ခင်ဗျားလည်း ...''

ဝတ်ရုံနက်၏ စကားမဆုံးမီမှာပင် အနီးရှိ ကညင်ပင်ကြီးပေါ်မှ ညဉ့်လူတစ်ဦးက လွှားခနဲခုန်ချလာသည်။ ထိုသူကား လူစွန့်စားမင်းခေါင်ပင်ဖြစ်သည်။

''သြော် ...အရာရှိကြီး မင်းက အဖော်ပါခေါ်လာခဲ့တာကိုး။ ဟား ...ဟား ...ဟား ...လွယ်ပါတယ်ဗျာ။ ခင်ဗျားတို့နှစ်ယောက်လုံးကို ငရဲပြည်ကို ပို့ပေးလိုက်ပါ့မယ်။

''ခင်ဗျားထင်သလို မဖြစ်နိုင်တော့ဘူး ကိုသူရ။ အေးအေးဆေးဆေး အဖမ်းခံလိုက်ဖို့ ကျုပ် မေတ္တာရပ်ခံပါတယ်''

ကိုယ်ပျောက်ဝိဇ္ဇာဥ်၊ မရဏာမောင်းသံရှင်ဟု တင်စားပြောဆို ခေါ်ဝေါ်နေကြရသည့် သူလိုလူ၏နာမည်ရင်းကို သိနေသည့် ညဉ့်လူ





ကိုကြည့်ပြီး ဝတ်ရုံနက်တစ်ယာက် အံ့အားသင့်နေမိလေသည်။ သို့သော် မျက်နှာဖုံးစွပ်ထားသည့်အတွက် မျက်နှာအမူအရာကို မမြင်ရသောလည်း ပြန်မေးလိုက်သည်။ လေသံကြောင့် အံ့သြနေမှန်းကား ထင်ရှားလှသည်။

''ခင်ဗျား ...ခင်ဗျား ...ကျုပ် ...ကျုပ်နာမည်ကိုတောင်မှ ...သိ ...သိနေပါလား။ ခင်ဗျား ...ခင်ဗျားဘယ်သူလဲ''

''ခင်ဗျားနာမည်ကို သိရုံတင်မကဘူး ကိုသူရ။ ခင်ဗျား ဘာကြောင့် အခုလိုရာဇဝတ်မှုတွေ ကျူးလွန်နေတယ်ဆိုတဲ့ အကြောင်းရင်းကိုပါ ကျုပ်သိထားပြီးပြီ။ ခင်ဗျားမှာ စံပယ်ခင်လို့ခေါ်တဲ့ ညီမတစ်ယောက်ရှိတယ်။ ခင်ဗျားတို့မောင်နှမဟာ ကံလှရွာဇာတိပဲ ဖြစ်တယ်။

ခင်ဗျား တစ်နယ်တစ်ကျေးကို ပညာသင်သွားနေတုန်း ရွာမှာ ကြီးဒေါ်နဲ့ကျန်ခဲ့တဲ့ စံပယ်ခင်ကို လူမိုက်မိုးသီးအကူအညီနဲ့ ချစ်တီးကုလားရန်ကနားက ခြေတော်တင်ခဲ့တယ်။ ခင်ဗျားရဲ့ညီမလေးဟာ အရှက်နဲ့အသက်ကို လဲတဲ့အနေနဲ့ ကြိုးဆွဲချပြီးသေခဲ့တယ်။ ခင်ဗျားပညာစုံလို့ ရွာကိုပြန်ရောက်တဲ့အခါ ညီမအတွက် လက်စားချေ သွေးကြွေးတောင်းဖို့ ကြိုးစားခဲ့တယ်။

ဒါပေမဲ့ ဘယ်သူမှမရိပ်မိအောင် ရွာမှာ အေးအေးဆေးဆေး ရိုးရိုးသားသားနေထိုင်ခဲ့ပြီး လယ်လုပ်ငန်းကိုပဲ ဟန်မပျက် ဆက်လုပ်နေခဲ့တယ်။ ဒါကြောင့် မရဏာမောင်းသံရှင်ဟာ ခင်ဗျားဖြစ်လိမ့်မယ်လို့ သူကြီးကအစ တာဝန်ရှိတဲ့သူတွေက ဘယ်သူမှ မရိပ်မိခဲ့ကြဘူးမဟုတ်လား။

အဲဒီမှာတင် ခင်ဗျားဟာ ရှမ်းပြည်ဘက်က ဆရာကြီးတစ်ဦးထံမှာ သင်ကြားတတ်မြောက်လာခဲ့တဲ့ ပညာရပ်တွေကို အသုံးပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး သွေးကြွေးတောင်းတဲ့အနေနဲ့ ချစ်တီးကုလား ရန်ကနားတို့ ဆရာတပည့်ကို သုတ်သင်ပစ်ခဲ့တယ်''

''ဒါ . . . ဒါတွေကို ခင်ဗျားဘယ်လိုလုပ်ပြီး သိသွားခဲ့တာလဲ''

''ကျုပ်နာမည် လူစွန့်စားမင်းခေါင်လို့ ပြောရင်ပဲ လုံလောက်မယ်လို့ ထင်တယ် **ကိုသူရ**''

''ခင်ဗျား . . . ခင်ဗျားက ကျွန်တော့်ရဲ့ကျေးဇူးရှင် ဆရာကြီးရဲ့မိတ်ဆွေ ကျမိုင်းဇော်ဘွားအနွယ်တော် ဂမ္ဘီရပညာရှင် လူစွန့်စားမင်းခေါင်းပေါ့ ဟုတ်လား''

''မှန်ပါတယ် . . . ကိုသူရ။ ကျုပ်အနေနဲ့ ခင်ဗျားရဲ့ ကျေးဇူးရှင် ဆရာကြီးစိုင်းလုံကျော်ကျော်ရဲ့ မျက်နှာကိုထောက်ပြီး ချစ်တီးကုလား ရန်ကနားတို့ဆရာတပည့်ကို ရှင်းပစ်ခဲ့တာကို မသိချင်ယောင်ဆောင်ပြီး နေခဲ့တယ်။ ခင်ဗျားရဲ့ခံစားချက်ကိုလည်း ကျုပ်က သဘောပေါက်တယ်။

ပြီးတော့ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ချစ်တီးကုလား ရန်ကနားနဲ့ လက်ကိုင်တုတ် လူမိုက်မိုးသီးတို့လို ဆန်ကုန်မြေလေးတွေကို ရှင်းပစ်ခဲ့တာကို ဥပဒေမဲ့လုပ်ရပ်ဖြစ်ပေမယ့် ကျုပ်အနေနဲ့ မျက်နှာလွှဲပြီးတော့ နေခဲ့ပါသေးတယ်။ ဒါပေမဲ့ . . .''

''ဆက်ပြောပါ . . . ကိုမင်းခေါင် ကျွန်တော် ယောကျ်ားပါ။ လုပ်ရဲရင် ခံရပါတယ်ဗျာ''

''ခင်ဗျားရဲ့သတ္တိနဲ့ အရည်အချင်းကို ကျုပ်လေးစားပါတယ် ကိုသူရ။ ဒါပေမဲ့ ခင်ဗျားရဲ့လုပ်ရပ်က အေးအေးချမ်းချမ်းနေချင်ကြတဲ့ နယ်သူနယ်သားတွေကို ချောက်ချားထိတ်လန့်စေတဲ့အပြင် တရားဥပဒေ





စိုးမိုးရေးကိုပါ ထိခိုက်လာတယ်။ အဲဒီအတွက်ကြောင့် ဒီကိစ္စမှာ ကျုပ်ပါဝင်ခဲ့ရတာပါပဲဗျာ။ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ကိုသူရကို ကျုပ်အနေနဲ့ ဖမ်းဆီးလိုက်ပါပြီ''

''ကျုပ် မခုခံလိုတော့ပါဘူးဗျာ။ ခင်ဗျားလိုပညာရှင်ကို ခုခံလည်း ကျုပ် မနိုင်မှန်းသိလို့ အရှုံးပေးလိုက်ပါတယ်''

ပြောပြောဆိုဆိုပင် ဝတ်ရုံနက်က ခေါင်းတွင်စွပ်ထားသည့် ခေါင်းစွပ်ကို ချွတ်ပစ်လိုက်သည်။ တစ်ဆက်တည်းပင် အသက်သုံးဆယ်ခန့်ရှိမည့် တည်ကြည်ခန့်ညားသည့် လူရွယ်တစ်ဦး၏ရုပ်ရည်ကို အိုင်ပီကျော်ခေါင်တစ်ယောက် တွေ့မြင်လိုက်ရပါလေတော့သည်။

✿ ✿ ✿

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

အထက်ပါကိစ္စများဖြစ်ပွားခဲ့ပြီး တစ်ပတ်လောက်အကြာတွင် ပဲဖြစ်သည်။ မရဏမောင်းသံရှင် ကိုသူရကိုလည်း အထူးခုံရုံးဖွဲ့ကာ စစ်ဆေးပြီးနောက် သေဒဏ်ပေးလိုက်ကြသည်။ အိုင်ပီကျော်ခေါင် တစ်ယောက် တည်ကြည်ချောမော ယောကျ်ားပီသသည့် ကိုသူရ၏ မျက်နှာကို မြင်ယောင်မိပြီး စိတ်မကောင်းစွာဖြင့်ပင် သက်ပြင်းချနေမိ လေသည်။

ညနေဘက်တွင် မိတ်ဆွေဖြစ်သည့် လူစွမ်းစားမင်းခေါင်နေ ထိုင်ရာ ရှစ်မိုင်ရှိ ခြံဝင်းထဲသို့ အော်စတင်ကားလေးကို ကိုယ်တိုင် မောင်းကာ ထွက်လာခဲ့သည်။ သူ့ကိုမြင်သည်နှင့် လူစွမ်းစားမင်းခေါင် က ဆီး၍ မေးမြန်းလာသည်။





"ကိုကျော်ခေါင် ကိုသူရအတွက် စိတ်မကောင်းဖြစ်တာရယ်၊ ပြီးတော့ မရှင်းတဲ့အချက်ကို မေးချင်လို့ ထွက်လာခဲ့တာ မဟုတ်လား ဗျ"

"မှန်လိုက်တာ ကိုမင်းခေါင်ရယ်"

"ကျုပ်လည်း ကိုသူရအတွက် စိတ်မကောင်းပါဘူးဗျာ။ ဒါပေမဲ့ သတ္တဝါတစ်ခု ကံတစ်ခုလို့ပဲ တွေးပြီး ဖြေရတော့မှာပေါ့ဗျာ"

"အိုင်ဆေးကိုမင်းခေါင် . . . အဓိက ကျုပ်သိချင်တာက ကိုသူရ သုတ်သင်ပစ်ခဲ့တဲ့ လူတွေအားလုံးမှာ ဒဏ်ရာသာတွေ့ရပြီး သဲလွန်စ အနေနဲ့ ဘယ်လိုလက်နက်နဲ့ သတ်သွားတယ်ဆိုတာ အခုထိမသိရသေး ဘူး"

"အင်း . . . ဆရာကြီး စိုင်းလုံကျော်ဆီကရလာခဲ့တဲ့ နှင်း ဝတ်ဆံသီးနဲ့ သုတ်သင်ခဲ့တာပါပဲခင်ဗျာ"

"ဘယ်လို . . . နှင်းဝတ်ဆံသီး . . . ဟုတ်လားဗျ"

"ဟုတ်တယ် . . .။ တိဗက်တောင်တန်းတွေပေါ်မှာ ချောင်း အလွန်မာကျောတဲ့ နှင်းဝတ်ဆံသီးဆိုတာရှိတယ်။ နှင်းဝတ်ဆံခွဲ ထိပ် မှာ ကျည်ဖူးလို အချွန်လေးပါတယ်ဗျ။

အဲဒီနှင်းဝတ်ဆံသီးကို မှုတ်ပြောင်းထဲထည့်ပြီး သုတ်သင်ခဲ့ တာပဲ ကိုကျော်ခေါင်။ နှင်းဝတ်ဆံသီးက အလွန်မာကျောတဲ့အတွက် ကျည်ဖူးလိုပဲဗျ။ ဒါပေမဲ့ ခန္ဓာကိုယ်ထဲရောက်တာနဲ့ ရေခဲ အညှိ ပျော်သွားတယ်။ ဒါကြောင့် သတ်တဲ့လက်နက်ကို ရှာမတွေ့တာပဲဗျာ"

"ကိုမင်းခေါင်ပြောပြတော့မှပဲ ရှင်းသွားပေတော့တယ်။ ပြီး တော့ ကိုသူရရဲ့ ကြိုးလက်နက်ကလည်း အရမ်းမြန်တာပဲ [illegible] ကျုပ်ဖြင့် သေနတ်ပစ်ချိန်တောင် မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆရာကြီးက ကြိုးသိုင်းပညာရှင်ကြီးဗျ။ အဲဒီပညာအမွေကို ကိုသူရ ရရှိခဲ့တယ်။ ဒါကြောင့် သူလည်း ကြိုးသိုင်းပညာရှင်တစ်ယောက်ပဲဖြစ်တယ်"

"အင်း ... ဒီကိစ္စမှာ ကိုမင်းခေါင်သာ မကူညီရင် တရားခံကို ဘယ်လိုမှမိမှာမဟုတ်ဘူး"

လူစွန့်စားမင်းခေါင်က ဘာမျှပြန်မပြောဘဲ ငြိမ်နေသည်။ မရဏမောင်းသံနှင့် အရာအားလုံးကား ပြီးချိန်တန်၍ ပြီးဆုံးသွားခဲ့ပါလေတော့သည်။

❦

**မောင်သွေးရှင်**


NEW IDEA စိတ်ကူးသစ်စာပေ

အမှတ်(၂၅)၊ အထပ်ခိုးလွှာ၊ ပုသိမ်လမ်း၊ ဝင်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၃၃၉၂၄၄၊

ရုံး ◆ အမှတ်(၁၄၉)ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၁၃၃၂၂

| စဉ် | စာရေးသူ | စာအုပ်အမည် | ရောင်းဈေး |
| --- | --- | --- | --- |
| ၁။ | မောင်ညိုမှိုင်း(သန့်လျှင်) | ဂရိုဂျ လုံးချင်း ဝတ္ထုတိုများ | ၁၂၀၀-၃၀၀၀/- |
| ၂။ | နေဝိုးသော် | ရှေ့နေမလေးမေမံရားနှင့်စုံထောက်ဝတ္ထုများ | ၇၀၀-၁၅၀၀/- |
| ၃။ | ထောင်မှူးကြီးသိန်းဝင်း | အကျဉ်းထောင် သုတရသ ဝတ္ထုများ | ၁၀၀၀-၁၅၀၀/- |
| ၄။ | လေးမောင် | မှဆိုး ဝတ္ထုများ | ၁၅၀၀/- |
| ၅။ | မောင်ညိုမှိုင်းဖိုဝဉ်သော | ဂရိုဂျဝတ္ထုတိုများ | ၁၂၀၀/- |
| ၆။ | သီဟထိပ်တင်ဇော | ဂရိုဂျဝတ္ထုများ | ၁၂၀၀/- |
| ၇။ | ဝေယျမင်းချွင် | အကျဉ်းထောင် သုတရသ ဝတ္ထုများ | ၁၅၀၀/- |
| ၈။ | မင်းအောင်ကျော် | ဂရိုဂျဝတ္ထုတိုများ | ၁၅၀၀/- |
| ၉။ | မင်းဘုန်းသိခ်သူ | ဂရိုဂျဝတ္ထုတိုများ | ၁၂၀၀/- |
| ၁၀။ | ယတ္တာရှင်မောင်မဲခေါင် | သဘာဝလွန် ဂရိုဂျဝတ္ထုတိုများ | ၁၀၀၀/- |
| ၁၁။ | ဒေါက်တာစိုးလွင် | ရုက်ရှက်မှာဖြစ်သောကင်ဆာရောဂါ | ၂၅၀၀/- |
| ၁၂။ | ဦးအောင်နိုင် | တရုတ်တိုင်းရင်းဆေးဓာတ်စာဖြင့်ရောဂါကုထုံးများ | ၂၅၀၀/- |
| ၁၃။ | ကိုဘုန်းဝေ | မျဉ်းပြိုင်နှစ်ကြောင်း၏အတ္ထုပ္ပတ္တိ | ၁၂၀၀/- |
| ၁၄။ | မြောင်းမြမောင်ကို | အကျဉ်းထောင် သုတရသ ဝတ္ထုများ | ၁၅၀၀/- |
| ၁၅။ | အောင်ခင်စိုး | လူးကျင်းမှကျားဆိုး၊ မုဆိုးနှင့်သားကောင်ဝတ္ထုတိုများ | ၇၀၀/- |
| ၁၆။ | ကလောင်စုံ | လင့်ဝင်ပေါ်တစ်ခုတာအပါအဝင် | ၈၀၀/- |
| ၁၇။ | ကိုနိုင်း(ချင်းတောင်) | နှလုံးသွေးစက်ဥပန်းခက်ကိုလက်ရွေးဝင် | ၉၀၀/- |
| ၁၈။ | မောင်ညိုမှိုင်းတညားကျော် | ထူးဆန်းသောသူတော်စင်အဘိုးအိုဥတ္တရဒေဝီ | ၁၅၀၀/- |
| ၁၉။ | မောင်ညိုမှိုင်းနတ်လှဦး | လံဘားကျောက်တံတားမရဏလိုက်သံခုတင် | ၁၅၀၀/- |
| ၂၀။ | တညားကျော် | သတ္တဂဏ | ၈၀၀/- |
| ၂၁။ | ကလောင်စုံ | လျှို့ဝှက်မှုခင်းစုံ ဝတ္ထုတိုများ | ၇၀၀/- |
| ၂၂။ | မောင်ယဉ်ကျော် | ရုပ်ရှင်ဒိုင်ယာယီ | [illegible]၅၀၀/- |
| ၂၄။ | ရဲမြလွင် | ဂျပန်စကားပြော | ၁၅၀၀/- |
| ၂၅။ | မြသန်းတင့် | ဓိန်းမတို့အကြောင်း | ၃၅၀၀/- |


www.burmeseclassic.com